
www.burmeseclassic.com



www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## သံသယတွက်ကိန်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၂၂၀၃၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၇၀၀၄၀၈

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊၊ ရန်ကုန်။


BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး .
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း . စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





တက္ကသိုလ်

# တင်မြင့်

# သံသယတွက်ကိန်း

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

ဒေါက်တာဝင်းထွန်းကပင် သူ၏ ဒုတ်ဆန် ကားနှင့် မင်္ဂလာဒုံ လေဆိပ်သို့ လိုက်ပို့ပေးသည်။

ဆောင်းသည် ဟဲဟိုး လိုက်ပါမည့် ပါစင်ဂျာခေါ်မည့် ...င်းခေါ်သံကို နားစွင့်ရင်း သတ်မှတ်ပေးထားသော ထိုင်ခုံတွင် ...စောင့်ရင်း ငိုနေသည်။

ညကလည်း တစ်ညလုံးတောင် ငိုသည်။

ဗုဒ္ဓဟူးနေ့ညကလည်း တစ်ညလုံး ဆောင်း ငိုသည်။

... သောကြာနေ့ နံနက်ရှစ်နာရီ လေယာဉ်တွင် ရောက်သည် ...လည်း ဆောင်း အငိုမရပ်နားသေး။

ဆောင်း ငိုပါမည်။

သည်းသည်းထန်ထန်ကို ငိုပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ် ဆိုင်မဆင့် ဖုံမဆင့် ရုတ်တရက်ကြီး တိုအဝေးကြီး ရောက်နေသော ညီမလေးအရင်း နှောင်း သေသွားပြီဆိုသည့် သတင်းဆိုးကြီးအတွက် ဆောင်း မငိုပဲ နေနိုင်ပါမည်တဲ့လား။

ရင်ထဲ နှလုံးထဲကကို ငိုသည်။

အူတွေ အသည်းတွေထဲက ငိုသည်။

ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောမျိုးစုံနှင့် ဦးနှောက်ထဲကကို ထွက်လာသော ငိုခြင်းမျိုး ဆောင်း ငိုသည်။

တစ်လောကလုံးတွင် သွေးရင်းသားရင်းဆို၍ ညီအစ်မသာ ရှိသည်။

ဆောင်းက အစ်မ။

နှောင်းက ညီမ။

ယခု ညီမလေးနှောင်း သေသွားပြီတဲ့။

စွယ်တော်ရွက်တစ်ရွက်တွင် ထက်ပိုင်းကျိုးသွားသည်နှင့် ဘာထူးလေတော့သနည်း။

ဆောင်း ငိုသည် ... ငိုသည် ... ငိုသည်။

ယခု ညီမလေးရှိရာသို့ လေယာဉ်ဖြင့် လိုက်သွားမည်။

* ❀ *

BURMESE CLASSIC .com



## ( ၂ )

ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က ဆောင်းသည် သုံးနာရီခွဲ ကျောင်းဆင်းပြီး သူမ၏အိမ်သို့ ကိုယ်ပိုင်လေးဘီးကားဖြင့် ပြန်ခဲ့သည်။

အိမ်၏ ဆင်ဝင်ပေါ်တီကိုအောက်တွင် ညှိုသည် တစ်ဦး စောင့်နေသည်ကို တွေ့ရသည်။

ညှိုသည်သည် အသက်နှစ်ဆယ်ခန့် လူငယ်တစ်ဦး ဖြစ်ပြီး အရပ် ငါးပေလေးလက်မခန့် ရှိအုံသည်။ အရပ်မြင့်သည်ဟု မဆိုသာပေ။ ပုသည်ဟုလည်း မပြောသာ။ သူ့ခန္ဓာကိုယ်နှင့် သူ့အရပ် လိုက်ဖက်သည်၊ လူရည်သန့်သည်၊ တန်းဖိုးကြီးသော ဂျာကင်အင်္ကျီ ဝတ်ထားသည်၊ ဘောင်းဘီ ဝတ်ထားသည်။ မော်တော်ဆိုင်ကယ်ကို ဒေါက်ထောက်ရပ်ထားပြီး ဖိုက်ဘာဦးထုပ် မချွတ်ဘဲ မော်တော်ဆိုင်ကယ်နားတွင် ရပ်နေသည်။ နေကာ

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်ထူထူနှင့် အကောင်းစားထဲက ဖြစ်သည်။ အညိုနုရောင် မျက်လုံးများမြင်နေရသည်။

သူ့ မော်တော်ဆိုင်ကယ်မှာ ဟွန်ဒါ အမျိုးအစား ဖြစ်ပြီး ဘေးတစ်နေရာတွင် (၂၅၀.CC) ဟု ရေးထားသည်။

မော်တော်ဆိုင်ကယ် အကြီးစားဟု ဆိုနိုင်သည်။

ဆောင်းသည် မော်တော်ဆိုင်ကယ်ဘေးတွင် ယှဉ်ပြီး ရပ်လိုက်သည်။

ဆောင်း ကားတံခါးဖွင့် ဆင်းလိုက်သည်။

ဆောင်း ကားပေါ်က ဆင်းလာပြီးမှ ထိုမော်တော် ဆိုင်ကယ်ဘေး ရပ်နေသော လူငယ်သည် ဆောင်းထံသို့ လျှောက် လာသည်။ ကျို့ကျို့ရို့ရို့ အရိုအသေ ပုံစံမျိုးနှင့် ဦးခေါင်းငုံ့ ခါးကိုင်းကာ ညင်သာစွာ စကားဆိုသည်။

"မမဆောင်းကတော့ ကျွန်တော့်ကို မှတ်မိပါ့မလား မသိဘူး"

"အေးကွဲ့ မြင်ဖူးသလိုလိုတော့ ရှိတယ်အထင်သား၊ သေချာ မှတ်မိသလားဆိုပြန်တော့ မမှတ်မိသလိုပဲ"

ဆောင်းအဖို့ အသက်အရွယ် နှစ်ဆယ်ဝန်းကျင်ခန့် လူငယ်လေးများနှင့် ပြောဆိုဆက်ဆံရသည်ကို ဘယ်လိုမှ မရွံ့မရဲ ပုံစံ၊ ရှိုးတိုးရှန့်တန့် ပုံစံများမရှိ၊ နဂိုမျက်နှာ ပကတိအတိုင်းသာ ရှိသည်။





အကြောင်းမှု ဆောင်းသည် ရန်ကုန်မြို့ ပန်းဘဲတန်း အထက (၁) ကျောင်းမှ သင်္ချာဘာသာ အထက်တန်းပြ ဆရာမ ဖြစ်နေသောကြောင့်ပင် ရှစ်တန်း၊ ကိုးတန်း ၊ ဆယ်တန်း ကျောင်းသူကျောင်းသားများသည် ယေဘူယျအားဖြင့် အသက် နှစ်ဆယ်ဝန်းကျင်လေးတွေချည်း မဟုတ်လား။

ယခု ရောက်လာသော ချော့သည်ကောင်လေးသည် မိမိတပည့် ကျောင်းသားအရွယ်သာ ရှိသောကြောင့် ဆောင်း ဟန်မပျက် ဆက်ဆံနိုင်ပေသည်။

"ကျွန်တော် အောင်တင့်မွန်ပါ မမဆောင်း"

"ဩော် ... မှတ်မိသွားပြီ ဒါဆို မင်းက ကိုအောင်မြင့် မွန်ရဲ့ညီလေး အောင်တင့်မွန်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် မမဆောင်း"

"ဒါဆို မင်း စည်ပင်က လာခဲ့တာလား အောင်တင့်မွန်၊ ညီမလေး နှောင်းတစ်ယောက်ကော နေထိုင်ကောင်းရဲ့လား၊ အခု အောင်တင့်မွန် ရန်ကုန်ကိုလာတာကော ဘာကိစ္စလဲ၊ မမဆောင်း ဘာအကူအညီ ပေးရမလဲ ပြော"

အောင်တင့်မွန်က သူ၏ လက်ထဲတွင် ကိုင်ထားသော စာအိတ်တစ်အိတ်ကို ဆောင်းအား ထောင်ပြလိုက်သည်။

"အစ်ကိုကြီး အောင်မြင့်မွန်က ဒီစာ မမဆောင်းဆီ အမြန်ဆုံးရောက်အောင် သွားပေးဆိုလို့ ကျွန်တော် ဒီက မမဆောင်းဆီ လာပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တဲ့ ... ကိုအောင်မြင့်မွန်က ဒီစာလေး ပေးခိုင်းဖို့ စည်းပင်ကနေ ရန်ကုန်ကို မော်တော်ဆိုင်ကယ်နဲ့ မင်းကို ဗိုခိုင်းလိုက်တယ် ဟုတ်လား၊ အံ့ရောကွယ် စည်ပင်နဲ့ရန်ကုန် နီးတဲ့ ခရီးလား"

"ဟုတ်ပါတယ် မမဆောင်း၊ ကျွန်တော် မိုင်းငါးရာကျော် မော်တော်ဆိုင်ကယ်စီးပြီး ဒီစာကို လာပေးတာပါ"

"ဒီစာက ဘယ်လောက်တောင် အရေးကြီးနေတာမို့လဲ ကွယ်"

အောင်တင့်မွန်သည် အဖြေစကား ပြန်မပြောပေ။ စာအိတ်ကိုသာ လက်နှစ်ဖက်ဖြင့်ကိုင် ခါးလေးချိုး ဦးခေါင်းလေး ငုံ့ကာ ဆောင်းအား တရိုတသေ ပေးတော့သည်။

"ကျွန်တော် မိုင်းငါးရာကျော် ခရီးကြမ်းကို တရကြမ်း စီးလာတာမို့ တော်တော် ပင်ပန်းနေပါတယ် မမဆောင်း၊ ဒီနေ့ညနဲ့ မနက်ဖြန်မနက် (၁၀)-နာရီအထိ သမတ ဟိုတယ်မှာ ကျွန်တော် တည်းခိုပါမယ်၊ မမဆောင်း ကျွန်တော့်ဆီကို အဲဒီအချိန်အထိ ဖုန်းပြန်ဆက်နိုင်ပါတယ်၊ သမတဟိုတယ် အင်ကွာရီက တဆင့်ဆက်ရင် ကျွန်တော် တည်းတဲ့အခန်းကို အော်ပရေတာက အိပ်စတင်းရှင်း ဖုန်းလွှဲပေးမှာပါ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး မမဆောင်း"





အောင်တင့်မွန်သည် သူ့မော်တော်ဆိုင်ကယ်ပေါ် ပြန်ခွသည်။ ခြေကန်ဖြင့် စက်နိုးသည်။

"နေဦးလေ အောင်တင့်မွန်၊ ညီမလေးနှောင်းတစ်ယောက် နေထိုင်ကောင်းရဲ့လားလို့ မမဆောင်း မေးထားတယ်လေ၊ နောက်ပြီး ဒီအိမ်မှာပဲ ဒီနေ့ညစာ စားပါလား"

"မမဆောင်းရဲ့ညီမ မမနှောင်းရဲ့အကြောင်း တစ်ခွန်းမှ တစ်လုံးမှ မမဆောင်းကို မပြောရဘူးလို့ အစ်ကိုကြီး အောင်တင့်မွန်က ကျွန်တော့်ကို တင်းတင်းကျပ်ကျပ် မှာလိုက်ပါတယ် မမဆောင်း၊ ကျွန်တော် မမနှောင်းနဲ့ ပတ်သက်ပြီး တစ်ခွန်းမှ ပြောပိုင်ခွင့် မရှိပါဘူး"

"မင်းစကားက ဘာစကားလဲ၊ အဆန်းပါလား အောင်တင့် မွန်"

"ကျွန်တော် သွားမယ် မမဆောင်း၊ ညစာ ထမင်းစားဖိတ် ခေါ်တဲ့ မမဆောင်းကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ အဲဒီစာကို မမဆောင်း ဖတ်ပြီးရင် အကျိုးအကြောင်းတွေ သိမှာပါ၊ သွားပြီ မမဆောင်း"

အောင်တင့်မွန်သည် တစ်ရှိန်ထိုးပင် မော်တော်ဆိုင် ကယ် မောင်းထွက်သွားသည်။

ဆောင်းသည် စာအိတ်ကိုကိုင်ကာ အိမ်ထဲသို့ တိုး ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တင့်မွန် ပြောသွားပုံမှာ ညီမလေးနှောင်းနှင့် ပတ်သက်ပြီး တစ်ခု ဆန်းနေသည်ဟု ဆောင်းစိတ်ထဲ တွေးလိုက်မိသည်။

နှောင်းထံမှ နောက်ဆုံးလာသော စာသည် တောင်ကြီးစာတိုက်တံဆိပ်နှင့် ပြီးခဲ့သော တနင်္လာနေ့က ရရှိခဲ့သည်။ နှောင်း ရေးသောစာ၏ ထိပ်စည်းနေ့စွဲဖြင့် ကြည့်လျှင် ထိုနောက်ဆုံးစာသည် ဆောင်းထံသို့ (၁၈) ရက်ကြာပြီးမှ ရောက်လာခြင်းဖြစ်သည်။

နှောင်းသည် စည်ပင့်အိမ်၌ စာရေးထားသော်လည်း ချက်ချင်း အထည့်ဖြစ်ပဲ တောင်ကြီးရောက်မှ ထည့်လိုက်ခြင်းမို့ ဤမျှ ရက်ကြာသည်ဟု ယူဆရပေတော့မည်။

ကိုအောင်မြင့်မွန်နှင့် နှောင်း လက်ထပ်ပြီးနောက် စည်ပင်သို့ အတူလိုက်ပါသွားရာ အလျဉ်းသင့်တိုင်း နှောင်းသည် ရန်ကုန်ရှိ မမဆောင်းထံသို့ စာများ ရေးပို့လေ့ရှိသည်။

ယခင် စာများတွင် စည်ပင်သည် တောင်ကြီးမှတဆင့် ဟိုပုံး မိုင်းပွန်မြို့ကို ဖြတ်ရသေးသည်။ မိုင်းပွန်အထိ ကားလမ်းရှိသော်လည်း မိုင်းပွန်မှတဆင့် အရှေ့တောင်ဘက်သို့ ခုနစ်မိုင်ခန့် လှည်းနှင့်ဖြစ်စေ၊ မော်တော်ဆိုင်ကယ်နှင့်ဖြစ်စေ သွားမှ စည်ပင်ကို ရောက်သည်ဟု ဆိုသည်။ လှည်းများကို အရောင်းအဝယ်သမားနှင့် လက်လုပ်လက်စားများသာ အသုံးပြုပြီး ငွေကြေးတတ်နိုင်သူ





များက ထိုလမ်းခရီးအတွက် မော်တော်ဆိုင်ကယ်များကို အသုံးများသည်ဟု ဆိုသည်။ စည်ပင်နှင့် မိုင်းပွန်သည် တောထူပြီး မော်တော်ကား မသွားနိုင်သော်လည်း မော်တော်ဆိုင်ကယ်ကမူ လမ်းနှစ်ပေ သုံးပေအကျယ်ရှိလျှင် သွား၍ မောင်း၍ ရသေးကြောင့် အင်ဂျင်အားကောင်းသော မော်တော်ဆိုင်ကယ်များကို တတ်နိုင်သူများက အသုံးပြုခြင်းဟု ဆိုသည်။

ထားပါတော့။

အဲဒီလို ရေးပို့သော စာများက ဟိုစဉ်က ညီမလေးနှောင်း ကြည်ကြည်နူးနူးဖြင့် စည်ပင်တွင် နေခဲ့စဉ်က မမဆောင်းထံသို့ အာလာပသလ္လာပ သဘောမျိုး ရေးပြခဲ့ခြင်းသာ ဖြစ်သည်။

ညီမလေးနှောင်းနှင့် ကိုအောင်မြင့်မွန်တို့ လက်ထပ်ခဲ့သည်မှာ ဆောင်းအား အထက်တန်းပြ သချင်္ချာဆရာမအဖြစ် ခန့်လိုက်သည့် နှစ်ကဆိုတော့ ယခုဆိုလျှင် လေးနှစ်အတွင်းသို့ပင် ရောက်ပေပြီ။

ပထမ သုံးနှစ်လောက်ကတော့ ညီမလေး နှောင်းထံမှလာသော စာများတွင် ကြည်နူးစရာလေးတွေ ပါရှိတတ်သည်။

စည်ပင်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တောမကျ မြို့မကျ ကုန်းမြင့်နေရာ ဒေသလေးဖြစ်စေကာမူ အလွန်သာယာကြောင်း စည်ပင်မှ တခြားနိုင်ငံဘက်သို့ ကူးသန်း



www.burmeseclassic.com

www.burmeseclassic.com



နေသူ များဖြားစွာ၍ စည်ပင်တွင် နိုင်ငံခြားဖြစ်ပစ္စည်းတွေ ဈေးပေါကြောင်း သေည်များလည်း နှောင်း၏စာတွင် ပါရှိတတ်သည်။

သို့သော် ...

ယခုနှစ်ဦးပိုင်းမှစပြီး နှောင်းထံမှလာသော စာများတွင် မကျေနပ်သံတွေ ပါရှိလာသည်ကို ဆောင်း သတိထားမိသည်။

အထူးသဖြင့် ညီမလေးနှောင်းသည် ကိုအောင်မြင့်မွန်နှင့် ခလေးနှစ်ခန့်အထိ ပေါင်းသင်းလာခဲ့သော်လည်း သားသားလေး မီးမီးလေး မထွန်းကားသည်ကို လင်တော်မောင် ကိုအောင်မြင့်မွန်က မကျေမနပ် ဖြစ်နေသည်ဟုလည်း နှောင်းစာတွင် ပါရှိလာသည်။

ရှုံ၍ပြောရလျှင် နှောင်းနှင့် အောင်မြင့်မွန်တို့၏ အိမ်ထောင်ရေး ယခုနှစ်ထဲတွင် အဆင်မပြေဟု ဆောင်း အကဲခတ်လိုက်သည်။

ယခုလည်း ...

အောင်တင့်မွန် စာလာပေးပုံမှာ ဆန်းနေသည်။ ဟိုအဝေးကြီး စည်ပင်မှ ဤစာကို တမင် တကူးတက မော်တော်ဆိုင်ကယ် ဒုန်းစိုင်းစီးပြီး လာပေးသည်ဟု ဆိုသည်။

ပြီး ညီမလေးနှောင်းနှင့် ပတ်သက်ပြီး တစ်ခွန်းမှ အောင့်တင့်မွန်က ဆောင်းကို မပြောရဟု တင်းကျပ်စွာ ကိုအောင်မြင့်မွန်က မှာကြားလိုက်သည်ဟု ဆိုင်ပြန်သည်။





ဆောင်းသည် ဖောက်မဖတ်မီ စာအိတ်လိပ်စာတစ်ခက် မျက်နှာပြင်ကို ကြည့်လိုက်သည်။

မဆောင်း

ရန်ကုန်

ဟု ရေးထားသည်ကို တွေ့ရသည်။ အောင်မြင့်မွန်၏ လက်ရေးစစ်မှန်ကြောင်း ဆောင်း မြင်ရုံနှင့် သိပါ၏။ အောင်တင့်မွန်ကို မော်တော်ဆိုင်ကယ်နှင့် တိုက်ရိုက်သွားပေးပို့ခိုင်းသောစာမို့ လိပ်စာအပြည့်အစုံ မရေးခြင်း ဖြစ်ပေမည်။

ဆောင်းသည် စာအိတ်မျက်နှာပြင်ကို အတန်ကြာအောင် ငေးကြည့်တွေဝေပြီးမှ ပိတ်ထားသော စာအိပ်၏ တစ်ဖက်ဘပ်ကို ညီညာစွာ ကတ်ကြေးသေးသေးလေးနှင့် ညှပ်ဖောက်ပြီးမှ အထဲမှ စာခေါက်ကို ယူ၍ ဖြန့်ဖတ်သည်။

"မဆောင်း"

နှောင်း ကွယ်လွန်သွားပြီ၊ ဒီဇင်ဘာလ (၁၆)ရက်နေ့က ကွယ်လွန်ခြင်း ဖြစ်သည်။ မဆောင်းထံ အမြန်ဆုံး အချိန်မီ သိနိုင်ရန် ညီ အောင်တင့်မွန်ကို မော်တော်ဆိုင်ကယ်နှင့် လွှတ်လိုက်သည်။

အမေ့ဟု ဆောင်း အော်လိုက်မိသည်။

နှောင်း သေပြီတဲ့။

ညီမလေး သေပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှိုက်ငိုပြီး အရူးလို နှုတ်မှ တစ်တွတ်တွတ် ပြောနေမိသည်။

ဆောင်း၏ ပရမ်းပတာ ငိုရှိုက်အော်ဟစ်သောအသံကြောင့် အိပ်ခန်းထဲမှ ဒေါ်လေးသူဇာ ပြေးထွက်လာသည်။

"ဟဲ့ ... ဆောင်း ဘာရယ် ... ဘာရယ် နှောင်း ဆုံးပြီ ဟုတ်လား၊ မဟုတ်နိုင်တာပဲဟယ်၊ ဟဲ့ ... ဆောင်း ... ဆောင်း လုပ်ကြပါဦး ဆောင်း သတိမေ့သွားပြီ မဖြူရေ မြန်မြန်လာစမ်း၊ မယ်အိကော ဟဲ့ ... မြန်မြန်လာကြစမ်း၊ မြန်မြန်"

ဆောင်း၏ ရင်ဘတ်ကို ဒေါ်ဖြူက ဖိထားပေးသည်။ ဒေါ်ဖြူသည် ဤဘက်တွင် မြန်မာဆန်ဆန် သိနားလည်မှုလေးများရှိထားသည်။

"မမသူဇာ သွေးဆေးကောင်းကောင်း ရှိလားဟင်"

"ရှိတယ် ရှိတယ်၊ မယ်အိ သွားစမ်း ငါ့အိပ်ခန်း ခေါင်းရင်းက စားပွဲပေါ်မှာ ဦးဘဟန် သွေးဆေးရှိတယ်၊ မြန်မြန် သွားယူစမ်း"

မယ်အိ ပြေးယူသည်။ ယူလာသော သွေးဆေးဖြင့် ဆောင်း၏ နှာသီးထိပ်များကို ပွတ်ပေးသည်။

မယ်အိက ဆောင်း၏ အုံကောင်းသော ငယ်ထိပ်ဆံကေသာကိုဖြကာ ယပ်ခတ်ပေးစေသည်။





ဒေါ်လေးသူဇာသည် တယ်လီဖုန်းဆီပြေးကာ ဒေါက်တာဝင်းထွဋ်ထံသို့ ဖုန်းဆက်လိုက်သည်။

သို့သော် ...

ဒေါက်တာ ဝင်းထွဋ် ရောက်မလာမီမှာပင် ဆောင်း သတိပြန်လည်လာသည်။

သတိရသည်နှင့် ဆောင်းသည် တစ်အားကြီး ငိုပြန်သည်။

နှောင်း လက်မထပ်မီ အပျိုဘဝကဆိုလျှင် ဤကုက္ကိုင်းလမ်း ခြံကျယ်ကြီး၏ တံခါးအုတ်တိုင်ဘွင် ကြေးပြားဝါကြီးပေါ်တွင် စာလုံးမည်းမည်းကြီးဖြင့် ...

**ဆောင်းနှောင်းရိပ်မြုံ**

ဟု ဆိုင်းဘုတ်တင်က ဆောင်းနှင့်နှောင်း ညီအစ်မနှစ်ယောက် ဒေါ်လေးသူဇာ၊ ဒေါ်ဖြူ၊ မယ်အိတို့ ဝိုင်းတော်သားဆွေနှင့်အတူ ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။

မာလီကြီး ဦးဆွာမိက ခြံရှင်းအပင်စိုက် အပင်ပြုပြင်ဖို့ နံနက်လာ ညနေပြန် ဖြစ်သည်။

ဆောင်းနှောင်းရိပ်မြုံသည် မိဘများ ထားခဲ့သော ဆောင်းနှင့်နှောင်း ညီအစ်မ အမွေရအိမ် ဖြစ်သည်။

ယခုမူ ဆောင်းနှောင်းရိပ်မြုံကို ညီမလေးနှောင်းက အပြီးအပိုင် စွန့်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိနစ် (၂၀) အတွင်းမှာပင် ဒေါက်တာဝင်းထွဋ် ရောက်လာသည်။ ဆောင်းက ခေါ်သည်ဆိုလျှင် ဒေါက်တာဝင်းထွဋ်သည် ရောက်ရာအရပ်မှ ပြေးလာဖို့ အမြဲအဆင်သင့် ဖြစ်သည်။

ဒေါက်တာဝင်းထွဋ် ရောက်လာချိန်တွင် ဆောင်း သတိပြန်ရနေပြီ၊ မျက်ခွံမို့၊ နှာသီးနီအောင် ငိုထားသဖြင့် မောနေလေပြီ။

ဒေါ်လေးသူဇာက စည်ပင်ရှိ နှောင်း ကွယ်လွန်သွားသည့်စာ ရရှိသည့်အကြောင်း ဒေါက်တာဝင်းထွဋ်ကို ပြောပြသည်။ ထိုအတွက် ဆောင်း အရမ်း စိတ်ထိခိုက်ကြောင်းကိုပါ ပြောပြသည်။

သို့သော် ဒေါက်တာဝင်းထွဋ်သည် ပြီးခဲ့သော နှစ်ကမှ ဆောင်းနှင့် စတင်တွေ့ကြုံသူ ဖြစ်သောကြောင့် နှောင်းညီမကို အမည်သာကြားဖူးပြီး လူမမြင်ဖူးသေး။ ဆောင်းက အိမ်ရှိ ဓာတ်ပုံအယ်(လ)ဘမ်ကို ပြသောကြောင့် နှောင်းကို ဓာတ်ပုံထဲမှာသာ မြင်ဖူးသည်။ ဆောင်းက သူမ၏ညီမ နှောင်းကို သိပ်ချစ်သောကြောင့် နှောင်းနှင့်ပတ်သက်ပြီး အလေးအနက်ထားရမည်ဟူ၍တော့ ဒေါက်တာဝင်းထွဋ် သဘောပေါက်ထားသည်။

ဒေါက်တာဝင်းထွဋ် စိုးရိမ်ပူပင်စွာ ဆောင်းကို စမ်းသပ်သည်။ ရုတ်တရက် ရှော့ဖြစ်သွားပြီး သတိလစ်သွားခြင်းမှ





လဲ့ပြီး ဆောင်း၏ ကျန်းမာရေးအခြေအနေ ကောင်းသဖြင့် စိတ်အေးသွားသည်။

"ဆောင်းရဲ့ ညီမလေးနှောင်းက ဘာရောဂါနဲ့ ဆုံးသွားတာလဲ ဆောင်း"

ဆောင်းက ဦးခေါင်းခါပြသည်။ ကိုဝင်းထွဋ် မေးမှပင် ကိုအောင်မြင့်မွန် ပေးလိုက်သောစာကို ဆုံးအောင် မဖတ်ရသေးမှန်း သတိရသည်။

အစကပင် ဆောင်း ပြန်ဖတ်သည်။

"မဆောင်း

နှောင်း ကွယ်လွန်သွားပါပြီ၊ မနေ့က ဒီဇင်ဘာ (၁၆)ရက် အင်္ဂါနေ့တွင် ကွယ်လွန်ခြင်း ဖြစ်ပါ၏။

မဆောင်းထံ တယ်လီဖုန်းမဆက်ပဲ ညီအောင်တင့်မွန်ကို လွှတ်လိုက်ပါသည်။

နှောင်း၏အလောင်းကို ဆောင်း လာလျှင် တွေ့နိုင်ရန်အတွက် တောင်ကြီးမှာ ဆရာဝန်ပင့်ပြီး ခုနစ်ရက်အကြာ ထားနိုင်အောင် စီစဉ်ထားပါသည်။

မဆောင်း လိုက်လာရန် လေယာဉ်လက်မှတ် လွယ်ပါမည်လား၊ မည်သို့ဖြစ်စေ မဆောင်းကိုကြိုရန် ဟဲဟိုးလေဆိပ်တွင် ခုနစ်ရက်လုံး လူလွှတ်ပေးထားပါမည်။



www.burmeseclassic.com

ဒါမှမဟုတ် မဆောင်း ဝံ့ရဲသည်ဆိုပါက ညီအောင်တင့်မွန် ၏ဆိုင်ကယ်နှင့် လိုက်လိုပါက လိုက်နိုင်ပါသည်။ ညီအောင်တင့်မွန်က မဆောင်းကို မှည့်တစ်ပေါက် မစွန်းအောင် ကူညီပါမည်။

နှောင်း သေဆုံးရခြင်းမှာ မဟာကန်တွင် လေ့လှော်ရင်း လေမှောက် ရေနစ်သေဆုံးသွားခြင်း ဖြစ်ပါသည်။

ခင်မင်စွာဖြင့်

အောင်မြင့်မွန်"

စာကို အဆုံးသတ်ပြီး ဒေါ်လေးသူဇာကို ပေးဖတ်လိုက်သည်။ ဒေါ်လေးသူဇာ ဖတ်ပြီး မှတ်ချက်စကားဆိုသည်။

"စာက ဖတ်ရတာ တစ်မျိုးကြီးပဲ၊ ဘယ်လိုတစ်မျိုးကြီးလဲတော့ မပြောတတ်ဘူး၊ တစ်ခုခု လိုနေသလိုပဲ"

ဒေါက်တာဝင်းထွဋ်ကလည်း စာကို ယူ၍ဖတ်သည်။ ဒေါ်လေးသူဇာ၏ မှတ်ချက်ကို ခေါင်းညိတ်ထောက်ခံပြီး သူ၏ ထင်မြင်ချက်ကို ထပ်ဆင့်ပြောသည်။

"ဟုတ်ပါရဲ့ စဉ်းစားစရာပဲ၊ ဒီစာထဲမှာ စဉ်းစားစရာ အချက်နှစ်ချက် ရှိနေသလိုပဲ၊ ပထမအချက်က နှောင်း ဆုံးပါးသွားရတဲ့အကြောင်းကို ကိုအောင်မြင့်မွန်ဟာ ဒီထက် ပိုပြီး အသေးစိတ် ရေးဖို့ကောင်းတယ် ထင်တယ်၊ ဘယ်နေရာမှာ ဘာလို့ သေဆုံးရတယ်ဆိုတာမျိုးပေါ့"





"သူ့စာထဲမှာ မဟာကန်မှာ လေ့လှော်ရင်း ရေနစ်သေဆုံးတယ်လို့ ပါသားပဲ"

"ဟုတ်ပါတယ် ဒေါ်လေးသူဇာ အဲဒီ အချက်က နောက်ဆုံး စာကို နိဂုံးချုပ်ခါနီးကျမှ ရေးလိုက်တာ၊ စဉ်းစားစရာက နှောင်း ရေနစ်ချိန်မှာ တစ်ယောက်တည်းလား၊ အဖော်ပါသေးလား၊ အကယ်၍ အဖော်တွေပါရင် အဖော်တွေက နှောင်းကိုကယ်ဖို့ မကြိုးစားကြဘူးလား၊ ပါတဲ့အဖော်တွေပါ သေကြသလား"

ဆောင်းသည် ဒေါက်တာဝင်းထွဋ်၏ ပြောပြချက်များကို စိတ်ဝင်စားသွားပြီး အငိုရပ်သွားကာ ဆောင်းကိုယ်တိုင် စဉ်းစားလာသည်။

ဟုတ်၏။ နှောင်း သေဆုံးသည်ကို ကိုအောင်မြင့်မွန် ဖော်ပြသည်မှာ ပေါ့ပျက်ပျက် နိုင်လွန်းနေသည်။

တစ်ဆက်တည်းမှာပင် ယခုနှစ်အတွင်း ပေးပို့သော နှောင်းထံမှလာသော စာများ၌ ကိုအောင်မြင့်မွန်နှင့် သူမ အိမ်ထောင်ရေး အဆင်မပြေသည်တွေ ရေးခဲ့သည်။ နောက်ဆုံးစာ၌ဆိုလျှင် စည်ပင်တွင် ဆက်၍ မနေလိုသောကြောင့် ရန်ကုန်သို့ပြန်လာပြီး အစ်မဖြစ်သူ ဆောင်းနှင့်အတူ စိတ်ပြေလက်ပျောက် နေချင်သည် ဟုပင် ရေးခဲ့သည်။

www.burmeseclassic.com



"ဩော် ... ဒါထက် ဆောင်း စည်ပင်ကို လိုက်သွားမှာလားဟင်"

"ဟာ ... လိုက်မှာပေါ့ ကိုဝင်းထွဋ်၊ ညီမလေးတစ်ယောက်လုံး သေဆုံးသွားတာကို ဆောင်း မသွားဘဲ နေပါ့မလား"

"ဆောင်းနဲ့ အဖော်အဖြစ် ကျွန်တော် လိုက်ပေးရမလားဟင်"

"အို ... မဟုတ်တာ"

"မှန်တယ် ဆောင်း၊ ဒီလို ညအိပ်ညနေခရီးကို ဆောင်းနဲ့အတူ ကျွန်တော်လိုက်ရင် ဆောင်းသိက္ခာကို ထိခိုက်မှာပေါ့၊ ကျွန်တော့်အဖို့လည်း ဆေးရုံမှာ တာဝန်တွေ ပျက်ကွက်မယ်၊ ဖွင့်ထားတဲ့ ဆေးခန်းကိုလည်း ပိတ်ထားခဲ့ရမယ်၊ ဒါပေမဲ့ ဟောဒီ ကိုအောင်မြင့်မွန်ရဲ့စာအရ ဆောင်းမှာ အဖော်ကောင်းတစ်ယောက် ပါသွားသင့်တယ် ထင်လို့ပါ"

"ကိုအောင်မြင့်မွန်ရဲ့စာအရ ဟုတ်လား၊ ဆောင်းတော့ မွန်ထူနေတယ်၊ ပြောပါဦး ကိုအောင်မြင့်မွန်ရဲ့ စာအရ ဆောင်းမှာ ဘာလို့ အဖော်ကောင်းတစ်ယောက် ခေါ်သွားသင့်တာလဲ"

"ကျွန်တော် ဆောင်းအတွက် စိုးရိမ်လွန်တာ ဖြစ်ချင်လည်း ဖြစ်မယ်ပေါ့လေ၊ ကိုအောင်မြင့်မွန်ရဲ့ စာထဲမှာ နှောင်း သေဆုံးတာကို အသေးစိတ် ရေးမထားပေမဲ့ စည်ပင်ကို





ဆောင်း လိုက်လာဖို့ကိုတော့ အားတက်သရောခေါ်တဲ့လေသံတွေ ပါနေတယ်လို့ ကျွန်တော် ထင်တယ်၊ နှောင်းရဲ့အလောင်းကို ရက်ကြာကြာခံဖို့ ဆရာဝန်နဲ့ စီစဉ်ထားတယ်ဆိုတာရယ်၊ ဆောင်း စိုးရဲရင် သူ့ညီ အောင်တင့်မွန်ရဲ့မော်တော်ဆိုင်ကယ်နဲ့ လိုက်ခဲ့ပါဆိုတာရယ်တွေဟာ ဆောင်းစည်ပင်ကို လာဖြစ်အောင်လာပါ၊ ဆောင်းတစ်ယောက်တည်း လာပါဆိုတဲ့သဘော သက်ဝင်နေသလားလို့၊ မော်တော်ဆိုင်ကယ်ဆိုတာက နောက်က လူပိုတစ်ယောက်သာ စီးနိုင်တာ မဟုတ်လား"

ကိုဝင်းထွဋ်၏ ထင်မြင်ချက်ကို ဆောင်း ရင်ထဲက ထောက်ခံမိသည်။ အကြောင်းမှု ...

ဟိုး ... လွန်ခဲ့သော အတိတ်ကာလ ဆောင်းနှင့် ကိုအောင်မြင့်မွန်သည် မထင်ရှားသော ဇာတ်ကြောင်းဖြစ်ရပ်လေး ရှိခဲ့ဖူးသည်ကြောင့် ဖြစ်ပါ၏။

"အင်း ... သူ့စာရဲ့သဘောက ဒီသဘောမျိုး သက်ဝင်တော့ သက်ဝင်နေတာပဲ၊ ဒါပေမဲ့ ကိုဝင်းထွဋ်နဲ့အတူ သွားဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး၊ ဒီတော့ ဆောင်းက ဒေါ်လေးသူဇာကို အဖော်ခေါ်သွားမှာပါ၊ ဒေါ်လေးသူဇာကိုယ်တိုင်လည်း လိုက်သင့် သွားသင့်သူပဲ၊ နှောင်းဟာ ဆောင်းလိုပဲ ဒေါ်လေးသူဇာရဲ့ တူမပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ဆောင်း၊ ဒါတောင် ကျွန်တော် ထပ်ပြီး တစ်ခု သတိပေးပါရစေ၊ စည်ပင်ဟာ ဝေးလံချောင်ကျတဲ့ နေရာမို့ အုပ်ချုပ်ရေးကော စနစ်တကျ ရှိရဲ့လား၊ အစိုးရ လက်လှမ်းမီတဲ့ အုပ်ချုပ်ရေးနေရာ ဟုတ်ရဲ့လားဆောင်း"

"ဒါတော့ ဆောင်းမှ မရောက်ဖူးတာ၊ အတိအကျ ဘယ်သိမလဲ၊ ဒါပေမဲ့ နှောင်း ရေးခဲ့တဲ့ စာတွေအရ စည်ပင်နဲ့ တောင်ကြီးနဲ့ ဟိုပုန်းနှစ်မြို့ရဲ့ အုပ်ချုပ်မှုလက် အောက်မှာ ရှိတယ်လို့ မှန်းဆရတာပဲ"

"ဟုတ်လောက်ပါတယ်၊ နှောင်းကိုယ်တိုင် လိုက်နေတယ် ဆိုတော့ လေးနှစ်တောင် နေနိုင်တာပဲ၊ စည်ပင်ဟာ ဆိုးဆိုးဝါးဝါး နေရာတစ်ခုတော့ ဟုတ်ဟန်မတူပါဘူး၊ အဲ ... နောက်တစ်ချက်က ကိုအောင်မြင့်မွန်ဟာ လူကောင်းလား၊ လူဆိုးလားဆိုတာရော ဆောင်း ဘယ်လိုယူဆ သလဲဟင်"

"ဘာကို ဆိုလိုတာလဲ ကိုဝင်းထွဋ်၊ ကိုအောင်မြင့်မွန်ဟာ လူဆိုးလား လူကောင်းလားဆိုတာ ဘယ်လိုဆိုရင် လူဆိုး၊ ဘယ်လိုဆိုရင် လူကောင်းလို့ ကိုဝင်းထွဋ်က ဘယ်လို သတ်မှတ်ပြီး မေးတာလဲ"

ဆောင်း၏ ပြန်မေးမြန်းချက်ကို ကိုဝင်းထွဋ် ပြ မဖြေတတ်ပေ။





"ဟုတ်တယ်နော်၊ ကျွန်တော့်ရဲ့မေးခွန်းဟာ တစ်ဖက်သား အပေါ်မှာ ရင့်သီးသွားသလိုပဲ၊ ဆောင်းအတွက် စိုးရိမ်စိတ် ကြီးမားပြီး မေးမိတာပါ ဆောင်း"

"ကျေးဇူးတင်ပါတယ် ကိုဝင်းထွဋ် မေးချင်တာရှိသေးရင် ဆက်မေးပါ၊ ကိုဝင်းထွဋ် မေးတာတွေဟာ ဆောင်းအပေါ် စေတနာထားပြီး မေးတာလို့ ဆောင်း ယုံကြည်ပါတယ်"

"ကိုအောင်မြင့်မွန် အရက်သောက်တတ်လား၊ ဒီထက် ရှင်းအောင်မေးရရင် သူ အရက်သမားလား"

"အရက်သောက်တာတော့ တွေ့ဖူးနေတာပဲ၊ ဒါပေမဲ့ ထမင်းစားကာနီး မစားခင် ဖန်ခွက်နဲ့ လက်နှစ်လုံးလောက် သောက်တာ တွေ့ဖူးတာ၊ အချိန်ရှိသလောက် သောက်နေ တာမျိုးတော့ မတွေ့ခဲ့ဖူးဘူး"

ကိုဝင်းထွဋ် သဘောပေါက်သည်။ မိမိကိုယ်တိုင် ဆရာဝန်ဖြစ်ပါလျက် တစ်ခါတရံ အရက်နှင့် မကင်းတာတွေ ရှိသည်။

"ဒါဆိုရင်တော့ ကိုအောင်မြင့်မွန်ဟာ အရက်သမား မဟုတ် ဘူး၊ အရက်ကြောင့် အမှားအယွင်းဖြစ်မဲ့သူ မဟုတ်နိုင်ဘူး၊ ဒါထက် ကိုအောင်မြင့်မွန် လောင်းကစားရော ဝါသနာ ပါလား ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ရှိပုံမရဘူး၊ ညီမလေး နှောင်းနဲ့ လေးနှစ်လောက် ပေါင်းသင်းခဲ့တာ၊ နှောင်းက ကိုအောင်မြင့်မွန် လောင်း ကစားလုပ်တယ်လို့ တစ်ခါမှ မပြောဖူးဘူး၊ စာမရေးဖူးဘူး"

"မေးလက်စနဲ့ ဆက်မေးပါရစေ၊ သူ့မှာ မိန်းမကိစ္စ ရှုပ်ရှုပ်ပွေပွေတွေရော ရှိလား"

"ဒါကို ဆောင်း ဘာသိမှာလဲ၊ ဆောင်းအနေနဲ့ ဘယ်လိုမှ မသိနိုင်တဲ့ ကိစ္စပဲ၊ အဲ ... ပြောရရင်တော့ နှောင်းနဲ့ လက်မထပ်ခင်က အခြေအနေကို ဆောင်း မသိဘူး၊ နှောင်းနဲ့လက်ထပ်ပြီးတဲ့ လေးနှစ်အတွင်းမှာတော့ အဲဒီလို ရှုပ်ပွေတဲ့ သတင်းမျိုး၊ အသံမျိုး တစ်ခါမှ မကြားဘူး၊ ဆောင်း ထင်မြင်ချက် ပေးရရင်တော့ မရှုပ်ပွေဘူးလို့ ထင်တာပဲ၊ တစ်ခုတော့ရှိရဲ့ ဒီနှစ် နှစ်ဦးပိုင်းလောက်က စပြီး သူတို့လင်မယား သိပ်မသင့်မြတ်တဲ့အကြောင်းတော့ နှောင်းက စာရေးတယ်"

"ဘာကြောင့် မသင့်မြတ်တယ်ဆိုတာကော မပါဘူးလား"

"ပါပါတယ် နှောင်းက ကလေးမရဘူး၊ ကိုအောင်မြင့်မွန် ကလေးလိုချင်တယ်၊ အဲဒီအတွက် လင်မယား တကျက် ကျက်ဖြစ်တာတဲ့"

"သြော် ... သြော်"





အတန်ငယ် ငြိမ်သက်သွားသည်။ ဆောင်းသည် ငြိမ် ဆက်ငိုနေပါ၏။

ဒေါက်တာဝင်းထွဋ်သည် အောင်မြင့်မွန်၏စာကို ရှသွားကာ လေယာဉ်ရုံးမှ အကြီးအကဲအား ကိုယ်တိုင်ဝင်တွေ့ကာ အလောင်းမြေမချမီ အရောက်သွားလိုသောကြောင့် လေယာဉ်လက် မှတ်နှစ်စောင် အကူအညီပေးပါရန် မေတ္တာရပ်ခံသည်။

နာရေးကိစ္စဖြစ်သည့်အပြင် လူမှုရေးကိစ္စပါ ပါရှိနေ သောကြောင့် အကြီးအကဲက အထူးရောင်းဖြင့် ခွင့်ပြုလိုက်ပါ ၏။

ရန်ကုန်မှ ဟဲဟိုးသို့ လိုက်ပါကြမည့် ခရီးသည်များ ရှင်ဟု ကြေညာလိုက်သောကြောင့် ဒေါက်တာဝင်းထွဋ်က ဆောင်း င်းပခုံးကိုပုတ်ပြီး လေယာဉ်ဆီသွားရန် သတိပေးလိုက်သည်။

ဂိတ်ဝအထိ လိုက်ပို့ရင်း ဆောင်းကို မှာကြားစရာ ရှိသမျှ ကိုဝင်းထွဋ်က မှာကြား စကားပြောသည်။

"စည်ပင်က လူတွေဟာ ကျန်းမာရေးအတွက် တောင်ကြီးက ဆရာဝန်တွေကို အားကိုးရပုံပဲ၊ ဆောင်း ဒေါ်လေးသူဇာ လက်မှာ ဆေးမျိုးစုံ ကျွန်တော် ထည့်ပေးလိုက်တယ်၊ ဘာဖြစ်ရင် ဘာဆေးကို ဘယ်လိုသောက်ရတယ်ဆိုတဲ့ အညွှန်းတွေပါ အပြည့်အစုံ ရေးပေးလိုက်တယ်၊ နိုင်ငံခြား ဆေးအကောင်းစားတွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ကိုဝင်းထွဋ်"

"ရပါတယ် နောက်တစ်ချက်က စည်ပင်ရဲ့ ရာသီဥတုကို တော့ ကျွန်တော် မသိဘူးပေါ့လေ၊ ဒါပေမဲ့ စည်ပင်ဟာ ကုန်းမြင့်ပိုင်းတောထူထူ ဒေသဖြစ်မယ်လို့ မှန်းတယ်၊ အေးမယ်၊ စိုစွတ်မယ်ပေါ့၊ အဲဒီနေရာမျိုးမှာ ဆောင်း ရေအရမ်းမချိုးပါနဲ့၊ တတ်နိုင်ရင် ရေချိုးတိုင်း ရေနွေးစပ်ချိုး ပါ၊ ပြီးတော့ နှောင်း နစ်သေသွားတယ်ဆိုတဲ့ ကန်မှာတော့ ဆောင်း လုံးဝ ရေဆင်းမချိုးပါနဲ့"

ဒေါက်တာဝင်းထွဋ်က တတွတ်တွတ်မှာရင်းပင် ဂိတ်ဝသို့ ရောက်လာသည်။

"ဩော် ... ဆောင်း မဟာကန်ထဲမှာ အဆိပ်ပြင်း သတ္တဝါ မျိုး ရှိချင်ရှိမယ်နော်၊ နှောင်းဟာ ရေကူးတတ်တယ် မဟုတ်လား"

"နှောင်း ရေသိပ်ကူးတတ်ပါတယ်၊ တက္ကသိုလ် ရေကူးသင်းမှ ရေကူးချန်ပီယံတံဆိတ်ရတဲ့အထိ ကူးတတ်ပါတယ်"

"ဒါဆို နှောင်းဟာ မဟာကန်ထဲမှာ ရေကူးရင်း ရေထဲက အဆိပ်ပြင်းတဲ့ သတ္တဝါတစ်ကောင်ရဲ့ အကိုက်ခံရလားမှ မသိတာ"

"ဟိုရောက်တာနဲ့ အဲဒါတွေအားလုံး ဆောင်း စုံစမ်းမယ်လို့ ဆုံးဖြတ်ထားပြီးသားပါ ကိုဝင်းထွဋ်"





"တစ်ခုပဲ မေးတော့မယ်၊ နှောင်းဟာ သူ့ကိုယ်သူများ သတ်သေတာများလား ဆောင်း၊ လှေတစ်စီးပါသွားပြီး လှေမှောက်သွားတဲ့လူ လှေမှောက်ရုံနဲ့ ရေနစ်မသေနိုင်ဘူး၊ မှောက်တဲ့လှေဟာ ရေမှာ မှောက်လျက်သား ပေါ်စမြဲပဲ၊ အဲဒီလှေကို ဖက်ထားပြီး ကမ်းကို ရောက်နိုင်တယ်၊ အဲ ... ဒီလိုတွေးမိပြန်တော့ နှောင်းဟာ သူ့ကိုယ်သူ ဆုဆိုက် လုပ်တာများလားလို့"

"မသိဘူး ... မသိဘူး၊ ဆောင်း ဘာကိုမှ မသိသေးဘူး၊ အဲဒါတွေ သိချင်လို့ကိုပဲ စည်ပင်ကို သွားချင်တာ"

ကိုဝင်းထွဋ် ငြိမ်သွားသည်။ ဆောင်းလည်း ခလယာဉ်ပေါ် တက်ခဲ့ပေတော့သည်။

* ၆ *



www.burmeseclassic.com

www.burmeseclassic.com



## ၃

မျက်လှည့်ပြလိုက်လေသလား။

ဆောင်းကို ဟဲဟိုးလေဆိပ်တွင် ဆီးကြိုသူမှာ အောင်တင့်မွန်ပင် ဖြစ်နေသည်ကို တွေ့ရပြန်သည်။

"ကျွန်တော် ရန်ကုန် သမ္မတဟိုတယ်ခန်းမှာ မမဆောင်းဆီက ဖုန်းမလာလို့ တစ်ညလုံးစောင့်တယ်၊ မနက်ဆယ်နာရီထိုးမှ ကျွန်တော် ပြန်ထွက်လာတာ"

ဆောင်းနှင့် ဒေါ်သူဇာကိုတင်ပြီး ဟဲဟိုးလေဆိပ်မှ အောင်တင့်မွန် လင့်ရိုဗာကားကို မောင်းထွက်လာခဲ့သည်။

ဒေါ်လေးသူဇာက လွတ်လပ်စွာ ထိုင်ချင်သည်ဆိုပြီး နောက်ခန်းမှာပင် ထိုင်သည်။

"မမဆောင်းကလည်း မင်း ပြန်ပြီး အိမ်ကို ဖုန်းဆက်မလားလို့ စောင့်မိတယ်၊ မင်း မမဆောင်းအိမ်က ဖုန်းနံပါတ်ကို သိသားပဲ မဟုတ်လား"





"မမှတ်မိတော့ဘူး မမဆောင်း၊ နောက်ပြီး အစ်ကိုကြီးက တစ်ခွန်းပဲ မှာလိုက်တယ်၊ ရော့ ဒီစာယူသွားပြီး အမြန်ဆုံးရောက်အောင် သွားပေး၊ ဟိုရောင်ရင် မဆောင်းက ဘာမေးမေး မင်း မပြောနဲ့၊ မင်းတာဝန်က ဖုန်းရှိတဲ့ ဟိုတယ်မှာတည်းပြီး မဆောင်း မင်းကို ပြန်ဆက်တာကိုပဲ စောင့်၊ နှောင်းအကြောင်း မဆောင်းက ဘာမေးမေး ဘာတစ်ခွန်းမှ ပြန်မပြောနဲ့၊ မဆောင်းဆီက တစ်ညလုံး ဖုန်းမဆက်ရင် ကြာသပတေးနေ့မနက် ဆယ်နာရီမှာ မင်းပြန်လာခဲ့တဲ့၊ တစ်လမ်းလုံး ညအိပ်မနားပဲ စည်ပင်ကိုပဲ ရောက်အောင်ပြန်ခဲ့တဲ့၊ ဒါကြောင့် ရန်ကုန်က မနက်ဆယ်နာရီ မထွက်ကတည်းက ကျွန်တော် ညမအိပ်ဘဲ ပြန်မောင်းလာတာ"

ဆောင်းက မောင်းနေသော အောင်တင့်မွန်ကို ငွေကြည့်မိသည်။ နှောင်း ကွယ်လွန်သည့် အင်္ဂါနေ့မှစပြီး ယနေ့ သောကြာနေ့ မွန်းလွဲချိန်ထိအောင် အောင်တင့်မွန်သည် မိုင်ပေါင်း တစ်ထောင်ခန့် မော်တော်ဆိုင်ကယ်စီးပြီး ယခု ဟဲဟိုးနှင့် စည်ပင်သို့ လင့်ရိုဗာကား မောင်းနေပြန်သည်။ အသက်ငယ်ပြီး အလွန် ကျန်းမာရေးကောင်းသောကြောင့်သာ ယခုလို ခံနိုင်ရည်ရှိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအစ်ကို ကိုအောင်တင့်မွန်က မင်းကို ခိုင်းတာ စက်ရုပ်တစ်ရုပ် ဓာတ်အားသွင်းပြီး မနားမနေခိုင်းရာ ရောက်မနေအ[illegible]လား"

အောင်တင့်မွန်က ပုခုံးတွန့်ပြလိုက်ပြီးမှ ...

"အစ်ကိုကြီး ကိုယ်တိုင်ဟာ ဓာတ်အားသွင်းထားတဲ့ စက်ရုပ်ပုံစံနဲ့ လှုပ်ရှားနေတာ ကြာပြီ မမဆောင်း၊ ဒီတော့လည်း သူ့ညီအရင်းဖြစ်တဲ့ ကျွန်တော်က သူ့ဩဇာအတိုင်း လုပ်ရမှာပေါ့၊ သူ့ညီအရင်း ကျွန်တော့်ကိုသာ မဟုတ်ဘူး သူ့အလုပ်သမားအားလုံးကို စက်ရုပ်ဓာတ်အားသွင်း ပုံစံနဲ့ ခိုင်းတာပဲ၊ ဒါပေမဲ့ အစ်ကိုကြီးကို ကျွန်တော်ကအစ အလုပ်သမားတွေအားလုံး ကျေနပ်ကြတယ်၊ စက်ရုပ်ကို လိုလေသေးမရှိအောင် ပြုစုရှောက်စောင့်ရှောက်တာတွေကလည်း ရှိနေတာကိုး"

ဆောင်း စဉ်းစားလိုက်သည်။

"ဒါဆို နှောင်းကိုရော ကိုအောင်မြင့်မွန်သည် ဓာတ်အားဖြည့် စက်ရုပ်လို ပြုမူစေခဲ့သလား မောင်အောင်တင့်မွန်"

"ဝေးပါသေးရဲ့ မမဆောင်း၊ မမနှောင်းကို စက်ရုပ်လို သဘောထားဖို့ဝေးစွ၊ အစ်ကိုကြီးကပဲ မမနှောင်းရဲ့ စက်ရုပ် ဖြစ်ခဲ့ရတာပါ၊ ဟာ... မမနှောင်းအကြောင်း ဘာမှ မပြောရဘူးဆိုတာ ကျွန်တော် ပြောလိုက်တယ်"





အောင်တင့်မွန်အား နောက်ထပ်မေးလည်း ပြောတော့မည် မဟုတ်မှန်း ဆောင်း နားလည်ရပြန်သည်။

နှောင်းနှင့်ပတ်သက်ပြီး ကိုအောင်မြင့်မွန်သည် အဘယ်ကြောင့် တင်းကျပ်စွာ ဖုံးဖိထားချင်ပေသနည်း။

အကြောင်းတော့ ရှိရမည်။

နှောင်းနှင့်ပတ်သက်ပြီး မိမိကို သူများပြောတာတွေ ကြားစေချင်ပဲ ကိုအောင်မြင့်မွန် ကိုယ်တိုင်ကိုယ်ကျ ပြောချင်၍ ပေလား။

ဘာပဲဖြစ်ဖြစ် စည်ပင်ရောက်မှ နှောင်းအကြောင်းကို ဆောင်းတို့ အသေးစိတ် အတွင်းနှိုက် စုံစမ်းတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ကဲ ... မင်းအစ်ကိုကြီးက ဒီလောက် ပိတ်ပင်ထားမှတော့ နှောင်းအကြောင်း မမဆောင်း မမေးတော့ဘူး၊ ဒါပေမဲ့ ကိုအောင်မြင့်မွန်အကြောင်းကို မမဆောင်းက မေးရင်ကော မင်း ဖြေမလား ပြောမလား"

"အစ်ကိုကြီးအကြောင်းကို အများသိထားတဲ့ အတိုင်းအတာ အတွင်းကဆိုရင် ကျွန်တော် ဖြေမှာပါ မမဆောင်း"

"ဘာကွဲ့ အများသိထားတဲ့ အတိုင်းအတာအတွင်း ဟုတ်လား၊ ဘာလဲ အဲဒီ စကားက"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ မမဆောင်း မမဆောင်းက ရန်ကုန်မှာ နေတာပဲ၊ ဒီတောင်ကြီး ဟိုပုန်း စည်ပင်က လူအများ အစ်ကိုကြီးအကြောင်း သိသလောက် မမဆောင်း ဘယ်သိမလဲ၊ အဲဒါကို ဆိုလိုတာပါ"

"မင်း ပြောတာ မမှားပါဘူး အောင်တင်မွန်၊ ကိုအောင်မြင့်မွန်နဲ့ မမဆောင်းဟာ နှောင်းနဲ့ပတ်သက်ပြီး မရီးနဲ့မတ်တော်စပ်ပေမယ့် နေထိုင်ဆက်ဆံတာတွေက သူစိမ်းသက်သက်ပါ၊ ဒီအထဲ နှောင်းနဲ့လက်ထပ်ပြီးတာနဲ့ ကိုအောင်မြင့်မွန်က နှောင်းကိုခေါ်ပြီး စည်ပင်ပြန်သွားတော့ အဆက်အသွယ်မှမရှိတာ ကိုအောင်မြင့်မွန်အကြောင်း ပြည့်စုံအောင် မမဆောင်း ဘယ်သိပါ့မလဲ"

"ဟုတ်တယ်လေ၊ အစ်ကိုကြီး ဩစတြေးလျားကပြန်လာပြီး ပန်းသီးခြံ စည်ပင်မှာစိုက်ဖို့ ရန်ကုန်ကိုဆင်းလာပြီး သက်ဆိုင်ရာတွေနဲ့ ညှိနှိုင်းတဲ့ နှစ်လလောက်သာ မမဆောင်းနဲ့ အစ်ကိုကြီး ဆုံမိတာပဲ၊ အဲဒီအစ်ကိုကြီး ရန်ကုန်ကိုဆင်းလာတုန်းက ကျွန်တော်လည်း ပါလာတယ်လေ၊ အဲဒီတုန်းက ကျွန်တော်က အသက်ဆယ့်ခြောက်နှစ် ကိုးတန်းကျောင်းသားပဲ ရှိသေးတာ၊ အဲဒီတုန်းကပဲ မမနှောင်းနဲ့အစ်ကိုကြီး မေတ္တာရှိကြတယ် ...





ရန်ကုန်မှာပဲ တရားရုံးမှာ မမနှောင်းနဲ့အစ်ကိုကြီး လက်ထပ်တယ်၊ လက်ထပ်ပြီးတာနဲ့ မမနှောင်းကို အစ်ကိုကြီးက တောင်ကြီးခေါ်လာတယ်၊ တောင်ကြီးကတစ်ဆင့် ပန်းသီးခြံစိုက်တော့မှ စည်ပင်ကို ပြောင်းနေခဲ့တာ၊ မမဆောင်းအနေနဲ့ ရန်ကုန်မှာ နှစ်လလောက်သာ အစ်ကိုကြီးနဲ့ ဆုံဖူးတာ အဲဒီနောက် မမဆောင်းကလည်း စည်ပင်ကို တစ်ခါမလာဘူး၊ အစ်ကိုကြီးကလည်း ရန်ကုန်ကို လေးနှစ်အတွင်း တစ်ခေါက်မှ ပြန်မဆင်းဘဲ ပန်းသီးခြံနဲ့ အလုပ်များနေတာ၊ မမဆောင်းနဲ့အစ်ကိုကြီး အဆက်အသွယ် လုံးဝမရှိ ဖြစ်သွားတယ်လေ"

လောကကြီးတွင် ညီအစ်ကို အရင်းဖြစ်ပါလျက် ...ကို၏ဩဇာ တစ်သဝေမတိမ်း ခံယူနိုင်စွမ်းရှိသော အောင်တင့် ...လို ညီအငယ်မျိုး ရှိနေသည်ကို ဆောင်း အံ့ဩမိသည်။

ယေဘုယျအားဖြင့် မိဘမရှိတော့ပြီဆိုသည့် ညီအစ်ကို ...းတွင် အစ်ကို၏ဩဇာ သက်ရောက်မှု ရှားပါးသွားတတ်သည်။ ...ငယ်က ဆိုးပေတော့ပြီး အစ်ကိုက ညီငယ်ကို သည်းခံလိုက်လျှော ...တတ်သည်မျိုးတွေသာ ဆောင်း တွေ့ဖူးသည်။

"ကောင်းပြီလေ၊ အများတကာသိထားပြီး မမဆောင်း မသိတာမျိုးကိုပဲ မေးပါ့မယ်၊ ကိုအောင်မြင့်မွန်ကို မ...



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း သိသလောက်ပြောရရင် ကိုအောင်မြင့်မွန်ဟာ တောင်ကြီးမှာနေတယ်၊ ငွေကြေးချမ်းသာတယ်၊ နေပြည်တော်ပျဉ်းမနား ရေဆင်းတက္ကသိုလ်က စိုက်ပျိုးရေးဘွဲ့ဒီဂရီရထားတယ်၊ အဲဒီတုန်းက အလုပ်ကိစ္စနဲ့ ရန်ကုန်ကိုဆင်းလာတယ်၊ ရန်ကုန်မှာပဲ နှောင်းနဲ့ချစ်ကြိုက်ပြီး လက်ထပ်တယ်၊ ရန်ကုန်က စုံတွဲပြန်သွားပြီး တောင်ကြီးမှာ မနေတော့ဘဲ သိပ်ခေါင်တဲ့ စည်ပင်ကို ကိုအောင်မြင့်မွန်က ဘာလို့ ပြောင်းရွှေ့သွားတာလဲ အောင်တင့်မွန်"

"ကျွန်တော် အပြည့်အစုံ ဖြေပါ့မယ် မမဆောင်း၊ အစ်ကိုကြီးဟာ အသက်နှစ်ဆယ်နှစ်နှစ်မှာ စိုက်ပျိုးရေးဘွဲ့ရခဲ့တယ်၊ အစ်ကိုကြီးရဲ့ တကယ့်ဆန္ဒက ရှမ်းပြည်နယ်ရဲ့ လစ်လပ်တဲ့ မြေတွေမှာ သီးပင်စားပင်တွေစိုက်တဲ့ စိုက်ပျိုးရေးအလုပ် လုပ်ချင်တယ်၊ ဒါပေမယ့် အဲဒီတုန်းက ဖေဖေ ရှိသေးတယ်၊ ဖေဖေက အစ်ကိုကြီး စိုက်ပျိုးရေး လုပ်ချင်တာကို ခွင့်မပြုခဲ့ဘူး၊ ဒါကြောင့် ဖေဖေ့လုပ်ငန်းတွေမှာ အစ်ကိုကြီး ဝင်လုပ်ရတယ်"

"ဘာလုပ်ငန်းတွေလဲ"

"ပွဲရုံလုပ်ငန်း အရောင်းအဝယ် ကုန်သည်လုပ်ငန်းဆိုပါတော့ မမဆောင်း၊ တောင်ကြီးမှာ ဖေဖေ တည်ထောင်တဲ့





ကမ္ဘောဇပွဲရုံကြီးရှိတယ်၊ အဓိကလုပ်တာ သံနပ်ဖက်နဲ့ လက်ဖက်ခြောက်ပဲ၊ အိရှုဖူးကုန်တင်ကားကြီးလည်း နှစ်စီးရှိတယ်၊ တောင်ကြီးဝန်ကျင် ကျေးလက်တွေမှာ ဖေဖေရဲ့ သနပ်ဖက်ခြံကြီးတွေ၊ လက်ဖက်စိုက်ခင်းတွေ အများကြီးရှိတယ်၊ ခြံနဲ့ စိုက်ခင်းက ထွက်တာတွေရော တခြားက ဝယ်တာတွေရော ဝယ်ပြီး ပွဲရုံမှာသိုလှောင်တယ်၊ မြန်မာပြည်အထက်အောက်မှာရှိတဲ့ ဖောက်သည်တွေဆီ ကားကြီးတွေနဲ့ ပို့ပေးတယ်၊ အစ်ကိုကြီး ဘွဲ့ရပြီး ဖေဖေ့လုပ်ငန်း ဝင်လုပ်တဲ့နှစ်မှာပဲ မေမေက ခေါင်းတုံးရိပ်ပြီး သီလရှင် ဘဝနဲ့ သာသနာ့ဘောင်ထဲ အပြီးဝင်သွားတယ်၊ ဖေဖေ့ အတွက် အစ်ကိုကြီးက အကူအညီရပြီမို့ မေမေက စိတ်ချ လက်ချ သာသနာ့ဘောင် ကူးဝင်လိုက်တာပဲ မမဆောင်း၊ ခုချိန်ထိ မေမေဟာ စစ်ကိုင်းတောင်မှာ ကိုယ့်ပိုင်ဇရပ်နဲ့ ရှိသေးတယ်၊ ဒါပေမဲ့ မေမေက တကယ် သံယောဇဉ်ပြတ်တယ်၊ ကျွန်တော်တို့ဆီ တစ်ခေါက်ပြန်ကြွမလာဘူး၊ တစ်နှစ်ကို တစ်ကြိမ်နှစ်ကြိမ်လောက် ဖေဖေရယ်၊ ကိုကြီးရယ်၊ ကျွန်တော်ရယ်က မေမေ့ဆီ သွားရတယ်၊ ငွေလှူတာ လက်မခံလို့ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်စတဲ့ဟာတွေ ဝယ်လှူရတယ်၊ အဲ ... ဖေဖေ ဆုံးတုန်းကတော့ လူလွတ်ခေါ်လို့ မေမေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်တော့ တောင်ကြီးကို ကြွလာသေးတယ်၊ မေ
အလောင်းကို ကြည့်ပြီး မျက်ရည်တစ်စက် မကျဘူး
ဆောင်းရေ၊ ကျွန်တော်နဲ့ ကိုကြီးကတော့ ငိုတာပေ
ကျွန်တော်တို့ ညီအစ်ကိုကို မေမေ သီလရှင်က ပြောတယ်

မငိုနဲ့တဲ့ ငိုတာဟာ စိတ်ရဲ့ပင်ပန်းမှု အဖြစ်ဆုံး
တဲ့၊ ဖေဖေ သေတာဟာ အနိစ္စလောကကြီးမှာ သက်
သက်မဲ့ ဘာမှ မမြဲတဲ့ သဘောစစ် သဘောမှန်ပဲ
သက်ရှိသတ္တဝါတိုင်းဟာ ပဋိသန္ဓေတည်ချိန်ကစပြီး မွေး
တာနဲ့ မရဏဆိုတဲ့ သေခြင်းဆီ လျှောက်သွားနေတာ
အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို ဘုရားသော်မှ မလွှ
ဆန်နိုင်ဘူးတဲ့၊ မငိုနဲ့ မငိုနဲ့တဲ့၊ စိတ်ပင်ပန်းရုံကလွဲ
ဘာမှ အကျိုးထူး မရနိုင်ဘူးတဲ့၊ အဲဒါ မေမေရဲ့စိတ်ဓာတ်
ကျင့်သုံးမှုပဲ မမဆောင်း၊ ဖေဖေ့ကို မြေချတဲ့နေ့မှာ
မေမေ သီလရှင် စစ်ကိုင်းကို ပြန်ကြွသွားတယ်လေ"

အောင်တင့်မွန် စကားနားထောင်ပြီး နှောင်းလည်
အနိစ္စရောက်သွားပေပြီတော့ဟု ဆောင်း ငိုမိပြန်သည်။ သို့ေ
ဆောင်း သိမ့်သိမ့်ခါအောင် မငိုနိုင်တော့ပြီ၊ နှောင်း သေဆုံးသတင်
ကြားသည့်အချိန်မှစပြီး သိမ့်သိမ့်ခါ ငိုကြွေးရသည့်အကြိမ်ေ
များလွန်းနေပြီ။



ယခုမူ ငိုကြွေးခြင်းထက် နှောင်း မည်သို့မည်ပုံ သေဆုံးရသည်လည်း ဆိုသည်ကိုတော့ ဆောင်း စိတ်ကြိုက်ကျေနပ်သည်အထိ စုံစမ်းချင်စိတ်က ပို၍များလာသည်။ အောင်တင့်မွန်ထံမှ နှောင်း သေဆုံးရခြင်းအကြောင်း ရသလောက် နှိုက်ယူမေးမြန်းတော့မည်။

"အေးကွယ် ... သေတဲ့လူတွေလည်း သေပြီးသွားကြပြီပဲ၊ ကိုအောင်မြင့်မွန် စည်ပင်ကို ပြောင်းတဲ့အကြောင်း ဆက်ပြောပြပါလား"

"ဖေဖေ ဆုံးပြီး ခြောက်လလောက်အကြာမှာပဲ တောင်ကြီးက ကမ္ဘောဇပွဲရုံကြီးကို အစ်ကိုကြီး ရောင်းပစ်လိုက်တယ်၊ သနပ်ဖက်ခြံတွေနဲ့ လက်ဖက်စိုက်ခင်းတွေကိုတော့ မရောင်းဘူး၊ သူက စိုက်ပျိုးရေးသမား မဟုတ်လား၊ အစ်ကိုကြီးရဲ့ မျက်မြင်အရရော သူ့စိုက်ပျိုးရေး အတတ်ပညာရဲ့ရော စည်ပင်တောင်ကုန်းဒေသရဲ့မြေမှာ ပန်းသီးမျိုးကောင်း စိုက်ပျိုးရင် ရမယ်လို့ စမ်းသပ်တွေ့ရှိတယ်၊ စည်ပင်ရဲ့ ကုန်းမြင့်မြေ အနေအထား ပင်လယ်နဲ့ အကွာအခြားတွေအားလုံး နိုင်ငံခြားမျိုးကောင်း မျိုးသန့် စိုက်ပျိုးရရှိနိုင်တယ်လို့ တွက်ဆတယ်၊ သေချာသည်ထက် သေချာအောင် စည်ပင်မြေကို သူ အဆက်အသွယ်ရှိခဲ့တဲ့ ဩစတြေးလျား

www.burmeseclassic.com



ကိုပို့ပြီး ဓာတ်ခွဲစေတယ်၊ ကိုယ်တိုင်လည်း ဩစတေးလျား ကို သွားပြီး ပန်းသီးစိုက်ပျိုးနည်း လေ့လာတယ်"

"နေဦး ... အောင်တင့်မွန်ကို အောင်မြင့်မွန်က ဘာလို့ နိုင်ငံခြားမျိုးကောင်း မျိုးသန့်ကို စိုက်ပျိုးနိုင်ဖို့ ငွေကုန်ကြေး ကျ အများကြီး အကုန်ခံပြီး စိတ်အားထက်သန်တာလဲ၊ စီးပွားရေးအရ သူ့မှာ လက်ငုတ်လက်ရင်း လုပ်ကိုင်စရာတွေ အများကြီးပဲဟာ"

"အကြောင်းရှိပါတယ် မမဆောင်း၊ ဖေဖေဟာ နောက်ဆုံး လူကြီးရောဂါနဲ့ အိပ်ရာမှာ ဗုန်းဗုန်းလဲကျတယ်၊ ဖေဖေ လူမမာက ဒီပြင်ဟာ ဘာကျွေးကျွေး မစားချင်ဘဲ နိုင်ငံ ခြား ပန်းသီးကိုမှ စားချင်တယ်ဆိုတဲ့ တောင့်တမှု ဖြစ်လာ တယ်၊ မတ်လ၊ ဧပြီလမျိုးမှာ မြန်မာပြည်မှာ ဘယ်နိုင်ငံ ခြား ပန်းသီး လွယ်လွယ်ဝယ်လို့ ရနိုင်မှာလဲ မမဆောင်း၊ အစ်ကိုကြီး ဖေဖေဆန္ဒရှိတဲ့ ပန်းသီးကို မန္တလေး ဆင်းရှာ ခိုင်းတယ်၊ တစ်လုံးမှ မရဘူး၊ နောက်ဆုံး ဟဲဟိုးကတစ်ဆင့် လေယာဉ်နဲ့သွားပြီး ရန်ကုန်မှာ ဆင်းဝယ်ခိုင်းတယ်"

"ရခဲ့သလား အောင်တင့်မွန်"

"ရတယ် မမဆောင်း၊ ရန်ကုန်မှာ တရုတ်စီးပွားရေးသမား တွေ အကွက်မြင်မှုနဲ့ အအေးဓာတ်လွှန်ကဲအောင် ပေးပြီး





မွှေးပြီး သိုလှောင်ထားတဲ့ နိုင်ငံခြားပန်းသီး ရခဲ့တယ် တစ်လုံးကို သုံးရာတောင် ပေးရတယ်၊ ဖေဖေ့အတွက် ပန်းသီးအလုံး လေးငါးဆယ် ဝယ်တာတောင် မရဘူး၊ အလုံးနှစ်ဆယ်ပဲ ရတယ်"

"အမယ်လေးနော် လေယာဉ်စရိတ်နဲ့သာ တွက်ကြည့်ရင် ပန်းသီးတစ်လုံးကို လေးငါးရာ တန်သွားမှာပဲ"

"တန်ပလေ့စေ ပေးချင်သလောက် ပေးရပါစေ ဝယ်ခဲ့ တယ် မမဆောင်း၊ ဒါပေမဲ့ ဖေဖေဟာ အဲဒီ နိုင်ငံခြား ပန်းသီးကို ဆန္ဒပြင်းစွာနှင့် တောင့်တခဲ့ပေမဲ့ တစ်မြုံလေး တစ်ကိုက်လေးတောင် စားမသွားရှာဘူး၊ ပန်းသီး ရောက်လာတဲ့အချိန်မှာ ဖေဖေက သေသွားပြီလေ"

"ဖြစ်မှဖြစ်ရလေကွယ် ဒီလောက် ကြိုးစားပန်းစားနဲ့ ငွေကြေး တွေ သောက်သောက်လဲ အကုန်အကျခံ ဝယ်လာတဲ့ ပန်းသီးကို လူမမာ ဆန္ဒအရ မစားလိုက်ရဘူး ဆိုတာ တကယ့် စိတ်မကောင်းစရာကြီးပဲ"

"အဲဒီမှာပင် အစ်ကိုကြီး ပန်းသီးရောဂါ ထတော့တာပဲ မမဆောင်း၊ လူမမာ ဓာတ်စာအတွက်တောင် ဒီလောက် ခဲရာခဲဆစ်နဲ့ ရှားပါးတဲ့ ပန်းသီးမျိုးကို မြန်မာပြည်မှာ ဘာလို့ စံချိန်မီ မစိုက်ပျိုးနိုင်ရမှာလဲ၊ နိုင်ငံခြား ပန်းသီးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ထွန်းနိုင်တဲ့ ရေ၊ မြေ၊ လေ နေရောင်ခြည် ပန်းသီးရာသီဥတုမျိုးဟာ ရှမ်းပြည်နယ် တစ်နေရာမှာ ရှိကိုရှိရမယ်ဆိုတဲ့ ဖွဲ့နဲ့ရှာဖွေရင်း စည်ပင်ဘက်မှာ တွေ့သွားတယ်၊ ဒါကြောင့် စည်ပင်မှာ စိတ်ကြိုက်မြေကို ဝယ်ယူရရှိတာလည်း ပါတယ်၊ အစိုးရထံ လျှောက်ထားပြီး ရရှိတဲ့ မြေတွေလည်း ပါတယ်၊ အဲဒီမြေတွေပေါ်မှာ အစ်ကိုကြီး စတင်ပြီး ပန်းသီး မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ ဩစတေးလျား အမေရိက,ကမှာယူပြီး စနစ်တကျ စိုက်တော့တာပဲ မမဆောင်း"

"ဒါဆို မင်းအစ်ကိုကြီး ကိုအောင်မြင့်မွန်ဟာ သူ့မှာ ဆန္ဒရှိလာပြီဆိုရင် အဲဒါကို မဖြစ်မနေလုပ်တဲ့ စိတ်ဓာတ်မျိုး ရှိတယ်ပေါ့နော်"

"ဟာ ... ဒါတော့ မပြောနဲ့၊ အစ်ကိုကြီးက သူ့စိတ်ထဲမှာ မှန်ပြီဟော့လို့ ယူဆလိုက်ရင် တုံးတိုက်တိုက် ကျားကိုက်ကိုက် ဖြစ်အောင် လုပ်လေ့ရှိတယ် မမဆောင်း၊ ကံအားလျော်စွာရော၊ အစ်ကိုကြီးရဲ့ လေ့လာစူးစမ်းမှု အောင်မြင်တာရော အစ်ကိုကြီးရဲ့ စိုက်ပျိုးရေး အတတ်ပညာကြောင့်ရော စည်ပင်မြေဟာ နိုင်ငံခြားပန်းသီး မျိုးကောင်းမျိုးသန့် စိုက်လို့ ဖြစ်ထွန်းလာပါတယ် မမဆောင်း၊ အဲ ... တစ်ခု





တော့ရှိတယ် သက်ဆိုင်ရာဌာနတွေက ထွန်စက်တွေ မြေဖြိုစက်တွေ တန်ကြေးထား ငှားရမ်းလုပ်ရတာမို့ အစ်ကိုကြီး ကိုယ်တိုင် စည်ပင်ကို ပြောင်းရွှေ့နေထိုင်လိုက်ရတယ်"

"ဒါကြောင့် နှောင်းကလည်း သူ့ယောက်ျားနဲ့အတူ စည်ပင်မှာ လိုက်နေရတာပေါ့နော်၊ တကယ်လို့သာ နှောင်းဟာ တောင်ကြီးမှာ နေမယ်ဆိုရင် အခုလို သေချင်မှသေမှာ"

"မှန်တယ်လို့ ပြောရမလားပဲ၊ အစ်ကိုကြီးကိုယ်တိုင်က မမနှောင်းကို တောင်ကြီးအိမ်မှာပဲ နေခဲ့ပါ၊ စည်ပင်ဒေသက ရာသီတုဥရော၊ လူတွေရဲ့ ဓလေ့စရိုက်ရော ကြမ်းထယ်၊ အစ်ကိုကြီးက အနည်းဆုံး သီတင်းတစ်ပတ်မှ ဘစ်ကြိမ် နှောင်းရှိတဲ့ တောင်ကြီးကို ပြန်လာခဲ့မယ်၊ မမနှောင်း နေခဲ့ပါလို့ ပြောသေးတယ်၊ ဒါပေမဲ့ မရဘူးလေ မမနှောင်းက အစ်ကိုကြီးကို ကြောက်တာမှ မဟုတ်တာ၊ ကျွန်တော်တို့ အသိုင်းအဝိုင်းတစ်ခုလုံးမှာ အစ်ကိုကြီးကို ဆန့်ကျင်ရဲတာ မမနှောင်းတစ်ယောက်ပဲ ရှိတယ်၊ အစ်ကိုကြီး တားတဲ့ကြားက မမနှောင်း စည်ပင်ကို ဇွတ်လိုက်လာတာပါ မမဆောင်း"

"ဘာလဲ နှောင်း စည်ပင်ကို လိုက်နေရင် သေမယ်ဆိုတာကို ကိုအောင်မြင့်မွန်က ကြိုတင်သိနေလို့ မလိုက်စေချင်တာမျိုး လား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ဆောင်း ပြန်မေးလိုက်သော မေးခွန်းကို ဘယ်လို အဓိပ္ပာယ်ကောက် သဘောပေါက်ရမှန်းမသိသော အောင်တင့်မွန်သည် ဆောင်း၏ မေးခွန်းကို လွန်စွာအံ့ဩသလို အကြည့်ဖြင့် ကြည့်ရင်း ဗျာဆိုသည့် အာမေဍိတ်သံ ထွက်သွားပေသည်။

"ဆက်ပြောပါ အောင်တင့်မွန်၊ ကိုအောင်မြင့်မွန်က ဘာလို့ နှောင်းကို စည်ပင်မှာ လိုက်မနေစေချင်တာလဲဆိုတာ"

"စည်ပင်ဟာ အတွင်းပိုင်းကျပြီး ခေါင်တဲ့ ကျေးရွာကြီး တစ်ရွာဆိုပေမဲ့ နေထိုင်တဲ့လူတွေက လူစုံတယ် မမဆောင်း၊ မှောင်ခိုလုပ်ငန်း ဒိုင်အုပ်တွေ၊ ကယ်ရီအထမ်းသမားတွေ၊ ခြေချင်းလိမ်တဲ့နေရာ ဖြစ်နေတယ်၊ ဒီလို လူတန်းစားတွေ အကြောင်း မမဆောင်းလည်း ကြားဖူးသင့်သလောက် ကြားဖူးမှာပါ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား မိုက်ကန်းကန်း လူစားမျိုးတွေလေ၊ တရားမဝင် သေနတ်ပုန်းတွေ ကိုင်ဆောင်ပြီး တောလမ်းခရီးမှာ တစ်ယောက်ကိုတစ်ယောက် တစ်ဦးကိုတစ်ဦး လစ်ရင် လစ်သလို လုယက် သတ်နေကြတဲ့လူတွေ"

"အံ့ပါကွယ်၊ ဒီလိုလူတွေကြားမှာ နှောင်းက လိုက်နေရတယ်လို့"





"ဟုတ်ပါတယ် မမဆောင်း၊ ဒီလူကြားတွေထဲမှာ ကိုယ့်ဘဝကို ကိုယ် တန်ဖိုးမထားတဲ့ အမျိုးသမီးတွေလည်း တော်တော်များများ ပါဝင်နေတယ်၊ သူတို့နဲ့ မမနှောင်းဟာ ဘာဆိုင်လဲ တစ်ဘာသာစီပဲ၊ နောက်ပြီး မမနှောင်းက သိပ်လှတယ် မဟုတ်လား၊ ဒါကြောင့် အစ်ကိုကြီးက မမနှောင်းကို လိုက်မနေစေချင်တာ၊ ပြောမရလို့သာ စည်ပင်မှာ လိုက်နေတာကို ကြည့်နေတာ၊ ဒါပေမဲ့ အစ်ကိုကြီး အဲဒီ မှောင်ခိုသမားတွေ၊ ဒိုင်အုပ်တွေကို လူမိုက်လူရမ်းကားတွေကို မကြောက်ပါဘူး၊ အဲဒီ လူစားမျိုးတွေကတောင် အစ်ကိုကြီးကို ဘုတ်ရှိသေ ကျိုးရှိသော ပုံစံမျိုး ဆက်ဆံကြတာပါ"

"နေပါဦး အောင်တင့်မွန်၊ စည်ပင်ဟာ အုပ်ချုပ်ရေး လက်လှမ်းမမီ ကွာဝေးလွန်းလို့ ဒီလို ရမ်းကားနေကြတာလား"

"အဲဒီလိုကြီးလည်း မဟုတ်ပြန်ဘူး၊ စည်ပင်ဟာ တောင်ကြီးနဲ့မိုင်းပွန်ရဲ့ အုပ်ချုပ်ရေးနဲ့ လက်လမ်းကွာလှတယ်လည်း မဟုတ်ပါဘူး၊ မိုင်းပွန်ကနေ စည်ပင်ကို သွားရေးလာရေး ခက်တာတော့ ရှိတယ်၊ နောက်တစ်ချက်က စည်ပင်ဟာ ပင်ကိုအားဖြင့် အိမ်ခြေ သုံးရာလောက်သာရှိတဲ့ ရွာကြီး တစ်ရွာပါ၊ အုပ်ချုပ်ရေးအနေနဲ့ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့များတောင်ကွယ်"

"ဒါနဲ့များတောင်ကွယ်လို့တော့ မမဆောင်း မညည်းနဲ့၊ အနီးကပ်ဆုံး ဥပမာပေးရရင် မမဆောင်းတို့ ရန်ကုန်က ပလက်ဖောင်းဈေးသည်တွေလိုပဲ"

"ဆိုပါဦး"

"ရန်ကုန်က ပလက်ဖောင်းဈေးသည်တွေဟာ တားမြစ်ထားတဲ့ကြားကပဲ ပလက်ဖောင်းပေါ်မှာ ပလပ်စတစ်ခင်းပြီး သူတို့ပစ္စည်းတွေ ရောင်းနေတာပဲ၊ သက်ဆိုင်ရာ ဖမ်းဆီးခွင့်ရှိတဲ့ စည်ပင်ကလူတွေ ဝန်ထမ်းတွေလာတာနဲ့ သူတို့ချင်း အချက်ပေးပြီး ခင်းထားတဲ့ ပလပ်စတစ်ပြားကြီးကို လေးဖက်လေးထောင့် ဆွဲထုတ်ပြီး မတ်တတ်ရပ်နေလိုက်တယ်၊ ဒီတော့ တားမြစ်ဥပဒေက ပလက်ဖောင်းပေါ်မှာ ဈေးမရောင်းရလို့သာ တားမြစ်တာ သူတို့ဘာသာ အထုပ်ကိုင်ပြီး ရပ်နေတာ ပြေးသွားတာကို ဖမ်းခွင့်မှ မရှိတာ၊ အဲ ... စည်ပင်က အမှုထမ်းတွေ ဖမ်းဆီးနိုင်ခွင့်ရှိတဲ့ ဝန်ထမ်းတွေလည်း ထွက်သွားရော၊ သူတို့က ပလပ်စတစ်ခင်းပြီး ပလက်ဖောင်းပေါ်မှာ ရောင်းမြဲ ပြန်ရောင်းတာပဲလေ"

"စည်ပင်ကျတော့ရောကွာ"

"ထပ်တူထပ်မျှ သဘောပါပဲ မမဆောင်း၊ ဌာနေစိုက်ရဲစခန်း မရှိဘူး၊ ရဲနဲ့ ကပ်ပူးပေါင်းပြီး တိုက်ကင်းလှည့်တဲ့





အခါ ရောက်လာတာနဲ့ စည်ပင်က ဒုစရိုက်ကောင်တွေဟာ တောထဲ ဝင်ပြေးသွားရော၊ တိုက်ကင်းအဖွဲ့ လည်း ထွက်သွားရော ဒုစရိုက်သမားတွေလည်း ပြန်ထွက်လာရောပဲလေ"

"ကိုအောင်မြင့်မွန်က တောင်ကြီးမှာ အိမ်ရှိသားနဲ့ ဘာလို့ စည်ပင်ကို သူ့မိန်းမ နှောင်းကို ခေါ်ထားတာလဲ၊ နှောင်းကရော စည်ပင်လိုနေရာကို ဘာလို့လိုက်နေတာလဲ အောင်တင့်မွန်"

"အဲဒါကို ကျွန်တော် မသိဘူးပဲဆိုပါတော့ မမဆောင်း"

မသိဘူးပဲ ဆိုပါတော့ဆိုသည့် အဖြေကြောင့် ထိုအဖြေကို ဆောင်းဘာသာ တွက်ကြည့်သည်။

အကယ်၍ နှောင်းအနေနှင့် သူ့ယောကျ်ား ကိုအောင်မြင့်မွန်ကို သိပ်ချစ်၊ သိပ်စိတ်မချသောကြောင့် လိုက်နေရိုးမှန်လျှင် အောင်တင့်မွန်က မမနှောင်းက သူ့ယောကျ်ား အစ်ကိုကြီးကို သိပ်ချစ် သိပ်စိတ်မချလို့ ဖြစ်မှာပေါ့ဟု ဖြေပေမည်။ ထိုသို့ အဖြေပေးရန် အောင်တင့်မွန်တွင် ဘာဝန်လေးစရာ ရှိသနည်း။

အောင်တင့်မွန်ကိုယ်တိုင် နှောင်းနှင့်ပတ်သက်သော အချက်အလက်များ သိထားတာတွေ ရှိမည်။ စောစောက အောင်တင့်မွန်ပြောသော စကားတချို့တွင် သူ့အစ်ကို အောင်မြင့်မွန်နှင့်ပတ်သက်ပြီး နှောင်းကို မကျေမနပ်ရှိသည့် စကားသံတချို့ ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်တင့်မွန်သည် နှောင်းမသေမီကတည်းက နှောင်းအပေါ်တွင် မကျေနပ်စရာတွေများ ရှိနေပေသလား။

ဒါကိုလည်း ဆောင်းအနေနှင့် စူးစမ်းရှာဖွေရမည်။

ဩော် ... စူးစမ်းရှာဖွေရသည်မှာ ဘဲဥအစရှာရသလို ကောက်ရိုးပုံတွင် အပ်ရှာရသလို ခက်ခဲလေမည်မှာ အမှန်။

ဘာပဲဖြစ်ဖြစ် ဆောင်းကတော့ ဖြစ်ရပ်အမှန်ကို မတွေ့တွေ့အောင် ရှာမည်သာ။

* * *





## ၄

နှောင်း သေဆုံးသည့်နေ့မှ ယခု သောကြာနေ့ဆိုပါက ငါးရက်ရှိသွားပြီ။

နှောင်း၏ အလောင်းသည် လေးရက်ကြာသွားသည့် တိုင်အောင် လှပဆဲ ရှိသည်။

နှောင်းသည် သေသွားသည်နှင့် မတူဘဲ အင်္ဂလိပ်ပုံပြင်ထဲက အကြာကြီး အိပ်မောကျနေသော မင်းသမီးလှလှလေးနှင့် တူသေးတော့။

ညီမလေးနှောင်း၏ အလောင်းကို မြင်ရပြန်တော့ ဆောင်း တအားကြီး ထပ်ငိုပြန်သည်။

ဒေါ်လေးသူဇာလည်း ငိုသည်။

"နှောင်းရယ် ကံဆိုးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးရယ် အသေဆိုးနဲ့ ဒီလိုနေရာမျိုးမှာ ခွေ
မျိုးမရှိနဲ့ သေရလေခြင်းကွယ်"

အောင်မြင့်မွန်သည် သည်းထန်စွာ ငိုကြွေးနေသော
ဆောင်းကို ငေးကြည့်နေသည်။

ကိုအောင်မြင့်မွန်ကို ကြည့်ရသည်မှာ မျက်နှာတော
မကောင်းလှ။ သို့သော် ယောကျ်ားအရင့်မကြီးမို့လားတော့မ
ဖနီး နှောင်း သေဆုံးသွားခြင်းကို ငိုကြွေးခြင်း မတွေ့ရ။
မဟုတ် နှောင်း သေပြီးကာစရက်က အားရပါးရငိုပြီး ဖြစ်ကော
ဖြစ်မည်။

ဆောင်းသည် အားရပါးရ ငိုချလိုက်ပြီးနော
ဆောင်း၏ ဦးနှောက်ထဲသို့ ဒေါက်တာဝင်းထွဋ်၏ တင်ပြ
စကားတွေ ဝင်ရောက်လာသည်။

ဆောင်း ငိုခြင်းကိုရပ်ခါ အောင်မြင့်မွန်ကို မျက်
ချင်းဆိုင်လိုက်သည်။

"ဒီမယ် ကိုအောင်မြင့်မွန်"

"ပြောပါ မဆောင်း"

"နှောင်း ကိုယ်ပေါ်မှာ အုပ်ထားတဲ့ အဝတ်သစ်တွေ
ခွာပြီး နှောင်းရဲ့ ခန္ဓာကိုယ်ကို အရှိအတိုင်း ဆော
ကြည့်ချင်တယ်၊ ခွာပေးပါ"

"ဟာ ... မကောင်းဘူးထင်တယ်"





"ဆောင်း ကြည့်ချင်တယ် ကိုအောင်မြင့်မွန်"

ဆောင်း၏ မျက်နှာမှာ မရမနေ တောင်းဆိုသည့်
အသွင်ဆောင်ပြီး မျက်နှာထား တင်းမာနေသည်။

အောင်မြင့်မွန်က ဆောင်းနှင့် မျက်လုံးချင်းဆိုင်ကြည့်
နေရာမှ လွဲဖယ်ကာ လူတစ်ယောက်ဆီသို့ လှမ်းကြည့်ပြောဆို
လိုက်သည်။

"ဒီမယ် ဒေါက်တာစောဒီ၊ မဆောင်းက သူ့ညီမ နှောင်း
ရဲ့ ခန္ဓာကိုယ်ကို ကြည့်ချင်တယ်တဲ့၊ ရှင်းပြလိုက်ပါဦး
ဒေါက်တာ"

ဒေါက်တာစောဒီ ဆိုသူမှာ ကိုအောင်မြင့်မွန်နှင့်
ရွယ်တူ အသက်ဆုံးဆယ်ခန့် ရှိအုံသည်။ အသားဖြူပြီး မေးရိုး
သေးထောင့် မျက်နှာမျိုး ရှိသည်။ ရှပ်အင်္ကျီဖြူ လက်တိုဝတ်ထားပြီး
က်ကတိုင်လည်းစီးအနက် စည်းထားသည်။ ဘက်ဘရက်(စ်)
အသားဘောင်းဘီ အနက်ဝတ်ထားသည်။ နားကြပ်ကို လည်ပင်း
မှတ် ရင်ဘတ်တွင် တွဲလောင်းချိတ်ထားသည်။

"မဆောင်းတဲ့လား၊ ကိုအောင်မြင့်မွန်ခေါ်သလို ကျွန်တော်
ခေါ်တာပါ၊ နာမည် အရှည်ရှိရင်လည်း ပြောပါ၊ နာမည်
အရှည်အတိုင်း ခေါ်ပါ့မယ်"

ဆောင်းက ဘာမှ ပြန်မပြော၊ ဒေါက်တာစောဒီကိုသာ
သေချာပြန်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်မွန်က ဝင်ပြောသည်။

"ဆောရီးပဲ ဒေါက်တာ၊ မဆောင်းနဲ့ ဒေါက်တာကို မိတ်ဆက်ပေးဖို့ ကျွန်တော် မေ့မေ့လျော့လျော့ ဖြစ်သွားတယ်၊ အဲဒါ ရန်ကုန်က နှောင်းရဲ့အစ်မအရင်း မဆောင်းပါ၊ နာမည်ရှည် မရှိပါဘူး ဆောင်းနဲ့နှောင်း ညီအစ်မရင်း နာမည်ရင်းတွေပါ၊ အဲဒါ ဒေါက်တာစောဒီပဲ မဆောင်း၊ တောင်ကြီးက ပင့်ခေါ်ထားတာပါ"

ဆောင်း ရင်ထဲတွင် စိတ်ပျက်စွာဖြင့် ယဉ်ကျေးမှုအရ ဒေါက်တာစောဒီကို ဦးခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ မဆောင်းနဲ့ သိကျွမ်းရတာ ကျွန်တော် ဂုဏ်ယူပါတယ်၊ ဟောဒီက မစွက် အောင်မြင့်မွန်ရဲ့ဇနီး အလောင်း ခန္ဓာကိုယ်ကို မဆောင်း ကြည့်ချင်တယ်ဆို ကြည့်နိုင်ပါတယ် အဝတ်တွေ ခွာချရုံပဲ၊ ဒါပေမဲ့ မကြည့်ပါနဲ့လို့ ကျွန်တော် အကြံပေးတယ်"

"ဘာလို့လဲ ဒေါက်တာ"

"ဘာလို့လဲဆိုတော့ လင်ယောကျ်ား မစ္စတာ အောင်မြင့်မွန် ခွင့်ပြုချက်အရ ဒီ စည်ပင်က ကျေးရွာလူကြီးတွေရှေ့မှောက် မှာပဲ အလောင်းကို ကျွန်တော် ခွဲစိတ်ထားပါတယ် မဆောင်း၊ သေဆုံးသူရဲ့ အင်တာနယ်အော်ဂင်တွေ ကျွန်တော် စစ်ဆေးကြည့်တာပါ၊ အော်ဂင်တွေကို အသေး





စိတ် စစ်ဆေးပြီး သူ့နေရာအတိုင်းထားပြီးမှ ပြန်ချုပ်ထားပါတယ်၊ အဲဒီခွဲစိတ်ပြီး ပြန်ချုပ်ထားတာကို မဆောင်း ကြည့်ရဲမလားဆိုတာ တစ်ချက်ရယ်၊ အလောင်းကို ရက်ကြာကြာခံအောင် ပေါင်တစ်ဖက်က သွေးကြောကိုဖြတ်ပြီး ဆေးသွင်းထားပါတယ်၊ အဲဒါတွေကို မဆောင်း တွေ့မြင်ရင် သိပ်စိတ်မကောင်းဖြစ်ပြီး ရှော့ဖြစ်သွားနိုင်ပါတယ်၊ ကိုယ့်ညီမအရင်းပေကိုး၊ အဲဒီလို ရှော့ဖြစ်သွားတာတွေ ကျွန်တော် ကြုံရဖူးလို့ပါ မဆောင်း"

"အို .... ညီမလေးရယ် နှောင်းရယ်"

ဆောင်း ငိုရပြန်ချေပြီ။

ဆောင်းအနေနှင့် နှောင်း၏ အစိတ်အစိတ်အမြွာမြွာ ခွဲစိတ်ထားသော ခန္ဓာကိုယ်ကိုကြည့်သော်လည်း ဘာထူးတော့ မည်နည်း။

ဆောင်း ရှာဖွေလိုသည်က နှောင်း၏စင်းလုံးချော ခန္ဓာကိုယ်တွင် ဒဏ်ရာဒဏ်ချက် တစ်ခုခုရှိမရှိ၊ အဆိပ်ရှိသော သတ္တဝါကောင်၏ ကိုက်ခဲသောဒဏ်ရာမျိုးရှိမရှိ တွေ့ရလေမည်လားဟု ရှာကြည့်ချင်သောကြောင့် ကြည့်လိုခြင်းဖြစ်သည်။ ယခုမူ ဒေါက်တာစောဒီ ခွဲစိတ်ထားချက်များ ရှိနေသည့်ကြားဝယ် သေကြောင်းဖွယ်သောဒဏ်ရာကို အဘယ်သို့လျှင် ရှာတွေ့နိုင်ပါအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မစ်စ်ဆောင်း အလောင်းခန္ဓာကိုယ်ကို ကြည့်မယ်ဆိုရင် ဧည့်သည်အားလုံး အပြင်ထွက်ပေးခိုင်းလိုက်မယ်၊ ကျွန်တော်ရယ် မစ္စတာအောင်မြင့်မွန်ရယ် မဆောင်းရယ်ဝဲ အခထဲမှာ ကျန်ခဲ့ရမယ်၊ အလောင်းကို ခွဲစိတ်ရတဲ့နေရာတိုင်း ဘာကြောင့်ခွဲစိတ်ကြည့်ရတယ် ဆိုတာကိုပါ ကျွန်တော် ရှင်းပြမယ်"

"အို ... မကြည့်ရက်တော့ပါဘူး ဒေါက်တာရယ်၊ ဒါပေမဲ့ ဆောင်း တစ်ခုသိပါရစေ၊ ဆောင်း သိချင်တာကို ဒေါက်တာ အမှန်အတိုင်း ပြောစေချင်ပါတယ် ဒေါက်တာ"

"မေးပါ ကျွန်တော် မှန်ရာကိုပြောမယ်"

"ညီမလေးဟာ ရေနစ်သေတာ အမှန်ပဲလား ဒေါက်တာ"

"ရက်(စ်) ရှူးဝါး အသေအချာ ရေနစ်သေတာပါ"

"မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး၊ နှောင်းဟာ ရေကူးသိပ်ကျွမ်းကျင်တယ်၊ နှောင်း ဘယ်လောက် ရေကူးကျွမ်းကျင်မှန်း ကိုအောင်မြင့်မွန် အသိဆုံးပါ၊ နှောင်းဟာ ရေနစ်မသေနိုင်ပါဘူး"

ကိုအောင်မြင့်မွန် သက်ပြင်းချ ခေါင်းငုံ့ထားလိုက်မိသည်။

"မဆောင်း ပြောလိုက်တာ ကျွန်တော့် ဆရာဝန်တစ်ယောက်ရဲ့ဂုဏ်သိက္ခာ ထိခိုက်နေပြီ ထင်တယ်၊ လောကကြီးမှာ





လူတစ်ယောက် သေတာကို ဘာဖြစ်လို့သေတယ် မှန်မှန် ပြောနိုင်တဲ့ ဆရာဝန်လောက် ရှက်စရာကောင်းတဲ့သူ ဘယ်သူရှိဦးမှာလဲ၊ ကျွန်တော် ခွဲစိတ်ချိန်မှာ လင်ယောကျ်ား ကိုယ်တိုင်ရှိတယ်၊ ရပ်ကွက်လူကြီးနှစ်ဦးရှိတယ်၊ အလောင်းရဲ့ အဆုတ်ထဲမှာ ရေတွေ အပြည့်ရှိနေတာကို သူတို့အားလုံး မြင်တွေ့တယ်၊ ဒီအလောင်းဟာ ရေမွန်းသေတာကလွဲပြီး တခြား ဘာဖြစ်နိုင်မှာလဲ၊ အိုး ... ကျွန်တော် အများကြီး ဝမ်းနည်းတယ်"

မဆောင်းသည် လူမှုယဉ်ကျေးမှုအရ ဤအလုပ်ဖြင့် ဆက်မွေးဝမ်းကြောင်းပြုနေသည့် ဆေးအတတ်ပညာရှင် ဆရာဝန် ဦးအပေါ်တွင် မိမိ ပြောလိုက်သော စကားများက သူ၏ သိက္ခာကို အများကြီး ထိခိုက်သွားကြောင်းနှင့် မိမိ စကားတွေက ကားသလို ဖြစ်သွားကြောင်း ချက်ချင်း သဘောပေါက်သွားသည်။

ထိုအခိုက်မှာပင် အသက် ငါးဆယ်ခန့်ရှိသော ကွက်ကျေးရွာ လူကြီးနှစ်ဦးဖြစ်သည့် ဦးဘကျူးနှင့် ဦးစံလင်း လည်း ဝင်ပြောလာသည်။

"ဟုတ်ပါတယ် မိန်းကလေး၊ မောင်အောင်မြင့်မွန်ရဲ့ဇနီး မနှောင်းကို ဦးကြီးတို့ရှေ့မှာပဲ ဆရာဝန်က ခွဲစိတ်တာပါ၊ မနှောင်းဟာ ရေနစ်သေဆုံးသွားတာ အမှန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသည် မျက်နှာခေါင်းငုံ့ပြီး လက်အုပ်ချီကာ ဒေါက်တာစောဒီကို တောင်းပန်စကား ပြောလိုက်သည်။

"ဆောင်း မှားသွားပါတယ် ဒေါက်တာ၊ ဆောင်းရဲ့စိတ်တွေ မွှန်ထူနေလို့ပါ၊ နောက်ပြီး ညီမလေးနှောင်းဟာ ရေကူး သိပ်ကျွမ်းကျင်တာမို့ ရေနစ်မသေနိုင်ဘူးလို့ ထင်လို့ပါ၊ ဆောင်းရဲ့ ပြောမှားဆိုမှားကို ခွင့်လွှတ်ပါ ဒေါက်တာ"

"ဟဲ့ ... တို့များ မျက်စိအောက်မှာ တံငါသည် ရေနစ်သေတာ တွေ့ခဲ့ဖူးတယ် မိန်းကလေး"

ဦးစံလင်းစကားကို ဦးဘကျူးက ထောက်ခံစကား ဝင်ပြောသည်။

"ဟုတ်တယ် ဦးစံလင်း၊ ကျုပ်ကိုယ်တိုင်လည်း အလမ္ပာယ် ဆရာ မြွေကိုက်သေတာ တွေ့ဖူးတယ်၊ ဒီလို သေဆုံးတာ တွေဟာ ကျွမ်းကျင်မှုနဲ့ မဆိုင်ဘူးလားပဲ"

ဒေါက်တာစောဒီက ရှင်းပြပြန်သည်။

"ရေကူးကျွမ်းကျင်တာ တစ်ခုတည်းနဲ့ ရေမနစ်ဘူးလို့တော့ မပြောနိုင်ဘူး မဆောင်း၊ ရေကူးနေရင်း လေဖြတ်နိုင်တယ်၊ အဲဒီလိုဖြစ်ရင် ရေကူးဘယ်လောက် ကျွမ်းကျင်ပါစေ ရေမကူးနိုင်တော့ဘူး၊ အသက်ရှူလမ်းကြောင်းက အသက်ရှူ တိုင်း ရေတွေ အဆုတ်ထဲဝင် အသက်ရှူလမ်းကြောင်း ပိတ်ဆို့တာ ကြာသွားတာနဲ့ သေမှာပဲ၊ ရေကူးပြိုင်ပွဲတွေမှာ





တောင် ရေကူးရင်း ကြွက်တက်ပြီး မကူးနိုင်လို့ ရေနစ်မွန်းပြီး သေသွားတာတွေ ရှိတာပဲ"

"ဒါဆို ညီမလေး နှောင်းမှာရော ရေကူးရင်း အဲဒီလို လက္ခဏာတွေ ဒေါက်တာ တွေ့လားဟင်"

"ဒီ စည်ပင်ကလိုနေရာမှာ အဲဒီလောက်ထိ ရှုစမ်းရှာဖွေ စစ်ဆေးဖို့ မဖြစ်နိုင်ဘူး မဆောင်း၊ ဒါမျိုးက တကယ့် ဆေးရုံကြီးတွေမှာ ကိရိယာစုံနှင့် ဝါရင့်သမားတော်ကြီးတွေ မှ ရှုစမ်းစစ်ဆေးနိုင်မှာ"

ဆောင်းဘာထပ်ပြီး စောဒက တက်နိုင်ဦးမည်နည်း။ ဒေါက်တာစောဒီ၏ နှောင်း ရေနစ်သေဆုံးသည့်ဆိုခြင်းမှာ အလွှန် ခိုင်မာနေပါ၏။

မည်သို့ဆိုစေ ဆောင်း၏ရင်တွင်း၌ တကယ် ကျေနပ် မှုတော့မရ၊ နှောင်း သေဆုံးရခြင်းတွင် ရေနစ်ခြင်းထက် ပိုမို ရှုပ်ထွေးသော အချက်ရှိရမည်ဟူသော သံသယရှိနေဆဲ ဖြစ်သည်။

ယခု လောလောဆယ်တွင် မီးများမီးနိုင် ရေများ ရေနိုင် သဘောအရ ဒေါက်တာစောဒီ၏ ဆရာဝန်အတတ်ပညာရှင် ၏ စကားအရရော ကျေးရွာလူကြီး နှစ်ဦးဖြစ်သည့် ဦးစံလင်းနှင့် ဦးဘကျူးတို့၏ ရောက်ရှိနေသော အသက်အရွယ် ထမ်းဆောင်နေ သော ကျေးရွာ၏တာဝန် လူကြီးလူကောင်းတွေဟု သတ်မှတ်ပြီး သူတို့အားလုံး၏စကားကို လက်ခံလိုက်ခြင်းမျိုးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် လုပ်ပျိုမြစ်နေသေးသော အရွယ်ငယ်ငယ်မှာပင် သေဆုံးခြင်းဖြစ်ပါလျက် ကိုအောင်မြင့်မွန်၏ မတုန်လှုပ် ခံစားမှုမရှိသလို ဖြစ်နေပုံတွေ နှောင်းနှင့်ပတ်သက်ပြီး အောင်တင့်မွန်ကို နှုတ်ဆိတ်မိန့် ပေးတာတွေအား ဆောင်းသည် ကိုအောင်မြင့်မွန်အပေါ်၌ သံသယစိတ်တွေ ပွားများလာသည်သာ။

ပြီး ဒီအိမ် ဒီခြံထဲရှိ လူအားလုံးသည် ယောကျ်ားမိန်းမ ကြီးငယ်မဟူ အားလုံးသည် အလုပ်သမားဖြစ်စေ၊ အပြင်လူဖြစ်စေ ကိုအောင်မြင့်မွန်၏ အပေးအကမ်း အထောက်အပံ့အောက်တွင် ရှိနေသူတွေချည်း ဖြစ်သည်။

ဒီတော့လျှင် ကိုအောင်မြင့်မွန်ကိုသာ ငဲ့ညှာစိတ်ထားကြသည်မှာ သေချာသည်။ ယခု စည်ပင်သို့ ရောက်လာသည့် ဆောင်းမှာ နာရီပိုင်းမျှသာ ရှိသေးသဖြင့် ဒီခြံ ဒီပတ်ဝန်းကျင်ထဲက အဘယ်သူသည် ဆောင်းကို ငဲ့ညှာမြဲမည်နည်း။ ဆောင်းသည် ဒေါင်းတွေကြားသို့ရောက်လျှင် အိုးဝေဟု အသံကြားနိုင်မည်၊ ကျီးကန်းများအလယ်သို့ ရောက်လာမှတော့ အား ... အား ဆိုသည့် မသာမယာ ကျီးကန်းအော်သံသာ ကြားရမည်သာ။

"ကဲ ... မစ္စတာ အောင်မြင့်မွန် ကျွန်တော့်တာဝန် ပြီးပြီလေ၊ ရန်ကုန်က မဆောင်းလာသည်အထိ စောင့်ပေးပါ၊ ရုတ်တရက် သူ့ညီမအလောင်းကိုတွေ့ပြီး တစ်ခုခုဖြစ်သွားရင် ကုသပေးမှု လိုအပ်မှာစိုးလို့ ကျွန်တော် စောင့်ပေးခဲ့တယ်၊ အခု မဆောင်း အခြေအနေဟာ ပုံမှန်အတိုင်း ရှိနေပါတယ်၊ ကျွန်တော့်ကို တောင်ကြီး ပြန်ပို့ပေးဖို့ စီစဉ်ပေးပါ၊ ကျွန်တော် ဒီလောက် ဝေးခေါင်တဲ့ နေရာမျိုး အဝေးပင့်ကို ဘယ်တုန်းကမှ မလိုက်ပါဘူး၊ ဒီပြင့်ပုဂ္ဂိုလ် ဆိုရင် ငွေဘယ်လောက် ခြေကြွခပေးပေး ကျွန်တော် မလိုက်ဘူး၊ အခုတော့ မစ္စတာ အောင်မြင့်မွန်ရဲ့ ကွယ်လွန်သွားတဲ့ ဖခင်မျက်နှာကြောင့် ကျုပ် လိုက်လာတာပါ၊ အခုတစ်ခါ ဒီမှာ ကျွန်တော် ဆရာဝန်သိက္ခာ ကျစေတာတွေနဲ့ကြုံရတာ ကျွန်တော့်အဖို့ ဗဲရီးဆောရီးပါပဲ၊ ကျွန်တော်ကို တောင်ကြီးသာ ပြန်ဖို့ စီစဉ်ပေးပါတော့၊ တောင်ကြီးဆေးခန်းမှာ လူနာတွေ ကျွန်တော့်ကို စောင့်ရတာ မောလှရောပေါ့"

ဒေါက်တာစောဒီ၏ စကားအဆုံးတွင် အောင်မြင့်မွန်က ဆောင်းကို လှမ်းကြည့်လိုက်သည်။

"မဆောင်းနေကောင်းရဲ့လား၊ ဒေါက်တာစောဒီကို မဆောင်း ရောက်လာတဲ့အထိ ကျွန်တော် ခေါ်ထားတာပါ၊ မဆောင်း တစ်ခုခုဖြစ်ရင် အဆင်သင့်ဖြစ်စေဖို့ပါ၊ စည်ပင်မှာ ဆရာဝန် တစ်ယောက်မှမရှိဘူး မဆောင်း"







www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ ဆောင်းအတွက် ရတယ်၊ ဒေါက်တာ ပြန်ပါစေတော့၊ မဆောင်းမှာ ရန်ကုန်က ဒေါက်တာဝင်းထွဋ် ပေးလိုက်တဲ့ ဆေးမျိုးစုံလည်း အများကြီး ပါလာပါတယ်"

ဆောင်းက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

ဆောင်း၏ စကားနှင့် ပြောဆိုပုံကို အောင်မြင့်မွန်က မနှစ်သက်သော မျက်နှာအမူအရာ ပေါ်လာသော်လည်း ဘာမှ မပြောဘဲ ဒေါက်တာစောဒီကိုသာ ပြောလိုက်သည်။

"ရတယ် ဒေါက်တာ၊ စည်ပင်ကနေ ဟိုပုန်းအထိ ထုံးစံအတိုင်း မော်တော်ဆိုင်ကယ်နဲ့ လိုက်ပို့ပါ့မယ်၊ လမ်းဆုံမှာ အောင်တင့်မွန်က လင်ရီဘာကားနဲ့ စောင့်နေမှာပါ၊ အောင်တင့်မွန်က ထပ်ဆင့် ဒေါက်တာ့ကို တောင်ကြီးအရောက် ပို့ပေးဖို့ စီစဉ်ပြီးသားပါ ဒေါက်တာ"

ဒေါက်တာစောဒီ သူ့ဆေးအိတ်ကိုဆွဲကာ ထွက်သွားသည်။ မရှေးမနှောင်းပင် ဦးဘကျူးနှင့် ဦးစံလင်းလည်း ထိုင်ရာမှ ထကြသည်။

"တို့ ပြန်တော့မယ် အောင်မြင့်မွန်"

"ဟုတ်ကဲ့ပါ"

"နက်ဖြန်ဆိုရင် ငါးရက်မြောက်ပြီပဲ၊ အလောင်းကို သဂြိုဟ် ရတော့မှာပေါ့"

"ဟုတ်ကဲ့"





"နက်ဖြန် စနေနေ့ဆိုတော့ ကြား တနင်္ဂနွေတစ်ရက်ခံပြီး နှောင်းအတွက် တနင်္လာနေ့မှာ ရက်လည်ဆွမ်းကျွေး ရဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့"

"တို့ တတ်နိုင်တဲ့ အကူအညီမျိုးဆို အချိန်မရွေးဘဲ အောင်မြင့်မွန်"

"ဟုတ်ကဲ့"

ဆောင်းသည် ယခင်က ဘာမဆို သွက်သွက်လက်လက်ရှိသော ကိုအောင်မြင့်မွန်တစ်ယောက် ယခု အေးစက်စက် ထုံထိုင်းထိုင်းကြီး ဖြစ်နေသည်ကို ဂရုထား ကြည့်မိသည်။

"အစ်ကိုကြီးဟာ အရုပ်မှ ဓာတ်အားသံပတ်ပေး အရုပ်မျိုး တောင် မဟုတ်ဘူး၊ တကယ့် လှုပ်ရှားမှုနဲ့ ခံစားမှု ဘာမှမရှိတဲ့ ရုပ်သေ အရုပ်မျိုး ဖြစ်သွားတယ်"

ဟု အောင်တင့်မွန် ပြောခဲ့သောစကား ဆောင်း ခေါင်းထဲကို အလိုလို ဝင်ရောက်လာပါ၏။

ညနေ ခြောက်နာရီတွင် မော်တော်ဆိုင်ကယ်နှင့် အောင်တင့်မွန် ပြန်ရောက်လာသည်။ တောင်ကြီးက အိမ်တွင် လင့်ရီဗာကား ထားခဲ့ပြီး မော်တော်ဆိုင်ကယ်နှင့် စည်ပင်သို့ ပြန်လာခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဲလစ်နှင့် နန်းကြာဖြူက ညစာ ထမင်း
ပြင်သည်။

ဒေါ်အဲလစ်သည် အသက် လေးဆယ်ခန့် ရှိသည်။

နန်းကြာဖြူက အသက် (၁၈)နှစ်ရွယ် ဖြူဖြူလှလှ တုတ်တုတ်ခိုင်ခိုင် ကရင်ပျိုမလေး ဖြစ်သည်။ ဒေါ်အဲလစ်၏ အုမအေရင်း ဖြစ်သည်။

ဒေါက်တာစောဒီနှင့် အရပ်လူကြီးတွေ ပြန်သွားကြ ပြီးနောက် အသုဘအိမ်ကြီးပေါ်တွင် လူရှင်းနေသည်။

တခြားလူတွေရှိတော့ ရှိကြပါ၏။ သို့သော် ခြံကြီး ထဲတွင် လုပ်စရာ ရှိသည်များ ကိုယ်စီလုပ်ဆောင်နေကြသည်။ အသုဘကိစ္စတွက် ဝေယျာဝစ္စ လာလုပ်ပေးသူများ ဖြစ်ကြသည်။ ခြံကြီးထဲမှာပင် မီးဖိုပြီး ချက်ပြုတ်လုပ်ကိုင်နေကြပြီး အိမ်ကြီးပေါ် သို့ အောင်မြင့်မွန် မခေါ်ဘဲ မည်သူမှ တက်ရောက်လာခြင်း မရှိပေ။ အသုဘကိစ္စအတွက် ပစ္စည်းလိုအပ်လျှင် နောက်ဖေး မီးဖိုပေါက်မှ ဝင်ရောက်ပြီး ဒေါ်အဲလစ်နှင့်ပင် ကိစ္စပြီးသွားသည်။

ခြံကြီးကကျယ်ဝန်းလွန်းသဖြင့် လူတွေကိုပင်မမြင်ရ။

နှောင်း၏ အသုဘရက်မှာ လေးရက်ပင် မြောက်သွား ပြီမို့ အသုဘ သတင်းမေးလာသူ မရှိသလောက် ဖြစ်သွားသည်။ စည်ပွင်ကျေးရွာက နဂိုကတည်းက လူဦးရေ သိပ်များသည်မှုလည်း မဟုတ်ပေကိုး။





ယခု ခြံထဲတွင် ရှိနေပြီး လုပ်ကိုင်နေသူများသည် ပန်းသီးခြံမှ အလုပ်သမားတွေ လာရောက်ကူညီ လုပ်ကိုင်ပေးခြင်း သာ ဖြစ်သည်။

ဒေါက်တာစောဒီနှင့် ကျေးရွာလူကြီးတွေ ပြန်သွား ကြပြီးနောက် ကိုအောင်မြင့်မွန်သည် သူ အိပ်ခန်းထဲ ဝင်သွားသည်။ ပြန်ထွက်လာခြင်း မရှိတော့ပေ။ လူရှင်းချိန်တွင် ဆောင်းအား မျက်နှာချင်းဆိုင်ရမည်ကို ဝန်လေးသောကြောင့် တမင် ရှောင်နေ ခြင်းလား၊ မပြောတတ်။

အောင်တင့်မွန် ပြန်ရောက်လာမှ ဆောင်းတွင် စကားပြောဖော် ရပေသည်။

"မမဆောင်းနဲ့ ဒေါ်လေးသူဇာ ခရီးပန်းစိတ်ပန်း ဖြစ်နေပြီ ပေါ့နော်၊ အဲဒီတော့ မမဆောင်းတို့အတွက် အစ်ကိုကြီးက ကျွန်တော့်ကို မှာထားပါတယ်"

"ဘာမှာထားတာလဲ အောင်တင့်မွန်"

"ခြံကြီးထဲမှာ ဒီအိမ်ကြီးကတော့ အစ်ကိုကြီးနဲ့မမနှောင်း နေတဲ့ အိမ်ကြီးပေါ့၊ ဒီအိမ်ကြီးမှာ အစ်ကိုကြီးရယ်၊ မမ နှောင်းရယ်၊ ဒေါ်အဲလစ်ရယ်၊ နန်းကြာဖြူရယ် နေကြတယ်၊ ခြံထဲမှာ တခြားအိမ်ပိုလေးတွေ ဆောက်ထားတာရှိတယ်၊ လေးလုံးတောင်၊ ကျွန်တော် ကျောင်းပိတ်လို့ စည်ပွင်ကိုလာ



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း ခြံထဲက အိမ်ပိုလေးတစ်လုံးမှာပဲ လွတ်လွတ်လပ်လပ်နေတယ်၊ ဒီအိမ်ကြီးပေါ်မှာ ကျွန်တော် မနေဘူး”

“အေး၊ မမဆောင်း သဘောပေါက်တယ်၊ အခု မမဆောင်းနဲ့ ဒေါ်လေးသူဇာလည်း ခြံထဲက အိမ်ပိုလေးမှာ နေပါလို့ပဲ မဟုတ်လား”

“ဟာ ... မဟုတ်ဘူး မမဆောင်း၊ အစ်ကိုကြီး ထင်ထားတာက စည်ပင်ကို မမနှောင်းကိစ္စအတွက် မမဆောင်းတစ်ယောက်သာ လိုက်လာမယ်လို့ ထင်ထားတာ၊ ဒေါ်လေးသူဇာ ပါလာမယ်လို့ မထင်ထားဘူး၊ အဲဒီတော့ ဒီအိမ်ကြီးပေါ်မှာပဲ မမဆောင်း နေမယ်ဆိုရင် အစ်ကိုကြီးက မမနှောင်း မရှိတဲ့နောက် တစ်ယောက်တည်းမို့ သူပဲ ခြံထဲကအိမ်ပိုမှာ ဆင်းနေမယ်တဲ့၊ အိမ်ကြီးပေါ်မှာ မမဆောင်း ဒေါ်အဲလစ်နဲ့ နန်းကြာဖြူ နေကြပါတဲ့၊ အခု ဒေါ်လေးသူဇာပါ ပါလာတော့ မမဆောင်း ဘယ်လိုဆန္ဒရှိမယ်မှန်း မသိဘူးလေ၊ နောက်ပြီး အစ်ကိုကြီး တွက်ထားတာက မမနှောင်း အသုဘမြေချပြီး ရက်လည်တာနဲ့ မမဆောင်း ရန်ကုန်ပြန်မှာပဲလို့ တွက်ထားတာ”

“ဒါဆိုရင်တော့ အစီအစဉ် အသစ်တစ်ခု ထပ်လုပ်ပေးပါ အောင်တင့်မွန်၊ မမဆောင်းနဲ့ဒေါ်လေးသူဇာနေဖို့ ခြံထဲက အိမ်ပိုတစ်လုံးမှာ စီစဉ်ပေးပါ၊ မမဆောင်း ချက်ချင်း ရန်ကုန်ကို မပြန်သေးပါဘူး၊ ဖန်နဝ်ါရီဟိုဘက်ပိုင်းအထိ ရက်တော်တော်ကြာအောင် စည်ပင်မှာပဲ နေဦးမယ်လို့ ကိုအောင်မြင့်မွန်ကို ပြောပေးပါ”

“ရတယ် မမဆောင်း ကြိုက်သလောက် စည်ပင်မှာဆက်နေပါ၊ မမဆောင်း စည်ပင်မှာ ကြာကြာနေလေ ကိုကြီးက သဘောကျလေ ဖြစ်မှာပါ”

“ဘာကြဲ့”

“ဪ ... မမဆောင်း စည်ပင်မှာကြာလေ စည်ပင်က အကြောင်းတွေ ပိုသိလာလေဖြစ်မှာပါ၊ ပိုသိလေလေ မမနှောင်း စည်ပင်မှာ နေခဲ့ထိုင်ခဲ့ ပြုမူခဲ့တာတွေ မမဆောင်း ပိုသိလေ ဖြစ်လာမှာတဲ့၊ ဒါကြောင့် မမဆောင်း စည်ပင်မှာ ကြာကြာနေလေ ကိုကြီးက သဘောကျလေဖြစ်မှာလို့ ကျွန်တော် ဆိုလိုတာပါ မမဆောင်း”

“မင်း ပြောပုံက တစ်မျိုးကြီးပါလား အောင်တင့်မွန်၊ နှောင်းက စည်ပင်မှာ ဘာတွေများ ထူးထူးခြားခြား နေခဲ့ ထိုင်ခဲ့ ပြုမူခဲ့လို့လဲကွယ်”

ထိုစဉ်မှပင် နန်းကြာဖြူ ရောက်လာသည်။ ညစာ ထမင်းပွဲ အသင့်ဖြစ်ကြောင်း လာပြောသည်။







www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းသည် ကျယ်ကျယ်ဝန်းဝန်း သန့်သန့် ပြန့်ပြန့် ဖြစ်ပါ၏။

ထမင်းဝိုင်းတွင် ဒေါ်လေးသူဇာ၊ ဆောင်းနှင့် အောင်တင့်မွန်သာ စားကြသည်။ ဆောင်းနှင့် အောင်တင့်မွန်က မျက်နှာချင်းဆိုင် ထိုင်ကြသည်။

နန်းကြာဖြူနှင့် ဒေါ်အဲလစ်က ဘေးတွင် ယပ်တောင် ယပ်ခတ်ပေးနေသည်။ အိမ်ရှင်ကြီးများ ထမင်းစာလျှင် ဒေါ်အဲလစ်နှင့် နန်းကြာဖြူက ဤပုံစံနေရမည်ဟု အမိန့်ချထားသည့်ပုံပင်။

ဤအိမ်ကြီး၏ အိမ်ရှင်ဆိုသူတွေမှာ ကိုအောင်မြင့်မွန်၊ နှောင်းနှင့် အောင်တင့်မွန်တို့ သုံးဦးပင်ဖြစ်သည်။

အိမ်မှုကိစ္စ မီးဖိုချောင်ကိစ္စဆိုလျှင် အိမ်ရှင်မတွေသာ စီမံတတ်သည်။

နှောင်းကပင် ဤပုံစံ ဤအမိန့်ကိုချခဲ့ခြင်း ဖြစ်တန်ရာသည်။

ရန်ကုန်မြို့ ကုက္ကိုင်းလမ်းရှိ ဆောင်းနှောင်းဂေဟာမှာ နေထိုင်ကြစဉ်ကတည်းက နှောင်းသည် ဤပုံစံမျိုး ကြိုက်တတ်သည်။

ဆားပန်ကန်လေး လိုချင်သည်ကအစ။

ရေခဲသေတ္တာထဲက ရေပုလင်း လိုချင်သည်ကအစ နှောင်းသည် ကိုယ်တိုင် ထမယူ။





"မယ်အိ ငါ့ကို ဆားပန်ကန် ယူပေးစမ်း၊ ငါ့ကို ရေခဲသေတ္တာထဲက ပုလင်းယူပေးစမ်း"

ဟု နှောင်းက ခိုင်းတတ်သည်။

ဆောင်းကတော့ ဒီလိုမဟုတ်၊ အိမ်က ဒေါ်ဖြူနှင့် မယ်အိကို သူတို့ဘာသာ နေပလေ့စေ၊ အဖန်းမကြီးသော အလုပ်ဆိုက ဆောင်းဘာသာ လုပ်သည်။ အလိုရှိမှ လှမ်းခေါ်မည့် သဘော ရှိသည်။

ယခု ဤ စည်ပင်အိမ်ကြီးတွင် နှောင်းသည် အိမ်ကြီးရှင် သခင်မ ဖြစ်ခဲ့သည်။ ဒေါ်အဲလစ်နှင့် နန်းကြာဖြူကို သူ ကြိုက်သလို အမိန့်ပေး ပုံစံထွင်ထားခြင်း ဖြစ်ပေမည်။

ပထမ နန်းကြာဖြူသည် မီးဖို တံခါးပေါက်ဘက်ဝတွင် ရပ်နေသော်လည်း မသိမသာ ယပ်ခပ်ပေးရင်း နေရာရွှေ့ကာ ဆောင်းနှင့် မျက်နှာခြင်းဆိုင်နေရာတွင် နေရာယူ မတ်တတ်ရပ် ယပ်ခတ်မြဲ ခတ်သည်။ ပြီး ဆောင်းကို နန်းကြာဖြူ ငေးစိုက်ကြည့်နေသည်။

ဆောင်းနှင့် မျက်နှာချင်းဆိုင် နန်းကြာဖြူ ရွှေ့ရပ်ခြင်းမှာ အောင်တင့်မွန်၏ ကျောဘက်နေရာ ဖြစ်သည်။ ဆောင်းနှင့် အောင်တင့်မွန်က မျက်နှာချင်းဆိုင်ပေကိုး။

ဆောင်းသည် ဘာမဆို အကဲခတ်နေသဖြင့် ယခု နန်းကြာဖြူ၏ အပြုအမူကိုလည်း တွေ့မြင်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းပြ ဆရာမတစ်ယောက်အနေနှ
ဆောင်သည် နန်းကြာဖြူကို ဆယ်ကျော်သက် အရွယ်လေးတွေ
ကို ကျောင်းတွင် ထာဝရ မျက်စိအောက်တွင် တွေ့မြင်ရသည်
ထို့ကြောင့် နန်းကြာဖြူ၏ အပြုအမူကို မြင်တွေ့ သတိထား
ခြင်း ဖြစ်သည်။

ပထမတော့ နန်းကြာဖြူသည် လူပျိုလူငယ် အောင်
တင့်မွန်အနီး ကပ်ချင်လှပေလားဟု ဆောင်း တွက်ကြည့်သည်
သစ္စာမဲ့သော အိမ်ရှင်ယောကျ်ားပျိုငယ်များနှင့် အရွယ်ရောက်
ပြီးကောင်ပေါက် အိမ်ဖော်လေးများ အနေအထိုင် မှားယွင်းတတ်
သည်ကိုလည်း ဆောင်း သိသည်။

သို့သော် နန်းကြာဖြူက ဤသို့ မဟုတ်တန်ရာ
ထပ်ဆင့် တွက်ရပြန်သည်။

နန်းကြာဖြူသည် အောင်တင့်မွန်ကို စိတ်ဝင်စားသည်
ပုံစံမရှိဘဲ မိမိ ဆောင်းကိုသာ တွေတွေငေးငေးလေး စိုက်ကြည့်
နေသည်ကို သတိထားမိသည်။

ဘာကြောင့်မှန်းတော့ မသိသေး။

သို့သော် နန်းကြာဖြူသည် မိမိ ဆောင်းကို စိတ်
ဝင်စားနေပြီဟုတော့ အကဲခတ်မိလိုက်သည်။

ဆောင်း ထမင်းသိပ်မစားနိုင်ပေ။





ရှမ်းဆန်သည် ကောက်ညှင်းဆန်လို စည်းပိုင်သော
ကြောင့် ဖြစ်ချင်ဖြစ်မည်၊ သို့မဟုတ် ဆောင်းအဖို့ ရင်မောရလွန်း
သောကြောင့် ထမင်းမစားနိုင်ခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။

ဟင်းတွေက ကောင်းပါသည်။ ဝက်သားဆီပြန်
ဟင်း၊ ကြက်သားဆီပြန်ဟင်းတွေ ဖြစ်သည်။ ဒေါ်အဲလစ် ဟင်းချက်
ကောင်းလည်း ရန်ကုန် ဆောင်းနှောင်းရိပ်မြုံအိမ်မှာ ဒေါ်ဒေါ်
မြ၏ လက်ရာထက် ပိုမည့်ပေ။ ဒါလည်း နှောင်းက ဒီလိုချက်ဟု
ဒေါ်အဲလစ်ကို သင်ပေးထားခြင်း ဖြစ်လိမ့်မည်။

ဆောင်း အထူး ယခု ထမင်းဝိုင်းတွင် ခံတွင်းတွေ့
သည်မှာ ဒေါ်အဲလစ်၏ မုန့်ညင်းဟင်းချို ဖြစ်သည်။ မုန့်ညင်း
ဟင်းချိုထဲတွင် ကြက်အသားတုံးမထည့်ပဲ ကြက်လည်ပင်းရိုး
င်အုပ်ကို တောင်ပံရိုးနှင့် ခြေချောင်းများ ဖြစ်ထားသော ကြက်
ခြေထောက်ရိုးတို့ နူးနေအောင် ထည့်ထားသည်။

တစ်နည်းဆိုသော် ကြက်ရိုး မုန်ညင်းဟင်းချိုဟု
ခေါ်နိုင်သည်။

ဆောင်းသည် ထမင်းပန်ကန်တွင် ကြက်ရိုး မုန်ညင်း
ဟင်းချိုကို လောင်းထည့်ကာ ထမင်းနှင့်မွှေပြီး ဆန်ပြုတ်သောက်
သလို အမိကထားပြီး ညစာစားသည်။

ကြက်ရိုး မုန်ညင်းဟင်းချိုကြောင့်လားတော့မသိ၊
ဆောင်းတွင် အားအင်တွေ ပြန်ပြည့်လာသည် ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးနောက် ထွက်လာကာ ဆောင်းသည် ညီမလေးနှောင်း၏ အလောင်းဘေးတွင် ထိုင်လိုက်သည်။

ဒေါ်လေးသူဇာ ထွက်လိုက်မလာသေး။ ဒေါ်အဲလစ် နှင်းကြာဖြူတို့နှင့် အဖွဲ့ကျနေဟန် တူသည်။

အောင်တင့်မွန်က ထမင်းစားပြီး ထွက်လာရာတွင် သူ၏အစ်ကိုကြီး အောင်းနေသော အိပ်ခန်းထဲသို့ တံခါးဖွင့် ဝင်သွားသည်ကို တွေ့ရသည်။

နာရီဝက်ပင်မကြာ အောင်တင့်မွန် ပြန်ထွက်လာသည်။ ဆောင်းနှင့် မနီးမဝေးတွင် အောင်တင့်မွန် ဝင်ထိုင်သည်။

"ကိုကြီးကပြောတယ် မမဆောင်း၊ ခြံတဲက အိမ်ပိုမှာ မမဆောင်း သွားနေရင် မမဆောင်း ကြောက်နေမလား မသိဘူးတဲ့၊ ဒီအိမ်ကြီးပေါ်က မမနှောင်းရဲ့ အခန်းမှာပဲ ဒေါ်လေးသူဇာနဲ့ မမဆောင်း ညအိပ်ပါတဲ့၊ မမနှောင်းရဲ့ အိပ်ရာကုတင်မှာ မမဆောင်း အိပ်ပြီး ဒေါ်လေးသူဇာ အတွက် အဲဒီအခန်းမှာပဲ ကုတင်တစ်လုံး ထပ်ခင်းပြီး အိပ်ရာပြင်ပေးပါတဲ့"

"ဘာကွဲ့ အောင်တင့်မွန် နှောင်းရဲ့အခန်း ဟုတ်လား၊ နှောင်းရဲ့အခန်းဆိုတာ ကိုအောင်မြင့်မွန်ရဲ့ အခန်းပဲ မဟုတ်ဘူးလား၊ သူတို့လင်မယား အတူတူပဲ ရှိရမှာပေါ့"

အောင်တင့်မွန် ခေါင်းခါပြသည်။





"အရင်တုန်းကတော့ ဟုတ်ပါတယ်၊ အခု ကိုကြီးအိပ်တဲ့ အခန်းဟာ ကိုကြီးနဲ့ မမနှောင်း အတူနေ အတူအိပ်တဲ့ အခန်းပါပဲ၊ အခု ဘာလို့မှန်းတော့ ကျွန်တော် မသိဘူး၊ မမနှောင်းက အဲဒီ အတူအိပ်အခန်းရဲ့ ခြေရင်းက အခန်းမှာ ပြောင်းအိပ်တယ်၊ ပြောင်းတာမှ မမနှောင်းက သူ့ စာရေးစားပွဲ၊ သူ့အဝတ်ဗီရို၊ သူ့မှန်တင်ခုံတွေအားလုံး ခြေရင်းခန်း ပြောင်းတယ် ...

တစ်ယောက်အိပ်ခုတင်သစ် ခင်းတယ်၊ ပြီးတော့ အဲဒီ အခန်းမှာပဲ မမနှောင်းတစ်ယောက်တည်း အိပ်ခဲ့တယ် မမဆောင်း၊ ကိုကြီးကတော့ သူ နဂိုနှစ်ယောက်ခန်းမှာပဲ နေခဲ့ အိပ်ခဲ့ရတယ်"

ဆောင်း ပြန်စဉ်းစားသည်။ ဒီနှစ်အတွင်း နှောင်း၏ စာများတွင် လင်မယား အဆင်မပြေကြောင်းတွေ ပါခဲ့သည်။

သို့သော် နှောင်း၏စာတွင် လင်မယား ခွဲအိပ်သည် အထိ ပြင်းထန်ကြောင်း မဖော်ပြပေ။

နောက်တစ်ချက် စဉ်းစားမိသည်မှာ လင်မယား ခွဲအိပ်သည်အထိ မသင့်မြတ်မှု ပြင်းထန်လျှင် နှောင်းသည် ရန်ကုန်အိမ် အစ်မထံသို့ ပြန်လာခဲ့သင့်သည်။ ဒီလိုလည်း ပြန်မလာခဲ့ဘဲ လင်မယား မတည့်အတူနေ တစ်အိမ်ထဲမှာပင် အခန်းခွဲနေခဲ့ပေသနည်း။



www.burmeseclassic.com

www.burmeseclassic.com



"မေးပါရစေ အောင်တင့်မွန်၊ သူတို့လင်မယား ဒီလို အခန်းခွဲအိပ်ကာ ဘယ်လောက်ကြာသွားပြီလဲ"

အောင်တင့်မွန် ပခုံးတွန့်ပြသည်။

"ကျွန်တော် မသိဘူး မမဆောင်း၊ ပြီးခဲ့တဲ့ နွေကျောင်းပိတ်လို့ မတ်လ၊ ဧပြီလ ကျွန်တော် စည်ပင်ပြန်လာတုန်းက သူတို့လင်မယား နဂိုပထမ အခန်းမှာပဲ အတူတူနေကြအိပ်ကြလို့ပါ၊ အဲ ... အောက်တိုဘာ ကျောင်းအပိတ် ကျွန်တော် စည်ပင် ပြန်လာတော့မှ အခုလို အခန်းခွဲအိတ်နေတာကို တွေ့တာ"

အောင်တင့်မွန်သည် မန္တလေး တက္ကသိုလ်တွင် ပြီးခဲ့သည့်နှစ်က တတိယနှစ်ဖြစ်ပြီး ယခု ဖိုင်နယ်နှစ် ဖြစ်သည်။ ကျောင်းပိတ်လေတိုင်း အစ်ကို အောင်မြင့်မွန်၏ အမိန့်အရ စည်ပင်သို့ ပြန်လာပြီး အစ်ကို၏လုပ်ငန်းဖြစ်သော သနပ်ဖက်ခြံလုပ်ငန်း လက်ဖက်စိုက်ခင်း လုပ်ငန်းတွေကို လေ့လာကြပ်မတ်ရသည့်ပြင် ပန်းသီးခြံ လုပ်ငန်းကိုလည်း လေ့လာစေသည်။

အောက်တိုဘာ ကျောင်းပိတ်ပြန်လာမှ လင်မယား ခွဲအိပ်သည်ကို တွေ့ရသည်ဆိုလျှင် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးလကြာ လင်မယား ခွဲအိပ်သည်ဟု တွက်ဆနိုင်သည်။

"သူတို့လင်မယား အခန်းခွဲအိပ်သည်အထိ ဘာတွေများ ပြင်းပြင်းထန်ထန် မကျေမနပ် ဖြစ်ကြလို့လဲကွယ်"





"မပြောတတ်ဘူး မမဆောင်း၊ ကျွန်တော်က ညီအရင်းဖြစ်ပေမဲ့ အစ်ကိုကြီးထက် ရှစ်နှစ်ပိုငယ်တယ်၊ ကျွန်တော်နဲ့ အစ်ကိုကြီးကြားမှာ မိန်းကလေးနှစ်ယောက် မွေးသေးတယ်တဲ့၊ ဒါပေမဲ့ နို့စို့အရွယ်တွေမှာပဲ ဆုံးသွားကြလို့ နောက်ဆုံး အဖတ်တင်တဲ့ ကျွန်တော်နဲ့ အစ်ကိုကြီးဟာ အသက်ကွာနေတာတဲ့၊ မှန်တာပြောရရင် ကျွန်တော့်အဖို့ အစ်ကိုကြီးဟာ အစ်ကိုကြီးဆိုပေမဲ့ ဖအေလိုလည်း အားကိုးတယ်၊ မအေလိုလည်း ချစ်တယ်၊ ရိုသေတယ်၊ ကြောက်တယ်၊ အစ်ကိုကြီးကလည်း ကျွန်တော့်ကို ညီဆိုပေမဲ့ ညီလို ဆက်ဆံတာထက် သားကို မိဘက ဆက်ဆံသလို မိဘကိုယ်စား ဆက်ဆံတယ်၊ ကိုယ်ရေးကိုယ်တာကိစ္စတွေ ဆိုရင် အစ်ကိုကြီးကို ကျွန်တော် မမေးရဲ မမေးဝံ့ဘူး မမဆောင်း"

"ထားပါတော့ အစ်ကိုကြီးကို မမေးရဲဘူးဆိုတာတော့၊ ဒါပေမဲ့ နှောင်းကိုတော့ မင်း မေးရဲသင့်တာပေါ့၊ နှောင်းနဲ့ မင်းဟာ မရီးနဲ့မတ် ဆိုပေမဲ့ အသက်ချင်း သိပ်ကွာတာမှ မဟုတ်တာ၊ နှောင်းက အခုမှ အသက် အစိတ်တောင် တင်းတင်းမပြည့်သေးဘူး၊ မင်းနဲ့နှောင်း အသက်လေးနှစ်လောက်ပဲ ကွာတာ"



www.burmeseclassic.com

www.burmeseclassic.com



"မမနှောင်းကိုလည်း ကျွန်တော် ဘာမှ မမေးရဲဘူး မမဆောင်း"

"ဘာလို့"

"မမနှောင်းက မမဆောင်းလိုမှ မဟုတ်တာ"

"ဟာ"

"ဟုတ်တယ် မမနှောင်းနဲ့ မမဆောင်းဟာ ညီအစ်မအရင်းဆိုပေမဲ့ တစ်ယောက်နဲ့တစ်ယောက် မတူတဲ့အချက်တွေ အများကြီးရှိတယ်၊ မမဆောင်းက အရာရာမှာ သိမ်မွေ့တယ်၊ မမနှောင်းကတော့ မသိမ်မွေ့ဘူး"

"ဟား ... အောင်တင့်မွန်"

"ကျွန်တော်ပြောတာကို မမဆောင်း ဟန့်တားတာလား ဟင်"

"မဟန့်တားပါဘူး အံ့သြတာပါ၊ မင်း ရန်ကုန် မမဆောင်းဆီ မော်တော်ဆိုင်ကယ်နဲ့ ရောက်တဲ့အချိန်ကစပြီး ဟဲဟိုးလေယာဉ်ကွင်းမှာ လင်ရိုဗာကားနဲ့ လာကြိုတဲ့အထိ မမနှောင်းနဲ့ပတ်သက်လို့ ကျွန်တော် ဘာမှ မပြောဘူးဆိုပြီး နှုတ်ပိတ်နေခဲ့တယ်လေ၊ အခုတော့ မမနှောင်းဟာ မမဆောင်းနဲ့ မတူဘူးဆိုတဲ့ ရဲရဲဝံ့ဝံ့ ပြောနေတာဟာ မင်းရဲ့ အစ်ကိုကြီး ကိုအောင်မြင့်မွန်က ပြောစေသတည်းလို့ အံ့သြတာပါ"



"အစ်ကိုကြီးရဲ့အခန်းကို ကျွန်တော် အခုပဲ ဝင်ခဲ့သေးတယ်၊ အစ်ကိုကြီးက ပြောတယ် မမဆောင်းဟာ ရန်ကုန်က လာကတည်းက မမနှောင်း သေဆုံးခဲ့တာနဲ့ပတ်သက်ပြီး သံသယတွေ ရှိပုံရတယ်တဲ့၊ ရေနစ်သေတာကို ဒေါက်တာ စောဒီနဲ့ အရပ်လူကြီးတွေပြောတာတောင် ယုံကြည်ပုံ မရဘူးတဲ့၊ အဲဒီတော့ မမဆောင်း စည်ပင်မှာ နေချင်သလောက်နေစေပြီး စုံစမ်းချင်သလောက် စုံစမ်းပါစေတဲ့၊ နှောင်းနဲ့ပတ်သက်ပြီး ငါတို့ညီအစ်ကိုက နှောင်းကို အပြစ်တင်တဲ့စကား မကောင်းဘူးဆိုတဲ့စကား မပြောမိစေနဲ့တဲ့၊ မဆောင်းဘာသာ စုံစမ်းပြီး သိချင်သလိုသိ ယူဆချင်သလို ယူဆပါစေတဲ့၊ စည်ပင်မှာ မဆောင်းနေသမျှ ဒီအိမ်ကြီးပေါ်မှာ မမဆောင်းရယ်၊ ဒေါ်လေးသူဇာရယ်၊ ဒေါ်အဲလစ်နဲ့ နန်းကြာဖြူရယ် နေပါစေတဲ့၊ အစ်ကိုကြီးက ခြံကြီးထဲက ကျွန်တော်နေတဲ့ အိမ်နဲ့ကပ်လျက် အိမ်ပိုမှာပဲ ဆင်းနေမယ်တဲ့"

"သြော် ... သြော် ... မင်းအစ်ကိုကြီးက မမဆောင်းအပေါ် အင်မတန် သဘောထားကြီးကြောင်းနဲ့ လိုက်လျောကြောင်း ပြလိုက်တာပေါ့ ဟုတ်လား"

"အဲဒီလို မပြောပါနဲ့ မမဆောင်း၊ မမဆောင်း စည်ပင်မှာ ကြိုက်သလောက်နေပြီး ကြိုက်သလောက် စုံစမ်းပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အဖြေမှန် ထွက်လာမှာပါ၊ အစ်ကိုကြီးက ပြောတယ် မမဆောင်းဟာ ဉာဏ်ထက်တယ်၊ နောက်ပြီး စိတ်ဓာတ်သိပ်ခိုင်မာတယ်တဲ့၊ ဒီတော့ မမဆောင်း စုံစမ်းတာဟာ တစ်နေ့ အဖြေမှန်ပေါ်မှာပါတဲ့"

ဆောင်းက ပြုံးလိုက်သည်။ ကျေနပ်သော အပြုံးတော့ မဟုတ်။ အောက်ကလိ အပြုံးသာ ဖြစ်သည်။

"အေး ... ပြောလိုက်ပါ အောင်တင့်မွန်၊ မမဆောင်းဟာ သိပ်အမြှောက်ကြိုက်ပါတယ်လို့ပေါ့ကွာ"

အောင်တင့်မွန်သည် ဆောင်းကို ငေးကြည့်မိပြန်သည်။ မိမိအနေနှင့် နှစ်ဦး၏စကားတွေကို ကြားနေရသည်။ အစ်ကိုကြီးက မမဆောင်းနှင့်ပတ်သက်ပြီး အကောင်းချည်း ပြောသော်လည်း မမဆောင်းက အစ်ကိုကြီးအပေါ်တွင် တစ်စက်မှ အကောင်းမမြင်သည်ကို ကြားနေရ တွေ့နေရသည်။

ထိုစဉ်မှာပင် မမျှော်လင့်သော ကိစ္စတစ်ခု ဖြစ်ပေါ်လာသည်။ အိမ်တံခါးဝတွင် လူသုံးယောက် ရောက်ရှိလာခြင်း ဖြစ်တော့သည်။

"ဝေး ... အောင်တင့်မွန်"

သူတို့ထဲမှ တစ်ယောက် အော်ခေါ်သံ ပြုလိုက်မှ ဆောင်းရော အောင်တင့်မွန်ရော လှမ်းကြည့်လိုက်သည်။

"ဟာ ... တကယ့် လူတွေပါပဲ မမဆောင်း"





ဟု အောင်တင့်မွန်က ဆောင်း ကြားအောင် ပြောလိုက်ပြီး ပျာပျာသလဲပင် ထရပ်လိုက်သည်။

"ဪ ... အစ်ကိုတို့ပါလား၊ လာပါ ဟော ... ဒါ ရန်ကုန်က မမနှောင်းရဲ့အစ်မ မမဆောင်းပါ၊ ဒီမယ် မမဆောင်း ဒီအစ်ကိုက ကိုဒီပတဲ့"

ကိုဒီပဆိုသူက ဂျာကင်မီးခိုးရောင် ဝတ်ထားသည်။

"ဟောဒီ အစ်ကိုက ကိုဝဏ္ဏတဲ့"

ကိုဝဏ္ဏဆိုသည်က စပို့ရှပ်အနီ ဝတ်ထားသည်။

"ဟောဒီအစ်ကိုကတော့ ကိုစိုင်းခက်"

ကိုစိုင်းခက်ဆိုသူက ရှမ်းဘောင်းဘီ ပွပွကြီး ဝတ်ထားသည်။

ဆောင်းက ထိုသုံးယောက်ကို ကြည့်နေမိသည်။ မိတ်ဆက်ပေးသော်လည်း ပြုံးရယ်ခြင်းပင် မပြုသေး၊ လူလူချင်း အကဲခတ်သော အကြည့်နှင့်သာ ကြည့်နေသည်။

အောင်တင့်မွန်သည် ဘာပြောပြော ညီမလေး နှောင်း၏မတ် ဖြစ်နေသည်။ ကိုအောင်မြင့်မွန်၏ ညီအနေဖြင့် ဆောင်းနှင့် ခင်မင်သင့်သလောက် ခင်မင်သူ ဖြစ်သည်။

တစ်ခါမှ မမြင်ဖူးသည့် ယခု ရောက်ရှိလာသူ တစ်စိမ်းသုံးဦးနှင့်စာလျှင် ဆောင်းက အောင်တင့်မွန်ဘက်မှ ရပ်တည်ပေးမည်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်ကို တွေ့သည်နှင့် အောင်တင့်မွန် ဗျာများသလဲ မျက်နှာအောက်ကျခဲ ဆက်ဆံသည်ကို ဆောင်း စိတ်ထဲ မခံချင်စိတ် ဖြစ်မိသည်။

ဆောင်း ထိုင်ရာမှ ရပ်လိုက်သည်။

"ဟုတ်ကဲ့ ဂျာကင်မီးခိုးရောင်နဲ့ ကိုဒီပ၊ စပို့ရှပ်နီနီ ကိုဝဏ္ဏ၊ ရှမ်းဘောင်းဘီပွနဲ့ ကိုစိုင်းခက်တို့ကို ကျွန်မဆောင်းက နှုတ်ဆက်ပါတယ်၊ တွေ့ရတာ လူသစ်မိတ်ဆွေ ရတယ်လို့ပဲ ယူဆလိုက်ပါမယ်၊ အဲ ... အောင်တင့်မွန် မိတ်ဆက်ပေးတဲ့ အထဲမှာ မပါသေးတာ တစ်ခုတော့ မေးပါရစေ၊ ကိုဒီပ၊ ကိုဝဏ္ဏနဲ့ ကိုစိုင်းခက်ဟာ နိုင်ငံတော်ရဲ့ တာဝန်တစ်ခုခုနဲ့ ဘယ်ဌာနတွေမှာ အမှုထမ်းကြပါသလဲရှင်၊ ကျွန်မဆိုတဲ့ ဆောင်းကတော့ နိုင်ငံတော် အစိုးရအထက်တန်းကျောင်းမှာ အထက်တန်းပြ သင်္ချာကျောင်းဆရာမ တာဝန်ထမ်းဆောင်နေပါတယ်"

ဆောင်း၏ ရဲဝံ့စွာ ပြန်မေးသော မေးခွန်းကြောင့် ဒီပ၊ ဝဏ္ဏနှင့် စိုင်းခက်တို့ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားကြသည်။

ပြီးမှ အသွက်ဆုံးဖြစ်ဟန်တူသော ဒီပက ရှေ့သို့ တိုးလာသည်။ ဆောင်းနှင့် အလွန်နီးကပ်စွာ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ ဆောင်းက နောက်သို့ တစ်လှမ်းမဆုတ်ဘဲ ရပ်မြဲ ရပ်နေသည်။





"ဟဲ ... ဟဲ လူတွေဟာ ကိုယ့်အသက်မွေးဝမ်းကြောင်းအတွက် အလုပ်ကိုယ်စီတော့ လုပ်ကြတာချည်းပဲလေ၊ ကျွန်တော်တို့ တာဝန်နဲ့ ဝတ္တရားအလုပ်က အစိုးရတပ်တွေလာရင် ထွက်ပြေးပုန်းအောင်းတယ်လေ၊ မဟုတ်ဘူးလား ဝဏ္ဏ"

"သိပ်ဟုတ်တာပေါ့ ဒီပ၊ အသက်မွေးဝမ်းကျောင်းအလုပ်ဆိုတာက ကိုယ်သန်ရာ ကိုယ်လုပ်ကြတာပဲ၊ ငါပြောတာ ဟုတ်တယ် မဟုတ်လား စိုင်းခက်"

"မင်းတို့ ပြောတာတွေ ငါ စိတ်မဝင်စားပါဘူး ဒီပနဲ့ ဝဏ္ဏရာ၊ အခု ငါ စိတ်ဝင်စားနေတာက"

စိုင်းခက်သည် ဆက်မပြောပဲ စကားကို ရပ်ထားသည်။ စိုင်းခက် စကားပြောသံမှာ ရှမ်းသံဝဲနေသောကြောင့် ရှမ်းအမျိုးသား ဖြစ်ချေမည်။ ရှမ်းအမျိုးသားမို့လားမသိ အသားရောင်ဖြူဝင်းသည်၊ အရပ်အမောင်းနှင့် ခန္ဓာကိုယ် လိုက်ဖက်သည်။ ကြည့်ကောင်းသော အမျိုးသားဟု ဆိုနိုင်လောက်သည်။

"ဆိုပါဦး စိုင်းခက်၊ မင်းက အခု ဘာတွေ စိတ်ဝင်စားနေလို့လဲ"

"ရာသီဥတု အကြောင်းပါ ဒီပရာ"

"ဘာကွ စိုင်းခက်၊ တို့ ဒီကို လာကြတုန်းက နောင့်ရဲ့ အသုဘသတင်း မေးမယ်၊ နောက်ပြီး နောင့်ရဲ့အစ်မ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသူနဲ့ မိတ်ဆွေဖွဲ့မယ်၊ ဒါပြီးရင် ဖဲရိုက်ကြမယ်ဆိုတဲ့ အစီအစဉ်နဲ့လာခဲ့ကြတာ၊ အခု ဘယ်နှယ် မင်းက ချက်ချင်း ရာသီဥတုအကြောင်း စိတ်ဝင်စားသွားတာလဲ စိုင်းခက်"

"ဒီလိုလေကွာ နွေရာသီဥတုဆိုတာက ပူလောင်တယ်၊ နေကပူ၊ မြေကြီးကပူနဲ့ အနေခက်တဲ့ဥတု၊ မိုးရာသီဥတုကျတော့လည်း စိုစိုစွတ်စွတ်နဲ့ မိုးသီးမိုးပေါက်တွေကြား အနေခက်တဲ့အပြင် လမ်းလျှောက်ရင် ဗွက်တွေနဲ့ သွားမကောင်း လျှောက်မကောင်း၊ အဲ ... ဆောင်းဆိုတဲ့ ဥတုကျတော့ သိပ်ချစ်စရာကောင်းတယ်၊ ပူလောင်ခြင်းမရှိတဲ့ အေးမြတယ်၊ စိုစွတ်ဗွက်ပေါက်ခြင်းလည်း မရှိဘူး"

"အဲဒီတော့ ဘာဖြစ်လဲ စိုင်းခက်"

"ဆောင်းကို ငါ အနှစ်သက်ဆုံး အချစ်ဆုံးလို့ ပြောချင်တာပါကွာ"

"ဟား ... ဟား ... ဟား"

ဒီပနှင့် ဝဏ္ဏက စိုင်းခက်၏စကားကို သဘောကျစွာ ဟားကြသည်။

ဒီပက ဟားရုံမကသေး။

"ဟုတ်တယ် စိုင်းခက်၊ မင်းပြောတာ သိပ်မှန်တယ်၊ ဥတုတွေထဲမှာ ဆောင်းဟာ အလှဆုံး၊ ငါလည်း ဆောင်းကို အကြိုက်ဆုံးနဲ့ အချစ်ဆုံးပဲ"





"ဖြန်း"

ဆောင်း၏လက်သည် မြန်လှပါ၏။ အနီးကပ်ဆုံး ရပ်နေသော ဒီပ၏ ပါးပြင်ကို ဆောင်းက ဖြန်းခနဲ ရိုက်ပစ်လိုက်သည်။

"အံမာ ... ကြည့်စမ်း ငါ့ကို ပါးရိုက်တယ်၊ ကဲ ... ရိုက်ချင်ဦးကွာ"

ဒီပသည် ပါးရိုက်သော ဆောင်း၏လက်ကို ဆွဲယူပြီး နောက်ပြန်လိမ်ချိုးလိုက်သည်။

"အား ... အမေ့"

ဆောင်းမှာ ကိုယ်တစ်ပတ်လည်သွားပြီး နာကျင်စွာ အမေ့တမိသည်။ ဆောင်း၏ ကျောပြင်အား ဒီပက သူ့ရင်ခွင်ဖြင့် ချုံကပ်ထားသည်။

"ဒီပရေ အဲဒါ မိန်းမသားကွနော်၊ မင်း လက်လွန်ရင် မင်းအဆိုး ဖြစ်မယ်"

စိုင်းခက်က မတုန်မလှုပ် ရပ်နေရာမှ သူ့အဖော် ဒီပကို သတိပေးစကား ပြောလိုက်သည်။

အစ်ကိုကြီးရေဟု ဆောင်တင့်မွန်က အခန်းထဲမှ သူ့အစ်ကိုအား လှမ်းခေါ်လိုက်သည်။

ဒီပက ဆောင်းကို လွှတ်မပေးသေးဘဲ စိုင်းခက်ကို ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအမြင်ပဲ စိုင်းခက်၊ သူက ငါ့ကို ပါးရိုက်တယ်လေ"

"ချမှာပေါ့ မင်းက ဆောင်းကို ကြိုက်တယ် ချစ်တယ်လို့ ပြောတာကိုး"

"ဟ ... မင်းလည်း ပြောတာပဲ စိုင်းခက်"

စိုင်းခက်က ပုခုံးတွန့်ပြသည်။ ပြီး ရှမ်းသံဝဲဝဲနှင့် တည်ငြိမ်စွာ ဒီပကို ပြန်ပြောသည်။

"မင်းဟာ ငတုံးပဲ ဒီပ၊ မင်းက မြန်မာဖြစ်ပေမဲ့ ရှမ်းဖြစ်တဲ့ ငါ့လောက်တောင် မြန်မာစကား မပြောတတ်ဘူး၊ ငါပြော တာက ဆောင်းကို အနှစ်သက်ဆုံးလို့သာ အင်မတန် ယဉ်ကျေးတဲ့ အသုံးအနှုန်းကို သုံးတာ၊ နှစ်သက်တာ သဘောကျတယ်ဆိုတာက တစ်ဖက်အတွက် စိတ်ဆိုးစရာ မဟုတ်တာ၊ ငါပြောတဲ့အထဲမှာ ရိုးသားမှုပါတယ်၊ အေး မင်းပြောတာကျတော့ ဆောင်းကို ကြိုက်တယ် ချစ်တယ်လို့ ပြောချလိုက်တော့ မင်းစကားက ရိုးသားမှုကို ကျော်လွန် ပြီး တစ်ဖက်သား မခံချင်စရာဖြစ်သွားပြီလေ ဒီပ၊ ဒီတော့ ဆောင်းက မင်းကို ပါးချတာပေါ့၊ ဟဲ ... ဟဲ ... ဒီကောင် ဒီပ ပြည်မသားဆိုပြီး မြန်မာစကား မပြောတတ် မဆိုတတ်နဲ့ ပါးရိုက်ခံရတာ နည်းတောင်နည်းသေး"

"အိုကွာ ဘာဖြစ်ဖြစ် ငါ ပါးရိုက်ခံရတဲ့ တန်ကြေးကိုတော့ ပြန်ယူရမှာပဲ"





ဒီပသည် ရိုင်းလွန်းသည်။ နောက်မှ လက်လိမ်ချိုး ၍အရင်း ဆောင်း၏ပါးကို နမ်းရန် ကြိုးစားတော့သည်။ ဆောင်းက ခေါင်းကို အတင်းငုံ့ထားသဖြင့် ဒီပ အနမ်းဆီးမှ လွတ်နေသေး သည်။

ဝဏ္ဏကတော့ ဒီပွဲတွင် ပွဲကြည့်ပရိတ်သတ်အနေနှင့် သာ ရပ်ကြည့်နေသည်။

"မဆောင်းကို လွှတ်လိုက်ပါ ကိုဒီပ"

အားလုံး အသံလာရာသို့ လှမ်းကြည့်လိုက်ကြသည်။ ကိုအောင်မြင့်မွှန် ဖြစ်ပါ၏။

အခန်းဝတွင် ထွက်ရပ်နေသည်။ တည်တည်ခန့်ခန့် ခမ်းနားမတ်မတ် ရပ်သည့်ပုံစံ၊ လက်နှစ်ဖက် တွဲလောင်းချထားရာ တွင် လက်ယာလက်တွင် ပစ္စတိုသေနတ် ကိုင်ထားပေသည်။

"ဟာ ... ကိုအောင်မြင့်မွှန် ရှိနေပေသကိုး၊ ကျုပ်က ခင်ဗျား ပန်းသီးခြံတွေကို သွားနေတယ်မှတ်တာ၊ အတော်ပဲ ခင်ဗျားရှိနေတော့ နောက်တစ်အိမ် ထပ်တိုးတာပေါ့၊ ကျုပ် တို့လေးယောက် ဖဲကစားစို့လေ၊ ရှုံးချမယ် ဘယ်နှယ်လဲ ကိုအောင်မြင့်မွှန်၊ အခုတော့ ခဏလေးစောင့်ဗျာ ကြွေးစာရင်း တစ်ခု ရှင်းလိုက်ဦးမယ်"

ဒီပက ဆောင်းကိုမလွှတ်ဘဲ အောင်မြင့်မွှန်ကို မောမခန့်ပြောပြီး ဆောင်းကို ငုံ့နမ်းဖို့ ကြိုးစားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဒုတိယအကြိမ် ထပ်ပြောမယ် ကိုဒီပ၊ မဆောင်းကို လွှတ်လိုက်"

ဒီပက မမှု သူ့လုပ်ဟန်အတိုင်း ဆက်လုပ်ဖို့ ကြိုးစားနေဆဲ ဖြစ်ပါ၏။

ဝဏ္ဏနှင့် စိုင်းခက်က ရပ်မြဲရပ်နေသည်။

"ဒိုင်း"

"ဟေး ..."

အောင်မြင့်မှုန် ပစ္စတိုတစ်ချက် ပစ်လိုက်သည်။ လူကို ထိအောင်တော့ မပစ်၊ ဒီပ၏ ရှူးဖိနပ်ထိပ် တစ်လက်မ အကွာ ကြမ်းပြင်တွင် သေနတ်ကျည်ဆန် စိုက်ဝင်သွားပေသည်။

ဒီပ ပါးစပ်မှ ဟေးဟု လန့်အော်ပြီး ဆောင်းကို ချက်ချင်း လွှတ်ပေးလိုက်သည်။

"ဩ ... ခင်ဗျားက နှောင်း သေသွားပြီးမှ ဆောင်းအတွက် သတ္တိတွေ သိပ်ကောင်းနေတယ်ပေါ့လေ ကိုအောင်မြင့်မှုန်"

"ဟုတ်တယ် ဒီပ နှောင်းနဲ့တုန်းကလည်း ကျုပ်မှာ သတ္တိ အပြည့် ရှိတာပဲ၊ အရာရာ နှောင်းနဲ့ အတိုက်အခံ မဖြစ်ချင်လို့ ကျုပ် သည်းခံပြီး မျက်နှာလွှဲနေခဲ့တာ"

"ဟဲ ... ဟဲ ဒါဆိုရင် အခုတော့ ဆောင်းကြောင့် ခင်ဗျားက ကျုပ်ကို ယှဉ်ပြိုင်မယ်ပေါ့ ဟုတ်လား"





ဒီပသည် တဟဲဟဲ ရယ်ပြောရင်း မသိမသာ သူ့ဂျာကင်အောက် မသိမသာ လက်သွင်းလိုက်ရင်း ပါးစပ်မှ စိုင်းခက်ကို စကားရောဖောရော စကားတွေ ပြောသည်။ ဝဏ္ဏကိုလည်း ပြောသည့်သဘော ပါရှိသည်။

"ဟုတ်တယ် ဝဏ္ဏနဲ့ စိုင်းခက်ရေ၊ ပြီးခဲ့တဲ့အပတ်က ဘုန်းကြီးကျောင်းရေပ်မှာ ဗေဒင်ရှူး မောင်ပွနဲ့တွေ့ပြီး အရူးမောင်ပွက ငါ့ကို ဗေဒင်ဟောကိန်း ထုတ်လိုက်သေးတယ်၊ ဆရာဒီပ အနုအတောအတွင်း ကံနိမ့်နေတယ်တဲ့၊ ဆရာဒီပရဲ့ အောက်လက်ငယ်သားက ဆရာဒီပကို တော်လှန်အာခံမဲ့ ကိန်းမြင်တယ်တဲ့၊ ဟဲ ... ဟဲ ... အခုတော့ အရူးစကား မှန်နေပြီပေါ့ကွာ၊ ငါတို့ကို အမြဲ ကျွေးမွေး ထောက်ပံ့မှုဖော်ပြီး အောက်ကျို့ခံခဲ့တဲ့ ယောဒိ ဂုဏ်သရေရှိ လူကြီးမင်း ကိုအောင်မြင့်မှုန်က ငါ့ကို သေနတ်စွမ်းပြလိုက်ပြီလေ"

"အသေးအဖွဲ့ပါ ဒီပရာ"

ဟု ဝဏ္ဏက ဝင်ပြောလိုက်သည်။

ထိုစဉ်မှာပင် ဒီပ၏ ဂျာကင်အောက်သို့ ရွေ့လျားသောလက်သည် သေနတ်ကိုဆုတ်ကိုင်မိပြီး ဆွဲထုတ်ရန် ဒီပအား ပြုစဉ်မှာပင် စိုင်းခက်က လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောကောင်.ဒီပ၊ မင်း သေနတ်မထုတ်နဲ့နော်၊ အခြေအနေက သူက လက်ဦးနေတယ်၊ မင်း ခံသွားရလိမ့်မယ်"

ဖြစ်ပျက်မှုက မြန်လွန်းလှပါ၏။

စက္ကန့်ခြောက်ဆယ် တစ်မိနစ်ဆိုသည်မှာ သာမန်ကိစ္စများတွင် ဖျက်ခနဲ ကုန်ဆုံးသွားသော်လည်း ယခုကိစ္စတွင် တစ်မိနစ်အတွင်း စက္ကန့်တို့သည် အရေးကြီးလှသည်၊ အရေးပါလှသည်။

ဒီပသည် ပရိယာယ်ဝေဝုဒ်တွေဖြင့် စကားဖေါင်ဖေါင်ကြီပြောရင်း သူ့ဂျာကင်အောက်မှ သေနတ်ထုတ်ယူပစ်ဖို့ ကြိုးစားခြင်း ဖြစ်ပါ၏။

သို့သော် စက္ကန့်ပိုင်းအတွင်းမှာပင် ဒိုင်း ... ဒိုင်းဖြင့် သေနတ်သံနှစ်ချက် တစ်စက္ကန့်အတွင်း ပေါ်ထွက်လာသည်။

ချာလပတ်ရမ်းကာ ဖင်ထိုင်ကျသွားသူမှာ ဒီပပင်ဖြစ်တော့သည်။

ဒီပကလည်း တစ်ချက် ပြန်ပစ်ပါ၏။ သို့သော် ဒီပ၏ ပစ်ချက်သည် တစ်စက္ကန့်၏ တစ်စိတ်တစ်ပိုင်း နောက်ကျသွားသည်။

သေနတ်သံအားဖြင့် ပြိုင်တူနှစ်ချက် ပေါ်ထွက်လာသည်ထင်ရသော်လည်း တကယ်တမ်း ကျည်ဆန်ထမှန်ခြင်းခံရသူမှာ အောင်မြင့်မွန်မဟုတ်ဘဲ ဒီပ ဖြစ်သွားသည်။





အောင်မြင့်မွန်၏ ပစ်ချက်သည် ဒီပ၏ သေနတ်ကိုင်ထားသော ညာဘက်လက်မောင်းကို ထိမှန်သည်။ ဒီပ ပစ်သော သေနတ်ကျည်ဆန်မှာ မိုးပေါ်ရောက်သွားသလား၊ မြေကြီးထဲဝင်သွားသလားပင် မသိ။

ဒီပသာလျှင် သေနတ်ထိ လက်ကြီးတွဲလောင်းနှင့် ဖင်ထိုင်ကျသွားပေတော့သည်။ ဒီပ လက်ထဲမှ သေနတ်လည်း လွတ်ကျသွားသည်မို့ ထိုသေနတ်ကို ဝဏ္ဏက ကောက်ယူရန် ခါးကိုင်းလိုက်သည်နှင့် စိုင်းခက်က ဝဏ္ဏ၏ခါးကို ဆွဲဆောင့်ယူလိုက်သည်။

"မလုပ်နဲ့ ဝဏ္ဏ၊ မင်းပါ ထပ်ခံသွားရမယ် မှတ်ထား၊ ရန်သူကို အထင်မသေးနဲ့၊ ဟိုဘက်က သေနတ်ကို အသင့်ကိုင်ပြီးသား မောင်းဆွဲတင်ပြီးသားရှိနေတာကို ကိုယ်က ကိုယ့်သေနတ်ကောက်ယူ ထုတ်ယူပြီးမှ ပြန်ပစ်ရမဲ့ အခြေအနေမှာ ဘယ်တော့မှ ယှဉ်ပြိုင်ဖို့ မကြိုးစားနဲ့၊ ဒီပ ခံလိုက်ရတာကိုကြည့် မင်း မျက်မြင်ပဲ၊ နောက်ပြီး ကိုအောင်မြင့်မွန်ဟာ ငါတို့ထင်ထားသလို လူညံ့တစ်ယောက်မဟုတ်ဘူး၊ သေနတ်မှာ စနစ်တကျ ကျွမ်းကျင်ပြီးသား ဖြစ်နေတယ်၊ ပထမ ဒီပရဲ့ စီးထားတဲ့ဖိနပ်နဲ့ တစ်လက်မအကွာလှမ်းပစ်ကတည်းက ဒီလူ လက်ဖြောင့်သေနတ် ကျွမ်းကျင်သူမှန်း ဒီပ ရိပ်မိဖို့ကောင်းတယ်"



www.burmeseclassic.com

"အိုကွာ ... သေချင်သေသွားပါစေ ဒါမျိုးကိုတော့ အလျှော့မပေးချင်ဘူး စိုင်းခက်၊ ဘယ့်နှယ်ကွာ ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြောက်နေတာပဲဟာ"

"မင်းကို သေအောင်ပစ်မှာ မဟုတ်ဘူး ဝဏ္ဏ၊ ကိုအောင်မြင့်မွန်လိုလူက တရားဥပဒေကို နားလည်ပြီးသား၊ လူသတ်မှုအဖြစ်ခံမှာ မဟုတ်ဘူး၊ တကယ်လို့ မင်းကိုဖြစ်ဖြစ် ဒီပကိုဖြစ်ဖြစ် သူက အသေသတ်ပစ်ဦးတော့ သူ့ဘက်ကပဲ တရားဥပဒေက နိုင်ချေရှိနေတယ်၊ သူကိုင်တဲ့ သေနတ်က လိုင်စင်ရပြီးသား ဖြစ်နေတယ်၊ မင်းတို့သေနတ်တွေက သေနက်ပုန်းတွေ။ နောက်တစ်ချက်က တရားဥပဒေအရ မိမိကိုယ်ကို ကာကွယ်ခွင့်ပေးတယ်၊ တရားရုံးမှာ သူ့အသက်ကို သူကာကွယ်ရင်း မင်းတို့ကိုပစ်သတ်မိပါတယ်ဆိုတာကို တရားရုံးက လက်ခံမှာပဲ၊ မင်းတို့ ငါတို့က ဘာကောင်တွေလဲ၊ တရားဥပဒေ အပြင်ဘက်ရောက်နေတဲ့ ကောင်တွေလေကွာ၊ စိတ်လျှော့ ဝဏ္ဏ စိတ်လျှော့၊ ကဲ ... ဒီပကို မင်းနဲ့ငါတွဲပြီး ခေါ်သွားကြစို့ ...

ဒီမယ် ကိုအောင်မြင့်မွန် ဒီပရဲ့ သေနတ်ကို ကျွန်တော် ကောက်ယူမယ်၊ ကျွန်တော် အများအယွင်း လုပ်တယ်ဆိုရင် အသေပစ်သတ်လိုက်"





အောင်မြင့်မွန် ဘာမှ ပြန်မပြော။ သေနတ်ကို ပြန်ကောက်ယူ အိတ်ထဲထည့်ပြီး ဒီပကို နှစ်ယောက်တွဲကာ ခေါ်သွားသည်။

"မင်း ထမင်းဝအောင် စားထား အောင်မြင့်မွန် မင်းနဲ့ငါ တွေ့ဦးမယ်"

ဒီပက ကြိုးချည်ထားသော ခွေးဟောင်သလို ပြောပြီး လိုက်ပါသွားသည်။

အောင်မြင့်မွန် ထိုသုံးယောက် ခြံတံခါးမှ အပြင်သို့ ထွက်သွားသည်အထိ နေရာမရွေ့ မတ်တတ်ရပ်ကြည့်နေပြီးမှ စကားတစ်ခွန်းမှ မပြောဘဲ သူ့အခန်းထဲ သူ ပြန်ဝင်သွားသည်။

ဆောင်းက အောင်မြင့်မွန် ဝင်သွားသည်ကို ငေးကြည့်နေမိသည်။

"အစ်ကိုကြီးအတွက် နောက်ပိုင်းအန္တရာယ် မသေးဘူး မမဆောင်း၊ ဒီသုံးကောင်ကို ဒီလိုလုပ်လိုက်တာဟာ မြွေမွေးကို ခေါင်းပုတ်လိုက်သလို ဖြစ်လာမှာ အမှန်"

ဆောင်းက ဘာမှမပြော။

ကိုအောင်မြင့်မွန်သည် အောင်တင့်မွန်ပြောသလို သက်မဲ့အရုပ်တစ်ရုပ် မဟုတ်တော့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီပ၊ ဝဏ္ဏနှင့် စိုင်းခက်တို့တို ကိုအောင်မြင့်မွန်အလွန်တည်တံ့ရဲဝံ့စွာဖြင့် လှုပ်ရှားရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

အကယ်၍ အောင်တင့်မွန်ပြောသလို ကိုအောင်မြင့်မွန်သည် အရုပ်တစ်ရုပ်ဟု ဆိုလေဦးတော့ စစ်သူကြီး မဟာဗန္ဓုလ အရုပ်မျိုးပါတည်း။

* ❀ *





## ( ၅ )

စနေနေ့တွင် နှောင်း၏အလောင်းကို မြေမြှုပ်၊ သင်္ဂြိုဟ် အုတ်ဂူတည်သည်။

ကိုအောင်မြင့်မွန်၏ဆန္ဒကို ကျေးရွာလူကြီးများမှ တစ်ဆင့် သက်ဆိုင်ရာမှ ခွင့်ပြုသည်။

အမှန်တော့ စည်ပင်ကျေးရွာသချိုင်းသည် နှစ်ဖာလုံခန့် ဝေးသည်။

ထိုသချိုင်းတွင် ကိုအောင်မြင့်မွန်က နှောင်းကို မမြှုပ်လို၊ သူ တရားဝင် ရရှိထားသည့် ကျယ်ဝန်းလှသော သူ့ခြံကြီး၏ အရှေ့ဘက် သူ့စိတ်ကြိုက်ရွေးသော နေရာမှာ ချယ်ရီပင်ကြီးသုံးပင် ဖိုခနောင့်ဆိုင် အောက်တွင် မြေမြှုပ် အုတ်ဂူတည်ဆောက်သည်။

နှောင်း အုတ်ဂူသွင်းရာတွင် ခရမ်းရောင် ချယ်ရီပွင့်များ တအားပွင့်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



“မမနှောင်းက အဲဒီ ချယ်ရီပင်ကြီး သုံးပင်ကို သိပ်နှစ်သက်မြတ်နိုးတယ် မမဆောင်း၊ အခုလို ချယ်ရီပွင့်တွေ ဖြိုင်ဖြိုင်ပွင့်ပြီဆိုရင် မမနှောင်းက ချယ်ရီပင်တွေအောက်မှာ အစ်ကိုကြီးနဲ့အတူ ပျော်ပွဲစားတယ်၊ တစ်နေကုန် ချယ်ရီပင်တွေအောက်မှာ နေတယ်၊ ဒေါ်အဲလစ်နဲ့ နန်းကြာဖြူက သူ့အချိန်နဲ့သူ ထမင်းပို့ရတယ်၊ ကော်ဖီ မုန့် ပို့ပေးရတယ်”

“ကိုအောင်မြင့်မွန်ကလည်း နေ့စဉ် နှောင်းနဲ့အတူ ချယ်ရီပင်အောက်မှာပဲ နေတာပဲလား”

“တစ်ခါတလေတော့ အစ်ကိုကြီးက နေပေးတယ် မမဆောင်း၊ ဒါပေမဲ့ ပန်းသီးခြံကို အစ်ကိုကြီးကိုယ်တိုင်မသွားမဖြစ်တဲ့ နေ့မျိုးကျတော့ အစ်ကိုကြီး သွားရတာပေါ့လေ၊ အဲဒီလို အစ်ကိုကြီးသွားတဲ့ နေ့ဆိုရင် မမနှောင်းက ဂျီတိုက်တော့တာပဲ”

“နှောင်းက ဘယ်လို ဂျီတိုက်တာလဲ”

“အစ်ကိုကြီး အိမ်ပြန်မလာမချင်း မမနှောင်းက ချယ်ရီပင်တွေအောက်မှာပဲ နေတယ်၊ အစ်ကိုကြီး အိမ်ပြန်ရောက်ပြီး မမနှောင်းကို သွားချော့ခေါ်မှ ပြန်လိုက်လာတယ်၊ တစ်ခါတလေ အစ်ကိုကြီးက ပန်းသီးခြံမှာ အလုပ်သိပ်များပြီး ညကြီးမိုးချုပ်မှ ပြန်ရောက်လည်း မမနှောင်းက အဲဒီ ညကြီးမိုးချုပ်အထိ ချယ်ရီပင်တွေအောက်မှာ နေတယ်”





“ညဥ့်နက်မိုးချုပ်ကြီးအထိ နှောင်းက ချယ်ရီသုံးပင်အောက်မှာ နေရဲ့သတဲ့လား၊ တစ္ဆေသရဲ မကြောက်ဘူးတဲ့လား၊ မမဆောင်း သိသလောက်တော့ ညီမလေးနှောင်းဟာ လူလူချင်း မကြောက်တတ်ပေမဲ့ တစ္ဆေသရဲကိုတော့ သိပ်ကြောက်တတ်တယ်”

အောင်တင့်မွန် ပခုံးတွန့်ပြသည်။

ပခုံးတွန့်ပြခြင်းကို ဆောင်း ယေဘူယျသဘောများလည်ထားသည်မှာ ကိစ္စတစ်ခုတွင်ဖြစ်စေ ပြဿနာတစ်ရပ်တွင်ဖြစ်စေ အဖြေမှန် ထွက်ဆိုရန် မသဲကွဲ ဇဝေဇဝါဖြစ်သည့်အခါ နှုတ်ဖြင့်မဖြေဘဲ ပခုံးတွန့်ပြလိုက်ခြင်းဟု ဆောင်း ခံယူထားသည်။

ယခု ဒါတော့ ကျွန်တော် မပြောတတ်ဘူးဟု အောင်တင့်မွန် ဆိုလိုချင်၍ ပခုံးတွန့်ပြခြင်း ဖြစ်မည်။

ဆောင်းသည် မျက်လုံးစုံမှိတ်ပြီး ဦးခေါင်းကို မော့ထားမိသည်။

ညီမလေးနှောင်းအကြောင်း တစ်ခုပြီးတစ်ခု သိလာရလေတိုင်း နှောင်း သေဆုံးရခြင်းအပေါ်တွင် သံသယစိတ်တွေ ပို၍ ပို၍သာ တက်လာသည်။

ထိုနေ့က မသာချသည်ဟုပဲ ရင့်ရင့်သီးသီး ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း၏ အလောင်းကို အခေါင်းသွင်းပြီး လူတွေ ထမ်းကြသည်။ စည်ပင်မှလူတွေချည်း ဖြစ်ပါ၏။ အသုဘချရာသို့ လူနှစ်ရာခန့် လာကြသည်။ နှောင်း၏အလောင်း မြေမြှုပ်ရာ ချယ်ရီပင်အောက်အထိ လူတွေတန်းစီပြီး လိုက်ပို့သည်။

ထိုနေရာမှာပင် ဘုန်းကြီးငါးပါးပင့်ကာ သရဏဂုံ တင်သည်၊ တံရားနာသည် အုတ်ဘိလပ်မြေဖြင့် ကြိုတင်စီစဉ် ပြုလုပ်ထားသော မြေကျင်းထဲသို့ နှောင်း၏အလောင်းကို ချလိုက် သည်နှင့် ဆောင်း အားရပါးရ ငိုရပြန်သည်။

သေဆုံးသူအပေါ်တွင် သံယောဇဉ်ကြီးသောသူတို့ သည် သေဆုံးချိန်တွင် ပထမ နာရီပေါင်းများစွာ ငိုကြွေးသည်။ ဒုတိယ အလောင်းကို အခေါင်းသွင်းချိန်တွင် သည်းထန်စွာငိုပြန် သည်။ တတိယ အလောင်းမြေချချိန်တွင် တအားကြီး ငိုကြပြန် သည်။

ဆောင်း တတိယအကြိမ် တအားကြီး ငိုကြွေးပါ၏။

အောင်မြင့်မွန်သည် နှောင်း၏အလောင်း မြေချသည် တွင် မျက်ရည်တွေပေါက်ပေါက် ကျဆင်းပါ၏။ မေးရိုးကြီးနှစ်ဖက် ကြွတက်လာအောင် အံကြိတ်ထားရင်းကပင် မျက်ရည်ပေါက်ပေါက် ကျခြင်းဖြစ်သည်။ ထူးဆန်းချက်တစ်ခုမှာ ...

ဒီပ ဝဏ္ဏနှင့် စိုင်းခက်တို့ သုံးဦးလည်း အသုဘ လိုက်ပို့ကြသည်။





ဒီပ လက်တွင် ပက်တီးစည်းထားပြီး ပဝါဖြင့် ပက်တီးစည်းလက်ကို ဆိုင်းတင်ထားသည်။

သူတို့အမှုအရာတွေမှာ မနေ့က ဖြစ်ခဲ့ကြသည်ကို ဘာမှပဓာနမထား ဗွေမယူသလို ကြည်ကြည်လင်လင် ရှိနေကြ သည်။

အလောင်းမြေဖို့ရာတွင် အများနည်းတူ ဒီပ ဝဏ္ဏ စိုင်းခက်တို့ကလည်း မြေတစ်ဆုပ် ကျောက်တစ်ဆုပ်စီ စတီအား ဖြင့် ဝင်ဖို့သည်။

ပန်းရုံဆရာများ အုတ်ဂူကိုင်ချိန်တွင် လူရှင်းစပြုလေ ပြီ။

ဆောင်း ထိုင်နေသောနေရာသို့ ဒီပ ဝဏ္ဏနှင့်စိုင်းခက် တို့ ရောက်လာကြသည်။ စိုင်းခက်ကတော့ ခပ်လှမ်းလှမ်းမှာပင် ရပ်ကျန်ခဲ့ပြီး ဒီပနှင့်ဝဏ္ဏက ဆောင်းနှင့်လေးငါးခြောက်ပေအထိ လာကာ ...

"ဆောင်းကို မနေ့က ကျွန်တော့်အပြုအမူအတွက် တောင်း ပန်ပါတယ်၊ မနေ့က ကျွန်တော် နည်းနည်းသောက်တာ များသွားလို့ပါ၊ နောက်တစ်ချက်က နှောင်း အသက်ထင်ရှား ရှိတုန်းကဆိုရင် ကျွန်တော်တို့နဲ့ ပြောမနာဆိုမနာ နေကြတာ ပါ၊ ကျွန်တော်တို့ကလည်း နှောင်းကို ပြောချင်ရာပြောတာ ပဲ၊ နှောင်းကလည်း ကျွန်တော်တို့ကို ပြောချင်ရာပြောတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ နှောင်းနဲ့ကျွန်တော်တို့ ခင်မင်ပြီးတာမို့ နှောင်းရဲ့အစ်မ ရင်းဆောင်းကို မိတ်ဆက်ပြီးတဲ့နောက် နှောင်းနဲ့ဆက်ဆံ သလိုပဲ ကျွန်တော်တို့ အပြောအဆို လွန်သွားတာပါ။ ဆောင်းက မမျှော်လင့်ဘဲ ပါးရိုက်လိုက်တော့ အရက်မူးနေတဲ့ ကျွန်တော်တို့ မဆင်မခြင် ဒေါက်သနောက်ပါသွားပြီး ဆောင်းကို ချုပ်ကိုင်အနိုင်ကျင့်တဲ့သဘော သက်ရောက်သွား တာပါ၊ ဒါပေမဲ့ဗျာ အဲဒီပွဲမှာ ကျွန်တော်တို့ ခံလိုက်ရတာ ပါ၊ အိမ်ရောက်တော့ ဝဏ္ဏနဲ့စိုင်းခက်က ကျွန်တော် လွန် ကြောင်းပြောပြလို့ ကျွန်တော် သဘောပေါက်ပြီး စိတ်ထဲမှာ ဘာမှအမှတ်မထားတော့ပါဘူးဗျာ”

ဒီပက ကျေအေးစကား ဆိုရမလား၊ တောင်းပန် စကား ဆိုရမလားတော့ မသိ။ ငိုနေသော ဆောင်းအား ကရား ရေလွှတ် တတွတ်တွတ်ပြောနေသည်။

ယခု ဆောင်း ငိုနေခြင်းမှာ မနေ့က ကိစ္စကြောင့် မဟုတ်။ ညီမလေးနှောင်းကို အပြီးအပိုင် စွန့်လွှတ်ရသည့် မြေချ အုတ်ဂူဆောက်ခြင်းကြောင့် ဖြစ်ပေသည်။

“အေးဗျာ၊ ကိုအောင်မြင့်မွန်ကိုလည်း ဆောင်းကပဲ ပြော ပေးပါ၊ ကျွန်တော်တို့ ဘယ်လိုမှ အာဃာတ မထားပါဘူးလို့ အဲ … တစ်ခုပဲ ကျွန်တော် အံ့ဩသွားတယ်၊ နှောင်းနဲ့ ကျွန်တော်တို့ အရောတဝင်နေတာကို ကိုအောင်မြင့်မွန်





မလိုလားပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ကို ဘာတစ်ခွန်းမှ မပြောဘူး၊ ရန်လည်း မလုပ်ဘူး၊ အခု ဆောင်းနဲ့ပတ်သက် တဲ့ ကိစ္စကျတော့ ကိုအောင်မြင့်မွန်ဟာ ကျွန်တော့်ကို သေနတ်နဲ့တောင် ပစ်တဲ့အထိ အားခဲလာတာကိုပဲ အံ့ဩတာ ပါ”

“ဒါတော့ မမဆောင်းနဲ့မမနှောင်းက မတူကြဘူးလေ ကိုဒီပ”

ဆောင်းနှင့် မနီးမဝေးတွင်ထိုင်နေသော အောင်တင့် မွန်က ဝင်ပြောသည်။

“ဆိုပါဦး ဘယ်လိုမတူတာလဲ အောင်တင့်မွန်”

“မမနှောင်းက အစ်ကိုကြီးရဲ့စကားကို နားထောင်တာမှ မဟုတ်တာ၊ နောက်ပြီး မမနှောင်းကိုယ်တိုင်က ကိုဒီပတို့ အဖွဲ့ကို အရောတဝင် လက်ခံနေတော့ အစ်ကိုကြီးအနေနဲ့ ဝင်စွက်ဖက်ဖို့ ခက်နေတာပေါ့၊ အခု မမဆောင်းနဲ့ မနေ့က ကိုဒီပတို့ဖြစ်ပုံက မမဆောင်းရဲ့ လိုက်လျောမှု လုံးဝမရှိဘဲ ကိုဒီပက သက်သက်အနိုင်ကျင့်တဲ့သဘော သက်ရောက်နေတယ်၊ ဒါကြောင့် အစ်ကိုကြီး ကြားဝင်လိုက် တဲ့သဘောပဲ”

ပြောပြောဆိုဆို အောင်တင့်မွန် နေရာမှဆောင့်အောင့် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပ ဝဏ္ဏစိုင်းခေါ် သုံးဦးက ဆောင်းကို နှုတ်ဆက်သည်။ ကိုအောင်မြင့်မွန်ကိုလည်း နှုတ်ဆက်ရန် လှမ်းကြည့်သည်။

ကိုအောင်မြင့်မွန်က ထိုလူဆိုးသုံးဦးကို မျက်နှာလွှဲထားသည်။ အောင်တင့်မွန်ကလည်း ဆောင့်အောင့်ထွက်သွားပြီးနောက် သူ့အစ်ကို အောင်မြင့်မွန်အားတွင် ကပ်ထိုင်နေသည်။

အောင်တင့်မွန်က ဒီပတို့အဖွဲ့သည် မိမိ ကျောင်းထုတ်ခံရသည်ဟု စွပ်စွပ်စွဲစွဲ မမဆောင်းကိုပြောကြောင်းတွေ အောင်မြင့်မွန်အား ပြန်ပြောပြနေသည်ပဲ ဖြစ်ပေမည်။

ဒီပတို့သုံးယောက် ပြန်သွားကြသည်။

တဖြည်းဖြည်းနှင့် အုတ်ဂူပြီးအောင် ထိုင်စောင့်နေသူများ သိပ်မရှိတော့။ အရင်းအချာဖြစ်သော အောင်မြင့်မွန်ညီအစ်ကို၊ ဒေါ်အဲလှစ်၊ နန်းကြာဖြူ၊ ဆောင်းနှင့်ဒေါ်လေးသုဇာတို့သာ ရှိတော့သည်။

တခြားလူလေးငါးဆယ်ဦးခန့်တော့ ရှိသေးသည်။ သူတို့ကို ဆောင်း မသိ။ ကိုအောင်မြင့်အပေါ် သိပ်သံယောဇဉ်ထားသော သူ့လက်အောက် ခြံအလုပ်သမားတွေ ဖြစ်ဟန်တူပါ၏။

ယခုအချိန်ထိ ဆောင်းနှင့် အောင်မြင့်မွန်သည် ဟုတ်တိပတ်တိ စကားမပြော ဖြစ်ကြသေးပေ။ မပြောမဖြစ်ကိစ္စ စကားပြောစရာရှိလျှင် အောင်တင့်မွန်က တစ်ဆင့်ပြောကြသည်။





ဒါလည်း ကြီးကြီးကျယ်ကျယ် ကိစ္စစကားမျိုးတော့ မဟုတ်။

ဆောင်းက ဒေါ်လေးသုဇာနှင့်အတူ နှောင်း၏ အခန်းမှာပင် တက်နေမည်။ နှောင်း၏ကျန်ခဲ့သော ပစ္စည်းတွေကို စစ်ဆေးကြည့်ရှုခြင်းအားဖြင့် နှောင်း၏ အတိတ်အကြောင်းကို စူးစမ်းလိုသည်ဟု အောင်တင့်မွန်ကတစ်ဆင့် အောင်မြင့်မွန်ကို ပြောစေချင်တာဖြစ်သည်။

ဆောင်း၏ဆန္ဒကို အောင်မြင့်မွန်က ခေါင်းညိတ်လက်ခံပေသည်။

ဆောင်း၏ အုတ်ဂူသွင်းချိန် ဒီဇင်ဘာလဝယ် ချယ်ရီပန်းတွေ ဖြိုင်ဖြိုင်ပွင့်နေသည်မှာ ပွင့်ချိန်မို့ ပွင့်သည်ပေလား၊ သို့မဟုတ် ချယ်ရီကိုနှစ်သက်သောကြောင့် နှောင်း မြေချအုတ်ဂူသွင်းချိန်တွင် အစွမ်းကုန် ပွင့်နေခြင်းပေလားတော့ ဆောင်း မသိ။ ပွင့်လိုက်သည်မှ နှောင်း၏အုတ်ဂူကို ခရမ်းရောင် မျက်နှာကြက် မိုးထားသလား ထင်ရသည်။ အရွက်ပင်မရှိပဲ ပန်းတွေချည်းသက်သက်ပွင့်နေခြင်းမျိုး ဖြစ်ပါ၏။

နေ့ ၁ ချက်တီးက စတင်တည်ဆောက်သည့် နှောင်း၏ အုတ်ဂူလေးမှာ ညနေ ၅ နာရီထိုးသည်အထိ မပြီးသေး။

ကိုအောင်မြင့်မွန်ကိုယ်တိုင် ပန်းရံဆရာတွေနှင့်အတူ ဝင်ရောက်လုပ်ကိုင်နေရာမှ ဆောင်းရှိရာသို့ တစ်လှမ်းခြင်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



သောသည်။ သူ့အပေါ်ပိုင်း တစ်ကိုယ်လုံး ချွေးများရွှဲစိုပြီး ဝတ်ထားသောအင်္ကျီက ချွေးတွေဖြင့် သူ့အသားကို ကပ်နေသည်။ ချည်ချောပုဆိုးကို ဒူးဆစ်အထိ တိုတိုဝတ်ထားသည်။

"မဆောင်း အိမ်ကြီးပေါ်ကို သွားသင့်ပြီထင်တယ်၊ စည်ပင်ရဲ့ ညနေခင်းဟာ တစ်ခါတလေ အအေးသိပ်လွန်ကဲတတ်တယ်၊ ဒီမှာ နေနေကျလူတွေအတွက် အကြောင်းမဟုတ်ပေမယ့် မဆောင်းတို့က ခုမှရောက်ဖူးလာတာဆိုတော့ ရာသီအပြောင်းအလဲဒဏ် ခံရတာမျိုး ဖြစ်မှာစိုးလို့ပါ"

ဆောင်းက ကိုအောင်မြင့်မွန်ကို မော့ကြည့်သည်။ ပြီးမျက်ရည်တွေကြားကပင် ဝေဝါးစွာမြင်ရသော ကိုအောင်မြင့်မွန်ကိုကြည့်ကာ ခေါင်းညိတ်ပြသည်။

ဟုတ်လည်း ဟုတ်နေပါ၏။ စည်ပင်၏ ညနေ ဆောင်းသည် အအေးလွန်ကဲနေသည်။ နေ့ခင်းတုန်းက နေရောင်ပူနွေးနေသောကြောင့် ဆောင်းသည် အနွေးထည် မယူခဲ့မိ။ နေ့ ၁ နာရီမှ ယခုညနေ ၅ နာရီအထိ ထိုင်နေသည့်အတွက် ညောင်းလည်းညောင်း အေးလည်းအေးဒဏ်ကို လက်တွေ့ခံစားနေရမှာက လည်း အမှန်။

ယခု ကိုယ်ပန်းစိတ်နွမ်း ပြင်းထန်ချိန်ဝယ် ထွေးထွေးနွေးနွေး အိမ်ရာထက်တွင် လှဲနေချင်သောဆန္ဒလည်း ရှိနေခိုက် ဖြစ်သည်။





ဆောင်း ထိုင်ရာမှထသည်။ ကိုအောင်မြင့်မွန်အား 'သွားတော့မယ်'ဟု စိတ်ထဲက နှုတ်ဆက်ချင်သော်လည်း နှုတ်ခမ်းပေါ်က ဖွင့်ဟနှုတ်ဆက်ခြင်းမပြု။

"လာ ... သွားစို့ ဒေါ်လေးသူဇာ၊ နက်ဖြန်မိုးလင်းမှ နှောင်းရဲ့အုတ်ဂူလေးကို လာကြည့်ကြသေးတာပေါ့"

ဆောင်းသည် နှောင်း၏ အပြီးမသတ်သေးသော အုတ်ဂူလေးကိုလည်းကောင်း၊ ကိုအောင်မြင့်ကိုလည်းကောင်း ကျောခိုင်းကာ ထိုနေရာမှ အိမ်ကြီးဆီသို့ တက်လာခဲ့တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၆

အိမ်ကြီးပေါ် ပြန်ရောက်သောအခါ ဆောင်း ရေမချိုးနိုင်ပါတော့။ နောင်း အသုဘချသည့်နေ့ကျမှ အအေးဓာတ်ပိုမိုလွန်ကဲသည်ဟု ဆောင်း ထင်မိသည်။

ခြေဆေးလက်ဆေး မျက်နှာသစ် သန့်စင်ရုံမျှ ရေကိုကိုင်ကာ အနွေးထည်ထပ်ဝတ်ပြီး အိပ်ရာထက်တွင်လှဲလျောင်း စောင်ခြုံလိုက်သည်။

စိတ်ပန်းလူပန်း ဖြစ်လှသည့်ကြားကပင် ဆောင်း၏ခေါင်းထဲတွင် အတွေးပေါင်းမျိုးစုံ ပလုံစီဝင်ရောက်လာသည်။

ပလုံစီအတွေး ဟူသမျှသည် ညီမလေးနောင်းနှင့်သာ ပတ်သက်နေသည်။

ပထမဦးစွာ ကိုအောင်မြင့်မွန်ကို မြင်ယောင်လာမိသည်။ ချက်ချင်းပင် ထိုမြင်ယောင်လာသည်ကို စိတ်အခန်းထဲမှ မောင်းထုတ်ပစ်လိုက်သည်။





ပြီး စည်ပင်သို့ မိမိ ရောက်လာသည်။ သောကြာနေ့ ယနေ့စနေနေ့အထိ မိမိ စိတ်ထဲတွင် အမှတ်ထားမိသူများ ဆောင်း စဉ်းစားရေတွက်ကြည့်သည်။

ဒေါက်တာစောဒီ

ဒေါက်တာစောဒီသည် နောင်း၏တစ်ကိုယ်လုံးကို ခွဲစိတ်စစ်ဆေးခဲ့သူဖြစ်သည်။ သူ၏စစ်ဆေးချက်တွင် နောင်း၏အဆုတ်ထဲတွင် ရေတွေအပြည့်ဝင်ပြီး အသက်ရှုလမ်းကြောင်း ပိတ်ဆို့ ရေနစ်သေဆုံးသည်ဟု တိတိပပဆိုသည်။

ဒေါက်တာစောဒီတွင် နောင်း၏အလောင်းကို စစ်ဆေးရာ၌ ရေနစ်သေဆုံးခြင်းအပြင် အခြားသေဆုံးနိုင်သော အချက်အလက်တွေ ရှိလေဦးမလား။

ဆောင်းအနေနှင့် ဒေါက်တာစောဒီကို နှစ်ယောက်ချင်း ထပ်မံတွေ့ဆုံသင့်သည်ဟု ဆုံးဖြတ်လိုက်သည်။

ဦးဘကြူးနှင့်ဦးစံလင်း

သူတို့နှစ်ဦးက ရွာမိရွာဖ ကျေးရွာလူကြီးတွေဖြစ်သည်။ သူတို့နှစ်ဦးသည် စည်ပင်ကျေးရွာက ကြည်ညိုလေးစားပြီး တင်မြှောက်ထားသော တောင်ယာသမားကြီးတွေသာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အထူးသဖြင့် ကိုအောင်မြင့်မွန် စည်ပင်ရောက်လာ ပန်းသီးခြံစိုက်မှ ဦးဘကြူးနှင့် ဦးစံလင်းကို ပန်းသီးခြံတွင် ကိုအောင်မြင့်မွန်က လူကြီးအရာခန့်ထားသော ကိုအောင်မြင့်မွန်၏ အလုပ်သမားကြီး နှစ်ဦးဖြစ်သည်။

ဦးဘကြူးနှင့် ဦးစံလင်းရှေ့တွင် နှောင်း၏အလောင်းကို ဒေါက်တာစောဒီက ခွဲစိတ်သည်ဆိုသော်လည်း သူတို့နှစ်ဦးသည် ခန္ဓာကိုယ်အကြောင်းရော၊ ခွဲစိတ်ခြင်းအကြောင်းရော ဘာဘယ်လို နားလည်ပေမည်နည်း၊ ဒေါက်တာစောဒီက ဒီလိုပါဆိုလျှင် သူတို့ကလည်း ဒီလိုပါဟု ခေါင်းညိတ်ပြောဆိုမည်သာ။ ကျေးရွာလူကြီး နှစ်ဦးရှေ့တွင် ခွဲစိတ်ပါသည်ဆိုခြင်းမျှသာတည်း။

ဘာပဲဖြစ်ဖြစ် ဆောင်းသည် လိုအပ်လာပါက ဦးဘကြူးနှင့် ဦးစံလင်းအား နှောင်းကိစ္စနှင့်ပတ်သက်၍ ထပ်မံတွေ့ဦးမည်ဟု မှတ်ချက်ချပြန်သည်။

ဒေါ်အဲလစ်နှင့်နန်းကြာဖြူ

ဒေါ်အဲလစ်ကိုတော့ ဆောင်း ဘယ်လိုမှတွက်၍ မရသေး၊ စကားသိပ်နည်းပြီး အလုပ်အများကြီးလုပ်သည်၊ ဒေါ်အဲလစ်သည် ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။





ဒေါ်လေးသူဇာက စည်ပင်အိမ်တွင် သူမနှင့်သက်တူရွယ်တူ ဒေါ်အဲလစ်ကို အပေါင်းအသင်း လုပ်ကြည့်သည်။

"ဟဲ့ ... ဒေါ်အဲလစ်က ခြေနှစ်ဖက်လက်နှစ်ဖက် အမြဲလှုပ်ပြီး အလုပ်ကိုသာဖိလုပ်တာ ပါးစပ်ကတော့ မလှုပ်ဘူးဟဲ့၊ စိတ်ပျက်စရာကြီး ဒေါ်အဲလစ်နဲ့ စကားပြောရတာ အအနဲ့ စကားပြောရသလိုပဲ"ဟု ဒေါ်လေးသူဇာ ညည်းသံကြားရသည်။

နန်းကြာဖြူကိုတော့ ဆောင်း စိတ်ဝင်စားမိသည်။ နန်းကြာဖြူတွင် ကရင်အမျိုးသမီးငယ် တစ်ဦး၏အလှမျိုး တွေ့ရှိသည်။ ဖြူဝင်းစိုပြည်သော အသားအရောင်ရှိသည်။ ပါးအုံကလေးတွေ ဖောင်းနေသည်။ မျက်လုံးမျက်ခုံးလှသည်။ အသက် ၁၈ နှစ်အရွယ်မို့ အပျိုရည်အပျိုသွေး တက်ကြွနေသည်။

အကျီဖြူဖြူပွပွကို ကြယ်သီးစုံ တပ်ထားသည့် ကြားကပင် သူမ၏ရင်ကလေး မို့မောက်စို့ပို့နေသည့်ပုံရိပ် ပေါ်လွင်သည်။ ကိုယ်လုံးကိုယ်ထည်လေးက ဝသည်ဟု မဆိုသာ ပိန်သည်ဟုလည်းမဆိုသာ ကြည့်ကောင်းသော ကိုယ်လုံးကိုယ်ထည်ရှိသည်။ သို့သော် ခါးတုတ်သည်၊ တင်ပြားသည်၊ ခြေသလုံးကြီးထွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းကြာဖြူကို လုပသော မိန်းကလေးဟု ပြောသည်ထက် ချစ်စရာကောင်းသော မိန်းကလေးဟု ဆိုရချိမ့်မည်။

အထူးသဖြင့် ဆောင်း နန်းကြာဖြူကို စိတ်ဝင်စားသည်မှာ နန်းကြာဖြူသည် အချိန်ရှိသလောက် ဆောင်းအား တိတ်တခိုးအကြည့်ဖြင့် အမြဲကြည့်တတ်သည်ကို ကျောင်းဆရာမဆောင်းက သတိထားမိသည်။

နန်းကြာဖြူ မိမိကို တိတ်တခိုး အမြဲကြည့်ခြင်းမှာ အကြောင်းတစ်ခုခုတော့ ရှိရပေမည်။ သို့သော် စည်ပင်သို့ရောက်သည်မှာ မကြာလှသေးသောကြောင့် နန်းကြာဖြူ ပုစ္ဆာကို ဆောင်း မတွက်နိုင်သေး။

ဆောင်းတွင် နှောင်း သေဆုံးရခြင်းနှင့်ပတ်သက်ပြီး ပုစ္ဆာတွေက များလွန်းလှသည်။

ကိုဒီပ၊ ကိုဝဏ္ဏ၊ ကိုစိုင်းခက်

သူတို့သုံးယောက်သည် နှောင်းနှင့် ခင်မင်ခဲ့သူများဟု ဆိုသည်။ မည်သို့မည်ပုံ ခင်ကြခြင်းမျိုးနည်း။

နှောင်းတစ်ယောက် ကိုအောင်မြင့်မွန်နှင့် လက်ထပ်အိမ်ထောင်ကျသွားပြီးမှ အနေအထိုင် မည်သို့ရှိလေမှန်းတော့ ဆောင်း မသိ။ အပျိုတုန်းကမူ နှောင်းသည် ဘွိုင်းဖရန့်





ခေါ် ယောက်ျားသူငယ်ချင်းများစွာ ထားတတ်သည့်အကျင့် ရှိခဲ့သည်။

နှောင်းသည် ဆိုရှယ်ကျသည်။

ယောက်ျားလေးတွေနှင့် ဟေးလားဝါးလား နေရခြင်းမျိုးကို နှောင်း နှစ်သက်သည်။

နှောင်း တက္ကသိုလ်ကျောင်းသူ ဘဝကဆိုလျှင် ရည်းစားထည်လဲထားသည်။

တစ်ယောက်သောရည်းစားနှင့် လမ်းခွဲကွဲသွား၍ နှောင်း စိတ်တွင် ခံစားရသည်မျိုးမရှိ၊ မကြာမီ နောက်တစ်ယောက်နှင့် နှောင်းက တွဲပြန်သည်။ ဤသည်တို့မှာ နှောင်း တက္ကသိုလ်ကျောင်းသူဘဝက အပျော်တမ်းရည်းစားထားခဲ့ခြင်းမျိုးသာ။

သို့သော် နှောင်းတွင် အလွန်ကောင်းသော အကျင့်တစ်ခုတော့ရှိသည်။ ချစ်သူအမျိုးမျိုး ရည်းစားအမျိုးမျိုးနှင့် တွဲစေကာမူ နှောင်းက ဘယ်သူ့ကိုမှ အလွန်အကျွံ အဖြစ်မခံ သူမ၏အပျိုရည်ကို လုံးဝအထိမပါး မခံမှန်းကိုတော့ ဆောင်း သေသေချာချာ ဂဃနဏသိသည်။ အပျိုဘဝ တက္ကသိုလ်ကျောင်းသူဘဝ စိတ်၏သာယာမှုကို အဓိကထား၍ ပြီး ရည်းစားများခဲ့ခြင်းသာဖြစ်သည်။ ကိုအောင်မြင့်မွန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီး ကာမပိုင်လင်ယောက်ျားနှင့် လက်ထပ်ပြီး နောက်မှာတော့ နှောင်းသည် ဤသို့အကျင့်မျိုး မရှိတန်ရာ။ သည်ကြားထဲကပင် ကိုအောင်မြင့်မွန် ပြောလိုက်သော စကားတစ်ခွန်းကို ဆောင်း ပြန်တွေးကြည့်သည်။

ဒီပက ကိုအောင်မြင့်မွန်အား နှောင်း သေသွားပြီးမှ သတ္တိတွေ သိပ်ကောင်းနေပါလားဟု ပြောရာတွင် ...

"ဟုတ်တယ် ကိုဒီပ၊ နှောင်းနဲ့တုန်းကလည်း ကျုပ်သတ္တိတွေဟာ နည်းနေလို့မဟုတ်ဘူး၊ အရာရာမှာ နှောင်းနဲ့ အတိုက်အခံ မဖြစ်ချင်လို့ ကျုပ် သည်းခံပြီး မျက်နှာလွှဲနေတာ"ဟု ကိုအောင်မြင့်မွန် ပြန်ချေပစကားဆိုသည်။

ကိုအောင်မြင့်မွန်၏ စကားအရ နှောင်းနှင့်ကိုဒီပတို့ ဆက်ဆံခဲ့သည်မှာ မည်သို့ပေနည်း။ ကိုဒီပနှင့်နှောင်း ဆက်ဆံရေးကို ကိုအောင်မြင့်မွန် မကျေနပ်ခဲ့သော်လည်း နှောင်းနှင့် အတိုက်အခံစကားများ ရန်ဖြစ်ရသည်မို့မပြောဘဲ ရှောင်နေလိုက်သည် ဆိုသည့်သဘော သက်ရောက်နေသည်။

ပြီး ဒီပတို့အဖွဲ့ လူဆိုးသုံးယောက်ကို မိမိ ပန်းသီးခြံတွေကို အနှောင့်အယှက်ပေးမည် စိုးရိမ်သောသဘောဖြင့် အလိုက်အထိုက် ဆက်ဆံနေရသည့်သဘောလည်း ရှိနေသည်။

နှောင်းကိုယ်တိုင်လည်း လင်တော်မောင်၏ လုပ်ငန်းများကို





အနှောင့်အယှက်ပေး ခံရမည်စိုးရိမ်ပြီး ဒီပတို့သုံးဦးကို မလိုက်ရယော ဆက်ဆံခြင်း ဖြစ်ချင်လည်းဖြစ်မည်။ သို့သော် နှောင်း သေဆုံးသွားပြီးနောက် ထိုလူဆိုးသုံးဦးသည် နှောင်း မျက်နှာထောက်စရာ မလိုတော့ဘဲ ပန်းသီးခြံတွေကို အနှောင့်အယှက် ပေးမည်ဆို ပေးနိုင်လောက်သည်။

ကိုအောင်မြင့်မွန်သည် နှောင်း ကွယ်လွန်သွားပြီးနောက် မိမိဆောင်းကို ထိပါးလာသော ဒီပကို ပြတ်သားစွာသေနတ်ပစ်ပြီး ဟန့်တားလိုက်သည်။

ဖနီးဖြစ်သော နှောင်း သေပြီးမှတော့ ပန်းသီးခြံတွေကို သင်းဖျက်စီးချင်လည်း ဖျက်စီးပလေ့စေတော့ ဟူသည့် သဘောပိုက်ကာ ဒီပတို့သုံးဦးကို ကိုအောင်မြင့်မွန် ရင်ဆိုင်လိုက်ခြင်းပေလား။

သူတို့သုံးဦးအနက် ကိုစိုင်းခက်ဆိုသူနှင့် ဆောင်း ဆက်သွယ်ကြည့်လျှင် နှောင်းနှင့်ပတ်သက်သော သတင်းထူးများ ရလေမည်လားဟုလည်း ဆောင်း စဉ်းစားသည်။ အကြောင်းမှ သူတို့သုံးဦးတွင် ဒီပနှင့်ဝဏ္ဏက တုံးတိုက်တိုက်ကျားကိုက်ကိုက် မိုက်ရူးရဲပုံစံမျိုးရှိသော်လည်း စိုင်းခက်က သွေးအေးအေးနှင့် စဉ်းစားပြီးမှ ဘာမဆို လုပ်ဆောင်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့်နှောင်း ပတ်သက်ရာ ပတ်သက်ကြောင်းတွေ ရှိမည်ဟုလည်း ဆောင်း ယူဆသည်။

ကိုအောင်မြင့်မွန်နှင့် အောင်တင့်မွန်

နှောင်းကို မလိုလားသူများထဲတွင် ကိုအောင်မြင့်မွန်နှင့် အောင်တင့်မွန်ကိုလည်း ဆောင်း ထည့်စဉ်းစားသည်။ ကိုအောင်မြင့်မွန်အနေနှင့် နှောင်းကို ဘာကြောင့်မလိုလား သနည်းဆိုသည့်အချက်ကို ပထမ စဉ်းစားကြည့်သည်။ ဒါဆို ...

လွန်ခဲ့သော ၄ နှစ်က အတိတ်ဖြစ်စဉ်တစ်ခုကို ပြန်ကောက်ရသည်။

လွန်ခဲ့သော ၄ နှစ်ကဆိုလျှင် ဆောင်း၏အသက် ၂၄ နှစ် အရွယ်ဖြစ်သည်။ နှောင်းက အသက် ၂၁ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တွင် နောက်ဆုံးနှစ်၊ ဆောင်း အထက်တန်းပြ ဆရာမ စတင်အလုပ်ဝင်သည်။

ကုက္ကိုင်းလမ်းပေါ်ရှိ ဆောင်းနှောင်းရိပ်မြုံဝယ် မိဘထားခဲ့သောအမွေဖြင့် ထိုင်စားနိုင်သော အခြေအနေရှိသည်။ ထိုစဉ်မှာပင် ဆောင်းနှင့်နှောင်း ညီအစ်မ၏ ဘဝထဲသို့ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့မှ စိုက်ပျိုးရေးတက္ကသိုလ်





ဘီအက်စ်စီ (စိုက်ပျိုးရေး)ဘွဲ့ရ အသက် ၂၆ နှစ်အရွယ် လူချောလူထွား ကိုအောင်မြင့်မွန်ဆိုသည့် လုလင်ပျိုတစ်ဦး သည် ကြွကြွကြိုက်ကြိုက် ရောက်ရှိလာသည်။

* ❀ *



www.burmeseclassic.com

www.burmeseclassic.com



## ၇

မှတ်မှတ်ရရဆိုလျှင် ထိုနေ့က သောကြာနေ့ ဖြစ်သည်။

ပန်းပဲတန်း အထက ၁ မှ အင်္ဂလိပ်စာပြ ဆရာမကြီး ဒေါ်ချိုချိုသည် တစ်ကျောင်းလုံးရှိ ဆရာမတွေကို ဖိတ်စာတိုလေးနှင့် လိုက်ဖိတ်ကြားသည်။

ဖိတ်စာအကြောင်းရင်းမှာ စနေနေ့ညပိုင်း ဒေါ်ချိုချို၏ ကျောက်မြောင်းသင်္ဂဟာလမ်းအိမ်တွင် ဘုရားကိုးဆူ ပူဇော်မည်ကို ကြွရောက်ပါရန် ဖိတ်ကြားခြင်း ဖြစ်ပါ၏။

ဆရာမကြီး ဒေါ်ချိုချိုသည် ကျောင်းရှိဆရာမများတွင် အသက်အကြီးဆုံးနှင့် ဝါအရင့်ဆုံးဖြစ်သည်။ ပန်းဘဲတန်း အထက ၁ သည် အမျိုးသမီးသက်သက်ကျောင်းဖြစ်သောကြောင့် ဆရာမတွေချည်း သင်ပြရသည်။ ဆရာမ်တွေအားလုံး ဆရာမ ဒေါ်ချိုချိုကို လေးစားချစ်ခင်ကြသည်။





ဆောင်း မသွားရှ်မဖြစ်။

အိမ်မှ လေးဘီးကားကို ညီမနှောင်း မောင်းစေပြီး လိုက်ပို့ခိုင်းသည်။ ည ၉ နာရီကျမှ နှောင်းက ပြန်လာကြိုမည်။

ဆောင်း ရောက်သွားချိန်မှာ ၇ နာရီကျော်ပြီမို့ ဖိတ်ကြားထားသော ဧည့်သည်တွေ တော်တော်များများ ရောက်နေပြီ။

"လာ... လာ ဆောင်း၊ ဆရာမတွေဝိုင်းကတော့ သူ့ဟာနဲ့သူ ပြည့်နေပြီ၊ ဟောဒီ အောင်မြင့်မွန်တို့ ညီအစ်ကိုဝိုင်းမှာ ဆောင်း ခဏထိုင်နော်၊ လူနည်းနည်းစဲသွားမှ ဝိုင်းပြောင်းတာပေါ့"

ထောင့်စွန်းကျသော စားပွဲဝိုင်းတစ်ခုသို့ ဆောင်းကို ခေါ်သွား နေရာချပေးရင်း မိတ်ဆက်ပေးသည်။

"ဟောဒါ အန်တီတို့ကျောင်းက သင်္ချာပြ အထက်တန်းကျောင်းဆရာမ ဆောင်းတဲ့၊ ဆောင်းရေ ဟောဒါက ငါ့တူ တောင်ကြီးကကွဲ့၊ အောင်မြင့်မွန်တဲ့၊ စိုက်ပျိုးရေးနဲ့ ဘီအက်စ်စီ ဘွဲ့ရပြီးတာ ကြာပြီ၊ ရှမ်းပြည်နယ်မှာ နိုင်ငံခြားပန်းသီးခြံတွေစိုက်ဖို့ ဩစတေးလျား သွားလေ့လာပြီးပြန်လာတာတောင် မကြာသေးဘူး၊ အခု ရန်ကုန်က သက်ဆိုင်ရာဌာနဆိုင်ရာတွေမှာ ဌာနဆိုင်ရာတွေရဲ့ ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



ချက်နဲ့ လိုအပ်တဲ့ အကူအညီ တောင်းခံလျှောက်ထားဖို့ ဆင်းလာတာလေ၊ ရန်ကုန်ရောက်တုန်း ဘုရားကိုးဆူနဲ့ ကြုံလို့ ညီအစ်ကို လာကြတာ၊ သူ့ညီလေး အောင်တင့်မွန်တဲ့"

မိတ်ဆက်ပေးပြီး တစ်စားပွဲတည်း အတူထိုင်ကြသည်။

"ဆောင်းရေ မမချို တခြားချည့်သည်တွေကို သွားကြိုဦးမယ်နော်"

ဆရာမ ဒေါ်ချိုချို ထွက်သွားသည်။

"အန်တီချိုကတော့ ဘယ်တော့ကြည့်ကြည့် ဒီပုံစံပဲ၊ တောင်ကြီး အထကမှာ အန်တီချို တာဝန်ကျခဲ့ဖူးသေးတယ်လေ"

"ကိုအောင်မြင့်မွန်က မမချိုရဲ့ ကျောင်းသားတပည့် ဖြစ်ခဲ့ဘူးသေးလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး ဆရာမ၊ တောင်ကြီး အထကမှာ အန်တီချို ရောက်လာတော့ ကျွန်တော်က ပျဉ်းမနားစိုက်ပျိုးရေး တက္ကသိုလ် ရောက်နေပါပြီ၊ ဒါပေမဲ့ အန်တီချိုက ဘယ်နေရာရောက်ရောက် လူချစ်လူခင်ပေါတော့ တောင်ကြီးက ကျွန်တော့်မိဘတွေနဲ့ မိတ်ဆွေဖြစ်သွားတယ်၊





ကျွန်တော့်မိဘရဲ့ တောင်ကြီးအိမ်ဟာ အန်တီချိုရဲ့ စားအိမ်သောက်အိမ် ဆွေမျိုးရင်းချာလို ဖြစ်သွားတယ်"

မုန့်ဟင်းခါးပွဲများ လာချပေးသည်မို့ အစားဘက်သို့ ရောက်သွားသည်။ အောင်မြင့်မွန်သည် ဆရာမ ဆောင်းအား ဂရုဘစိုက် ရှိလွန်းပေသည်။

ဆရာမ ပဲခြမ်းကြော်လေး ထည့်ဦးလေ၊ ဟင်းရည်ကော ထည့်ပါ၊ သံပရာလေး ညှစ်ပေးမယ်နော် စသည့် ဂရုစိုက်မှုဆတနာပို့မှုလေးတွေ ဖြစ်ပါ၏။

ဘာပြောပြော ထိုညက ပထမဆုံး တွေ့ဖူးသော ကိုအောင်မြင့်မွန်အား ရင်ထဲတွင် ကျိတ်၍ နှစ်သက်မိခဲ့သည်။

အင်း ... တိုတိုပဲ ဆိုကြပါစို့။

အတိတ်ကာလက မလှပခဲ့သော ဇာတ်လမ်းကို ဇာတ်လမ်းတို ပြန်နွှးနေတော့ကော ဘာထူးတော့မည်နည်း။

ဇာတ်က ကွက်ကျော်ရိုက်ဇာတ်လမ်းကြီး ဖြစ်သွားသည်။

ကျော်တော့ လေ့သူကြီး ညာတော့ လေ့ထိုးသားဇာတ်လမ်းကြီးပါပေ။

ဆရာမကြီး ဒေါ်ချိုချိုကို အကြောင်းပြုပြီး ကိုအောင်မြင့်မွန်သည် ဆရာမလေး ဆောင်း၏အိမ်သို့ အလည်လာပါရစေ



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်ဘမမှစကားခံကာ ဆောင်းနှောင်းရိပ်မြုံသို့ အဝင်အရောက် တွေ့ပြလာသည်။

ဆောင်းကလည်း ကိုအောင်မြင့်မွန် ဝင်ထွက်သွားလာသည်ကို လက်ခံပါ၏။

ဆောင်းနှောင်းရိပ်မြုံသို့ ကိုအောင်မြင့်မွန် လူပျို ကြီးသည် သူ့ လင်ရှိဗာကား တာယာပွန်းအောင် အဝင်အထွက် တွေ များခဲ့သည်။

ကိုအောင်မြင့်မွန်လိုလူအား အမျိုးသမီးအနေနှင့် အသည်းနှလုံးထဲက စိမ့်ထွက်လာသည့် မေတ္တာတွေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အိမ်ထောင်ကြင်ဖော် တစ်ဦးအဖြစ် လက်ခံသင့်သည့် အရည်အသွေးတွေ ရှိနေပေသည်။

ဥပမိရုပ် ချောသည်၊ အရပ်အမောင်းနှင့် ကိုယ်ခန္ဓာ ဆောက်တည်ပုံမှာ ယောကျ်ားပီသရုံမက အားကိုးချင်စရာကောင်းအောင် ကျန်းမာပြီး သိပ်ကြည့်ကောင်းသည်။ စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့ရပြီးသား ဖြစ်သည်။ လက်ရှိကိုယ်ပိုင် ခြံလုပ်ငန်း စိုက်ခင်းလုပ်ငန်းဖြင့် ကြွယ်ဝရုံမက ရည်ရွယ်ချက် အလွန်ကြီးမားသော နိုင်ငံခြား ပန်းသီးခြံတွေ ဖြစ်မြောက်ရေး ကြိုးစားနေသည်။ စိတ်နေသဘောထား ကောင်းမွန်မြင့်မြတ်ပြီး တည်ကြည့်ခန့်ညားသည်။





သို့သော် ...

ဆောင်းနှောင်းရိပ်မြုံသို့ ကိုအောင်မြင့်မွန် ဝင်ထွက်သည်နှင့် ဆောင်း၏မိတ်ဆွေလည်း ဖြစ်သွားသည်။

ဆောင်းက အရာရာတွင် အေးဆေးတည်ငြိမ်သည်။

နှောင်းက အရာရာတွင် သွက်သည်။

ဆောင်းအဖို့ အထက်တန်းပြ ဆရာမဖြစ်နေ၍ ကျောင်းပိတ်ရက်မှလွဲပြီး ကျောင်းမှာပင် နံနက်က ညနေအထိ အလုပ်များ အနေများသည်။

နှောင်းက တက္ကသိုလ်ဖိုင်နယ် ကျောင်းသူမို့ ကလပ်ဘက်ချိန် နည်းပါးပြီး အိမ်မှာနေချိန် များပြားသည်။

ပြီး နှောင်းကိုယ်တိုင်လည်း ဆောင်းလိုပင် လှပချောမော ကိုယ်ထည်ကြော့ရှင်းသူ ဖြစ်သည်။ အသက်ပိုငယ်သူမို့ အနုအပျိုတွေ ပို၍ ရွှန်းစိုသည်၊ တင်းမို့လုံးကျစ်သည်။

ဤမှာပင် အိမ်မှာ အနေများသော နှောင်းနှင့် အလာများသော အောင်မြင့်မွန်တို့ ရုပ်ရှင်နေ့ပွဲ အတူသွားကြည့်ဖြစ်သည်။ အင်ယားကန်ဟိုတယ်၊ သမတဟိုတယ်၊ ကရဝိတ်ဟိုတယ်၊ စထရင်းဟိုတယ်များတွင် အပျော်တမ်း နံနက်စာ အကြိမ်ကြိမ် အတူတူ သွားစားဖြစ်ကြသည်။ သွား၍ မစားဖြစ်သော နေ့တွင် ဆောင်းနှောင်းရိပ်မြုံမှာပင် အောင်မြင့်မွန်က နှောင်းနှင့် အတူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှင့်နှောင်း ညီအစ်မ၏ဖေဖေ ကျန်ခဲ့သော စစ်တုရင်ခုံတွင် စစ်တုရင်ထိုးသည်။ ဝါးပတ္တလားကြီး တီးခတ်သီဆိုကြသည်။

နှောင်းက သူ့မ ဖေဖေ ရှိစဉ်ကတည်းက ဖေဖေနှင့် အပြိုင် စစ်တုရင် ထိုးနိုင်သည်။

ဖေဖေ သင်ပေးသော ဝါးပတ္တလား ကောင်းကောင်း တီးတတ်သည်။

သမီးကြီး ဆောင်းက ဒါတွေဘက်တွင် စိတ်မသန်၊ မသင်ကြား၊ အချိန်ရှိသရွေ့ စာဖတ်ပြီး အေးဆေးတည်ငြိမ်စွာ နေလေ့ရှိသဖြင့် ညီမလေးနှောင်းလို စစ်တုရင်လည်း မထိုးတတ်၊ ပတ္တလားလည်း မတီးတတ်။

ကိုအောင်မြင့်မွန်က မြန်မာ့ရိုးရာ စောင်းသံကို နှစ်သက်သည်။

ဦးနှောက်ကို အလွှာလိုက် အသုံးပြု ထုတ်နုတ်ပြီး ကစားရသော စစ်တုရင်တွင် စိတ်ဝင်စားသည်။ နိုင်ငံခြားဂိမ်းများ ဖြစ်သည့် ဂေါ့(ဖ်)ရိုက်ခြင်း၊ တင်းနစ်(စ်) ရိုက်ခြင်းတို့တွင် အောင်မြင့်မွန် ဝါသနာမပါ၊ ကာယကျန်းမာရေးအတွက် ကာယ လေ့ကျင့်နည်းဖြင့် လေ့ကျင့်စေကာမူ ဂေါ့ဖ် တင်းနစ်တွင် ဝါသနာ မပါ။





ဒီတော့လည်း လူပျိုကြီး အောင်မြင့်မွန်နှင့် အပျိုမလေး နှောင်းတို့ တွေ့ကြပြီပေါ့။

တွေ့ပါများတော့လည်း မရှောင်သာသည့် ကြောင်လိမ်ကြား ညည်းနဲ့ ငါနဲ့ညားတွေအထိ ဖြစ်သွားသည်။

တစ်လခန့်ပဲ ကြာလိုက်သည်။

နှောင်းက သူ့မ၏ မမဆောင်းကို မျက်နှာလေးငယ်ငယ်နှင့် ဖွင့်ပြောတော့သည်။

“မမဆောင်းရေ နှောင်းနဲ့ကိုအောင်မြင့်မွန် လက်မထပ်ရင် မဖြစ်တော့ဘူး၊ လက်ထပ်ရတော့မယ်”

“ဟယ် … ဘာလို့”

“မနေ့ကပဲ ကိုအောင်မြင့်မွန်နဲ့နှောင်း အနေအထိုင် လွန်လွန်ကဲကဲတွေ ဖြစ်သွားကြပြီ မမဆောင်း၊ နှောင်း ဟိုအရင်တုန်းကလည်း အမျိုးသားတွေနဲ့ တစ်တွဲပြီးတစ်တွဲ တွဲခဲ့ပါတယ်၊ ဒါပေမဲ့ ဘယ်တုန်းကမှ ဘယ်အမျိုးသားနဲ့မှ အနေအထိုင် မလွန်ကဲခဲ့ဘူး၊ နှောင်း ကိုယ့်ကိုယ်ကိုယ် သိပ်ထိန်းသိမ်းခဲ့ပါတယ်၊ ခွာတဲ့အခါလည်း ငှက်ပျောခွံ လွှင့်ပစ်သလို ရင်ထဲမှာ ဘာခံစားမှုမှ မရှိဘဲ ခွာထုတ်လိုက်တာပဲ၊ နောက်တစ်ချက် နှောင်း စွဲမြဲထားတာက နှောင်းရဲ့ အပျိုရည်ကို နှောင်း တကယ် လက်ထပ်မဲ့သူနဲ့ကျမှ

www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်မယ်လို့၊ ဒီတော့ အစ်ကိုအောင်မြင့်မွန်နဲ့ နှောင်း လက်ထပ်မှ ဖြစ်တော့မယ် မမဆောင်း၊ အစ်ကို အောင်မြင့်မွန်ကလည်း ဒီလိုဖြစ်ပြီးမှတော့ လက်ထပ်လိုက်တာ အကောင်းဆုံးပဲလို့ ပြောတယ်၊ လက်ထပ်လိုက်ကြစို့တဲ့"

ဟင်းခနဲ ဆောင်း သက်ပြင်းကြီး ချမိပါ၏။ ပြီးလေးတွဲစွာ ပြန်၍ မေးမြန်းလိုက်မိသည်။

"ကိုအောင်မြင့်မွန်က တကယ် လက်ထပ်မယ်လို့ ပြောတာသေချာလား နှောင်း"

"အစ်ကို အောင်မြင့်မွန်က လူတော်လူကောင်း တစ်ယောက်ပဲ မမဆောင်း၊ ဒီလို အခြေအနေဖြစ်ပြီးမှတော့ လက်ထပ်လိုက်တာ အကောင်းဆုံးပဲတဲ့"

"သူက နှောင်းကို တကယ်ချစ်လို့ တကယ် လက်ထပ်ချင်တာတဲ့လား"

"ဒါတော့ နှောင်း မသိဘူး၊ အစ်ကို အောင်မြင့်မွန်က ချစ်ပါတယ် ခင်ပါတယ်ဆိုတဲ့ စကားတွေကိုတော့ ကလေးကလားဆန်လို့လားတော့ မသိဘူး သိပ်ပြောလေ့ မရှိဘူး၊ မြန်မြန် လက်ထပ်လိုက်တာ အကောင်းဆုံးပဲလို့ တစ်ခွန်းပဲပြောတယ်"





"နှောင်းကိုယ်တိုင်ကရော ကိုအောင်မြင့်မွန်ကို နှောင်းရဲ့ရင်ထဲ နှလုံးထဲက ချစ်ရဲ့လား"

"အဲဒါလည်း သိပ်မသေချာဘူး မမဆောင်း၊ ဟိုအရင်တွဲတုန်းကလည်း စိတ်သာယာတုန်း တွဲတယ်၊ နှောင်းစိတ်မတွေ့တော့တာနဲ့ ခွာထုတ်ပစ်လိုက်တာပဲ၊ အဲဒါတွေ မမဆောင်း သိပါတယ်လေ"

ဆောင်းသည် ကိုအောင်မြင့်မွန်ကိုဖြစ်စေ နှောင်းကိုဖြစ်စေ ဘာမှ မဝေဖန်လိုတော့၊ တစ်ခုတော့ ရှိသည်။ ဒီလိုဖြစ်သွားလို့ လက်ထပ်ကြရသည်ဆိုသည်ကိုတော့ ဆောင်းရင်ထဲ ဘဝင်မကျလှ။

ဤပုံစံမျိုးနှင့်ပင် ကိုအောင်မြင့်မွန်နှင့် နှောင်းသည် တရားသူကြီးရုံးတွင် တရားဝင် လက်ထပ်ဖြစ်သွားကြသည်။

အစကတည်းက ချစ်ရည်တူ နှစ်ကိုယ်မျှ ချစ်ကြပြီး လက်ထပ်ကြသည်ပုံစံတော့ မဟုတ်ပေ။ တစ်နည်းဆိုရသော် ...

အနေအထိုင် လွန်ကဲသွားမိသဖြင့် နှစ်ဦးစလုံး ကိုယ့်သိက္ခာကိုယ်ဆည်ကာ နှစ်ဦးသဘောတူ လက်ထပ်လိုက်ခြင်းသာ ဖြစ်သည်။

ရင်ထဲက နှလုံးသား မေတ္တာစစ် မေတ္တာမှန်သည် တစ်ဦးအပေါ် ရှိများမှ ရှိကြပါလေစ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်ပြီး ထပ်တွေးကြည့်လျှင် စည်ပင်ခဲ့လှည်း နှောင်းသည် အပျိုတုန်းက အကျင့်အတိုင်း ဒီပ၊ ဝဏ္ဏ၊ စိုင်းခက် တို့နှင့် ရောရောနှောနှော နေခဲ့ခြင်းမျိုး ရှိလေသလား မပြောတတ်။

လူကြီးဆန်သော ကိုအောင်မြင့်မွန်၏ ဆုံးမစကားကို နှောင်းက လက်မခံသောကြောင့် ကိုအောင်မြင့်မွန်သည် နှောင်းကို ဒီအတိုင်း နေချင်သလိုနေ စိတ်ဖြင့် လွှတ်ထားခြင်းမျိုး ရှိခဲ့သလား။

ဒါဆိုပါက နှောင်းကို သဘောမတွေ့ မလိုလားသူ များထဲတွင် ကိုအောင်မြင့်မွန်ကိုယ်တိုင် တစ်ယောက်အပါအဝင် ဖြစ်နိုင်သည်။

"ညီ အောင်တင့်မွန်"

နှောင်းကို သဘောမတွေ့မလိုလားကြောင့် အောင် တင့်မွန်၏အမူအရာနှင့် တစ်ခါတရံ လွှတ်ထွက်လာသော စကား လုံးတွေက သက်သေပြုနေသည်။

အစ်ကိုကြီးကို သိပ်ချစ်၊ သိပ်ကြောက်သော အောင် တင့်မွန်သည် နှောင်းအပေါ်တွင် အရာရာ အလျှော့ပေးနေသော သူ့အစ်ကိုကြီးဘက်မှနေပြီး နှောင်းအား မနှစ်သက်စိတ် မလိုလား စိတ်မျိုးတွေ ရှိနေပုံ ရသည်။

ယခုတော်င စဉ်းစားမိသမျှ စည်ပင်မှ လူတွေသည် ဒါမှမဟုတ် သူထဲမှ တစ်ယောက်ယောက် သည်နှစ်ယောက်





စသည်တို့သည် နှောင်းတစ်ယောက် ရေနစ်သေဆုံးရခြင်းနှင့် ပတ်သက်၍ တစ်ခုခုတော့ သိကြမည်ဟု ဆောင်း ထင်သည်။

ဘယ်သူတွေ ဘာပြောပြော နှောင်းတစ်ယောက် ရေနစ်သေဆုံးခြင်းသည် မှန်ကန်သည်ပဲထားဦး။

ဆောင်းစိတ်ထဲတွင် နှောင်း ရေနစ်သေဆုံးခြင်း၌ မရိုးသားမှုတစ်ခုတော့ ပါဝင်ရမည်ဟုပင် ဆောင်း နောက်ဆုံး ဆုံးဖြတ်လိုက်တော့သည်။

* ❀ *



www.burmeseclassic.com

www.burmeseclassic.com



၉

ယနေ့ ...

တနင်္လာနေ့တွင် နှောင်းအတွက် ရက်လည်ဆွမ်းကျွေးသည်။

နှောင်းအသက် (၂၄)နှစ်မို့ပင် သံဃာ (၂၄)ပါးနှင့် ဘုရားပါထည့်ပေါင်းပြီး သံဃာ(၂၅)ပါး အာရုံဆွမ်း ဖိတ်ကျွေးသည်။

သံဃာများက တမလွန်သို့ ရောက်ရှိသွားပြီဖြစ်သော နှောင်းအား ရည်စူးပြီး ရေစက်ချ အမျှဝေစေရာတွင် ရေစက်ချအပြီး၌ ကာယကံရှင် ကိုအောင်မြင့်မွန်က ရေစက်ခွက် တန်းလန်းဖြင့် ...

"နှောင်းရေ အမျှ ... အမျှ ... အမျှ ... အမျှ"

ဟု အသံထွက် ဟစ်ကြွေးရာတွင် ဒုတိယအကြိမ် အမျှခေါ်ရာ၌ပင် ကိုအောင်မြင့်မွန်၏အသံသည် တုန်ယင်နစ်ဝင်သွားတော့သည်။





ဆောင်း ဣန္ဒြေမဆည်နိုင်အောင် ရှိုက်ကြီးတငင် ငိုပြန်သည်။

ကိုအောင်မြင့်မွန်သည် နှောင်း သေဆုံးခြင်းအတွက် မျက်ရည်မကျဟု ဆောင်း ထင်ခဲ့မိသည်။

သို့စေကာမူ ...

နှောင်း အလောင်းကို မြှုပ်နှံ ဂူသွင်းသောနေ့က ကိုအောင်မြင့်မွန် မျက်ရည်တွေ ထွေထွေစီးကျသည်ကို ဆောင်း မြင်တွေ့ရသည်။

ယခုအကြိမ် ...

အမျှပေးဝေရာတွင် ရေစက်ချသော ရေပေါက်များနှင့် အတူ ကိုအောင်မြင့်မွန်၏ မျက်ရည်များ ရေစက်ခွက်တွင် ကျဆင်းသည်ကို မြင်ရရုံမက အမျှပေးဝေသောအသံ ပြီးအောင်ပင် သုံးကြိမ်မမြောက်မီ နှစ်ကြိမ်မှာပင် ကိုအောင်မြင့်မွန် အမျှပေးသံ နစ်ဝင်သွားသည်ကို ကြားရသည်။

ကိုအောင်မြင့်မွန်ကို ဆောင်း ဘယ်လိုတွက်ရပါ့၊ ဘယ်လို ထင်မြင်ယူဆရပါ့။

ဆောင်း၏ တွက်ကိန်းများ မှားနေပြီလား။

နှောင်းအတွက် ရက်လည် ဆွမ်းကျွေးရာ၌ ကိုအောင်မြင့်မွန်သည် တတ်နိုင်သမျှ ဩချသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်သားဟင်း၊ ဝက်သားဟင်း၊ ဆိတ်သားဟင်း၊ ငါးဟင်း၊ (စည်ပင်ဒေသတွင် ငါး အလွန်ရှားသည့်ကြားကပင် ငါးကြင်းသားဟင်း ပါဝင်စေခြင်း ဖြစ်သည်) ဘာလချောင်ကြော်၊ သရက်သီးသနပ်၊ ပဲပင်ပေါက် ပဲပြားကြော်၊ ချဉ်ပေါင်ဟင်းချို၊ ကြာဆံဟင်းချို စသဖြင့် စုံမှစုံ ကျွေးသည်။

သံဃာများအတွက်သာမဟုတ်။

ကြွလာသူပရိသတ်အားလုံးကို လူကြီးကလေးမရွေး ဝိုင်းချကာ အလျှံပါယ် လှူဒါန်းကျွေးမွေးခြင်း ဖြစ်သည်။

စည်ပင်လူထုဆွမ်း အလေ့အထမှာ နံနက် (၈) နာရီ (၉)နာရီဆိုလျှင် နံနက်စာ ထမင်းစားလေ့ ရှိကြသည်။

ပင့် သံဃာများ ဆွမ်းစားခြင်းက အာရုဏ်ဆွမ်းမို့ စောစီးစွာ ပြီးမြောက်သွားသည်။ နံနက် (၈) နာရီမှစပြီး လာသမျှ ပရိသတ်ကို ဆက်လက်ကျွေးခြင်းဖြစ်ပါ၏။

နှောင်း၏ အုတ်ဂူပေါ်သို့ ဟင်းမျိုးစုံဖြင့် ထမင်း ပန်းကန်ပါ လင်ပန်းနှင့်ထည့်ပြီး ကိုအောင်မြင့်မွန်ကိုယ်တိုင် တစ်ယောက်တည်း သွားရောက်ချပေးသည်။ ဆောင်းနှင့် အောင်တင့်မွန်က နောက်မှ မသိမသာ လိုက်ကြည့်သည်။

"နှောင်းလေးရေ စား ... စား ... အဝစား၊ နှောင်းလေး ကြိုက်တဲ့ ဝက်သားသုံးထပ် ဆီပြန်လည်း ပါတယ်၊ သရက်သီးသနပ်လည်း ပါတယ်၊ စား ... စား ... နှောင်း"





အောင်မြင့်မွန် တိုးတိုးလေး ပြောခြင်းဖြစ်သော်လည်း အာရုံစိုက် နားထောင်သဖြင့် ကိုအောင်မြင့်မွန်ပြောသမျှ ကောင်းကောင်းကြားရပြီး ကိုအောင်မြင့်မွန် သူမကို မတွေ့မီ ရှိုက်ငိုမျက်နှာကို လက်ဝါးအုပ်ပြီး အိမ်ဆီသို့ ဆောင်း ပြန်ပြေးသွားသည်။

ကိုအောင်မြင့်မွန် အတန်ကြာသောအခါ ပရိသတ် ဝိုင်းသို့ ပြန်လာမှ ဆောင်းသည် တိတ်တဆိတ် နှောင်း၏ အုတ်ဂူလေး ရှိရာသို့ ပြန်လာသည်။

စနေနေ့က အုတ်ဂူတည်ဆောက်ဆဲ တန်းလန်း ဆောင်း အိမ်ဆီသို့ ပြန်လာခဲ့သည်။ တနင်္ဂနွေနေ့က နှောင်း၏ အုတ်ဂူသို့ မလာဖြစ်ခဲ့၊ တနင်္ဂနွေနေ့က စည်ပင်၏ ရာသီဥတု ဆိုးဝါးသောကြောင့် လာချင်လျက် မလာဖြစ်ခြင်း ဖြစ်သည်။ ယနေ့လည်း မြူတွေဆိုင်းနေသည်မို့ လေးငါးလန် အကွာရောက် သည့်တိုင် အုတ်ဂူကို မှုန်ဝါးဝါး ပျပျလေးသာ မြင်ရသည်။

ကံအားလျော်စွာပင် အုတ်ဂူအနီးသို့ ဆောင်း ရောက်လာသောအခါ နေခြည်ရောင်လေး ဖြာလာသည်။

ဆောင်းတစ်ယောက်တည်းပင် ချယ်ရီသုံးပင်အောက် အုတ်ဂူလေးသို့ ရောက်လာသည်။ ချယ်ရီပွင့်တွေနှင့် ချယ်ရီပင်ကိုင်း ဘချို့သည် နှောင်း၏ အုတ်ဂူပေါ်သို့ ညွတ်ကျ ကိုင်းကျနေပေ သည်။



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူလေးမှာ လုပစွာ တည်ရှိနေပါ၏။ ပလပ်စတစ်ပိန့်ခေါ် ခေတ်ပေါ် ပလပ်စတစ် ဆီဆေးသုတ်ထားသဖြင့် အုတ်ဂူလေးမှာ အရောင်တောက်ပနေသည်။ အဝါပုပ်ရောင်ပင် ဖြစ်ပါ၏။ အုတ်ဂူ၏ ဘေးခြမ်းဘက်တွင် လုပဝိုင်းစက်သော ထွင်းအက္ခရာ နီရဲရဲဖြင့် စာတန်းဖော်ထားသည်။

**"နှောင်း"**

**အသက် (၂၄) နှစ်**

**ချမ်းမြေ့ဘုံမှ စောင့်နေပါ။**

ဆောင်းသည် စာတန်းနီရဲရဲလေးများကို တစ်တန်းခြင်း သေချာဖတ်ကြည့်သည်။

ကိုအောင်မြင့်မွန်သည် နှောင်း သေဆုံးပြီးနောက် နှောင်းအကြိုက်ကို ရာနှုန်းပြည့် လုပ်ဆောင်ပေးထားပါလားဟု စိတ်ထဲတွင် တွေးမိသည်။

အကြောင်းမှ နှောင်း အသက်ရှင်စဉ်က အလွန်နှစ်သက်သော အဝါပုတ်နှင့် နီတျာရဲ အရောင်တို့ပင် ဖြစ်သည်။

နှောင်း ကြိုက်သော အဝါရောင်ဆိုရာ၌ နနွင်းဝါရောင်မျိုးကို နှောင်း မကြိုက်၊ လိမ္မော်သီး အဝါရောင်မျိုးကိုလည်း နှောင်း မကြိုက်၊ အဝါရောင်ဆိုသည်မှာ လွင်သောသတ္တိ ရှိသည်၊ ဤသို့ လွင်သောအဝါတွင် မှိုင်းသွားသော အဝါရောင်မျိုးကိုမှ နှောင်း နှစ်သက်သည်။





နှိုင်းယှဉ်ပြောရလျှင် နှောင်းသည် ငှဝါမျိုးကို မနှစ်[illegible]က်၊ ပိတောက်ဝါမျိုးကိုသာ နှစ်သက်သည်။

အနီရောင်ကျပြန်တော့လည်း နှောင်းက ကြက်သွေး[illegible]နီသော အနီမှိုင်းမျိုးကို မကြိုက်ပြန်၊ နီတျာရဲ တောက်ပသော [illegible]နီမျိုးကိုမှ နှောင်း နှစ်သက်သည်။

ယခု အုတ်ဂူတွင် ကိုအောင်မြင့်မွန်သည် နှောင်း [illegible]နှစ်သက်သည့် အရောင်တွေဖြင့် ခြယ်သပေးထားသည်။

ထိုထက်မှာမူ အုတ်ဂူ၌ ဘေးခြမ်းတွင် ကမ္ပည်းထိုး[illegible]သော စာတန်းသုံးကြောင်းတွင် ပထမနှင့် ဒုတိယ စာတန်းတွေ[illegible] သူလိုငါလို ယေဘုယျသဘော ဖြစ်သော်လည်း

တတိယ စာတမ်းသည် ယေဘုယျ မဟုတ်ပေ။ [illegible]ယေဘုယျသဘော ရှိပါလျှင် ...

"ကောင်းရာသုဂတိ လားပါစေ"

ကောင်းကင်ဘုံသို့ ရောက်စေသော် စသဖြင့် သေသူ[illegible]အတွက် ဆုတောင်းပေးသောအသံ အဓိပ္ပါယ်တွေ ဖြစ်သည်။

ယခု ကိုအောင်မြင့်မွန် ထိုးလိုက်သည့် ကတီစာ[illegible]တန်းမှာ ...

"ချမ်းမြေ့ဘုံမှ စောင့်နေပါ"

ဤစာတန်းသည်ပင်လျှင် ကိုအောင်မြင့်မွန်၏ ရင်ထဲ[illegible] နှောင်းအပေါ်ထားရှိသောမေတ္တာ ပေါ်လွင်သည်ဟု ဆိုနိုင်ဘသည်။



www.burmeseclassic.com

www.burmeseclassic.com

"စောင့်နေပါ"ဆိုသည့် စကားသည် ကျန်ခဲ့သူက လိုက်လာမည်ဆိုသည့် သဘောပင် ဖြစ်သဖြင့် ကိုအောင်မြင့်မွန်သည် နောင်ဘဝတွင်လည်း နှောင်းနှင့်အတူ ချမ်းမြေ့စွာ နေလိုသည်ဆိုသည့် အဓိပ္ပာယ်ဟု တွေးယူနိုင်ကြောင်း ဆောင်းက ဆက်တွေးနေမိသည်။

အုတ်ဂူကို ဆောင်းက ပတ်ကြည့်ရာ ဘေးနှစ်ဖက်ခြမ်းစလုံးတွင် ထိုစာတန်း ကမ္ပည်းထိုးထားသည်ကို တွေ့ရသည်။

အုတ်ဂူတည်ရာ နေရာသည် အိမ်နှင့်အလှမ်းကွာပြီး တိတ်ဆိတ်နေသော်လည်း ဆောင်း မကြောက်။

နှောင်းနှင့်ဆောင်း ဤအချက်တွင် ကွာခြားချက်ရှိသည်။

နှောင်းက လူလူချင်း ဘယ်သူ့ကိုမှ မကြောက်တတ်၊ သို့သော် သရဲတစ္ဆေကိုတော့ နှောင်း သိပ်ကြောက်တတ်သည်။ သတ္တိရှိရင် လာခဲ့ ဖက်ပြီး နပန်းလုံးလိုက်မည်၊ တစ္ဆေသရဲက ဖက်ပြီး နပန်းလုံးလို့မှ မရတာဟု နှောင်း ဆင်ခြေပေးတတ်သည်။

ဆောင်းကတော့ သရဲတစ္ဆေ လုံးဝမကြောက်တတ်၊ လူလူချင်း ဆိုလျှင်တော့ ဆောင်းသည် နေရာဒေသနှင့် တစ်ဖက်လူ၏ အခြေအနေပေါ် မူတည်ပြီး ကြောက်သင့်လျှင် ကြောက်တတ်သည်။





တစ်ဖက်လူက အမျိုးသားဖြစ်နေလျှင် နပန်းဖက်လုံး၍ ကိုယ် အနိုင်ရသည်ပဲထားဦး၊ ကျော်မကောင်း ကြားမကောင်း ဖြစ်နိုင်သည်။ မသားမှာသာလျှင် အရှက်ရမည်မျိုး ဆောင်း သိပ်ကြောက်သည်။

ထို့ကြောင့် အောင်တင့်မွန်က နှောင်း မသေမီက ကိုအောင်မြင့်မွန်ကို စိတ်ကောက်လျှင် ဤချယ်ရီ သုံးပင်အောက်ည၌နက်သန်းခေါင် နှောင်း နေတတ်သည်ဆိုသော စကားကို ဆောင်း မယုံ။

ရန်ကုန်မြို့ ကုက္ကိုင်းလမ်းရှိ ဆောင်းနှောင်းရိပ်မြုံကိုယ့်အိမ်မှာပင် နှောင်းသည် ညဘက်ဆိုလျှင် တစ်ယောက်တည်း နေရဲခဲ့သည် မဟုတ်။ ဒေါ်လေးသူဇာနှင့် မယ်အိ ရှိနေမှ နေရဲသည်။

ဒါဆိုလျှင် ကိုအောင်မြင့်မွန် အလုပ်ကိစ္စကြောင့် အိမ်ပြန်မိုးချုပ် နေ့များတွင် နှောင်းသည် ချယ်ရီသုံးပင်အောက်တွင် တစ်ယောက်တည်း မနေရဲတန်ရာ၊ နှောင်းတွင် အဖော်နေပေးသူ ရှိမည်သာ။

ဆောင်း စဉ်းစားကြည့်သည်။

နှောင်းအဖော်သည် မည်သူဖြစ်ပေမည်နည်း။

ဒေါ်အိလစ်လား။

နန်းကြာဖြူလား။


www.burmeseclassic.com

www.burmeseclassic.com



ခေါ်အဲလစ်လို မိန်းမကြီးကိုတော့ နှောင်းက အဖော်ခေါ်မည်မထင်၊ ခေါ်ခြင်းခေါ်လျှင် နန်းကြာဖြူကို ခေါ်ထားနိုင်သည်။

နန်းကြာဖြူသည် နှောင်း မသေမီက နှောင်းကိစ္စတော်တော်များများကိုလည်း သိထားဟန် တူသည်။ ထို့ကြောင့် ဆောင်းအား နှောင်းအကြောင်း ပြောချင်ပုံ ရသည်။ ဆောင်းတို့ မကြာခဏ ငေးကြည့်တတ်သည်။

ဆောင်းသည် ရောက်လာလက်စနှင့် နှောင်း စိတ်ကောက်လျှင် နေတတ်ပါသည်ဆိုသည့် ဩနေရာတစ်ဝိုက်ကို လှည့်ပတ်ကြည့်သည်။ ,

အုတ်ဂူ၏ မြောက်ဘက်စွန်း ကိုက်နှစ်ဆယ်ခန့် အကွာတွင် ရှိနေသော ရေအိုင်လေးတစ်ခုသို့ ဆောင်း ရောက်သွားသည်။

ဘာရယ်မဟုတ် ဆောင်းသည် ရေအိုင်လေးနေရာကို ဂရုထားကြည့်မိသည်။ ရေအိုင်ပတ်လည်တစ်ဝိုက်ရှိ မြေမှာ မြေမာဖြစ်နေသဖြင့် ရွှံ့တွေ ဗွက်တွေမရှိ။

ဆောင်းသည် အိုင်လေး၏ ကမ်းစပ်တစ်နေရာတွင် မြေမာ မြက်ခင်းပေါ်တွင် ထိုင်ချလိုက်သည်။ ထဘီအနည်းငယ် မ,တင်ကာ ရေအိုင်ထဲသို့ ခြေမျက်စိမြုပ် တွဲလဲချပြီး ခြေနှစ်ဖက်ဖြင့် ဘောင်ဘင်ခတ်လိုက်သည်။ ချွတ်ထားသော ဖိနပ်ကို ဘေးမှာပင် ချထားသည်။





ခြေထောက် ဘောင်ဘင်ခတ်သောကြောင့် ရေတွေနောက်သွားသည်မို့ ဆောင်း ခြေနှစ်ဖက် ပြန်တင်ထားလိုက်သည်။

ဆောင်း၏ ခြေဖမိုးနှင့် ခြေဖဝါးတို့တွင် ရေအောက်တွင် ပေါက်နေသော မှော်ပင် မှော်ရွက်လေးတွေ ကပ်ပါလာသည်။

ကပ်ပါလာသော မှော်ရွက်ကလေးများကို တစ်ဖတ်ချင်း ခွာချပြီး မှော်ရွက်လေးများကို ဘေးတွင်ချကာ လက်ခုပ်ဖြင့်ပင် ရေပြန်ခပ်ပြီး ခြေဆေးလိုက်သည်။

ပြီး ထိုင်မြဲ ဆက်ထိုင်နေသည်။ အတန်ကြာသော အခါ အိုင်ထဲမှရေ ပြန်ကြည်သွားစဉ်မှာပင် နေရောင်ခြည်ကလည်း အိုင်လေးပေါ်သို့ ကျလာသည်။

နေရောင်ခြည် ထိုးသဖြင့် အိုင်ရေထဲမှာ အရောင်လက်လက် တစ်ခုသည် ရောင်ပြန်ဟပ်ကာ ဆောင်း၏မျက်နှာကို ခုးခနဲ ရှုးခနဲ အလင်းရောင် လာဟပ်သည်။ ထို့ကြောင့် ရောင်ပြန်ဟပ်ပြီး ပြန်လက်သော ပစ္စည်းလေးကို ဆောင်းက ကုန်းကောက်ယူပြီး ပါလာသည့် ပစ္စည်းလေးကို နေရောင်တွင် ကြည့်လိုက်သည်။

"ဟယ် … ရွှေဆွဲကြိုးလေး"

ရွှေဆွဲကြိုးလေးကို တန်းလန်းဆွဲကိုင်ကာ ဆောင်း သေချာကြည့်သည်။ ရွှေဆွဲကြိုးလေးတွင် ချိတ်လျက်သား ပါရှိသော သည့် လော့ကတ်သီးလေးကို မြင်တွေ့လိုက်သည်နှင့်…



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါ နှောင်းရဲ့ ရွှေဆွဲကြိုးပဲ"

ဟု ချက်ချင်း မှတ်မိသည်။

အကြောင်းမှ လော့ကတ်လေးမှ ငါးမူးဝိုင်းခ... အဝိုင်းထဲတွင် ဖီးကွက်တစ်ကောင်၏ ပုံတွဲလောင်း ချိတ်ထားသော... ကြောင့် ဖြစ်သည်။

ဖီးကွက်၏ မျက်လုံးများနှစ်ဖက်သည် ပတ္တမြားစိမ်း... အနီရောင်နှစ်လုံးဖြင့် ဖီးကွက်မျက်ပြူးလေး ဖြစ်သည်။ ပတ္တမြား... မျက်လုံး တစ်လုံးအရွယ်မှာ ရွေးငယ်ခန့် ရှိသည်။

"ဟဲ ... ဟဲ ... ဟဲ"

ရွှေလော့ကတ် ဖီးကွက်ရုပ်လေးကို သေချာကြည့်... စဉ်မှာပင် တဟဲဟဲ ရယ်သံ ထွက်ပေါ်လာသဖြင့် ဆောင်း လှည့်... ကြည့်လိုက်သည်။

"ဩော် ... ကိုစိုင်းခက်"

"မှန်ပါတယ် ဆောင်း၊ ကျွန်တော်ဟာ စိုင်းခက်ဆို... သတ္တဝါတစ်ကောင်ပဲ"

"ရှင် ဘာကြောင့် ဒီလို ရောက်လာတာလဲဟင်၊ ရှင့်အ... တွေ မပါဘဲနဲ့"

စိုင်းခက်သည် သူ့ပင်ကိုဟန်အတိုင်း အေးဆေးတ... ငြိမ်သည်၊ စကားကို အကျိုးအကြောင်း ဆက်နွယ်ပြီး ပြောတ... သည်။





"နှောင်းရဲ့ ရက်လည်ဆွမ်းကျွေးတဲ့ နေ့ဆိုတော့ ကျွန်တော်တို့ ဝတ္တရားမပျက် လာကြတာပဲပေါ့ ဆောင်း၊ ကျွန်တော်တို့က နှောင်းရဲ့ အပေါင်းအသင်းတွေပဲဟာ"

"ဒါဆိုရင် ကိုစိုင်းခက်ရဲ့ အပေါင်းအသင်းတွေရော"

"လာကြပါတယ်၊ ဒီကောင်တွေက အစားအသောက်ကောင်တွေလေ၊ ဒီပနဲ့ ဝဏ္ဏလေ ထမင်းဝိုင်းမှာ ခေါင်းမဖော်နိုင်အောင် မြိုဆို့နေကြတယ်၊ ဟင်းတွေကလည်း စပါယ်ရှယ်ကောင်းပေသကိုး"

"ဒါဖြင့် ကိုစိုင်းခက်ကရော"

"ကျွန်တော် အခုရက်အတွင်း သက်သတ်လွတ် စားနေတယ်၊ လူတွေမှာ အကုသိုလ် အဖိစီးများလာရင် ကိုသန်ရာ အဆုံးအဖြတ်ပေါ့လေ၊ အကုသိုလ် လျော့နည်းသွားလေမည်လားဆိုပြီး ကျွန်တော် သက်သတ်လွယ် စားတာပါ၊ ဒါကြောင့် ဒီဝိုင်းမှာ ဝင်မစားဘူး၊ ဒီပနဲ့ ဝဏ္ဏ စားနေတုန်း ကျွန်တော် အပျင်းဖြေစိတ်နဲ့ရော နှောင်းရဲ့ ဝူလေးကို ကြည့်ချင်တာကြောင့်ရော ဒီဘက်ကို လျှောက်လာတာ"

ဆောင်း ထိုင်ရာမှ ထသည်။ ချိတ်ထားသော ဖိနပ်ကို ပြန်စီးသည်။

"ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း ဒီအတိုင်းပြန်လို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော့်ကို

ဝေစုပေးဦးလေ"

"ဘာဝေစုလဲ"

"ဆောင်း ရေအိုင်ထဲက ဆွဲကြိုးတစ်ကုံး ကောက်ရတာ ကျွန်တော် အစအဆုံး မြင်တယ်၊ ဆောင်းက ပစ္စည်းရှင် ရှာပြီး ပြန်ပေးရင်တော့ ကျွန်တော် ဘာမှ ဝေစုတောင်း မလိုဘူး၊ ဒီဆွဲကြိုးကို ဆောင်းက အပိုင်စီးမယ်ဆိုရင်တော့ ကျွန်တော့်ကို ထက်ဝက်ဝေစု ပေးသင့်တယ်၊ အဲဒီ ဆောင်းက မပေးချင်ရင် ဒီဆွဲကြိုးကို တန်ဖိုးဖြတ်၊ ထက်ဝ ငွေကို ကျွန်တော်က ဆောင်းကို ပြန်အမ်းပြီး ဆွဲကြိုး ကျွန်တော် ယူမယ်"

"ဘာတွေများ တစ်ဝက်ပြန်အမ်းမှာလဲ ကိုစိုင်းခက်"

ကိုအောင်မြင့်မွန်နှင့် အောင်တင့်မွန် ညီအစ်ကိုရော လာပြီး ကိုအောင်မြင့်မွန်က မေးမြန်းလိုက်သည်။

စိုင်းခက်သည် ညီအစ်ကိုနှစ်ယောက် ရောက်လာ သည်နှင့် မျက်နှာထား တည်သွားသည်။

"အခုတလော ခင်ဗျားတစ်ယောက် သိပ်အကင်းပါးနေ လား ကိုအောင်မြင့်မွန်၊ ကျုပ် ဒီဘက်ကို ထွက်လာတာ ဆောင်းနဲ့ တွေ့တော့မယ်ဆိုပြီး ခင်ဗျား လိုက်လာတာ မဟုတ်လား၊ ဒါဆို အောင်တင့်မွန်အပါအဝင် ဝေ





လေးစု ခွဲရမှာပေါ့လေ"

"ဘာဝေစုလဲ"

"ဒီရေအိုင်ထဲက ရွှေဆွဲကြိုးတစ်ကုံး ဆောင်း ကောက်ရတယ် လေ၊ အဲဒါကို ကျုပ်ကမြင်လို့ ထက်ဝက်ဝေစု တောင်းနေ တာ"

ဆောင်းက အောင်မြင့်မွန်ကို ဆွဲကြိုးလေး တန်းလန်း ကိုင်ပြလိုက်သည်။

"ဟာ ... အဲဒါ ကျုပ်ဇနီး နှောင်းရဲ့ ဆွဲကြိုးပဲ"

ဆောင်းက ပြန်ဖြေသည်။

"ဟုတ်ပါတယ် ကိုအောင်မြင့်မွန် ဒီဆွဲကြိုးဟာ နှောင်းရဲ့ ဆွဲကြိုးအစစ် အမှန်ပဲ၊ ငါးမူးသား ဆောက်ဖြတ်ကွင်းဆက် ဒီးကွက်လော့ကတ်အပါအဝင် အားလုံးသုံးမတ်သား။ မေမေ ရှိစဉ်ကတည်းက ဆောင်းနဲ့ နှောင်း ညီအစ်မနှစ်ယောက်ကို မေမေက တစ်ကုံးစီ လုပ်ပေးထားတာ ဒီမှာကြည့်လေ"

ဆောင်းက ပြောပြောဆိုဆို သူမ၏ လည်ပင်းတွင် ဆွဲထားသော ဆွဲကြိုးကို ဖြုတ်လိုက်သည်။ ဆောင်းက ယင်း ဆွဲကြိုးကို အမြဲဆွဲထားသော်လည်း ရင်ဘတ်အင်္ကျီအောက်တွင် ထားသည်။ အင်္ကျီရင်ဘတ်ပေါ် တင်ထားလေ့မရှိ။

ထို့ကြောင့် လည်ပင်းမှ ဆွဲထားသည်ကိုသာ မြင်ရ ပြီး အင်္ကျီအောက် ဆွဲကြိုးရော၊ လော့ကတ်ရော မမြင်နိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း ဆွဲကြိုးက လော့ကတ်ဟာလည်း အလားတူ ဓိကွက်လော့ကတ်ပဲ၊ ပုံသဏ္ဌာန်ရော ရွှေအလေးချိန်ရော အတူတူပဲ၊ အဲ ... တစ်ခုပဲ ကွာတယ် ဓိးကွက်ရဲ့ မျက်စိ နှစ်လုံးကျတော့ နှောင်းက ပတ္တမြားကြိုက်လို့ ပတ္တမြားနှစ်လုံး ထည့်ပေးတယ်၊ ဆောင်းက မဟူရာကို နှစ်သက်လို့ မဟူရာနှစ်လုံး ထည့်တယ်၊ ဒါပဲ ကွာတယ်"

စိုင်းခက်က ရယ်လိုက်သည်။

"ဒါဆိုလည်း ကျွန်တော့်အတွက် နိုး၊ ဟုတ်ပါ့ဗျာ၊ ကိုယ့်ပစ္စည်း ကိုယ်ပြန်ကောက်ရတာဆိုတော့ ကျွန်တော် စေစုမယူသင့်ဘူးပေါ့၊ ကဲ ... ကျွန်တော် သွားပါဦးမယ်"

စိုင်းခက် ထွက်သွားသည်။

စိုင်းခက် ထွက်သွားပြီ ကျန်သုံးယောက် ငြိမ်နေကြသည်။

"မမဆောင်း ချယ်ရီသုံးပင်ဆီ ထွက်သွားတာကို ကျွန်တော် မြင်တယ်၊ အဲဒီနောက် ကိုစိုင်းခက် ဒီဘက်ထွက်လာတာကို ကျွန်တော် မြင်ပြန်တယ်၊ အဲဒါကို အစ်ကိုကြီးကို ပြောပြလို့ အစ်ကိုကြီးက မမဆောင်းအတွက် စိတ်ပူပြီး လိုက်လာကြတာ"

"ကျေးဇူးတင်တယ် အောင်တင့်မွန်၊ ဒါပေမဲ့ ကိုစိုင်းခက်ကို ကြည့်ရတာ မမဆောင်း ဒီဘက်ထွက်လာလို့ လိုက်လာ





တဲ့ပုံစံလို့တော့ မမဆောင်း မထင်ဘူး၊ ဘာလို့လဲဆိုတော့ ဆောင်း ဒီဘက်ထွက်လာချိန်တုန်းက ကိုစိုင်းခက်တို့အဖွဲ့မှ မရောက်လာသေးတာ"

"အဲဒါ ဟုတ်မှာပါ မမဆောင်း၊ ကိုစိုင်းခက်က မမနှောင်းရဲ့ အုတ်ဂူကိုကြည့်ဖို့ ဒီဘက်ကို ထွက်လာတာ ဖြစ်မှာပါ"

"အံ့သြစရာပဲနော် သေွးမတော် သားမတော် ကိုစိုင်းခက်က သေသွားပြီတဲ့ နှောင်းရဲ့အုတ်ဂူကို ဘာဖြစ်လို့ တစ်ယောက်တည်း လာကြည့်ချင်ပါလိမ့်"

အောင်တင့်မွန်က ပခုံးတွန့်ပြသည်။ ဘယ်လို ဆေဖန်ချက်မှတော့ အောင်တင့်မွန် နှုတ်မှ ထွက်မလာပေ။

အောင်မြင့်မွန်က ကြားဖြတ် စကားဆိုလိုက်သည်။

"မဆောင်း ဒီနေရာမှာ နေခဲ့ဦးမယ်ဆိုရင် ညီလေးကို အဖော်ထားခဲ့မယ်လေ"

"ဆောင်း ဒီမှာ ခဏလောက် ဆက်နေချင်သေးတယ်၊ တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင် ကိုအောင်မြင့်မွန်ကိုယ်တိုင် အဖော်နေပေးပါလား၊ အောင်တင့်မွန်ကို ပြန်ပါစေလား"

"ရတယ် မဆောင်း၊ မဆောင်း ဆန္ဒရှိရင် ကျွန်တော် နေပေးပါ့မယ်၊ မဆောင်းအနီးမှာ ကျွန်တော်နေရင် မဆောင်း စိတ်ဆင်းရဲမှာကိုသာ ကျွန်တော် စိုးရိမ်တာပါ၊ ဒါကြောင့်လည်း ကျွန်တော် တမင် ရှောင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်မွန်၏ စကားအဆုံးတွင် အစ်ကိုအပေါ် အလွန်အလိုက်သိတတ်သော အောင်တင့်မွန်က မည်သူ့ကို နှုတ်မဆက်ဘဲ ဟိုလိုဒီလိုနှင့် ထွက်သွားတော့သည်။

"အောင်တင့်မွန်ဟာ ကိုအောင်မြင့်မွန်ကို တကယ့် ချစ်ကြောက်ရိုသေပဲနော်"

"အားကိုးစရာနဲ့ ခင်မင်တွယ်တာစရာဆိုလို့ ညီလေးမှာ ဒီအစ်ကိုတစ်ယောက်ပဲ ရှိတာ၊ မိဘတွေမှ မရှိတော့တာပဲ မဆောင်း၊ မေမေကလည်း သူတော်စင်ဘဝမှာ ပျော်နေပြီ ပြန်လာဖို့ လမ်းမရှိတော့ဘူး၊ ဖေဖေကလည်း ဆုံးသွားပြီ ဆိုတော့ ညီလေးဟာ ကျွန်တော့်ကို အဖေလိုရော အမေလို ရော အစ်ကိုကြီးလိုရော ခင်မင်တွယ်တာကာ ယောဘုယျ ထက် ပိုမိုလွန်ကဲစေတာပေါ့၊ နောက်ပြီး ညီအစ်ကိုဆိုပေမဲ့ အသက်ချင်းကလည်း ကိုးနှစ်လောက် ကွာတယ်၊ ဒီတော့ ချစ်ရုံမကဘူး ကြောက်တာ ရိုသေတာတွေပါ ရှိလာတာပေါ့ မဆောင်း"

"ဘာလို့ ညီအစ်ကို ဒီလောက် အသက်ကွာနေတာလဲ ကိုအောင်မြင့်မွန်"

"ကျွန်တော်နဲ့ ညီလေး အောင်တင့်မွန်ကြားမှာ နှစ်ယောက်ရှိ သေးတယ်၊ သမီးမိန်းကလေးနှစ်ယောက်လေ ဒွေးမွန်နဲ့ မြတ်မွန်တဲ့၊ ဒွေးမွန်က သုံးနှစ်သမီးအရွယ်မှာ ဆုံးသွား





ပြန်တယ်၊ နောက်တစ်နှစ်မှာပဲ မြတ်မွန်ကို မွေးတယ်၊ မြတ်မွန်လည်း သက်ဆိုးမရှည်ပါဘူး၊ နှစ်နှစ်သမီးမှာ ဆုံးသွားပြန်တယ်၊ အဲဒီနောက်မှာမှ ညီလေးကို မွေးတာ၊ ဒါကြောင့် အကြီးဆုံးနဲ့ အငယ်ဆုံးဖြစ်ပြီး အသက်ကိုး နှစ်ကျော် ကွာနေတာ"

"တော်သေးတာပေါ့ အောင်တင့်မွန်ကျတော့ အဖတ်တင် အသက်ရှည်တာ"

"ကုသိုလ်ကံပေါ့ မဆောင်း၊ လူကတစ်ယောက် အသက်ရှည် တာ အသက်တိုတာဟာ ကုသိုလ်ကံပဲပေါ့"

"ဟုတ်ပါ့မလား ကိုအောင်မြင့်မွန်၊ လူတစ်ယောက် အသက် ရှည်တယ်ဆိုတာ ကံကုသိုလ်ကိုချည်းလွှဲချလို့ မှန်ကန်ပါ့ မလား"

"မဆောင်း ဘာကို ဆိုလိုချင်တာလဲဗျာ"

"ကုသိုလ်ကြောင့် အသက်တိုတယ်၊ အသက်ရှည်တယ် ဆိုတာက ဇရာဆိုတဲ့ အိုခြင်းဗျာဓိဆိုတဲ့ နာခြင်းတွေနဲ့ အသက်ရှည်ပြီး နောက်ဆုံး မရဏဆိုတဲ့ သေဆုံးခြင်းသာ ကံကုသိုလ်လို့ ပြောနိုင်မှာပါ ...

အဲ ... ခုန ကိုအောင်မြင့်မွန် အသက်နှစ်နှစ် သုံး နှစ်မှာ သေဆုံးတာကရော ဘာရောဂါနဲ့လဲ ကိုအောင်မြင့် မွန်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မမှတ်မိတော့ဘူး မဆောင်း၊ ကလေးအရွယ်မှာ သေဆုံးတာဟာ ကလေးရောဂါကြောင့်ပဲ ဖြစ်မှာပေါ့"

"အဲဒါပဲပေါ့ ကိုအောင်မြင့်မွန်၊ အဲဒီလို သေဆုံးတာကျတော့ ကိုးဆယ့်ခြောက်ပါး ရောဂါနဲ့ သေတာမို့ ကံကုသိုလ်လို့ ပြောနိုင်ပြန်တယ်၊ ဒါပေမဲ့ ညီမလေးနှောင်း သေဆုံးတာကျတော့ ကံကုသိုလ်လို့ ပြောနိုင်မလား၊ သေတာက ရေနစ်သေတာ၊ နောက်ပြီး နှောင်းဟာ ရေကူး သိပ်ကျွမ်းကျင်သူ တစ်ယောက်ပါ"

"မဆောင်းရဲ့ စကားတွေ ဝေ့ကုန်ပြီ၊ ကျွန်တော် ဘယ်လို သဘောပေါက်ရမယ်မှန်း မသိတော့ဘူး"

"ရှင်းပါတယ် ကိုအောင်မြင့်မွန်၊ နှောင်းဟာ အသက်နှစ်ဆယ့်လေးနှစ်အထိ ဒေါင်ဒေါင်မြည်အောင် ကျန်းမာရေးကောင်းသူပါ၊ ပျိုမြစ်တဲ့အရွယ်ပါ၊ ဘဝကုသိုလ်ဆိုတဲ့ ကိုးဆယ့်ခြောက်ပါးရောဂါ တစ်ခုခုဖိစီးလို့ သေရတာ မဟုတ်ပါဘူး၊ နှောင်းမှာ ကြမ္မာဆိုး တစ်ခုခုကြောင့် သေရတာပါ"

"ကြမ္မာဆိုး ဟုတ်လား"

"ဟုတ်တယ် နှောင်းဟာ ကြမ္မာဆိုး တစ်ခုခုကြောင့် သေရတာ"





"ဝမ်းနည်းပါတယ် မဆောင်း၊ အခု မဆောင်း ပြောသွားတာတွေ ကျွန်တော့်အနေနဲ့ ဘာကိုဘယ်လို အဓိပ္ပာယ်ကောက်ရမယ်မှန်း မသိအောင် ဖြစ်နေတယ်၊ ကျွန်တော် သိသလောက်ကတော့ မသေမီ လေးငါးလလောက်ကတည်းက ကျွန်တော့်ကို ခွာထုတ်ခဲ့တယ်၊ အိပ်ခန်း ခွဲအိပ်တယ်၊ နောက်ဆုံး သူ့အလိုလိုက်ရင်လိုက် မလိုက်နိုင်ရင် ကွာရှင်းခွင့်ပေးရမယ်ဆိုတဲ့အထိ နောက်ဆုံး အရေးဆိုခဲ့တယ်"

"သူ့အလို ဟုတ်လား၊ နှောင်းက ဘာကိုလိုချင်တာတဲ့လဲ ကိုအောင်မြင့်မွန်"

"ပန်းသီးခြံတွေ အားလုံး ရတဲ့ဈေးနဲ့ ရောင်းရမယ့်တဲ့၊ ပြီးတော့ တောင်ကြီးမှာ သွားနေကြမယ်တဲ့လေ၊ ကျွန်တော်က ပြောပါတယ်၊ နှောင်းပဲ တောင်ကြီးမှာသွားနေပါ၊ ဒေါ်အဲလစ်နဲ့ နန်းကြာဖြူကို အဖော်ထည့်ပေးလိုက်မယ်၊ ကျွန်တော် တစ်ပတ်တစ်ခါ ဆိုသလို အခွင့်သင့်တိုင်း တောင်ကြီးက နှောင်းဆီ လာပါ့မယ် ဆိုတာကိုလည်း နှောင်းက လက်မခံခဲ့ဘူး၊ နှောင်းက စိတ်ကြီးတယ်၊ နောက်ဆုံး ကျွန်တော့်ကို ပန်းသီးခြံတွေပစ်ပြီး သူနဲ့လိုက်မလား၊ ဒါမှမဟုတ် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးမလားဆိုတဲ့ အကျပ်ကိုင်မှု ပြုခဲ့တယ်၊ အဲဒါကို ခြောက်လအတွင်း ဆုံးဖြတ်ဆိုပြီး အိပ်ခန်းခွဲနေတော့တာပဲ မဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အကြောင်းသက်သက်ချည်း ဟုတ်ပါရဲ့လား ကိုအောင်မြင့်မွန်၊ နှောင်းဆီက ဒီနှစ်ထဲမှာလာတဲ့ စာတစ်စောင်ထဲမှာ ကိုအောင်မြင့်မွန်က သားသမီး လိုချင်တယ်၊ နှောင်းမှာက လေးနှစ်ထိ ပေါင်းသင်းလာပေမဲ့ သန္ဓေသား မရခဲ့ဘူး၊ ဒါကို ကိုအောင်မြင့်မွန်က ဂျီတိုက်တယ်ဆို"

"အဲဒါက အသေးအဖွဲပါ မဆောင်း၊ ရှင်းရှင်းပြောရရင် ကျွန်တော် နှောင်းနဲ့ သားသမီး လိုချင်တာတော့ မှန်တယ်၊ ဒါပေမဲ့ မရတာ ဘာတတ်နိုင်မလဲ၊ ကလေးကလား ပြောရရင် တစ်ခါတလေ လင်မယား ကျီစယ်တဲ့အခါ ကျွန်တော်က "စကားနိုင် လုပြောတဲ့အနေနဲ့ မနှောင်း မွေးပေးတဲ့ သားသမီး လိုချင်တယ်ဆိုတာမျိုး အနောက်အပြောင် ပြောမိတာမျိုးပါ၊ ဒါကို ကျွန်တော် အလေးအနက်ကြီး မထားခဲ့ပါဘူး၊ ဘာလို့လဲဆိုတော့ လင်မယား အတူ ပေါင်းသင်းပြီး သားသမီး မရတာကို ဇနီးမယားကိုချည်း အပြစ်ပြောလို့ ဘယ်ဖြစ်မလဲ၊ တစာယ်တမ်း လုပ်ရမှာက တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်နဲ့ စမ်းသပ်ပြီး ဆုံးဖြတ်ရမှာပါ၊ ခင်ပွန်းကိုရော ဇနီးကိုရော စမ်းသပ်ကြည့်ရမဲ့ ကိစ္စပါ၊ ခင်ပွန်းကြောင့် သားသမီး မထွန်းကားတာတွေလည်း ရှိတတ်တာပဲဟာ"





ဆောင်းသည် တွေတွေငေးငေး စဉ်းစားရပြန်သည်။ ...က သားသမီး မရသည်ကို အကြောင်းပြုပြီး လင်မယား ...င်မပြေ မသင့်မြတ် ဖြစ်ရသည်ကို အဓိကထားပြီး ဆောင်း ...ခဲ့သည်။

ယခုမူ ဤသို့ မဟုတ်ပြန်ပြီ။

ကိုအောင်မြင့်မွန် ပြောပြချက်အရသာ သားသမီး ...ရေးအတွက် အဓိကမဟုတ်။ ပန်းသီးခြံတွေကိုရောင်းပြီး ...အောင်မြင့်မွန်က တောင်ကြီးသို့ လိုက်မနေနိုင်သည်က အဓိက ...လာသည့်သဘော တွေ့ရသည်။

ဆောင်းက နှစ်ဦးနှစ်ဖက် အခြေအနေကို မူတည်ကာ ...ခွန်းတစ်ခု ပြန်မေးလိုက်သည်။

"ကိုအောင်မြင့်မွန်ရဲ့ ပန်းသီးခြံတွေ အခြေအနေကရော"

"ဟာ ... သိပ်ကို အောင်မြင်တယ် မဆောင်း၊ ကျွန်တော် တပင်တပန်းနဲ့ သီအိုရီတွေရော၊ လက်တွေ့ ဩစတေးလျမှာ သွားရောက်ဆည်းပူး လေ့လာတာတွေရော၊ ဩစတေးလျက ပန်းသီးစိုက် မြေနမူနာယူခဲ့ပြီး ဩစတေးလျမျိုး၊ ဩစတေးလျ မြေပုံစံအတိုင်း စည်ပင်မှာရှာစိုက်တာ ပန်းသီးပင်တွေ အောင်မြင်တယ်၊ အခုနှစ်အတွင်းမှာ နှောင်းမှာ သားသမီး မရသေးတာ၊ ကျွန်တော့် ပန်းသီးခြံတွေက ပန်းသီးပင်တွေ ပွင့်ရာကဖူး၊ ဖူးရာကသီး နေလိုက်ကြတာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အားရစရာကြီး၊ တကယ့် အားရစရာကြီးပါ မဆောင်း လူ့သဘာဝပေါ့ မဆောင်း၊ ကိုယ်ကိုယ်တိုင် ကြိုးစားလို့ ရတဲ့ သားသားမီးမီးလေးတွေ မွေးဖွားလာတဲ့အခါ ကြည်နူး ဝမ်းသာရသလို ပန်းသီးလေးတွေ သီးလာတာကို ကျွန်တော် တအား ဝမ်းသာကြည်နူးတယ်၊ ခုဆိုရင် ကျွန်တော့် ပန်းသီးခြံက နိုင်ငံခြား ပန်းသီးမျိုးစစ်စစ် အမျိုးကောင်းတွေ သီးနေပြီ၊ အဲဒီ ပန်းသီးခြံတွေကို ကျွန်တော် မရောင်းရက် သလို နှောင်းကိုရော ကျွန်တော် ကွာရက်နိုင်ပါ့မလား နှောင်းကို စွန့်ခွာနိုင်လို့ ကျွန်တော် ကွာရှင်းစာချုပ်မှာ လက်မှတ်မထိုးဘူး၊ နှောင်း သူ့ဟာသူ စိတ်ပြန်ပြောင်း လာတဲ့အထိ ကျွန်တော် စောင့်မယ်ဆိုတဲ့စိတ် ထားခဲ့တယ်"

ကွာရှင်းရက်နိုင်ပါ့မလား ဆိုသည့်စကားကို ဆောင်း အတွေးနက်ရပြန်သည်။

နှောင်းနှင့် ကိုအောင်မြင့်မွန် လက်ထပ်ကြစဉ်က တစ်ဦးကိုတစ်ဦး နှလုံးသားမေတ္တာဟူ၍ ဖော်ပြချက် မပီပြင်လှသေး မလွဲသာလို့ လက်ထပ်သည့် သဘောမျိုးဖြစ်သည်ဟု ဆောင်း ထင်ခဲ့သည်။

"အခုမှပဲ ရှင်းရှင်းပဲ မေးပါရစေ ကိုအောင်မြင့်မွန်၊ ချေးခြောက်ရေနွေးမေးခွန်း ဖြစ်ချင်လည်း ဖြစ်နေမယ် ပေါ့လေ"





"မေးပါ မဆောင်း"

"ကိုအောင်မြင့်မွန်နဲ့ ညီမလေး လက်ထပ်ခဲ့ကြပုံက ဇာတ်ပေါင်းခန်း ညားကြလေသတည်းဆိုရင် ပြီးရောဆိုတဲ့ ပုံစံမျိုးနဲ့ လက်ထပ်ခဲ့ကြတာလို့ ဆောင်း ထင်ခဲ့မိတယ်"

"မမှားပါဘူး ဆောင်း၊ ကျွန်တော့် သိက္ခာရော၊ နှောင်း သိက္ခာရော စောင့်စည်းရမယ် ဆိုတဲ့အနေနဲ့ လက်ထပ်ကြ တာပါ"

"အင်းလေ အဲဒီလို လက်ထပ်ပြီးခဲ့တဲ့ နှောင်းက ကွာရှင်း ချင်တယ် ဆိုတာတောင် ကိုအောင်မြင့်မွန်က မကွာရှင်း ရက်ဘူး ဆိုတဲ့စကား နှောင်း အခုသေသွားပြီးမှ ပြောလိုက် တဲ့စကား ဖြစ်နေမလားလို့"

ဆောင်းနှင့် ကိုအောင်မြင့်မွန်သည် ရေအိုင်လေးမှ အုတ်ဂူဆီသို့ လျှောက်လာရင်း ပြောလာကြခြင်း ဖြစ်သည်။ အုတ်ဂူအနီးသို့ပင် ရောက်လာကြပြီ။

ဝူးခနဲ့ အောင်မြင့်မွန် သက်ပြင်းကြီးချကာ နှောင်း၏ အုတ်ဂူလေးကို ကျောမှီပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"မဆောင်းဟာ နှောင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ပြောလိုက်တဲ့ စကားတိုင်းဟာ သံသယတစ်ခုခု ပါဝင်နေတဲ့ စကားတွေချည်းပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းပြောရရင် ဟုတ်ပါတယ်လို့ ဆောင်း ပြောရမှာပဲ၊ နှောင်းကို ကိုအောင်မြင့်မွန် လက်ထပ်ကတည်းက အနှစ်မပါတဲ့ လက်ထပ်ပွဲပဲဟာ"

အောင်မြင့်မွန် ကျကျနန တင်ပလ္လင်ခွေ ပြန်ထိုင်သည်။ ခါးကို မတ်မတ်ထောင်လိုက်သည်။ ပြီး ... ဆောင်းကို စူးစူးစိုက်စိုက် ကြည့်သည်။

"ကျွန်တော် မေးပါရစေ မဆောင်း၊ ပထမ မေးခွန်းအနေနဲ့ မဆောင်းဟာ ချစ်သူ ထားဖူးလား"

"အို"

"ဒုတိယ မေးခွန်းက မဆောင်းဟာ လင်ယူဖူးလား"

"မေးခွန်းတွေ ရင့်လွန်း ရိုင်းလွန်းတယ်"

"ရင့်လွန်း ရိုင်းလွန်းသွားရင် ခွင့်လွှတ်ပါ မဆောင်း၊ နှောင်းက တစ်ဆင့် ကျွန်တော် ကြားသိခဲ့သမျှတော့ ဆောင်းမှာ ခုချိန်ထိ သတ်သတ်မှတ်မှတ် ချစ်သူရယ်လို့ တစ်ဦးတလေမှ မရှိခဲ့သေးဘူး၊ လင်ယူဖို့ဆိုတာကတော့ ဝေလာဝေးပေါ့၊ အဲဒါကို ကျွန်တော် ကိုယ်တိုင်လည်း သိတယ်၊ ဒါပေမဲ့ မဆောင်း ပြောပုံက နှလုံးသားမေတ္တာနဲ့ မညားသေးမီ အကြာကြီးချစ်ပြီးမှ လက်ထပ်ကြတဲ့ အိမ်ထောင်ရှင်တွေမှာသာ စစ်မှန်တဲ့အချစ် စစ်မှန်တဲ့နှလုံးသား အချစ်မေတ္တာရှိသလို ပြောနေတယ်"



မဆောင်း ဘာမှမပြော။ သို့သော် နားစွင့်ထားသည်။ အကြောင်းမှု ယခု ကိုအောင်မြင့်မွန် ပြောနေပုံမှာ စိတ်ရောကိုယ်ပါ ပြောနေပုံ၊ အားတက်သရော ပြောနေပုံ ဖြစ်နေသောကြောင့်ပါပေ။ ထို့ကြောင့် သူ ပြောသမျှကိုသာ နားစွင့် နားထောင်ချင်သည်။ ဆောင်းတွင် ပြန်ပြောစရာ စကားမရှိ။

"အင်းပေါ့လေ ယေဘုယျအားဖြင့်တော့ လူငယ်သဘာဝ သမီးရည်းစား ဖြစ်ကြ၊ အိမ်ထောင်တစ်ခု မတည်ဆောက် တည်ဆောက်ဖို့ မနိုင်သေးတာကြောင့် တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြပါလျက်နဲ့ အချိန်ကိုစောင့်ကြ၊ အခြေအနေကိုစောင့်ကြ၊ အဲဒီနောက် အိမ်ထောင်တည် ဆောက်နိုင်တဲ့ အချိန်ရောက်မှ လက်ထပ်လိုက်ကြ၊ ပေါင်းသင်းလိုက်ကြတာကိုမှ မဆောင်းက အချစ်စစ် အချစ်မှန်လို့ ဆိုချင်သလားဟင်"

မဆောင်း မဖြေတတ်။ အကြောင်းမှု လက်ရှိအခြေအနေဝယ် မဆောင်းတွင် ပညာဘွဲ့ရပြီးသား၊ လက်ရှိ အထက်တန်းပြ ဆရာမ ဖြစ်ပြီးသား၊ မိဘ ထားခဲ့သော အမွေတွေကလည်း အများသား ဖြစ်နေသည်။

ဒေါက်တာဝင်းထွတ် ဆိုလည်း ဆောင်းထက်ပင် သာလွန်သော ပညာ၊ ဥစ္စာတွေ ရှိနေသည်။ တစ်သက်လုံး ဂုဏ်ရှိစွာ လုပ်စားနိုင်သော ဆရာဝန်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့စဉ်ပါလျက် ...

ဒေါက်တာဝင်းထွတ်က ဆောင်းကို ချစ်လှပါသည် လက်ထပ်ခွင့်ပေးပါ ဆိုသည်ကို ဆောင်း အကြိမ်ကြိမ်ငြင်း ဖြစ်နေသည်။

ဘာကြောင့်နည်း။

အဖြေထွက်ပါ၏။ ဆောင်း ရင်ထဲ၊ နှလုံးသားထဲ ဒေါက်တာဝင်းထွတ်ကို ပြန်မချစ်သောကြောင့်ပင်။

အောင်မြင့်မွန် ပြောသံ ဆက်ထွက်လာသည်။

"တကယ်တမ်းကျတော့ အချစ်ဆိုတာ ဘယ်လိုဖြစ်ပေါ် လာတယ် ဆိုတာကို မချစ်ဖူးသူတွေအတွက် ဘယ်လို မသိနိုင်ပါဘူး မဆောင်း၊ ချစ်ကြပြီးတဲ့နောက် ညားကြ သတည်း ဆိုတာကတော့ အကောင်းဆုံးနဲ့ အစစ်အမှန်ဆုံး ပေါ့လေ၊ ဒါပေမဲ့ မချစ်ကြသေးဖူးပဲနဲ့ ညားကြတဲ့ အိမ်ထောင် တွေလည်း ရှိကြတာပဲ၊ မြောက်ပိုင်းအစွန်း မြစ်ကြီးနားက အမျိုးသမီးနဲ့၊ တောင်ပိုင်းအစွန်း မြိတ်က မြိတ်သားနဲ့ တစ်ဦးကိုတစ်ဦး မြင်တောင်မမြင်ဖူးကြပဲနဲ့ မိဘ ပေးစားလို့ ညားကြပြီး သားသမီးတွေမွေး၊ အိုအောင်မင်းအောင် ပေါင်းသင်းသွားတာမျိုးတွေလည်း ရှိတာပဲ မဆောင်း"

"ကိုအောင်မြင့်မွန် ဘာကို အဓိက ဆိုလိုချင်နေတာလဲဟင်"





"ရှင်းရှင်းလေးပါ၊ နှောင်းကို ကျွန်တော် လက်ထပ်ပြီးမှ ရင်ထဲ နှလုံးထဲက စိမ့်ယိုပြီး အင်မတိ အင်မတန်ချစ်တဲ့ အချစ်နဲ့ ချစ်ခဲ့တယ်လေ၊ ဒါပေမဲ့ နှောင်းကို ကျွန်တော် လက်ထပ်ခဲ့တဲ့ အချိန်တုန်းကထိ ကျွန်တော် နှောင်းကို မချစ်သေးဘူးလို့ပဲ ထင်မိခဲ့တယ်၊ အဲဒီတုန်းက ကျွန်တော်က လုပ်ငန်းကိစ္စအတွက် ရန်ကုန်မှာ သောင်တင်နေတယ်၊ ဆရာမကြီး ဒေါ်ချိုချိုရဲ့ ဘုရားကိုးဆူပွဲမှာ မဆောင်းနဲ့ စတင်တွေ့ဆုံခဲ့တယ်၊ အဲ ... အစပျိုးတုန်းကတော့ ဘုရား ကိုးဆူပွဲမှာ စတွေ့တဲ့ မဆောင်းကို ခင်မင်ပြီး မဆောင်းတို့ ညီအစ်မ အိမ်ကို ကျွန်တော် ဝင်ထွက်ခွင့် တောင်းခဲ့တယ်၊ ဝင်ထွက်ခဲ့တယ်"

"အဲဒါတွေ ထားလိုက်ပါတော့",

"ဟုတ်ကဲ့ အဲဒါတွေ ဘေးချိတ်ထားခဲ့ပါတယ် မဆောင်း၊ အခု အဲဒါတွေ ကျွန်တော် ထည့်ပြောနေတာက နှောင်း အပေါ် ကျွန်တော့်ရဲ့ ကြီးမားတဲ့မေတ္တာ သက်ရောက်လာ ပုံကို ပေါ်လွင်စေချင်လို့ ထည့်ပြောနေတာပါ၊ အဲလေ ဆိုပါတော့၊ ကျွန်တော်က နှောင်းကို လက်ထပ်ပြီး ညားပြီးမှ ရင်ထဲက လှိုက်လှိုက်လှဲလှဲ နှောင်းကို ချစ်လာပေမဲ့ နှောင်းကတော့ ကျွန်တော့် အပေါ်မှာ မပြောင်းလဲခဲ့ပါဘူး မဆောင်း၊ နှောင်း သေသွားတဲ့အထိ ကျွန်တော့်အပေါ် မပြောင်းလဲခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မပြောင်းလဲတာလဲ ကိုအောင်မြင့်မွန်၊ နှောင်း... ဘယ်လို မပြောင်းလဲတာလဲ"

"နှောင်းဟာ သေသည်အထိ ကျွန်တော့်အပေါ် တွဲ... မေတ္တာ မပြခဲ့ဘူး၊ ဒါကြောင့် ကျွန်တော်က သားသား... ဖြစ်ဖြစ် မီးမီးလေးဖြစ်ဖြစ် လိုချင်တယ်လေ၊ သား... ရလာရင် နှောင်းဟာ ဥကိုခင်တာနဲ့ မကိုခင်... သဘောမျိုးများ သက်ရောက် ဝင်ရောက်လာမလားလို့... မျှော်လင့်ချက်ပေါ့ မဆောင်း"

"ဟုတ်နိုင်ပါ့မလား ကိုအောင်မြင့်မွန်၊ လက်ထပ်ပြီးတဲ့... နှောင်းက ကိုအောင်မြင့်မွန်အပေါ် ချစ်ခင်မှု မရှိဘူးဆို... ဟုတ်နိုင်ပါ့မလားလို့ပါ၊ ဒီမယ် ကိုအောင်မြင့်မွန် နှောင်း... တက္ကသိုလ်ကျောင်းသူ ဘဝကတည်းက အတွဲတွေ ထား... တယ်၊ ဒါပေမဲ့ သိက္ခာပျက်တဲ့အထိ ဘယ်အတွဲကို... အခွင့်အရေး မပေးခဲ့ဘူး၊ မလိုက်လျောခဲ့ဘူး၊ ဒါ... ဆောင်း သေချာသိတယ်၊ ဘယ်အတွဲနဲ့တွဲတွဲ သူ့သိ... အထိမခံဘူး၊ အတွဲပြတ်သွားလည်း နှောင်း မခံစားတတ်ဘူ... နောက်အတွဲ ထပ်တွဲတယ်၊ အဲ ... ကိုအောင်မြင့်မွန်နဲ့ကျ... နှောင်းက လက်ထပ်မှ ဖြစ်မယ်ဆိုတဲ့အထိ ကိုအောင်မြ... မွန်ကို လိုက်လျောခဲ့တာဟာ သူ့ရင်ထဲက ကိုအောင်မြ... မွန်ကို တကယ် နှစ်နှစ်ကာကာ ချစ်လို့ပဲ ဖြစ်ရမှာပေ..."





ဆောင်းက ဆက်ပြောမြဲ ပြောသည်။

"နောက်တစ်ချက်က နှောင်းဟာ ရန်ကုန်မှာ အနေကြာပြီး ရန်ကုန်ကိုသာ ခင်တွယ်တဲ့ မိန်းကလေးပါ၊ တခြား ဘယ်နေရာ၊ ဘယ်မြို့၊ ဘယ်ဒေသကိုမှ သွားနေဖို့ နှောင်း ဘယ်တော့မှ မစဉ်းစားဘူး၊ အဲဒီကြားက လက်ထပ်ပြီး စည်ပင်လိုနေရာမှာ ကိုအောင်မြင့်မွန်နဲ့အတူ ဖြစ်သလိုလိုက် နေတဲ့ နှောင်းဟာ ကိုအောင်မြင့်မွန် တစ်မျက်နှာတည်းကို မချစ်ခင်ရင် နေနိုင်ပါ့မလား၊ နှောင်းအတွက် လာနေမယ် ဆိုရင် ရန်ကုန်က ဆောင်းနှင်းရိပ်မြုံဟာ အဆင်သင့် ဆီးကြိုနေတာပါ၊ ကိုအောင်မြင့်မွန်ကို သိပ်ချစ်လို့ ကိုအောင် မြင့်မွန်နဲ့ ခွဲမနေနိုင်အောင်ချစ်လို့ စည်ပင်လိုနေရာမှာ နေတာမဟုတ်လား"

"အဲဒီ အချက်တွေကိုလည်း ကျွန်တော် ထည့်တွေး ထည့်စဉ်းစားပါတယ် မဆောင်း၊ အဲဒါတွေ ထည့်စဉ်း စားလေ ထည့်တွေးလေ နှောင်းကို ကျွန်တော် အချစ်ပိုလေ လည်း ဖြစ်ခဲ့ပါတယ်၊ အေးဗျာ နှောင်းဆိုတဲ့ နှောင်းဟာ တစ်မျိုးပဲ၊ ကျွန်တော့်ကို သူ ပြန်ချစ်တယ်ဆိုတောင် သူ့ရင်ထဲကပဲ ချစ်နေမှာပါ၊ ကျွန်တော်နဲ့ ပြင်ပဆက်ဆံရေး ကတော့ ကျွန်တော့်ကို မနှစ်မြို့သလို၊ မလိုလားသလို အမူအရာတွေ အမြဲပြနေခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ရှိတယ်ပေါ့ ကိုအောင်မြင့်မွန်၊ နှောင်း စိတ်က ကလေးဆန်ဆန် နေတတ်တယ်၊ ကိုအောင်မြင့်မွန်က လူကြီးဆန်တယ်၊ နှောင်းက စီပွားရေးကို အမိကမထားဘဲ ပျော်ပျော်ရွှင်ရွှင် နေချင်တယ်၊ ကိုအောင်မြင့်မွန်ရဲ့ ရှိသမျှ အာရုံတွေက ပန်းသီးခြံလုပ်ငန်းမှာ ရောက်နေတယ်၊ လင်ရယ် မယားရယ် ကျီကျီစယ်စယ် ဟေးလားဟားလား မလုပ်တတ်တာတွေကြောင့် နှောင်းက ကိုအောင်မြင့်မွန်ကို ရင်ထဲက ချစ်ပေမဲ့ ပြင်ပရုပ်က မကျေနပ်တဲ့ အမူအရာတွေ ပြနေတယ်လို့ ဆောင်း ထင်တာပဲ၊ ဒါကြောင့် မြို့ပြကြီးတဲ့ တောင်ကြီးကို ပြောင်းချင်ပြောင်း၊ မပြောင်းရင်ကွာမယ် ဆိုတာမျိုး ကြေငြာလာတာ ဖြစ်နိုင်တယ်၊ ကိုအောင်မြင့်မွန် ကိုသာ သူ ရင်ထဲက တကယ်မချစ်ရင် ကိုယ့်အလုပ် ကိုယ့် ပန်းသီးခြံတွေနဲ့ နေခဲ့ပေတော့၊ နှောင်းက ရန်ကုန် အိမ်မှာ ပြန်နေတော့မယ်ဆိုပြီး ထွက်ရုံပေါ့၊ အခုတော့ သူ့ခမျာ လင်ကိုမှည်း မခွဲနိုင်၊ နောက်ဆုံး တောင်ကြီး မှာပဲ လင်မယား အတူတူနေရနေရ ဆိုတဲ့စိတ်နဲ့ ခေါ်သေး တာပဲ၊ စဉ်းစားကြည့်ပေါ့ ကိုအောင်မြင့်မွန်၊ စဉ်းစားလေလေ နှောင်းက ကိုအောင်မြင့်မွန်ကို ချစ်တယ်ဆိုတာ ပေါ်လာ လေလေ ဖြစ်မှာပါ"





အောင်မြင့်မွန် ထိုင်ရာမှထရပ်သည်။ သူ့ စိတ်ထဲတွင် ဆောင်း ပြောတာတွေကို လက်ခံမိသည်။

"မဆောင်း ပြောတာတွေ ဟုတ်ပါတယ်၊ ဒါကြောင့်လည်း နှောင်းဟာ စည်ပင်မှာ ကိုဒီပ၊ ကိုဝဏ္ဏကို၊ စိုင်းခက်တို့နဲ့ ဟေးလားဝါးလား သူ ပျော်သလိုနေတာကို ကျွန်တော် မကန့်ကွက်ခဲ့ပါဘူး၊ နှောင်းရဲ့ ဝါသနာကိုက ကလေး ဆန်ဆန် ဟေးလားဝါးလား နေရတာမျိုးကို နှစ်သက်ပျော် မွေ့တာကိုး"

"နှောင်းက အဲဒီအဖွဲ့နဲ့ ဟေးလားဝါးလား အရော တဝင် ဆက်ဆံတာကိုကော ကိုအောင်မြင့်မွန် ရင်ထဲမှမနာလိုစိတ်၊ သံသဖြစ်စိတ် မပေါ်ဘူးလား"

ဆောင်းက ဤမေးခွန်းကို တမင်တကာပင် မေးလိုက် ခြင်း ဖြစ်သည်။ ကိုအောင်မြင့်မွန်က နှောင်းအား လက်ထပ်ပြီးမှ တကယ်ချစ်လာသည့် စကားကို ဆောင်း ယုံကြည်ခြင်းမရှိပေ။ ဒီပတို့ အဖွဲ့နှင့် နှောင်း အရောတဝင်နေခြင်းကို ကိုအောင်မြင့်မွန် မကျေနပ်သည် ဆိုသည်ကတော့ ဖြစ်နိုင်သည်။ သို့သော် ဤလူဆိုး သုံးဦးက ပန်းသီးခြံကို အနှောင့်အယှက် ပေးမည်စိုးသောကြောင့် နှောင်းက ဒီလူသုံးယောက်ကို လိုက်လျောစွာ ဆက်ဆံနေခြင်း ဖြစ်သည့်အတွက် နှောင်း၏ လိုက်လျောဆက်ဆံမှုကို ကိုအောင် မြင့်မွန် မသိကျိုးကျွန် နေပေမည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဒီလူသုံးယောက်နှင့် ပတ်သက်ပြီး ... မယားစကားများမည်။ အကြီးအကျယ် စကားများရာမှ ကိုအော ... မြင့်မှုန် နှောင်းအပေါ် လက်လွှန်သွားပြီး နှောင်းကို မဟာ ... ထဲသို့ပစ်ချပြီးမှ သူ့လူတွေဖြစ်သော ဒေါက်တာစောဒီနှင့် အ... လူကြီး ဦးဘကြူး၊ ဦးစံလင်းတို့ကို ခုတုံးလုပ်စေခြင်းလား။

"စိုးရိမ်တာကလွဲပြီး သံသယတော့ မဝင်ခဲ့ပါဘူး ဆော... ဘာလို့လဲဆိုတော့ နှောင်းဟာ အပျိုဘဝကတည်းက ... ကိုယ်သူ အင်မတန် စောင့်စည်းမှန်း ကျွန်တော် သိနေသ... ပဲဟာ၊ အိမ်ထောင်သည်ဘဝမှာ ပိုပြီးတောင် စောင့်စ... ထိန်းသိမ်းမှာပါ၊ ကဲ ... သွားကြစို့ မဆောင်း၊ ဒီ... အကြာကြီးနေရင် ပတ်ဝန်းကျင်က တစ်မျိုးထင်ကြမယ... ကျွန်တော့်အတွက် အကြောင်းမဟုတ်ပါဘူး၊ မဆောင်... အတွက်ပါ"

ပြန်လမ်းသို့ ယှဉ်လျှောက်လာသည်။

ဆောင်း စိတ်ထဲတွင် နှောင်း၏ ဆွဲကြိုးလေး... ရေအိုင်စပ်မှ ကောက်ရသည်ကို စိတ်ထဲတွင် မသိုးမသန့်ဖြစ်မှုအ... မချုပ်တီးနိုင်ပဲ အောင်မြင့်မှုန်ကို ဖွင့်ပြောတော့သည်။

"အဲဒီ နှောင်း အုတ်ဂူနားက ရေအိုင်လေးကို မဟာကန်လို့ ခေါ်ကြသလား ကိုအောင်မြင့်မှုန်"





"ဟာ ... မဟုတ်တာ တောက်တီးတောက်တဲ့ မဆောင်း ရယ်၊ ဒီအိုင်လေးက ဒီခြံမြေထဲက မြေနိမ့်ပိုင်း ဒယ်အိုးလို ခွက်နေလို့ မိုးတွင်းက ရွာတဲ့ရေတွေဝင်ပြီး ကျန်နေတဲ့အိုင် လေးပဲ၊ မိုးတွင်း မိုးရွာတုန်းတော့ အိုင်လေးမှာ ရေအပြည့် အလျှံပေါ့လေ၊ ဒါတောင် အိုင်အလယ်မှာ လူတစ်ရပ်မြုပ် အောင် မနက်ပါဘူး၊ မိုးကုန်သွားတော့ သူ့ဟာသူ တဖြည်း ဖြည်း ရေခန်းလာတယ်၊ တခြားကို စီးသွားဖို့လည်း ပုံစံ ကိုက ဒယ်အိုးပုံစံမို့ စီးသွားစရာ ဒီထက်မြေနိမ့် မရှိဘူး၊ အဲ ... နွေဦးလောက်ရောက်ရင် နေပူရှိန်နဲ့ အားလုံး ရေတွေခန်းသွားတယ်"

"ဒါဆို မဟာကန် ဆိုတာကရော"

"မဟာကန်က အကြီးကြီးပေါ့ ပေနှစ်ရာ သုံးရာ ပတ်လည် မက ကျယ်တယ်၊ စည်ပင်ရဲ့ အရှေ့ဘက် တစ်မိုင်လောက် အကွာမှာ တည်ရှိတယ်၊ ဒီကုန်းမြေမြင့်ပိုင်းမှာ ဒီလောက် ကျယ်ဝန်းတဲ့ကန်ကိုလည်းပဲ မဟာကန်လို့ ခေါ်ကြတဲ့ သဘောပါ၊ ရန်ကုန်က အင်းယားကန်လို၊ ကန်တော်ကြီးလို ကန်ကြီးမျိုး မဟုတ်ပါဘူး"

"ဆောင်း ထပ်မေးချင်သေးတယ်၊ ဆောင်း မေးသမျှ သံသယ မေးခွန်းတွေချည်းပါလားလို့တော့ မထင်နဲ့နော်၊ နှောင်းဟာ ရေနစ်သေဆုံးတာလို့တော့ ဒေါက်တာစောဒီရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောပြချက်အရတော့ ဟုတ်ပြီထား၊ ဒါပေမဲ့ ရေနစ်ပြီးမှ ပြန်ဆယ်တဲ့အလောင်းဟာ ရုပ်ပျက်ဆင်းပျက် ပုပ်ပွမှပေါ် လာတာ မဟုတ်လား၊ အခုတော့ နှောင်းရဲ့ အလောင်းဟာ ပကတိ နဂိုရုပ်အတိုင်း ရှိနေတာပဲ"

"နှောင်းဟာ ရေနစ်သေပေမဲ့ အလောင်းဟာ ရေထဲမှာ ကြာကြာရှိနေလိုက်တာမှ မဟုတ်တာပဲ မဆောင်း ပုပ်ပွပြီး ပေါ်လာတဲ့အလောင်း မဟုတ်ဘူး"

"ဟင် ... ဒါဆို ရေနစ်သေတာဆို"

"မဟာကန်ရဲ့ ရေပြင်ဟာ အင်းလေးကန် ရေပြင်လိုအောက် ခြေကို မြင်ရတဲ့အထိ ကြည်လင်တယ် မဆောင်း၊ နောက်ပြီး အင်းလေးကန်လို ရေက အနက်ကြီး မဟုတ်ဘူး၊ အလွန်ဆုံး နက်တဲ့ နေရာတောင် ဝါးတစ်ရိုက်လောက်ပဲရှိတာ"

"ဝါးတစ်ရိုက်ဆိုတာ ပေဘယ်လောက်ရှိမလဲ ကိုအောင်မြင့်မွန်"

"ပေသုံးလေးဆယ်လောက် ဆိုပါတော့၊ ဒီတော့ မဆောင်း လှေမှောက် ရေနစ်တဲ့နေရာမှာ လှေဟာ မှောက်လျက် ပေါ်လောကြီး ပေါ်နေတယ်၊ သိပ်မကြာလိုက်ခင်မှာ အဲဒီ မှောက်လျက်ပေါ်လောပေါ်နေတဲ့ လှေကို ဦးကြာဟုန်က တွေ့တယ်၊ ဦးကြာဟုန်က မှောက်တဲ့လှေကို တွေ့တော့ ရေအောက်ကို ငုံ့ကြည့်တယ်၊ ရေအောက် ကျောက်တွေ





ကြားမှာညပ်နေတဲ့ နှောင်းရဲ့ အလောင်းကိုတွေ့တာနဲ့ ဦးကြာဟုန်က ဆင်းပြီး နှောင်းရဲ့ အလောင်းကို ဆယ် ယူလိုက်တယ်၊ ဒါကြောင့် နှောင်းဟာ ရေထဲမှာအကြာကြီး မဟုတ်လို့ ရုပ်ဆင်းအင်္ဂါ မပျက်ပဲ နဂိုရုပ်အတိုင်း ရှိနေတာပဲ မဆောင်း၊ ဦးကြာဟုန်က နှောင်းဟာ ကျွန်တော့် ဇနီးမှန်း သိနေတာမို့ ကျွန်တော့်ဆီ လာပို့ပေးတယ် အဲဒါပါပဲ"

"ဦးကြာဟုန် ဟုတ်လား၊ သူက ဘယ်လိုက ဘယ်လို မဟာကန်ကို ရောက်သွားတာလဲ"

"ဦးကြာဟုန်ဟာ စည်မင်မှာ တစ်ဦးတည်းသော ငါ သည်ပဲ၊ မဟာကန်ထဲမှာရှိတဲ့ ငါးတွေကို ဦးကြာဟုန် တစ်ယောက်ပဲ မျှားတယ်၊ ရောင်းစားတယ်၊ ဒါပေမဲ့ မဟာကန်က ရတဲ့ငါးကို စည်ပင်ကလူတွေ ဘယ်သူမှ ဝယ်မစားဘူး၊ မစားကောင်းဘူးလို့ အယူရှိကြတယ်၊ ဦးကြာ ဟုန် ရတဲ့ငါးတွေကို ဟိုပုန်းမှာဖြစ်ဖြစ်၊ တောင်ကြီးမှာဖြစ်ဖြစ် သွားရောင်းတယ်"

"စဉ်းစားပါဦး ကိုအောင်မြင့်မွန်၊ ညကြီးမိုးချုပ် ငါ ဦးကြာဟုန်က နှောင်း အလောင်းကို ဘယ်လိုတွေ့တာလဲ"

"ပြောပြီကော ဆောင်း၊ ဦးကြာဟုန်က ညဘက်ကျမှ လူမမြင်သူမမြင် ငါးဖမ်းတယ်၊ စည်ပင် တစ်နယ်လုံးမှာ သူ တစ်ယောက်တည်း ငါ လုပ်စားတာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ညမိုးချုပ် လူတွေမမြင်မှ သူက မဟာကန်မှာ ငါးဖမ်းလေ့ရှိတယ်”

“မှောင်ကြီးထဲမှာ”

“သူ့မှာ ငါးတောင့်ထိုး အားကောင်းတဲ့ လက်နှိပ်ဓာတ်မီးပါတယ်၊ ရေနံဆီ မီးခွက်တစ်လုံးပါတယ်၊ လှေပေါ်မှ ဆီမီးခွက်ကတော့ ထွန်းထားပြီး လက်နှိပ်ဓာတ်မီးကလိုအပ်မှသုံးတယ်၊ အဲ ... ရေကန်ထဲမှာ ပထမ ဆီမီးခွက်မီးရောင်နှင့် ဝေါလော လှေမည်းမည်းကြီးကို တွေ့တယ်၊ သေချာအောင် ဓာတ်မီးအားနဲ့ ထိုးကြည့်တော့ လှေတစ်စီးမှောက်လျက်သားကြီး ပေါ်နေတာကို တွေ့တယ်၊ လှေရှိရင်လူရှိရမယ်လို့ ဦးကြာဟုန် တွက်ပြီး သူ့ အားကောင်းတဲ့ လက်နှိပ်ဓာတ်မီးနဲ့ ရေအောက်ကို ထိုးကြည့်တယ်၊ နောင်းအလောင်းကို တွေ့တယ်၊ ဦးကြာဟုန်ဟာ ရေမှာကျွမ်းပြီးသားမို့ ရေထဲဆင်းငုပ်ပြီး နောင်း အလောင်းကို လှေပေါ်တင်ယူတယ်၊ လက်နှိပ်ဓာတ်မီးရောင်နဲ့ ဒီမိန်းကလေးဟာ အောင်မြင့်မွှန်ရဲ့ ဇနီးလေးပဲမှန်း သူ သိတာယ်၊ စည်ပင်မှာ ကျွန်တော်က လူသိများတယ် မဆောင်း၊ အထူးသဖြင့် လက်လုပ်လက်စား ဆင်းရဲသားပိုင်းက လူတွေက ကျွန်တော့်ကို အသိများကြတယ်၊ ဦးကြာဟုန် နောင်းရဲ့ အလောင်းကိုတင်ပြီး လှေကို ကမ်းပြန်ကပ်တယ်၊ ကျွန်တော့်





အိမ်ကိုပြေးလာပြီး သတင်းပေးတယ်၊ ကျွန်တော်တို့ နောင်းအလောင်းကို သွားယူချိန်မှာ အောင်တင့်မွှန်က မော်တော်ဆိုင်ကယ်နဲ့ တောင်ကြီးက ဒေါက်တာစောဒီကို သွားပင့်တယ်၊ ကျန်တာတွေတော့ ဆောင်း သိပြီးသား မြင်ပြီးသားတွေပဲလေ၊ ဆက်ပြောဖို့ မလိုတော့ပါဘူး”

“နေပါဦး ကိုအောင်မြင့်မွှန်၊ နောင်းက ညကြီးမိုးချုပ်ကျမှ တစ်ယောက်တည်း မဟာကန်ကို လှေလှော် ရေကူးထွက်မှာတဲ့လား”

“နောင်းဟာ မော်တော်ဆိုင်ကယ် စီးတတ်သွားပြီးတဲ့နောက်ပိုင်းမှာ ဒီကနေ ခုနစ်မိုင်လောက်ဝေးတဲ့ ဟိုပုန်းအထိတောင် ခေါက်ဆွဲကြော် သွားစားချင်စားတာ၊ သွားချင်တဲ့အချိန် ထသွားတာ”

“နောင်းက မော်တော်ဆိုင်ကယ်တွေတောင် စီးတဝ်နေပြီလား၊ ဟိုတုန်းက ကားပဲမောင်းတယ်၊ တစ်ခါမှ မော်တော်ဆိုင်ကယ် မစီးဖူးပါဘူး”

“ပထမတုန်းကတော့ မစီးတတ်ဘူးပေါ့ မဆောင်း၊ နောက်ပိုင်း မော်တော်ဆိုင်ကယ်စီး သင်ပေးပါလို့ ကျွန်တော့်ကို ပူဆာတယ်၊ ကျွန်တော် အချိန်ဆွဲထားပြီး သင်မပေးပဲထားတာပါပဲ၊ ဒါပေမဲ့ အောင်တင့်မွှန် ကျောင်းတစ်နှစ်နားတော့ စည်ပင်ရောက်လာပြီး အတူနေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လစ်တဲ့အချိန်မှာ နှောင်းက အောင်တင့်မွန်ကို မော်တော်ဆိုင်ကယ်စီး သင်ခိုင်းတယ်၊ ဟိုကောင်က မရှိဆိုပေမဲ့ ကြောက်ရတော့ နှောင်း အလိုကျ သင်ပေးလိုက်တာ နှစ်ရက်ပဲ သင်ရတယ် နှောင်း စီးတတ်သွားတယ်၊ စက်ဘီးလည်း စီးတတ်တယ်၊ မော်တော်ကားလည်း မောင်းတတ်ပြီးသား ဆိုသူတစ်ယောက်အတွက် မော်တော်ဆိုင်ကယ်စီးသင်ရတာ မခက်ခဲဘူးပေါ့ မဆောင်း၊ ပြီးတော့ နှောင်းကိုယ်တိုင်က သိပ်စီးတတ်ချင်တဲ့ ဆန္ဒပြင်းနေတော့ နှစ်ရက်အတွင်းမှာပဲ ကောင်းကောင်းစီးတတ်သွားတယ်"

"ဒါဆို နှောင်းဟာ ညကြီးမိုးချုပ်မှ မော်တော်ဆိုင်ကယ်စီးသွားပြီး မဟာကန်ကိုသွားတယ်၊ ဟိုမှာ လှေလှော်တယ် လှေမှောက် ရေနစ်သေဆုံးတယ်ပေါ့နော်"

"ဟုတ်ကဲ့၊ နှောင်းစီးနေကျ ဟွန်ဒါစကူတာ မိန်းမစီးမော်တော်ဆိုင်ကယ်လေးရော၊ နှောင်းစီးတဲ့ ဖိနပ်ရော၊ နှောင်းဝတ်သွားတဲ့ အင်္ကျီနဲ့ထဘီရော ကမ်းစပ်မှာ တွေ့ရတယ် မဆောင်း၊ နှောင်းဟာ အောက်ခံဘရာစီယာ၊ အောက်ခံပင်တီဘောင်းဘီလေးဝတ်ထားတာ အလောင်းမှာ တွေ့ရတယ်"

"ဒါဆို မဟာကန်ရောက်မှ အင်္ကျီချွတ်၊ ထဘီချွတ် အောက်ခံဘရာစီယာ၊ အောက်ခံ ပင်တီဘောင်းဘီလေးနဲ့ ရေဆင်းကူး ရေနစ်တယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"





"အဲဒီလိုပဲ ယူဆစရာဖြစ်နေတယ် မဆောင်း"

ဆောင်းက ခေါင်းခါငြင်းသည်။

"စဉ်းစားကြည့်ပါ ကိုအောင်မြင့်မွန်၊ နှောင်းရဲ့ ဗီရိုထဲမှာ ရေကူးဝတ်စုံတွေ အထပ်လိုက် ရှိနေမှာပါ၊ အရွယ်ရှိတဲ့ မိန်းကလေး တစ်ယောက်ဟာ အပျိုပဲဖြစ်ဖြစ် အအိုပဲဖြစ်ဖြစ် ရေကူးမယ်ဆိုရင် အလွယ်တကူ ထဘီချွတ်၊ အင်္ကျီချွတ်ပြီး အောက်ခံလေးတွေနဲ့ ဘယ်အမျိုးသမီး ရေကူးမှာတဲ့လဲ၊ နှောင်းဟာ ရေကူးမယ်ဆိုရင် ရေကူးဝတ်စုံ တစ်စုံတော့ ယူသွားရမှာပေါ့၊ ရေကူးဝတ်စုံ ဝတ်ပြီးမှ ရေထဲ၊ လှေထဲ ဆင်းမှာပေါ့၊ အခုတော့ ရေကူးဝတ်စုံ မဝတ်ပဲ အောက်ခံလေးတွေနဲ့ ရေကူးမှ ရေနစ်သေဆုံးရတယ်လို့ ကိုအောင်မြင့်မွန်ရယ်"

အောင်မြင့်မွန်သည် ဆောင်းက မိန်းမ သဘာဝနှင့် ယှဉ်ပြီး အကွက်ကျကျ အချက်ကျကျ ပြောလိုက်သည့် စကားကို ဘယ်လိုမှ ပြန်မဖြေတတ်ပဲ မျက်လုံးပုတ်ခတ်ပုတ်ခတ်နှင့် မဆောင်းကိုသာ ငေးကြည့်နေမိတော့သည်။

"ကျွန်တော် မဖြေတတ်တော့ဘူး မဆောင်း၊ နှောင်းနဲ့ ပတ်သက်ပြီး ကျွန်တော် သိတာ၊ မြင်တာ၊ ခံစားရတာ ကလွဲပြီး ကျွန်တော် ဘာမှမပြောတတ်တာ အမှန်ပဲ"

အိမ်ကြီးဆီသို့ ရောက်လာကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရက်လည်ဆွမ်းကျွေးတွင် စားသောက်နေကြသော ညည့်ကြွင်းညည့်ကျန်များ ရှိနေဆဲ ဖြစ်ပါ၏။ ယင်း ညည့်ကြွင်းညည့်ကျန် များကိုကြည့်ပြီး ဆောင်းက တစ်ခုထပ်ပြီး အောင်မြင့်မွန်ကို မေးလိုက်ပြန်သည်။

"ဒီနေ့ ရက်လည် ဆွမ်းကျွေးပွဲမှာရော တခါ ဦးကြာဟုန် မလာဘူးလား ကိုအောင်မြင့်မွန်၊ ဦးကြာဟုန်ကို မဖိတ်ထား ဘူးလား"

"စောစောက ဦးကြာဟုန် လာတာကို ကျွန်တော် တွေ့လိုက် မိတယ်၊ ဒီအရပ်ထုံးစံမှာ အသုဘ ရက်လည်ဆွမ်းကျွေးကို တစ်အိမ်တက်ဆင်း လိုက်ဖိတ်တဲ့ ဓလေ့မရှိဘူး မဆောင်း သူ့တို့ စေတနာ၊ သူတို့ အသိစိတ်နဲ့ လာကြတာ၊ ဦးကြာ ဟုန်လို လူကတော့ ထိပ်ဆုံးက လာမှာပေါ့၊ နောင်း အလောင်းကို သူ တွေ့ပြီး သူ ဆယ်တင်ခဲ့တာ ကြားချင်တာရော၊ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးပု ဟင်းတွေနဲ့ အလျှံပယ် ထမင်းစားဖို့ရောပေါ့"

"ဒါဆို အခု ဦးကြာဟုန် ရှိသေးလားဟင်"

"နေဦး ကျွန်တော် ကြည့်ခိုင်းပေးမယ် ဆောင်း၊ ဦးကြာဟုန် ရှိသေးရင် တစ်ခါတည်း ခေါ်လာခိုင်းလိုက်မယ်၊ ညီလေး အောင်တင့်မွန် ညည့်စားပွဲဝိုင်းတွေမှာ သွားကြည့်စမ်း





ဦးကြာဟုန် ရှိသေးရင် ငါက ခေါ်ခိုင်းတယ်လို့ပြောပြီး ခေါ်လာခဲ့ကွာ"

အောင်တင့်မွန်က ဦးခေါင်း ခါပြလိုက်သည်။

"နာရီဝက်လောက်ရှိပြီ ကိုကြီး၊ ဦးကြာဟုန် ပြန်သွား တာလေ၊ ဒီက အအီအဆိမ့်တွေ စားပိုးနင့်အောင်စားပြီး တရေးတမော ပြန်အိပ်ဦးမယ်လို့တောင် ရယ်ရယ်မောမောနဲ့ ကျွန်တော့်ကို နှုတ်ဆက်သွားသေးတယ်"

"အေးကွာ မဆောင်းက ဦးကြာဟုန်နဲ့ တွေ့ချင်လို့တဲ့၊ အဲဒါ မင်း ဦးကြာဟုန်ကို ရှာဖွေပြီး ဆောင်းနဲ့တွေ့ဖို့ စီစဉ်ပေးလိုက်ပါ ညီလေး"

"အခုချက်ချင်းလား အစ်ကိုကြီး"

အောင်မြင့်မွန်က ဆောင်းဘက်သို့ ပြန်လှည့်ကြည့်ပြီး အခုချက်ချင်းလားဟု ပြန်မေးသည့်သဘောဖြင့် ခေါင်းဆတ် ပြသည်။ ဆောင်းက မဖြေမီ အောင်တင့်မွန်က ဆက်ပြောပြန် သည်။

"အခုချက်ချင်း ဆိုရင်တော့ ဦးကြာဟုန်ကို ရှာတွေ့ဖို့ လွယ်မယ် မထင်ဘူး ကိုကြီး၊ ဘုန်းကြီးကျောင်း ဇရပ် တစ်ခုခုမှာဖြစ်ဖြစ် သွားအိပ်နေမလားပဲ၊ ပြီးတော့ အဘိုး ကြီးက စားသောက်ပြီး လူမမြင်တဲ့နေရာမှာ ဘိန်းရှူနေ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း နက်ဖြန်ပေါ့ကွယ်၊ နက်ဖြန်ကျမှပဲ ဦးကြာ ဟုန်ကိုရှာပြီး မမဆောင်းဆီ ခေါ်လာပေးပါ အောင့်တင့် မွန်"

ဆောင်း အိမ်ပေါ်သို့တက်ခဲ့သည်။ အိပ်ခန်းထဲသို့ ဝင်ကာ နွမ်းနွမ်းလျလျ ပင်ပင်ပန်းပန်းလေး ရှိနေပြီမို့ အိပ်ရာတွင် လဲလျောင်းလိုက်သည်။ လဲလျောင်းလျက်ကပင် မိမိ၏လက်တွင် ဆုပ်ကိုင်ထားသော ဆွဲကြိုးနှစ်ကုံးအနက်မှ မိမိ၏ မဟူရာမျက်လုံး ဖီးကွက်ဆွဲကြိုးကို မိမိ လည်ပင်းတွင် ပြန်စွပ် ဆွဲထားလိုက် သည်။

ပြီး ... နှောင်း၏ ဆွဲကြိုးလေးကို ထောင်ကြည့် ပြန်သည်။

"ဟင် ... ကြည့်စမ်း"

နှောင်း၏ ဆွဲကြိုးလေးသည် ခလုတ်ချောင်ပြီး ကျွတ်ကျခြင်းမဟုတ်။ ဆွဲကြိုး၏ ကွင်းဆက်တစ်နေရာမှ ပြတ်ထွက် ခြင်းမျိုး ဖြစ်နေသည်ကို တွေ့ရှိရသည်။

ဆွဲထားလျက်က တစ်ခုခုနှင့်ငြိပြီး အားနှင့်ဆွဲလိုက် သောကြောင့် ပြတ်ထွက်သွားခြင်းမျိုး ဖြစ်နေသည်။

သေချာစဉ်းစားသောအခါ တစ်ခုခုနှင့် ငြိသောကြောင့် နှောင်းက အတင်းကိုယ်အားနှင့် ရုန်းထွက်သဖြင့် ပြတ်သွားသည် တော့ မဖြစ်တန်ရာ။





မေမေ ကိုယ်တိုင်လုပ်ပေးခဲ့သော ဆွဲကြိုးမို့ နှောင်း လည်း သိပ်တန်ဖိုးထားသည်။ ငြိလျှင် ပြတ်အောင်ဆောင့်ရုန်း သည်မဟုတ်။ ဆွဲကြိုးလေး ပျက်စီးသွားမည်ကို နှောင်း စိုးရိမ်မည်သာ။

ဒါဆို ဘာကြောင့် နှောင်း ဆွဲကြိုးလေး ပြတ်ခဲ့နေ သနည်း။

မပြောတတ်ပါလေတော့။

ဆောင်း ဦးနှောက်ခြောက်လာပြီမို့ ဆက်မစဉ်းစား တော့ပဲ ကုတင်အိပ်ရာဘေးရှိ စားပွဲပေါ် ရေဖန်ချိုင့်အနီးတွင် နှောင်း၏ ဆွဲကြိုးလေးကို တင်ထားလိုက်သည်။ ပြီး ... စိတ်မောလူမောနှင့် ဆောင်း မှေးခနဲ အိပ်ပျော်သွားသည်။

* ❀ *



www.burmeseclassic.com

www.burmeseclassic.com



## ၉

နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်လိုက်ပြီး ပြန်လည်နိုးလာချိန်တွင် နေမွန်းလွဲ နေပေပြီ။

ဒေါ်လေး သူဇာလည်း ဟိုဘက်ခုတင်ထက်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို ဆောင်း တွေ့ရှိသည်။ ဒေါ်လေးသူဇာ ယနေ့ အရက်ဦးထဲကထပြီး ပင်ပန်းခဲ့သည်။ ကိုအောင်မြင့်မွန်က နှောင်း၏ ရက်လည်ဆွမ်းကျွေးပွဲတွင် အထုပ်လိုက်ငွေထုတ်ပေးပြီး ဒေါ်လေးသူဇာကို အားလုံး တာဝန်ပေးသည်။ တစ်အိမ်လုံးရှိ အလုပ်သမားအားလုံး ဒေါ်လေးသူဇာ ခိုင်းသမျှ လုပ်ပေးရမည်ဟုလည်း အမိန့်ပေးထားသည်။

ဒေါ်လေးသူဇာ၏ အကျင့်ကိုကပင် လူတွေ အစည်အကားနှင့် ဝိုင်းဖွဲ့လုပ်ကိုင်ရသည်ကို ဝါသနာပါသည်။ ဆော်ဩပြီး ဩဇာပေးရသော အလုပ်ဆိုလျှင် ဒေါ်လေးသူဇာ အနှစ်သက်ဆုံးဖြစ်သည်။





ထို့ကြောင့်လည်း စည်ပင်ရောက်သည့် နေ့မှစပြီး ဆောင်း အနီးပင် သီပ်မကပ်။

ကိုအောင်မြင့်မွန် ကိုယ်တိုင်က ဆောင်းကို ဘာသိဘာသာ ဆက်ဆံစေကာမူ ဒေါ်လေးသူဇာကိုတော့ နှောင်း၏ အဒေါ်အဖြစ် ကမကထ လူကြီးအရာထားကာ စည်ပင်အိမ်တွင် ဒေါ်အဲလစ်တို့၊ နန်းကြာဖြူတို့မှအစ လာရောက်လုပ်ကိုင်ပေးသော အလုပ်သမား အားလုံးအား ဒေါ်လေးသူဇာ ခိုင်းသမျှ လုပ်ပေးရမည်။ ဘာမဆို ဒေါ်လေးသူဇာ အမိန့်နာခံရမည်ဟု တစ်ချက်လွှတ်အာဏာကုန်လွှဲပြီး အလုပ်သမားတွေကို ပြောထားသဖြင့် နှောင်း၏ အသုဘကိစ္စ အဝဝတွင် ဒေါ်လေးသူဇာသည် ကမကထ လုပ်ဆောင်ပေတော့သည်။

ဒါကိုပင် ဒေါ်လေးသူဇာ အကျေနပ်ကြီး ကျေနပ်နေပါ၏။

ရန်ကုန် ဆောင်းနှင်းရိပ်မြို့သို့ အဝင်အထွက်တွေ များခဲ့ဖူးသော ကိုအောင်မြင့်မွန်သည် ဒေါ်လေးသူဇာ အကြောင်းကို ကောင်းကောင်းသိပြီးသား ဖြစ်ပေသည်။

ဒေါ်လေးသူဇာအား ခပ်ပေါပေါ အပျိုကြီးဟု ခေါ်မည်ဆိုလျှင် ခေါ်နိုင်သည်။ အသက်အရွယ်ကြီးသွားသော အပျိုကြီးလူပျိုကြီးတို့တွင် ခန္ဓာဗေဒအရလည်းကောင်း၊ စိတ္တဗေဒအရလည်းကောင်း တစ်နေရာရာတွင် တစ်မျိုးဖြစ်နေတတ်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း နှောင်း ရက်လည်ဆွမ်းကျွေးပွဲတွင် အာဏာကုန် လွှဲခြင်းခံရသော ဒေါ်လေးသူဇာသည် လူအုပ်ကြားတွင် အသုဘရှင် အလှူရှင်အဖြစ် အကြီးအကဲနေရာမှ လုပ်ဆောင်ဓေ သည်ကို ကျုံးရုံးလုပ်ခါ တော်တော်ပင်ပန်း သွားပုံရသည်။

ဆောင်းသည် အတော်အတန် အိပ်ရေးဝသွားပြီမို့ လဲလျောင်းနေရာမှ ထလိုက်သည်။

အချိန် ဘယ်လောက်ရှိသွားပြီမှန်း သိလိုသောကြောင့် အိပ်ရာဘေးရှိ စားပွဲပေါ်မှနာရီကို လှမ်းကြည့်လိုက်သည်။

မွန်းလွဲ ညနေစောင်း သုံးနာရီပင်ရှိချေပြီ။ ရေဖန် ချိုင့်ကို ကောက်ယူကာ ဖန်ခွက်တွင် ငှဲ့သောက်ပြီး ဖန်ချိုင့်နှင့် ဖန်ခွက်ကို စားပွဲပေါ် ပြန်တင်လိုက်ရာတွင် ...

"ဟယ်"

ဆောင်း ဟယ်ခနဲ ဖြစ်သွားသည်။

အကြောင်းမူ ဆောင်း မအိပ်မီက နှောင်း၏ ဆွဲကြိုးပြတ်လေးကို စားပွဲပေါ်တွင် သေချာတင်ထားပါလျက် ယခု ဆွဲကြိုးလေး မရှိတော့ပြီ ဖြစ်သောကြောင့်ပါပေ။

ဆောင်းသည် ချက်ချင်း ကုတင်ပေါ်မှဆင်းကာ အောက်တွင် ဆွဲကြိုးလေး ကျသွားလေသလားဆိုပြီး ရှာကြည့် တော့သည်။

မတွေ့။ ရှာမတွေ့။





အံ့ဩစရာပင်။

နှောင်း၏ ဆွဲကြိုးပြတ်လေး ဘယ်ရောက်သွားလေ သနည်း။ အဲ ... တစ်ခုတော့ ရှိသည်။ ဆောင်း အိပ်ရာဝင်စဉ်က ဒေါ်လေးသူဇာ မလာသေး။ မိမိ အိပ်ပျော်ပြီးမှ ဒေါ်လေးသူဇာ ရောက်လာပြီး စားပွဲပေါ်ရှိ နှောင်း၏ ဆွဲကြိုးလေးကို ပစ်စလက်ခတ် ထားသည်ဆိုကာ ကောက်ယူသိမ်းထားလိုက်ခြင်း ဖြစ်နိုင်သည်။

ဒီလိုပင်ဖြစ်မည်ဟု ဆောင်း စိတ်အေးအေးထား လိုက်သည်။ ဒေါ်လေးသူဇာ နိုးမှမေးမြန်း ပြန်တောင်းယူမည်ဟု စိတ်မှတ်ထားလိုက်သည်။

ဆောင်း ရေချိုးခန်းဝင်သည်။

ရာသီဥတုက အေးသော်လည်း ဆောင်း အိပ်ထား သဖြင့် ကိုယ်ငွေ့တွေ တက်နေသောကြောင့် ရေချိုးလို့ကောင်း ပေသည်။

ရေချိုး သန့်စင်ပြီးလျှင် ဆောင်း အကျင့်မှာ သနပ် ခါးရေကျဲလေး တစ်ကိုယ်လုံး လိမ်းတတ်သည်။

သို့သော် နှောင်း အိမ်တွင် သနပ်ခါးတုံး၊ ကျောက်ပြင် တို့မရှိ။ နှောင်းက မိတ်ကပ်ပေါင်ဒါသမား ဖြစ်သည်။

ကိစ္စမရှိ။

ဆောင်းတွင် သွေးပြီးသား သနပ်ခါးဘူး ရန်ကုန်မှ လာကတည်းက ထည့်ယူလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း မျက်နှာမှအစ တစ်ကိုယ်လုံး သနပ်ခါး လိမ်းပွတ်သည်။ ဆံပင်ကို နောက်တွဲ တစ်ပတ်လျှိုထုံးပြီး ဆံမြိတ်စကို တွဲလဲ ပခုံးကျော်ပြီး ရင်တစ်ဖက် ဖုံးစေသည်။

အဝတ် တစ်ပတ်ရစ်လဲ၊ သန့်စင် သနပ်ခါး လိမ်းပြီးပြီမို့ ဧည့်ခန်းရှိ စားပွဲမှ နှောင်း၏ ဓာတ်ပုံအယ်လ်ဘမ်ကိုကြည့်ရင်း အမြေတစ်ခုခု ရနိုင်ကောင်းသည်ဆိုသည့် စိတ်ကူးဖြင့် ဧည့်ခန်းသို့ ထွက်လာသည်။

"အော် ... မဆောင်း"

ဧည့်ခန်းထဲတွင် ကိုအောင်မြင့်မွန် ရှိနေနှင့်သည်ကို တွေ့ရသည်။ ကိုအောင်မြင့်မွန်သည် နိုင်လွန် ခါးရှည်ဂျာကင် အပြာရောင် ဝတ်ထားသည်။ အတွင်း၌ ဂွမ်းခံထားသော ဂျာကင်ဖြစ်ပါ၏။ ဤဂျာကင်မျိုးသည် ပေါ့ပါးပြီး ရေစိုလေတိုးဒဏ် ခံနိုင်ပြီး ထွေးထွေးနွေးနွေး ရှိစေသည်။ ဦးခေါင်းအုပ် နောက်တွဲလည်း ပါရှိသည်။

ဤဂျာကင် ဝတ်ထားခြင်းအားဖြင့် ကိုအောင်မြင့်မွန် အပြင်ထွက်တော့မည်မှန်း သိသာသည်။

"မဆောင်း နိုးလာပြီလား၊ မဆောင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတယ်လို့ နန်းကြာဖြူက ပြောတယ်"

"ဟုတ်ကဲ့ ဆောင်း အိပ်ပျော်သွားပါတယ်"





"ဒါပေါ့ဗျာ မဆောင်း အနေနဲ့ ပင်ပန်းလှပြီပဲ၊ စိတ်ရော လူရောပေါ့လေ"

"အခု ကိုအောင်မြင့်မွန် ဘယ်သွားမလို့လဲ၊ ဂျာကင်နဲ့ ဘောင်းဘီနဲ့ ဝတ်ထားတာတွေ့လို့"

"ကျွန်တော် လောဘဇော တိုက်နေတာတော့ မဟုတ်ပါဘူး မဆောင်း၊ ပန်းသီးတွေ စိုက်ထားတာ လေးနှစ်ရှိနေပြီ၊ အခုမှ သီးမယ်ကြံကာရှိသေးတယ်၊ ပန်းသီး တစ်လုံးမှလည်း ရောင်းမစားရသေးပါဘူး၊ နှောင်း ဆုံးသွားကတည်းက ပန်းသီးခြံတွေဆီ ကျွန်တော် မရောက်ပဲ ပစ်ထားခဲ့ကယ်၊ အခုလည်း ဦးဘကြူးနဲ့ ဦးစံလင်းက ကျွန်တော့်ဆီ လူလွှတ် အကြောင်းကြားလို့ပါ၊ ကိုဒီပနဲ့ ကိုဝဏ္ဏတို့ဟာ ပန်းသီးခြံတစ်ဝိုက်မှာ ရစ်သီရစ်သီ လုပ်နေတယ်တဲ့၊ ပန်းသီးခြံတွေကို ဒီကောင်တွေ ဖျက်ဆီးမှာ စိုးရိမ်ရတယ်တဲ့၊ ဟိုနေ့က ကျွန်တော်နဲ့ သူတို့ သေနတ်နဲ့ပစ်တဲ့အထိ ကတောက်ကဆ ဖြစ်ခဲ့တယ် မဟုတ်လား၊ ဒါကြောင့် နှောင်း ဆုံးတာ တစ်ပတ်ပဲရှိသေးပေမဲ့ ကျွန်တော် သွားကြည့်ရမယ်လေ"

ဆောင်း ခေါင်းထဲတွင် ဖျတ်ခနဲ အကြံတစ်ခု ရလိုက်သည်။ ပန်းသီးခြံတွင် ရွာလူကြီး ဦးဘကြူးနှင့် ဦးစံလင်း ရှိနေကြောင်း ယခု ကိုအောင်မြင့်မွန်က ပြောသည်။ ဆောင်းအဖို့



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကြူးနှင့် ဦးစံလင်းကို တွေ့ချင်နေသည်။ နှောင်းနှင့် ပတ်သက်သည့် အကြောင်းတွေကို လူကြီးတွေကို မေးချင်သည်။

"ဆောင်းလည်း ပန်းသီးခြံကို လိုက်မယ်လေ"

"ဗျာ"

"ကိုအောင်မြင့်မွှန် သိပ်သံယောဇဉ် ကြီးမားတဲ့ ပန်းသီးခြံကို ကြည့်ချင်လို့ပါ"

"ရပါတယ် ဆောင်း၊ ဒါပေမဲ့ ကျွန်တော်က မော်တော်ဆိုင်ကယ်နဲ့ သွားမှာ၊ ဆောင်း နောက်ကထိုင်စီးလို့ ကောင်းပါ့မလား"

"ဘာလို့ မကောင်းရမှာလဲ"

"ပတ်ဝန်းကျင် ဘေးကလူတွေ အထင်မှားနိုင်စရာမို့ပါ၊ ကျွန်တော့်အတွက် အကြောင်းမဟုတ်ပေမဲ့ မဆောင်း အတွက်ပါ"

"ရတယ် ကိုအောင်မြင့်မွှန်၊ စည်ပင်ကလူတွေ ဆောင်းကို အထင်အမြင်လွဲရော ဘာအရေးလဲ၊ ရန်ကုန်အထိ စားရိတ်ကုန်ခံပြီး လိုက်ကဲ့ရဲ့နိုင်ကြမှာ မဟုတ်တာ"

"ကဲ ... ဒါဆို ဒီလိုလုပ်ရို့ မဆောင်း၊ ကျွန်တော့်မှာ မော်တော်ဆိုင်ကယ် ဘေးတွဲရှိတယ်၊ နှောင်း မော်တော်ဆိုင်ကယ် မစီးတတ်ခင်တုန်းက အဲဒီဘေးတွဲနဲ့ လိုက်စီးလေ့ရှိတယ်၊ နောက် နှောင်း မော်တော်ဆိုင်ကယ် စီးတတ်





သွားပြီး သူ့ဆိုင်ကယ်နဲ့သူဖြစ်ပြီး ဘေးတွဲမှာ လိုက်မစီးတော့လို့ ကျွန်တော် ဘေးတွဲဖြုတ်ထားတာ၊ ပြန်တပ်ရင် လွယ်လွယ်လေးပါ၊ အလွန်ဆုံး နာရီဝက် မိနစ်လေးဆယ်ပေါ့၊ ခဏစောင့် ကျွန်တော် ဘေးတွဲတပ်လိုက်မယ်"

အောင်မြင့်မွှန် ရင်ထဲတွင် ဆောင်းက သူနှင့်အတူ မော်တော်ဆိုင်ကယ်နှင့် လိုက်ပါမည်ဆိုသည်ကို တစ်မျိုးခံစားရပါ၏။ ဝမ်းသာကြည်နူးသော ခံစားမှု ဖြစ်ပေမည်။ အောင်မြင့်မွှန် ရင်ထဲတွင် ဤဘဝမှာတော့ မဆောင်းသည် မိမိနှင့် နှစ်ယောက်တည်းသွားသော ခရီးကို ဘယ်တော့မှ လက်ခံတော့မည် မဟုတ်တော့ဟု မိမိ ရင်ထဲတွင် အားငယ်စွာ မှတ်ယူထားသောကြောင့် ဖြစ်ပါ၏။

"ဒါဆို ကိုအောင်မြင့်မွှန် ဘေးတွဲတပ်လေ၊ ဆောင်း ဟိုဘက်နား ခဏသွားလိုက်ဦးမယ်၊ မကြာပါဘူး ချက်ချင်း ပြန်လာမှာပါ"

အောင်မြင့်မွှန် ဧည့်ခန်းစားပွဲပေါ်မှ မော်တော်ဆိုင်ကယ်သော့နှင့် စပါနာ ပလာယာ ထည့်ထားသော တူးလ်ဘောက်စ်ကိုယူကာ ခြံထဲ ဆင်းသွားသည်။

ဆောင်းလည်း အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ နှောင်း၏ အုတ်ဂူလေးဆီသို့ ဖြစ်ပါ၏။ အိမ်ကြီးတွင် လူရှင်းချိန် ဧည့်ရှင်းချိန် ရောက်ပြီမို့ ခြံကြီးတစ်ခြံလုံး တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆောင်း မကြောက်။

အကယ်၍ အများပြောကြသလို ညီမလေး နှောင်းက တမလွန်ဘဝမှ နာနာဘာဝနှင့်ဖြစ်စေ မိမိကို ကိုယ်ထင်ပြ ဆက်ဆံလာလျှင် ဆောင်းက ဝမ်းမြောက်ဝမ်းသာစွာပင် တွေ့ချင်မိသေးသည်။

ဆောင်းသည် နှောင်း အုတ်ဂူနှင့် သိပ်အလှမ်းမဝေးသော ရေအိုင်လေးဆီသို့ လာခဲ့သည်။

ရေအိုင်ဘေးတွင် ခြေတွဲလဲချကာ ခြေနှစ်ဘက် လှုပ်ရှား ဘောင်ဘင်ခတ်လိုက်ပြီး ခဏနေမှ ခြေထောက်ကို ပြန်တင်လိုက်သည်။ အိုင်လေးထဲရှိ မှော်ဖတ်၊ သစ်ရွက်ဖတ်တို့သည် ဆောင်း ခြေထောက်၊ ခြေဖမိုး၊ ခြေဖဝါးတွင် ကပ်ပါလာသည်။

ဆောင်းက ထိုမှော်ဖတ် မှော်ရွက်လေးများကို တစ်ဖက်ချင်းခွာကာ စက္ကူလွှတ်တွင် ထည့်သည်။ အားလုံးထည့်ပြီးမှ မှော်ပင်၊ မှော်ဖတ်၊ မှော်ရွက်လေးတွေကို သေချာ စက္ကူထဲတွင် ခေါက်သိမ်းကာ မိမိ ပိုက်ဆံအိတ်ထဲသို့ ထည့်သိမ်းထားလိုက်သည်။

ထို့နောက် နှောင်း၏ အုတ်ဂူလေးဆီ ပြန်လာကာ အုတ်ဂူဘေးခြမ်းတွင် ရေးထားသောစာတမ်းကို ကြည့်ရင်း ...

"ချမ်းမြေ့ဘုံက စောင့်နေတဲ့ ညီမလေး နှောင်းရေ၊ မမဆောင်း ညီမလေး နှောင်းအတွက် အဖြစ်မှန်ကို ဖော်ထုတ်ဖို့





အတတ်နိုင်ဆုံး ကြိုးစားနေတယ်ကွယ်၊ အဲဒီလို အဖြစ်မှန်ဖော်ထုတ်ဖို့ စည်ပင်မှာ မကြောက်မရွံ့ မမဆောင်း ဆက်နေ ဆက်လုပ်နေတာပဲ၊ ညီမလေး နှောင်းကို မမဆောင်း ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြတာပါပဲကွယ်"

စိတ်ထဲရှိတာတွေ တိုင်တည်ရွတ်ဆိုပြီးနောက် သွားဆိုက်ဦးမယ် ညီမလေးဟုဆိုကာ ထိုနေရာမှ ပြန်ထွက်လာခဲ့သည်။

ကိုအောင်မြင့်မွန်သည် ဘေးတွဲတပ်ပြီး အသင့်စောင့်နေသည်ကို တွေ့ရသည်။ ဆောင်းသည် နှောင်း၏ အုတ်ဂူဆီသွားမှန်း အောင်မြင့်မွန် သိသည်။ ဘာကြောင့်သွားမှန်းတော့မသိ။ ဟန်မပျက်ပင် ဆောင်းကို လှမ်းပြောလိုက်သည်။

"ကဲ ... ဘေးတွဲတော့တပ်ပြီးသွားပြီ မဆောင်း၊ ကျွန်တော်နဲ့ အတူလိုက်ဖို့ မဆောင်း စိတ်မပြောင်းသေးပါဘူးနော်"

"ဘာလို့ စိတ်ပြောင်းရမှာလဲ၊ လာလေ သွားကြစို့"

ဆောင်းက မော်တော်ဆိုင်ကယ် ဘေးတွဲပေါ် တက်ထိုင်လိုက်သည်။

ဘေးတွဲလေးမှာ အဝါပုပ်ရောင် ဆေးသုတ်ထားသည်ကို တွေ့ရသည်။ ထိုင်ခုံဆိုဖာမှာ နီရဲရဲ ပလတ်စတစ်ဖြင့် လုပ်ထားသည်။ နှောင်းအကြိုက် လုပ်ထားသော ဘေးတွဲလေးမှန်း သိသာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချုံရာတွင် ဆိုဖာကုလားထိုင်ပေါ် ထိုင်ရသည် အိအိစက်စက် ရှိပေသည်။

"မဆောင်း"

"ရှင်"

"ဒီအတိုင်းသွားလို့ မဖြစ်သေးဘူး ထင်တယ်"

"ဘာလို့"

"စည်ပင် ရာသီဥတုက မိုးရွာချင် ချက်ချင်း၊ နှင်းကျချင် ချက်ချင်းမို့ပါ၊ အခု နေရောင်ခြည်လေး ရှိပေမဲ့ သွားရင် မိုးရွာချင်ရွာမယ်၊ နှင်းတွေ ကျချင်ကျမယ်၊ ပြီး ... မော်တော်ဆိုင်ကယ်စီးရင် လေသိပ်တိုးတာ၊ မဆောင်း မိုးကာ အနွေးထည် ဝတ်ထားမှဖြစ်မယ်"

"ဒါဆို ဆောင်းမှာ သိုးမွေးဆွယ်တာတွေ ပါလာသားပဲ သွားဝတ်လိုက်ဦးမယ် ခဏစောင့်နော်"

ဆောင်း ပြန်ဆင်းပြီး အိမ်ကြီးဆီသို့ ပြန်လျှောက်လာခဲ့သည်။

"မဆောင်း"

ထပ်ပြီးခေါ်သံကြောင့် သမင်လည်ပြန် ကြည့်လိုက်သည်။

"သိုးမွေးဆွယ်တာနဲ့ မရဘူး မဆောင်း၊ မိုးရွာရင် သိုးမွေးဆွယ်တာက ရေစုတ်ပြီး ပိုဆိုးမယ်"





"ဒါဆိုရင်တော့ ဆောင်းမှာ တခြား မရှိတော့ဘူး"

"နောင်းမှာ ရှိပါတယ်၊ နောင်းရဲ့ ဗီရိုထဲမှာ မဆောင်း ဖွင့်ရှာပါ၊ စည်ပင် ရာသီဥတုအလိုက်ဝတ်တဲ့ အထည်တွေ နောင်းမှာ အများကြီးရှိတယ်၊ နောင်းနဲ့ဆောင်း ကိုယ်လုံးခြင်း အတူတူလောက်ပဲဟာ၊ ဝတ်လို့ရမှာပါ"

ဆောင်းက ခေါင်းညိတ်ပြပြီး အိမ်ပေါ်သို့ ဆက်တက်ခဲ့သည်။

အိပ်ခန်းထဲတွင် ဒေါ်လေးသူဇာ အိပ်ပျော်နေဆဲဖြစ်ပါ၏။

ဆောင်းသည် နောင်း၏ အဝတ်ဗီရိုကို ပထမဆုံး အကြိမ် ဖွင့်ခြင်းဖြင့် ဖွင့်လိုက်သည်။

ပရုတ်နံ့များ သင်းခနဲ ရှိန်းခနဲ ထွက်လာသည်။ နောင်း သေဆုံးကတည်းက ဒီဗီရိုကို တစ်ခါမှ မဖွင့်သောကြောင့်သာ ပရုတ်နံ့တွေ လှောင်နေပြီး ယခုအဖွင့်တွင် ထောင်းခနဲ ပရုတ်နံ့တွေ ထွက်လာခြင်း ဖြစ်မည်။

သေချာသည်ကတော့ နောင်း ဆုံးပြီးနောက် နောင်း ဗီရိုကို လင်ယောကျ်ား ကိုအောင်မြင့်မွန် ဖွင့်ပိုင်ခွင့်ရှိသည်။

သို့သော် ကိုအောင်မြင့်မွန် နောင်း ဆုံးပြီးမှ တစ်ခါမှ မဖွင့်သည်ကပင် ကိုအောင်မြင့်မွန်အပေါ် ဆောင်း ထားရှိသော သံသယစိတ် လျော့ပါးစေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လျော့ပါးရုံမျှသာ ဖြစ်သည်။ အခြား လျော့ပါးစေသော အချက်တို့ကလည်း ရှိနေသေးသောကြောင့် ဖြစ်သည်။

နှောင်း အလောင်း မြေချရာ၌လည်းကောင်း၊ အမျှ ပေးဝေရာ၌လည်းကောင်း ကိုအောင်မြင့်မွန်၏ ခံစားချက်တို့ ကလည်း လျော့ပါးစေနိုင်သည်။ အုတ်ဂူ ပန်းရံဆရာတွေနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ နှောင်း ကြိုက်တတ်သော အရောင်တွေပြုလုပ် ခြင်း အုတ်ဂူဘေးခြမ်းတွင် ချမ်းမြေ့ဘုံမှ စောင့်နေပါဟု ရေးထိုး သော စာတမ်းအရလည်း လျော့ပါးစေသည်။ ယခုတော့ ...

အို ... တစ်နေ့ကျရင် အဖြေမှန်ပေါ်မှာပဲဟု စိတ်ထဲတွင် လျော့ပါးခြင်းကို ပယ်ချကာ နှောင်း ဗီရိုကိုဖွင့်ပြီး ယခု ခရီးအတွက် သင့်တော်ရာအဝတ်ကို ရှာကြည့်သည်။

နီရဲရဲ နိုင်လွန်မိုးကာ အကျီဆန်ဆန် ခေါင်းဆောင်း အုပ်ပါ ပါရှိသော အကျီကို ထုတ်ယူဝတ်လိုက်ပြီးမှ မှန်တင်ခုံ ရှေ့တွင် ဆောင်း ရပ်ကြည့်လိုက်သေးသည်။ အနီရဲရဲ အကျီ အရောင်ကြောင့် သနပ်ခါးရေကျဲ လိမ်းထားသော မျက်နှာလေး ပိုမိုပေါ်လွင် လှပနေသည်။ ဗီရိုကို ပြန်မပိတ်မီ ဘာရယ်မဟုတ် ဗီရိုအံဆွဲကို ဆောင်း ဆွဲဖွင့်ကြည့်လိုက်သည်။

အံဆွဲထဲတွင် ပက်လက်လန်နေသော ဓာတ်ပုံတစ် ပုံကို တွေ့ရသည်။





ဆောင်း ယူပြီး ဓာတ်ပုံကို ကြည့်လိုက်သည်။

ကန်ရေပြင် အကျယ်ကို နောက်ခံထားသော နှောင်း သည် ကန်စပ်ကမ်းပေါ်တွင် ရေကူးဝတ်စုံ အဝါပုပ်ရောင်ဖြင့် ဓာတ်တပ်ရပ်နေသည်။ ကိုဒီပကာ အနက်ရောင်၊ ကိုဝဏ္ဏက အစိမ်းရောင် ရေကူးဘောင်းဘီ ကိုယ်စီဝတ်ခါ ရေတွင်ကစားသော ဘောလုံး အဖြူ၊ အနီ၊ အပြာစပ်ကြားကို တစ်ဦးမှတစ်ဦးဆီသို့ ပစ်ပေါက်နေသောပုံ ဖြစ်နေသည်။

ဓာတ်ပုံ ကျောဘက်ကို ဆောင်း လှန်ကြည့်လိုက် ပြန်သည်။

မဟာကန်မှာတို့ပျော်ရာဟု စာတမ်းရေးထားပြီး အောက်တွင် စိုင်းခက်ဟု ရေးထားသည်။

ပုံသဏ္ဌာန်မှာ ကိုစိုင်းခက်က ကင်မရာ ဓာတ်ပုံရိုက်သူ ဖြစ်ပြီး နှောင်း၊ ဒီပနှင့် ကိုဝဏ္ဏတို့ပုံကို ရိုက်ခြင်းဖြစ်သည်။

ဆောင်းက ဓာတ်ပုံကို အပြန်အလှန်ကြည့်ပြီး အံဆွဲ ထဲ ပြန်အထည့်တွင် အံဆွဲထောင့်တွင် ဆေးလုံးကတ်ပြားတစ်ခု တွေ့ရပြန်သဖြင့် ယူကြည့်ရာ ပဋိသန္ဓေတားဆေး ဖြစ်နေသည်ကို ကတ်ပြားတွင်ပါသော စာအရ သိလိုက်ရသည်။

ဆောင်း အံ့သြရပါ၏။

နှောင်းတွင် သားသမီးမရခြင်းမှာ ဤတားဆေးများ သုံးဆောင်နေသောကြောင့် ပါလားဟုလည်း သိရှိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်များ နှောင်းသည် ပဋိသန္ဓေတားဆေးတွေကို မှီဝဲပေးသနည်း။

ကိုအောင်မြင့်မွန်နှင့် ရသောကလေးကို မလိုချင်သောကြောင့်ပေလား။ သို့မဟုတ် တခြားအကြောင်းတွေ ရှိနေသေးပေသလား။

ဒါဆိုလျှင်တော့ နှောင်းကို တရားဝင် လက်ထပ်ခဲ့သော ကိုအောင်မြင့်မွန်မှာ သနားစရာပင် ကောင်းနေသေးတော့သည်။

"တီ ... တီ ... တီ"

အပြင်မှ မော်တော်ဆိုင်ကယ် ဟွန်းတီးသံကြားရ၍ ဆောင်းသည် အံဆွဲကိုပြန်ပိတ်ခါ ဗီရိုတံခါးပြန်ပိတ်ပြီး ထွက်လာခဲ့သည်။

"ဆောင်း နည်းနည်းကြာသွားတယ်၊ ဗီရိုထဲမှာ သင့်တော်မဲ့အင်္ကျီ ရှာနေလို့"

"ရပါတယ် ကျွန်တော်က အပြန်မှာ မိုးမချုပ်စေချင်လို့ နည်းနည်းလောမိတာပါ၊ ကျွန်တော် တစ်ယောက်တည်းဆိုရင်တော့ ဒီလမ်းတွေကို ညသန်းခေါင်အထိ သွားလာနေတာပါ"

ဆောင်း သတိထားမိပြန်သည်။





ကိုအောင်မြင့်မွန်သည် တစ်ခုခု ပြောလေတိုင်း ဆောင်း အပေါ်တွင် ငဲ့ညှာသောလေသံ ပါလေ့ရှိကြောင်းကို သတိထားမိခြင်း ဖြစ်ပါ၏။ မိမိအပေါ် အမြဲ စေတနာစကား ဆိုခဲ့သည်။

ဘေးတွဲတွင် ထိုင်နေရာမှ ကိုအောင်မြင့်မွန်ကို မော့ကြည့်သည်။ ကိုအောင်မြင့်မွန်က ဆိုင်ကယ်တွင် ခွထိုင်နေပြီဖြစ်သော်လည်း ခေါင်းစွပ်ကို စွပ်မထားသေးသောကြောင့် ကိုအောင်မြင့်မွန်၏ မျက်နှာကို ထင်ထင်မြင်မြင် တွေ့မြင်ရသည်။

ကိုအောင်မြင့်မွန် ဆံပင်တွေသည် ရက်ပေါင်း အတန်ကြာသည်အထိ ညှပ်ထားခြင်းမရှိ။ ဖြီးပြင်ထားခြင်း မရှိသောကြောင့် ရှည်လျားသယောင် ရှိနေသည်။ သို့တစေ မည်းနက်တောက်ပြောင်ပြီး အုံကောင်းသောဆံပင်မို့ ရှည်လျားလေ လှိုင်းအိလေးများဖြစ်နေလေသဖြင့် ဆံစတချို့သည် နဖူးပြင်တွင် ဝေ့ဝဲကျနေသည်မှာ တစ်မျိုးကြည့်ကောင်းနေသည်။

ကိုအောင်မြင့်မွန်သည် ကျန်းမာရေးနှင့် ကိုယ်ကာယ အလေ့အကျင့်များ ပြုမပြုတော့ ဆောင်း မသိ။

သို့သော် ကိုအောင်မြင့်မွန်၏ အသားအရေသည် ပကတိ ကျန်းမာရေး အပြည့်အဝရှိနေပုံကို ပြသနေသလို စိုပြည်ဖြူဝင်းသည်။ နေပူမရှောင်၊ မိုးရွာမရှောင် အလုပ်လုပ်သူပီပီ နေလောင်လေလောင်သလို ရှိသော်လည်း သူ၏ ခန္ဓာကိုယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျစ်လစ်တောင့်တင်း ကြံ့ခိုင်ကြောင်းကတော့ မြင်ရုံနှင့်သိသာသည်။

နှောင်းသည် ကိုအောင်မြင့်မွန်လို ယောကျ်ားပီသပြီး အလွန်ကြည့်ကောင်း ကျန်းမာတောင့်တင်းသူ တစ်ယောက်ကို အဘယ်ကြောင့် ဥပေက္ခာပြုချင်ပေသနည်း။

ဒီပ၊ ဝဏ္ဏတို့နှင့် ကိုအောင်မြင့်မွန် နှိုင်းယှဉ်ကြည့်ပါ။ ခန္ဓာရော၊ ရုပ်ရော၊ ပညာရော၊ သဘောထားရော၊ အနေအထိုင်ရော အရာရာတွင် ကိုအောင်မြင့်မွန်က အဆပေါင်းများစွာ သာလွန်သူ ဖြစ်နေသည်ကို နှိုင်းယှဉ်ကြည့်မှ ပို၍သိသာသေးသည်။

ဆရာမကြီး ဒေါ်ချိုချို၏ ဘုရားကိုးဆူပွဲတွင် စတင်တွေ့ဆုံခဲ့သော ကိုအောင်မြင့်မွန်သည် ယခုလက်ရှိထက်ပင် ပိုမိုကြည့်ကောင်းသေးသည်။

နှောင်းနှင့် လက်ထပ်ပြီးနောက် အလုပ်ခွင်တွင် မနားမနေလုပ်ခြင်း၊ နှောင်းနှင့် ပတ်သက်ပြီး စိတ်သောကဖြစ်ရခြင်းတို့ကြောင့် ယခု ကိုအောင်မြင့်မွန်သည် ဖိုသီဖတ်သီ ကရိကရို ပုံစံဖြင့် ရှိဝေသောမျက်နှာ စိတ်ထောင်းကိုယ်ကြေရုပ် ရှိနေသည်ပင်လျှင် အလွန်ကြည့်ကောင်းသူတစ်ဦး ဖြစ်နေသေးသည်။

"ကဲ ... မောင်းတော့မယ်နော် မဆောင်း၊ လမ်းကကြမ်းတော့ သဲထိတ်ရင်ဖိုစရာလေးတွေ ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမဲ့ စိတ်ချ၊ ဒီလမ်းတွေကို ကျွန်တော် မျက်စိမှိတ်စီးနိုင်အောင် သွားလာလေ့ရှိတဲ့ လမ်းတွေပါ၊ မဆောင်း စိတ်ချ ဘာမှ မဖြစ်စေရဘူး၊ မတော်တဆဖြစ်ခဲ့တောင် ကျွန်တော် အနာခံမယ်၊ မဆောင်း ဘယ်လိုမှ မနာတရ မဖြစ်စေရဘူး၊ အိပ်ရေးမဝသေးရင် အိပ်ပြီးလိုက်ချင်လိုက်ဦး"





ဟာသသဘော ပြောသော်လည်း ကျွန်တော် အနာခံမယ်၊ မဆောင်း အနာတရ မဖြစ်စေရဘူးဟု ဆိုသည်။ စကားက မဆောင်း ရင်ထဲက တစ်မျိုးခံစားလိုက်ပြန်သည်။

ဒီနောက်မှာတော့ ဘေးတွဲ တပ်ဆင်ထားသော မော်တော်ဆိုင်ကယ် တစ်စီးပေါ်ဝယ် သိပ်ချောသိပ်လှသော ဆောင်းက ဘေးတွဲတွင်ထိုင်ပြီး လူထွား၊ လူခန့်၊ လူချောကြီး အောင်မြင့်မွန်က စည်ပင်လမ်းတစ်လျှောက် မောင်းထွက်လာပေတော့သည်။

ဆောင်းအဖို့ အမြင်သစ်၊ အတွေ့အကြုံ အသစ်ဝဲစ်ခု ဖြစ်တော့သည်။

စည်ပင်ရွာလမ်းကို ဖြတ်မောင်းစဉ်ကတော့ သွားရိုးသွားစဉ် ခရီးလမ်းမို့ သာမန်အမြင်သာ ဖြစ်သော်လည်း ...

စည်ပင်မှ ထွက်လာသည်နှင့် ဘေးဘက်တွင် စိမ်းစိုမြင့်မားသော တောတန်းကြီးများကို မြင်တွေ့ရသည်မှာ ကြည်နူးစရာ ကောင်းလှပေသည်။ လေကလည်း သန့်စင်လတ်ဆတ် အေးမြမြ ရှိလှသည်။ လေထဲတွင် တောနံ့၊ တောင်နံ့များ ပါရှိလာသည်ကို ဆောင်း ရှူရှိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့လမ်းမှာ ကျဉ်းလွန်းသည်။ တောင်ကမ်းပါးယံတွင် ကပ်နေသောလမ်းမျိုးဖြစ်သည်။ လက်ယာဘက်တွင် မြင့်မားသော မြေကမ်းပါးယံကြီးဖြစ်ပြီး လက်ဝဲဘက်တွင် အလွန်နက်သော ချောက်ကမ်းပါးကြီး၊ အောက်တွင် သစ်ပင်များ၏ အမြင့်ဆုံးထိပ်ပိုင်းကို ငုံ့ကြည့်မြင်နိုင်သည်။ သစ်ပင်များကို လမ်းခင်းပြီး သစ်ပင်များထိပ်တွင် မောင်းနှင်နေသလား မှတ်ထင်ရသည်။ ဘေးတွဲနှင့် မော်တော်ဆိုင်ကယ် ဖြစ်နေသောကြောင့် လမ်းနှင့် ဆိုင်ကယ်မှာ ကွက်တိဖြစ်နေသည်။

"အယ် ... အယ် ... ကိုအောင်မြင့်မွန်"

ဆောင်းသည် ကြောက်လန့်သံလေးဖြင့် အယ်အယ် အယ် အော်ရင်း အောင်မြင့်မွန် ဝတ်ထားသော ဂျာကင်စကို သူမ၏ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်သည်။ ကမ်းပါးယံ ချောက်ထဲလိမ့်ကျမည် စိုးသောကြောင့် ဖြစ်ပါ၏။

"မဆောင်း ကြောက်သလားဟင်"

"ကြောက်တာပေါ့ ပြုတ်ကျလိုက်ရင် ချောက်ကြီးက အနက်ကြီး၊ အရိုးအသားရှာရမှာ မဟုတ်ဘူး"

အောင်မြင့်မွန်က ရယ်သည်။ အသံထွက်အောင်ပင် ရယ်ရင်း ပြန်ပြောသည်။

"နှောင်းကတော့ ဒါမျိုးကို မကြောက်ဘူး မဆောင်းရေ အဲဒီလို မလွတ်တလွတ် နေရာရောက်လေ နှောင်းက





သဘောကျလေပဲ၊ အသည်းအေးခနဲ ဖြစ်သွားရတဲ့ ခံစားချက် အရသာကို နှောင်းက နှစ်သက်တတ်တယ်"

"အိုး ... နှောင်းက နှောင်းပဲ၊ ဆောင်းကတော့ ဒါမျိုးကို ဒီတစ်ခါသာ ကြုံဖူးသေးတာ၊ ကြောက်တာပေါ့"

"မကြောက်ပါနဲ့ မဆောင်း ဘေးမှာ ကျွန်တော် တစ်ယောက်လုံး ရှိနေတာပဲဗျာ"

"ရှင်"

ဆောင်းက အောင်မြင့်မွန်ကို မော့ကြည့်ပြန်သည်။ ကိုအောင်မြင့်မွန်၏ စကားထဲတွင် အဓိပ္ပာယ်တစ်ခုခု ဆောင်နေပါဝင်နေလားဟူသော အကြည့်ဖြင့် မော့ကြည့်ခြင်း ဖြစ်သည်။

"အော် ... ကျွန်တော့် စကားကို တလွဲမထင်ပါနဲ့ မဆောင်း၊ ကျွန်တော် ဆိုလိုတာက ကျွန်တော်ရဲ့ ခန္ဓာကိုယ် အလေးချိန်ဟာ ပေါင်ချိန်တစ်ရာငါးဆယ် ရှိတယ်၊ ကျွန်တော် မောင်းနေတဲ့ မော်တော်ဆိုင်ကယ်ရဲ့ အလေးချိန်ကလည်း မဆောင်း စီးထားတဲ့ ဘေးတွဲထက် ပေါင်ချိန်အများကြီး ပိုလေးတယ်၊ မဆောင်း ကိုယ်ခန္ဓာက ပေါင်ချိန် တစ်ရာကျော်လေး ရှိမှာပါ၊ ဘေးတွဲကလည်း အလေးချိန် ပိုနည်းတော့ ဘေးချောက်ထဲ ဆွဲသွားနိုင်ဖို့ အလေးချိန်ခြင်း မမျှပဲ သိပ်ကွာနေတာမို့ ကျမသွားနိုင်ဘူး၊ ကျွန်တော် တစ်ယောက်လုံး ဒီဘက်မှာ ဖိပြီးစီးနေတာပဲလို့ ဆိုလိုတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း ... တော်သေးတာပေါ့၊ အလျှော်ကောင်းလို့ အထောင်းသက်သာတာဟု ဆောင်း ရင်ထဲက မှတ်ချက်ချလိုက်ပါ၏။

လျှို့မြှောင် ချောက်ကမ်းပါးတွေကို ဖြတ်သန်းမောင်းရသလို၊ လွင်ပိုင်း မြေပြန့်ပိုင်းကိုလည်း ဖြတ်မောင်းရသေးသည်။ လွင်ပြန့် လမ်းဘေးတွင်မူ ထင်းရှူးပင်ပေါက်လေးတွေ စီစီရီရီ ပေါက်နေကြသည်။

လွင်ပိုင်း မြေပြန့်ပိုင်းရောက်ပြီး ထင်းရှူးပင်လေးတွေနှင့် မြင်ရပြန်တော့လည်း တစ်မျိုးကြည်နူးစရာ ကောင်းနေပြန်သည်။

ဆောင်းကို အပြစ်တင်ချင် တင်ကြပါ။ ညီမလေး နှောင်း သေဆုံးပြီး ရက်လည်ပြီးကာစမှာပင် နှောင်းတွင် ကြည်နူးမှုတွေ ခံစားနေသည့် အတွက်ပေါ့လေ။

ဖြစ်တတ်သော သဘာဝတရားပါပေ။

သံယောဇဉ်ရှိသူ သေဆုံးသွားပြီဆိုပါက ပထမ သည်းထန်စွာ ပူဆွေးဝမ်းနည်း ငိုကြွေးသည်။ နာရီများစွာ ဆက်တိုက် ငိုရသောအခါတွင် ငိုခြင်း အလိုလိုရပ်နားသွားပြီး ဝမ်းနည်းပူဆွေးခြင်းထက် သေသူကို တမ်းတစိတ် ပိုများလာသည်။

ဤသို့ တမ်းတစိတ်များ ဖြစ်လာချိန်တွင် တချို့လူတွေသည် တမ်းတစိတ် သက်သာစေရန် တိုင်းပြည်အနှံ့၊





မြို့ရွာအနှံ့ ဘုရားဖူးထွက်ခြင်း၊ သို့မဟုတ် တခြားနှစ်သက်ရာ ဒေသနေရာ တစ်ခုခုကို ခရီးထွက်ခြင်းဖြင့် အာရုံပြောင်း စိတ်ပြောင်း ပြုလုပ်ကြသောအခါ တမ်းတခြင်း ဝေဒနာ သက်သာစေသည်။

ဆောင်းမှာလည်း အလားတူပင်။

နှောင်း သေဆုံးခြင်းအတွက် သည်းထန်စွာ နာရီပေါင်းများစွာ ငိုကြွေးပြီးပြီ။ ယခု ရောက်ရှိချိန်မှာ ပူဆွေးငိုကြွေးခြင်းထက် တမ်းတခြင်း အချိန်ကာလ ဖြစ်နေပြီ။

ထိုတမ်းတခြင်း အချိန်ကာလတွင် မရောက်ဖူးသော အရပ်၊ မတွေ့ကြုံဖူးသော အတွေ့အကြုံများကြောင့် ကြည်နူးသည့်အခါ ကြည်နူးလိုက် ဖြစ်ရတော့သည်။

ဤသည်တို့မှာ စိတ်ပိုင်းဆိုင်ရာများ ဖြစ်ပါ၏။ အဓိကမှာ အာရုံပိုင်းဆိုင်ရာ ဖြစ်သည်။

အာရုံ ဆိုသည်ကလည်း ရောက်ရှိနေသော အခြေအနေပေါ် မူတည်ပြီး ပြောင်းလွဲတတ်သည်သာ။

မည်သို့ဖြစ်စေ။

ဆောင်း စိတ်မပြောင်းပဲ တစ်စိုက်မတ်မတ် ထားရှိသည်မှာ ညီမလေး နှောင်း သေဆုံးခြင်းကိစ္စတွင် သွေးရိုးသားရိုး ပေလား၊ အခြား အမှောင့်ပယောဂ ပါဝင်သလား ဆိုသည်ကိုသာ သိနိုင်ရန် တစိုက်မတ်မတ် ကြိုးစားလိုသည့် အာရုံသာလျှင် ပြင်းထန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရှေ့က သဲဆူးကြီးတွေ ကာထားတာ ကျွန်တော့် ဝန်းသီးခြံ အစပဲ ဆောင်း"

"စည်ပင်နဲ့ တော်တော်လှမ်းသားနော်၊ ဆောင်းတို့ ထွက်လာတာ တစ်နာရီလောက် ရှိသွားပြီပဲ"

"လေးဆယ့်ငါးမိနစ်ပါ ဆောင်း၊ မိုင်အကွာအဝေးဆိုရင် စည်ပင်နဲ့ ဒီပန်းခြံဟာ ရှစ်မိုင်နဲ့ နှစ်ဖာလုံရှိတယ်၊ ဒါပေမဲ့ စနစ်တကျ လမ်းဖောက်ထားတာ မရှိဘဲ တောင်စောင်းလမ်းက ပတ်လာလို့ လေးဆယ့်ငါးမိနစ်ကြာအောင် မောင်းရတာပါ"

ပန်းသီးခြံ တံခါးဝသို့ ရောက်လာကြသည်။ ဂိတ်တံခါးကို ဂိတ်အိမ်လေးထဲမှ ဂိတ်စောင့်ထွက်လာပြီး ဘေးတွဲ မော်တော်ဆိုင်ကယ်ကို သေချာကြည့်ပြီးမှ ဂိတ်တံခါး ဖွင့်ပေးသည်။

"ဟာ ... ဆရာ၊ အဲ ... ဆရာကတော်"

တံခါးလာဖွင့်ပေးသော ဂိတ်စောင့်သည် သူ့ဆရာကိုအောင်မြင့်မွန်ကိုတော့ သေချာမှတ်မိသည်။ သို့သော် ဘေးတွဲတွင် လိုက်ပါလာသည့် ဆောင်းကိုတော့ ပြူးတူးပြဲတဲ အံ့သြအကြည့် နှင့်ကြည့်ပြီး အဲ ... ဆရာကတော်ဟု မဝံ့မရဲ ယောင်တိယောင်ကန်း သဘော ရေရွတ်လိုက်သည်။





"ဟော့ကောင် အိုက်စံ၊ မင်း ဘာတွေ ကယောင်ကတန်း ပြောနေတာလဲ၊ ဂိတ်စောင့်ရင်း အိပ်ငိုက်ရာက ထဖွင့်တာလားဟေ"

"ကျွန်တော် အိပ်ငိုက်မိတာတော့ အမှန်ပါ ဆရာ၊ နောက်ပြီး ကျွန်တော် သရဲတစ္ဆေလည်း အယုံအကြည် မရှိပါဘူး၊ ဒါပေမဲ့ ဆရာ ဆိုင်ကယ်သံ အဝေးမှကြားကတည်းက ကျွန်တော် ငိုက်ရာက ကောင်းကောင်းနိုးသွားပါပြီ ဆရာ၊ ဂိတ်တံခါးထဖွင့်တော့ ဘေးတွဲမှာ ဆရာကတော် မမနှောင်း ပါလာသလားလို့ ဆရာကတော်လို့ ပြောပြီးမှ ဆရာကတော် မမနှောင်းက သေသွားပြီးပြီပဲလို့ သတိရလာလိုက်လို့ပါ ဆရာ"

"တော်စမ်း အိုက်စံ၊ နောက်တစ်ခါ မင်း အိပ်ငိုက်တဲ့ရင် ဂိတ်စောင့်တာဝန် မယူနဲ့တော့"

ဟု ပြောပြီး မော်တော်ဆိုင်ကယ်ကို ဆက်မောင်းခဲ့သည်။

ဆောင်းသည် အိုက်စံ၏ တအံ့တသြ ပြူးကြောင်ကြောင်နဲ့ အမှားအယွင်းတွေကို သဘောပေါက်ပေသည်။

ဆောင်းနှင့်နှောင်းသည် ညီအစ်မမို့ ချွတ်စွပ်ကြီး မဟုတ်သည့်တိုင်အောင် တူညီသောအရာများ ရှိနေပေသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့် မျက်နှာသွယ်ကျပုံခြင်း တူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက အသားပို၍ဖြူသည်။ သို့သော် နှောင်းက သနပ်ခါး မလိမ်းဘဲ မိတ်ကပ်သာ အမြဲလိမ်းလေ့ရှိသဖြင့် ဘယ်တော့မဆို နှောင်း မျက်နှာလေး ဝင်းနေသည်။ ခြုံ၍ပြောရလျှင် ဆောင်းနှင့် နှောင်း ညီအစ်မကို မကြာခဏ အသိမိတ်ဆွေများ လူမှားတတ်သည်။ ထို့ကြောင့် အိုက်စံ အုံ့သြခြင်းကို နှောင်း သဘောပေါက်ပါ၏။

ခြံထဲဝင်မိသည်နှင့် ပန်းသီးပင်တွေကို စနစ်တကျ အကွက်ချ စိုက်ပျိုးထားသည်ကို ဆောင်း တွေ့မြင်ရသည်။ ပန်းသီးပင်များသည် ကိုးပေ၊ ဆယ်ပေအမြင့် တစ်ညီတည်းရှိနေကြပေပြီ။ ပန်းသီးတွေ အပင်မှာသီးနေသည်ကိုလည်း တွေ့ရသည်။

ခြံ၏ အနောက်စွန်း နေရာတွင် ပျဉ်ထောင်အိမ်လေး သပ်သပ်ရပ်ရပ်နှင့် တန်းလျားရှည်ကြီးတစ်လုံး ရှိနေသည်ကိုလည်း တွေ့ရသည်။

"ပျဉ်ထောင်အိမ်လေးမှာက ဦးဘကြူးနဲ့ ဦးစံလင်း နေကြတယ်၊ တန်းလျားကြီးကတော့ အလုပ်သမားတွေ နေကြတယ်"

"ဦးဘကြူးနဲ့ ဦးစံလင်းက စည်ပင်က အရပ်လူကြီးတွေ မဟုတ်လား၊ ဒီမှာလာနေလို့ ဖြစ်သတဲ့လား"

"စည်ပင်မှာ အရပ်လူကြီးက သူတို့ နှစ်ယောက်တည်းမှ မဟုတ်တာ၊ ဆင့်ကဲဆင့်ကဲ တခြား လူကြီးတွေလည်း ရှိကြတာပဲ၊ နောက်ပြီး ဦးဘကြူးနဲ့ ဦးစံလင်းက ဒီမှာ အမြဲနေ မဟုတ်ပါဘူး၊ အမြဲတမ်း ညအိပ် မဟုတ်ဘူး၊ မနက်လာ ညနေပြန်တာတွေလည်း ရှိတာပေါ့၊ စည်ပင်နဲ့ ပန်းသီးခြံက သိပ်အဝေးကြီးမှ မဟုတ်တာ၊ ငါးမိုင်လောက် ရှိတာ"

"ခုနပြောတော့ ရှစ်မိုင် နှစ်ဖာလုံဆို"

"အဲဒါက မော်တော်ဆိုင်ကယ် စီးလို့ရတဲ့လမ်းနဲ့ ကမ်းပါးယံကို ပတ်ပြီးလာရလို့ အဲဒီလောက်ဝေးတာ၊ ဦးစံလင်းနဲ့ ဦးဘကြူးကျတော့ လျှိုကြားတောကြားက ဖြတ်သွားတဲ့ လူသွားဖြတ်လမ်း ရှိတယ်လေ၊ နောက်ပြီး ဦးစံလင်းတို့ ဦးဘကြူးလို လူတွေကျတော့ ငါးမိုင် ခရီးစဉ်ဆိုတာ အညောင်းပြေလျှောက်သလောက် သဘောရှိတာ၊ အခု ဒီမှာ လူကြီးနှစ်ဦး ညအိပ်လုပ်ပေးတာက ဒီပန်ဝန္တာတို့ တစ်ခုခု ဖျက်ဆီးမှာစိုးရိမ်ပြီး လာစောင့်ပေးတာပါ ဆောင်း"

ဘေးတွဲ ဆိုင်ကယ်ကို ပျဉ်ထောင်အိမ်လေးရှေ့တွင် ရပ်လိုက်သည်နှင့် ဦးဘကြူးနှင့် ဦးစံလင်း နှစ်ဦး ဆင်းကြိုသည်။

အလုပ်တန်းလျားမှ အမျိုးသမီး တချို့နှင့် အမျိုးသား တချို့သည် အိုက်စံ ကဲ့သို့ပင် ပြုံးတုံးပြုံးတဲ လှမ်းကြည့်နေကြသည်။ သူတို့လည်း ဆောင်းကို နှောင်းဟုပင် ထင်နေကြလေသလား မပြောတတ်။







www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဒီလိုလုပ်စို့ ဦးဘကြူးနဲ့ ဦးစံလင်း၊ အခု မဆောင်း ပါလာတော့ ကျွန်တော် နေမဝင် မိုးမချုပ်ခင် စည်ပင်အရောက် ပြန်ရမယ်၊ အခုပဲ ကျွန်တော် ခြံကိုလိုက် စစ်ဆေးကြည့်မယ်လေ"

"မင်းမှာ သေနတ်ပါတယ် မဟုတ်လား၊ ဒီပနဲ့ဝရွာ ခြေရှုပ်နေတာက ဟိုကွေ့ကြီးနားလောက်ဆီမှာ၊ အဲဒီဘက် အရင်သွားကြည့်မယ်လေ"

"သေနတ်ပါပါတယ်၊ ကွေ့ကြီးဘက်ဆိုတော့ တော်တော် ခြံစွန်းဘက် ရောက်နေတာပဲ"

"အေး … နည်းနည်းတော့ လှမ်းတယ်၊ ဒါပေမဲ့ မင်း ဆိုင်ကယ်ကြီးနဲ့ မသွားနဲ့၊ ဆိုင်ကယ်စက်သံ ကြားတာနဲ့ ဒီကောင်တွေ လစ်သွားမှာ"

အောင်မြင့်မွန်သည် မဆောင်းကို လှမ်းကြည့်သည်။ မဆောင်း၏ မျက်နှာလေးမှာ မော်တော်ဆိုင်ကယ် စီးရာတွင် လေတိုးထားသောကြောင့် ဝင်းဝင်းဝါဝါ အရောင်တွင် ပန်းနုရောင်လေး သမ်းနေသည်။ ဆိုင်ကယ်ပေါ်မှ ဆင်းသည်နှင့် ခေါင်းစွပ်ကို ချွတ်လိုက်သောကြောင့် ဆောင်း၏ ဆံစလေးတွေ ဖယိုဖရဲနှင့် သူမ၏ နဖူးပြင်ပေါ် ကျနေကြသည်။ သနပ်ခါး ကွက်ကြားလေးတွေ မျက်နှာပေါ်တွင် ပျက်သည်ကပျက်ပြီး ကျန်သည်က ကျန်နေသေးသည်။





ဘယ်လိုကြည့်ကြည့် မဆောင်းသည် လှနေသည်သာ။

"ဒီမှာ ခေါပုတ်နဲ့ ဆတ်သားခြောက်တွေ ကျန်သေးလား ဦးစံလင်း"

"ကျန်တယ်ကွ အများကြီးပဲ၊ နှောင်း ကိစ္စရှိလို့ စည်ပင်မှာ ငါတို့ အနေများလို့ ဒီမှာ ရိက္ခာတွေ လက်ကျန်များနေတာ"

"ဒါဆို ဦးစံလင်း ဒီမှာပဲ နေခဲ့ဗျာ၊ မဆောင်းကို ဆတ်သား ခြောက် မီးဖုတ်ဆီဆမ်းနဲ့ ခေါပုတ်ကြော်နဲ့ ဧည့်ခံထားပါ၊ မဆောင်း ဆာလှရောမယ်၊ ကျွန်တော် ဦးဘကြူးနဲ့ပဲ သွားတော့မယ်"

"ဖြစ်မလား အောင်မြင့်မွန်၊ ဒီပတို့က သေနတ်ပုန်းသမား တွေကွ"

"ရတယ် ဒီက ဓားကိုင်အလုပ်သမား သုံးယောက်လောက် ခေါ်သွားမယ် ဦးစံလင်း နေခဲ့ပါ"

ဦးစံလင်း စောဒကမတက်တော့။ အောင်မြင့်မွန်သည် အလုပ်ရှင် မဟုတ်လား။

"ကျွန်တော် ခဏသွားလိုက်ဦးမယ် မဆောင်း၊ အပျင်းပြေနဲ့ အဆာပြေ ခေါပုတ်ကြော်၊ ဆတ်သားခြောက်ဖုတ် ဆီဆမ်း နဲ့ ရေနွေးကြမ်းသောက် စားထားပေါ့နော်၊ ကျွန်တော် အကြာကြီး မနေပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက ညင်သာစွာ ခေါင်းညိတ်ပြသည်။

အောင်မြင့်မွန် ဦးဘကြူးနှင့် မားကိုင်တပည့် သုံးယောက်တို့ ထွက်ခွာသွားသည်။

ဦးစံလင်းက မီးဖိုထဲ ဝင်သွားသည်။

ဆောင်းက ဦးစံလင်းကို ပြန်အော်ခေါ်သည်။

"ဦးစံလင်း ဦးစံလင်း"

"ဝေး"

"အဲဒီ ခေါပုတ်နဲ့ဆိတ်သား ကိစ္စကို ဒီပြင် တစ်ယောက် ယောက်ကို ခိုင်းလို့မရဘူးလား၊ ဆောင်း ဦးလေး ဦးစံလင်းနဲ့ စကားပြောချင်လို့ပါ"

"အေး ... ရတယ် ရတယ်"

ဦးစံလင်း မီးဖိုထဲမှ ပြန်ထွက်လာသည်။ အိမ်အေား ပြတင်းပေါက်တွင်ရပ်ကာ တန်းလျားဆီသို့ လှမ်းအော်ပြောသည်။

"မိရှမ်း၊ ဟေး ... မိရှမ်း၊ လာစမ်းကွယ် ဒီကိုခဏ"

မိရှမ်းဆိုသည့် အသက်သုံးဆယ်ရွယ် အမျိုးသမီး အလုပ်သမားတစ်ဦး ချက်ချင်း ရောက်လာသည်။

"မီးဖိုထဲမှာ ခေါပုတ်ကြော်စမ်း၊ ဆိတ်သားခြောက်လည်း ကင်စမ်း၊ မတူးစေနဲ့၊ ဆိတ်သားခြောက်ဖုတ်ကို အမြှောင်း ဖဲ့ပြီး ဆီစိမ်းဆမ်းနော်၊ ခေါပုတ်ကြော် ဆီမဆမ်းနဲ့ ကြားလား"





မိရှမ်းက ပြောသည်ကို နားထောင်ပြီးသည်နှင့် မီးဖိုထဲ ဝင်သွားသည်။

ဆောင်းသည် အချိန်မဆွဲတော့ဘဲ သူမ၏ ပိုက်ဆံ အိတ်ထဲတွင် ထည့်သိမ်းယူလာသော စက္ကူအခေါက်ထုပ်ကို ထုတ်ယူ ကာ ဦးစံလင်း ရှေ့တွင် အခေါက်ဖြေ ဖွင့်ပြလိုက်သည်။

"အဲဒါ ဦးလေး ကြည့်စမ်းပါ ဘာတွေလဲလို့"

ဦးစံလင်း မျက်မှန်တပ်ပြီး သေချာကြည့်သည်။

"မှော်ဖတ်မှော်ရွက်တွေနဲ့ တခြား သစ်ရွက်နွမ်းတွေပဲ၊ အဲဒါ ဘာဖြစ်လို့လဲ မိန်းကလေး"

"နှောင်းရဲ့ အလောင်းကို ဒေါက်တာစောဒီ ခွဲစိတ်တုန်းက ဦးစံလင်းလည်း အတူရှိပါတယ်နော်"

"အေးလေ ရှိသားပဲ"

"နှောင်းရဲ့ လည်ချောင်းထဲ၊ အဆုတ်ထဲ၊ ပါးစပ်ထဲက မှော်ဖတ်တွေ၊ သစ်ရွက်ဟောင်းတွေ ခွဲစိတ်တုန်းက တွေ့ရ တာတွေနဲ့ အခု ဆောင်း ယူလာပြတဲ့ အဖတ်တွေဟာ အတူတူပဲ မဟုတ်လားဟင်၊ အမျိုးအစားခြင်း တူသလားလို့ မေးတာပါ"

"အင်းလေ ဒီအမျိုးအစား မှော်ဖတ်တွေနဲ့ အတူတူပဲပေါ့ မိန်းကလေး"

ဟု မဆိုင်းမတွ ဦးစံလင်း ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လားရှင်"

"ဟာ ... သိပ်သေချာတာပေါ့"

ဆောင်းက စိတ်အားထက်သန်စွာဖြင့် စက္ကူထုပ် ထဲမှ မှော်ဖတ်များကို သူမ၏ လက်ညှိုးလေးနှင့် တိတိကျကျ ထောက်ပြပြီး ဦးစံလင်း မျက်နှာကို စေ့စေ့ကြည့်ကာ မလွှတ်တမ်း အကဲခတ်ရင်း မေးလိုက်သည်။

"နှောင်း အလောင်းကို ခွဲစိတ်လို့ တွေ့ရှိ ရရှိတဲ့ မှော်ဖတ် တွေဟာ နှောင်း မဟာကန်မှာ ရေနစ်လို့ အဆုတ်ထဲဝင် ခဲ့တဲ့ မှော်ဖတ်တွေ မဟုတ်လား ဦးလေး"

"အေးလေ အဲဒါ ဟုတ်သားပဲ"

"ဒီမယ် ဦးလေး ဦးစံလင်း၊ အခု ဆောင်း ယူလာပြခဲ့တဲ့ မှော်ဖတ်တွေဟာ စည်ပင်အိမ် ခြံကြီးရဲ့ နှောင်း အုတ်ဂူ ကိုက်နှစ်ဆယ်လောက်ဝေးတဲ့ နေရာမှာရှိနေတဲ့ ရေအိုင် ထဲမှာရှိနေတဲ့ မှော်ဖတ် သစ်ရွက်ဖတ်တွေကို ယူလာတာပါ"

"အဲဒါ ဘာဖြစ်လဲ မိန်းကလေး"

"ဘာဖြစ်ရမှာလဲ ဦးလေး၊ အခုပဲ ဦးလေး ပြောတယ်လေ ဒီဟာတွေဟာ မဟာကန်ထဲက မှော်ဖတ်တွေဆို၊ ဆောင်း ယူလာတဲ့ မှော်ဖတ်တွေက အိမ်ခြံထဲရှိတဲ့ ရေအိုင်ထဲက ယူလာတာ"

"အော်ဟော ... ဒါလား"





ဦးစံလင်း ပြုံးရယ်လိုက်သေးသည်။ ထို့နောက် ထိုင်ရာမှ ထလိုက်သည်။

"လာ ... လိုက်ခဲ့ မိန်းကလေး၊ ဦးလေး ပြမယ်"

ဦးစံလင်း ပြောပြောဆိုဆို ရှေ့မှ ထွက်သွားသည့် နောက်သို့ ဆောင်းကလည်း ထလိုက်သွားပါ၏။

သစ်သီးခြံကြီး၏ ထောင့်တစ်နေရာသို့ ရောက်လာ ကြသည်။ တောင်ခါးပန်း မတ်စောက်မှ ရေတွေစီးကျပြီး အောက် တွင် အိုင့်တစ်အိုင် ဖြစ်နေသော နေရာဖြစ်သည်။

ဦးစံလင်းက ရေအိုင်ကမ်းစပ်မှ ဒိုက်တစ်ဖက် အိုင်ထဲသို့ ထိုးနှစ်လိုက်သည်။ လက်ပြန်နှုတ်ယူရာတွင် မှော်ဖတ် တချို့ ဆုပ်ကိုင်ပြီး ဆောင်းကို လက်ချောင်းများ ဖွင့်ပြလိုက်သည်။

"ကြည့် ... မိန်းကလေး၊ အခု ယူပြတဲ့မှော်ဖတ်၊ သစ်ရွက် ဖတ်တွေဟာ မိန်းကလေး စက္ကူနဲ့ထုပ်ယူလာတဲ့ မှော်ဖတ်၊ သစ်ရွက်ဖတ်တွေနဲ့ အတူတူပဲ ဖြစ်နေတာ မိန်းကလေး တွေ့ရမယ်"

ဆောင်း ယူကြည့်သည်။ စက္ကူထုပ်ထဲရှိ မှော်ဖတ် တွေနှင့် နှိုင်းယှဉ်ကြည့်သည်။ သေချာကြည့်သည်။ ထပ်တူထပ်မျှ တူညီနေသည်ကို တွေ့မြင်ရသည်။

"ဒီဒေသ ဆိုပါတော့ကွယ်၊ ဒီစည်ပင်ဒေသ တစ်ဝိုက်မှာ ရှိတဲ့ ရေအိုင်တိုင်း အောက်မှာပေါက်သရွေ့ မှော်ပင်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေဟာ ဒီအမျိုးအစားတွေချည်းပဲကွဲ၊ သူ့ဒေသရဲ့ ရေခွာတ်မြေခွာတ်ကိုက အိုင်ထဲမှာ ဒီလိုတွေချည်း ပေါက်နေ တာကို၊ အဲ ... တောင်ကြီးနယ်ထဲက ရေအိုင်တွေမှာတော့ ဒီလိုအမျိုးအစား မှော်ပင် သစ်ပင်မျိုး ပေါက်ချင်မှပေါက် မယ်၊ ဦးလေး ဆိုလိုတာက စည်ပင်ရဲ့ ရေကြောမြေကြောက အိုင်တိုင်းမှာ ဒီလိုမှော်ဖတ်မျိုး သစ်ရွက်မျိုးတွေ ရှိနေတယ်လို့ ဆိုလိုတာပဲ မိန်းကလေး"

ဆောင်း ဦးခေါင်းညိတ် လက်ခံရတော့သည်။

"ဟုတ်ပါပြီ ဦးလေး၊ ဒီနယ်မှာရှိတဲ့ ရေအိုင်တိုင်းမှာ ဒီမှော်ဖတ်မျိုးတွေ ရှိတယ်ဆိုတာ ဆောင်း လက်တွေ့ ယုံသွားပါပြီ၊ ကဲ ... တဲကို ပြန်ကြစို့၊ ဆောင်းက မော်တော်ဆိုင်ကယ် မစီးဖူးတော့ အခု ဆေးကလိုက်စီးတာ မျက်နှာမှာ စပ်ဖျဉ်းဖျဉ်း ဖြစ်နေတယ်၊ အိမ်လေးထဲမှာ လေလုံမိုးလုံ အနားယူချင်လို့"

"ဟဲ ... ဟဲ ... ဟဲ"

ဆောင်း၏ စကားကို ဦးစံလင်းက ဘာကြောင့် မှန်းတော့ မသိ၊ တဟဲဟဲ ရယ်လေသည်။ ပြီး ... ရှေ့မှ ပျဉ် ထောင်အိမ်လေးဆီ ပြန်လျှောက်သွားသဖြင့် ဆောင်းက နောက်မှ လိုက်ရပြန်သည်။

"ဦးလေး ဘာဖြစ်လို့ တဟဲဟဲ ရယ်တာလဲဟင်"





"မိန်းကလေးရဲ့ နှနယ်မှုကိုတွေးပြီး ရယ်တာပါကွယ်၊ လောကကြီးမှာ ညီအစ်မ အရင်းခေါက်ခေါက်မှာတောင် တစ်ယောက်နဲ့တစ်ယောက် မတူတာတွေ ရှိနေတာကို တွေးမိလို့ ရယ်တာပါ မိန်းကလေး"

"ဘယ်လိုမတူတာလဲ ဦးလေး"

"မိန်းကလေးက ပျော့တယ်၊ ညင်သာတယ်၊ သိမ်မွေ့တယ်၊ စကားပြောရင် နားထောင်တဲ့ တစ်ဖက်သား နားဝင်ချို စေတယ်၊ အဲ ... မိန်းကလေးရဲ့ ညီမအရင်းဖြစ်တဲ့ နှောင်း ကတော့ ကြမ်းတယ်ကွဲ့"

"နှောင်းက ဘယ်လိုကြမ်းလို့လဲ ဦးလေး"

"မိန်းကလေးနဲ့ နှိုင်းစာလိုက်ရင် နှောင်းက အရာရာမှာ ကြမ်းတယ်လို့ ဆိုရမှာပဲ၊ နှောင်းက မော်တော်ဆိုင်ကယ် ဘေးတွဲစီးပြီး လေတိုးဒဏ်ကြောင့် ဘယ်တော့မှ မျက်နှာ စပ်ဖျဉ်းဖျဉ်း ဖြစ်တယ်လို့ တစ်ခါမှ မပြောဘူး"

ဟုတ်လောက်ပေသည်။ နှောင်းသည် မိတ်ကပ်ကို ခပ်ခပ်မင်မင် လိမ်းကျံသူမို့ မိတ်ကပ်လိမ်းထားသော မျက်နှာသည် တော်ရုံ လေတိုးဒဏ်၊ ရေမိုးဒဏ်၊ နေပူဒဏ် ခံနိုင်စွမ်းရှိသည်။

သကြိန်ကာလတွင် ယောကျ်ား မိန်းမ ကြီးငယ် မဟူ ရေဒဏ်၊ လေဒဏ်၊ နေဒဏ် ခံနိုင်ရည်ရှိအောင် မိတ်ကပ် လိမ်းသူတွေ လိမ်းကြသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးလေး၊ နှောင်းက အမျိုးဘဝကတည်းက ခပ်ကြမ်းကြမ်းလေး နေတတ်တဲ့ အကျင့်ရှိတယ်၊ အသက် ကလည်း ငယ်သေးတာကိုး"

"အင်း ... ဟုတ်ပါ၊ နှောင်းဟာ နောက်ပိုင်းကျတော့ အောင်မြင့်မွန်ရဲ့ ဘေးတွဲဆိုင်ကယ်မှာတောင် မစီးတော့ သူ့ဆိုင်ကယ်သူစီးနဲ့ မောင်းချင်ရာ မောင်းနေတာပဲလေ"

"ဦးလေး ဦးစံလင်း ကြည့်ရတာ နှောင်းကို သိပ်သဘော တွေ့ပုံ မရဘူးနော်"

"အင်း ... ပြောရခက်သားကွယ်၊ မိန်းကလေးက နှောင်းရဲ့ အစ်မရင်းခေါက်ခေါက် ဖြစ်နေတယ် မဟုတ်လား"

"ပြောပြပါ ဦးလေး၊ ဘာပဲဖြစ်ဖြစ် နှောင်းဟာ သေဆုံးသွား ပြီပဲ၊ အသက်ရှင်နေသေးတဲ့ လူတစ်ယောက် အကြောင်းကို မကောင်းပြောရင် မပြောသင့်ပေမဲ့၊ သေသွားသူရဲ့ အကြောင်း ကိုတော့ ပြောပြသင့်ပါတယ် ဦးလေး၊ ဒါဆို ဆောင်း အနေနဲ့ ညီမလေး နှောင်းက ဒီလောက်တောင် ဆိုးခဲ့သ သကိုးလို့ ဖြေသာတာပေါ့၊ ပြောပြပါ ဦးလေး"

"ပြောရရင်တော့ အောင်မြင့်မွန်ကိုပဲ သနားမိတယ် မိန်းက လေး"

"ဘာလို့"





"နှောင်းဟာ ဒီပတို့၊ ဝဏ္ဏတို့ဆိုတဲ့ လူဆိုးလူကြမ်းကောင် တွေနဲ့ အရောတဝင် နေတာတောင် သူ့မယားကို သူ မပြောရဲရှာပါဘူးကွယ်၊ အေးလေ သူ့ဇနီး နှောင်း စိတ်ဆင်း ရဲသွားမှာ စိုးရိမ်လို့ ပျော်သလိုနေပါစေ ဆိုတာမျိုး ဖြစ်မှာ ပေါ့လေ"

"နှောင်းဟာ ကိုယ်ကျင့်တရားပိုင်းမှာ အဲဒီလောက်အထိ ချို့ယွင်းခဲ့လို့လား ဦးလေး၊ ညီမလေး နှောင်းရဲ့ အကြောင်း ကို ဆောင်းက အစ်မရင်းမို့ ခုတော့သိပါ၊ နှောင်းဟာ အပျို ကျောင်းသူ ဘဝကတည်းက ယောကျ်ားလေး မိတ်ဆွေတွေ ထားတတ်တယ်၊ ပေါ့လားဝါးလား နေတတ်တယ်၊ ဒါပေမဲ့ လွတ်လပ်တဲ့ အပျိုဘဝမှာတောင် ညီမလေး နှောင်းဟာ သူ့ကိုယ်သူ ထိန်းသိမ်းစောင့်စည်းနိုင်ခဲ့သူပါ ဦးလေး၊ နှောင်းဟာ အဲဒီလို မိန်းကလေးမှန်းလည်း ကိုအောင်မြင့်မွန် အသိဆုံးပါ၊ ဆောင်း တစ်ခုထပ်မေးပါရစေ၊ စည်ပင်ရောက် ပြီးမှ နှောင်းဟာ ကိုဒီပ၊ ကိုဝဏ္ဏ၊ ကိုစိုင်းခက်တို့နဲ့ အရောတဝင် နေတယ်ဆိုတာ ဟုတ်ပြီပဲထား၊ အဲဒီသုံး ယောက်ထဲက နှောင်းဟာ တစ်ယောက်ယောက်နဲ့ ဖောက် ပြားတယ်လို့ စွပ်စွဲနိုင်လောက်အောင် တစ်ဦးတစ်ယောက် ဖြစ်စေ၊ အများဖြစ်စေ မျက်မြင်သက်သေမျိုး ရှိခဲ့လို့လား ဦးလေး ဦးစံလင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... အဲ ... အဲ"

ဦးစံလင်းထံမှ ဘာမှပြန်မဖြေသေးမီ ဟေး ... အဲ ဆိုသည့် ဆန်းကြယ်သည့်အသံ အရင်ထွက်လာသည်။

"ဒီမယ် မိန်းကလေး စည်ပင်ဟာ ရန်ကုန် မဟုတ်ဘူးကွယ့်၊ နောက်ပြီး စည်ပင်သူ စည်ပင်သားတွေဟာ တောင်ပေါ်သူ တောင်ပေါ်သားတွေ၊ စနစ်တစ်ခုဆို တစ်ခုပဲကျင့်သုံးတယ်၊ အဲ ... ဒီစနစ်ဟာလည်း ဘိုးဘွားဘီဘင် မိရိုးဖလာက ဆင်းသက်လာပြီး နောက်လူတွေ အစဉ်အဆက် လိုက်နာကျင့်သုံးကြရတယ်၊ အဲဒီလို မကျင့်သုံးသူဆိုရင် ဝိုင်းပယ်ပစ်တယ်၊ အေး ... တချို့ကျတော့လည်း နတ်ကိုးကွယ်ပြီး နတ်မကြိုက်လို့ဆိုတဲ့ အဟန့်အတားနဲ့ စနစ်ကို ထိန်းသိမ်းတာမျိုးတွေလည်း ရှိတာပဲပေါ့ကွယ်၊ နတ်မကြိုက်လို့ နတ်ဖမ်းစားမှာ စိုးလို့ဆိုတဲ့ ဆိုတာတွေကိုတော့ ဦးလေးအနေနဲ့ ရှင်းမပြချင်ပါဘူး၊ ဒါက နတ်ကို ယုံကြည်သည် မယုံကြည်သည် ဆိုတဲ့အပေါ်မှာ မူတည်နေတာပါ၊ ခေတ်လူငယ်တွေ ပညာဘက်က လေးနက်ယုံကြည်မှုဟာ အငြင်းပွားစရာ ဖြစ်လာလေမို့ အဲဒီနတ် မကြိုက်တာတွေ၊ နတ်ဖမ်းစားတာတွေ ဘေးချိတ်ထား၊ အဓိက ဦးလေး ဆိုလိုချင်တာကတော့ စည်ပင်လို တောင်ပေါ်ဒေသမှာ လင်ရှိမိန်းကလေး တစ်ယောက်ဟာ သူစိမ်းယောကျ်ား တစ်ဦးနဲ့ လင်ကွယ်





ရာမှာဖြစ်ဖြစ်၊ မိဘမောင်ဖွား ကွယ်ရာမှာဖြစ်ဖြစ် အတူမနေရဘူး မိန်းကလေး၊ အဲဒီလိုနေတဲ့ မိန်းကလေးဆိုရင် တို့တောင်ပေါ်သူ တောင်ပေါ်သားတွေရဲ့ အမြင်က ဟေး ... အဲ ... အဲ ... အယ် ... အပြောရခက်ပါတယ် မိန်းကလေးရယ်"

ဦးလေး ဦးစံလင်း ပြောပြသည်ကို ဆောင်း ကောင်း ကောင်း သဘောပေါက်လိုက်ပါ၏။

ရှင်းရှင်းပြောစတမ်းဆိုလျှင် နှောင်းအား သူတို့ လက်ပူးလက်ကြပ် မျက်မြင်သက်သေ၊ တစ်ဦးမှ မရှိစေကာမူ အနေအထိုင် မတတ်သည်နှင့်ပင် အထင်သေး အမြင်သေး ဖြစ်နေကြသည့်သဘော သက်ရောက်နေပေသည်။

နှောင်းကို အထင်သေး၊ အမြင်သေး၊ မလိုမလား ဖြစ်သည်နှင့်အမျှ နှောင်း အပေါ်တွင် အလိုလိုက်နိုင်လွန်းသော အောင်မြင့်မွန် အပေါ်တွင် ကရုဏာထားနေကြပုံ ရပေသည်။

ပျဉ်ထောင်အိမ်လေးဆီသို့ ပြန်ရောက်လာကြသည်။ မိရှမ်းခေါ် အဒမျိုးသမီးက ပူပူနွေးနွေး ခေါပုတ်ကြော်၊ ဆတ်သားခြောက် မီးဖုတ်ဆီဆမ်းကို အသင့်ပြင်ထားသည်။ ရေနွေးကိုတော့ မြေကရားကြီးဖြင့် မီးဖိုထက်တွင် ချိတ်ဆွဲထားသည်။

"စား ... မိန်းကလေး၊ ဦးလေးတို့ ခြံထဲမှာဆိုရင်တော့ ဒီအစားအစာဟာ နတ်သုဒ္ဓါပဲ၊ အောင်မြင့်မွန်က သူ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမား အားလုံးကို အစားကောင်းကောင်း ကျွေးလေ့ရှိတယ်ကွယ့်"

ဆောင်းသည် ခေါ်ပုတ်ကြော်ကို ပထမ တစ်ကိုက်ကိုက်စားကြည့်သည်။ အရသာ ရှိလှသည်။

ဆတ်သားခြောက် မီးဖုတ် ဆီဆမ်းကို တစ်ဖတ်ယူဝါးကြည့်သည်။

လိုက်ဖက်လေစွ။

သည်နောက်မှာတော့ ဆောင်းသည် ခေါ်ပုတ်ကြော်နှင့် ဆတ်သားခြောက် မီးကင် ဆီဆမ်းကို လိုလိုလားလားစားပေတော့သည်။

ယနေ့ နံနက်ပိုင်း ဆောင်းသည် ဟိုလိုလို ဒီလိုလိုနှင့် ထမင်းကောင်းကောင်း မစားဖြစ်လိုက်၊ ရက်လည်ဆွမ်းကျွေးပွဲတွင် ဆောင်း မစားဖြစ်ခဲ့၊ ဆန္ဒင်းမကင်း၊ ထိုးမုန့်စသည်တို့ကိုသာ တို့ထိစားပြီး ကော်ဖီသောက်သည်။

ဒီတော့လည်း ယခု ဆာလောင်ချိန်ဝယ် ခေါ်ပုတ်ကြော်နှင့် ဆတ်သားခြောက် ဆီဆမ်းသည်။ ဦးလေး ဦးစံလင်းပြောသလို ဆောင်းအဖို့လည်း နတ်သုဒ္ဓါ ဖြစ်သွားသည်။

မော်တော်ဆိုင်ကယ် အောတွဲစီးခဲ့သဖြင့် ဆိုင်ကယ်၏အခုန်အဆောင့်ကြောင့် ဝမ်းဗိုက်ဆာလောင်သည်လည်း ဖြစ်သည်။

ဆောင်းသည် တစ်ဝကြီးပင် စားသည်။





စားနေစဉ်မှာပင် မီရှမ်းက ရေနွေးကရား လာချသည်။ ပန်းကန်လုံးတွင် ရေနွေးငှဲ့သောက်ရာ မီးသင်းထားသောလက်ဖက်ခြောက်နံ့လေးဖြင့် ဖန်ခါးခါး ဖန်ဆိမ့်ဆိမ့် အရသာလေးဖြင့် ရင်ထဲ နွေးသွားသည်။ ရေနွေးကြမ်းလေးငါးခွက်ပင်ဆောင်း သောက်လိုက်သည်။ တစ်သက်နှင့်တစ်ကိုယ် ဒီတစ်ကြိမ်ပင် တစ်ထိုင်တည်း ရေနွေးကြမ်း အများဆုံး သောက်ဖူးခြင်းဖြစ်ပါ၏။ တစ်ဝကြီး စားသောက်ပြီးနောက် ဆောင်း မျက်တောင်စင်းလာသည်။

ဦးစံလင်းအား နှောင်းအကြောင်း မေးဖို့လည်း စိတ်မကူးတော့ပြီ။ ဆက်မေးလျှင် နှောင်းမကောင်းကြောင်းတွေနှင့် ကိုအောင်မြင့်မွန် ကောင်းလှကြောင်းတွေသာ ဦးစံလင်းပြောပေဦးမည်။

စည်ပင်သို့ မရောက်မီက ထင်ရှိထားသော ကိုအောင်မြင့်မွန်အပေါ်မှ သံသယတွေကလည်း တဖြည်းဖြည်း လျော့နည်းလာသည်။ ညီမလေးနှောင်း၏ ဆိုးဒဏ်ကို ခံနိုင်ရည်ရှိသောကိုအောင်မြင့်မွန်ကိုပင် ဂရုဏာ သက်ချင်သလိုလို ရှိလာသည်။

ဆောင်း မျက်လုံးစင်း ငိုက်မျဉ်းနေစဉ်မှာပင် ကိုအောင်မြင့်မွန်တို့ ပြန်ရောက်လာသည်။ သူတို့အချင်းချင်း ပြောနေသော စကားကြားရသည်အရ ဒီပနှင့် ဝဏ္ဏသည် လစ်သွားပြီမှန်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မဆောင်း ကျွန်တော် ပန်းသီးကြီးငါးလုံး ခူးလာတယ်၊ တကယ့် ခေါင်သီးကြီးတွေ ဆိုပါတော့၊ ခြံထဲမှာ ပန်းသီးတွေခူးရင် ရလောက်ပြီ၊ ဒါပေမဲ့ ခူးပြီးရင် ကြာရှည်ထားဖို့ လိုမယ်၊ ဒါကြောင့် သန်ဘက်ခါလောက် ကျွန်တော် တောင်ကြီးသွားပြီး စိုက်ပျိုးရေးဌာနနဲ့ ညှိနှိုင်းပြီး ဌာနကိုအပ်ဖို့ စီစဉ်မလားလို့၊ ဒီမှာရော စားပါ မဆောင်း၊ ကျွန်တော့်ခြံက ပန်းသီး ဦးဦးဖျားဖျား မဆောင်း စားကြည့်ပါ၊ ခူးလာတာ ခေါင်းသီးတွေမို့ပါ"

ပြောပြောဆိုဆို လွယ်အိတ်ထဲမှ ပန်းသီးငါးလုံး မဆောင်းရှေ့တွင် ချပေးလိုက်သည်။

ပန်းသီးငါးလုံးသည် တကယ်ပင် ထွားကြိုင်းပေသည်။ အနီရောင်တွင် စိမ်းဝါဖန့်အရောင်အသွေး ပြောင်လက်နေပါ၏။ တင်းနစ်ဘောလုံးထက် ပို၍ အလုံးကြီးသေးသည်။

"စားလေ မဆောင်း၊ ဒါ ဩစတေးလျား မျိုးအစစ်တွေ"

"စားမှာပါ ကိုအောင်မြင့်မွန်၊ ဆောင်းကိုယ်တိုင် နိုင်ငံခြား ပန်းသီးကို စုံမက်ပါတယ်၊ ဒါပေမဲ့ ပထမဆုံး လက်ဦးခေါင် သီးတွေမို့ ဘုရား အရင်ကပ်ချင်တယ်၊ မွန်းလွဲချိန်ကြီးမှာ ပန်းသီး ဆွမ်းကပ်ရသလား မကပ်ရသလား မဆောင်း မသိဘူး၊ ဒီလိုလုပ်ပေးပါလား ဦးလေးစံလင်း၊ ဆောင်းက ပန်းသီးကို အခွံနွှာ ရေဆေးပြီး ပန်းကန်ပြားထဲထည့်





ဘုရားစင်မှာ ကပ်ခဲ့မယ်၊ ဦးလေးက မနက် အာရုံလောက်မှာ အာရုံသစ်သီးဆွမ်းအဖြစ် ကပ်ပေးလေ"

"အေး ... အေး စိတ်ချ မိန်းကလေး၊ သာဓုကွယ့် သာဓု သာဓု၊ အဲဒီလို ဦးဦးဖျားဖျား ဘုရားကပ်ဖို့ ဦးလေးတောင် သတိမရဘူး၊ မနက်အာရုံတက်မှာ ဦးလေး ဆက်ဆက် ကပ်ပေးမယ် မိန်းကလေး"

အောင်မြင့်မွန်သည် ခေါပုတီးကိုက်ဝါးရင်း ဆောင်း၏ အပြုအမူ အပြောအဆိုကို ကြည့်နားထောင်ပြီး ...

အင်း ... အစကတည်းက ဘုတ်ကိုထောင်ခဲ့တာ ဘုတ်ကိုပဲမိရင် အကောင်းသား၊ ဘုတ်ထောင်တာ ကြောင်ကို မိသွားပေတာကိုးဟု သူ့ရင်ထဲတွင် သူ့ဟာသူ ပြောနေမိပေတော့ သည်။

* ❀ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဒေါ်လေးသူဇာက ဘာမှမသိဟု ဆိုသည်။ အိမ်ပြန်ရောက်ရောက်ချင်း စားပွဲပေါ်မှ ပျောက်သွားသော ဖိုးကွက်မျက်လုံးနီဆွဲကြိုးလေး ပျောက်သည့်ကိစ္စ ဒေါ်လေးသူဇာ သိမ်းထားသလားဟု မေးတော့သည်။

"ငါ မသိဘူး၊ ငါ မသိမ်းဘူး ဆောင်း"

ဒေါ်လေးသူဇာကို ဘာမှ မယုံစရာ မရှိ။

ဒါဆို ဆွဲကြိုးကို ဘယ်သူအလစ်သုတ်သွား သနည်း။

ဒေါ်အဲလစ်။

ဒါလည်း မဖြစ်နိုင်။ ဆောင်းနေသော အခန်းသည် နှောင်း၏ အခန်း။ နှောင်း အသက်ထင်ရှား ရှိစဉ်ကတည်းက ဒေါ်အဲလစ်အား နှောင်း၏အခန်းသို့ မဝင်ရ၊ နန်းကြာဖြူသာ ဝင်ခွင့်ပေးသည်။ ဒေါ်အဲလစ်က ကိုအောင်မြင့်မွန်အခန်း၌သာ





ဘာဝန်ထမ်းဆောင်ရမည်ဟု သတ်မှတ်ထားမှန်း ဆောင်း သိထားသည်။ ဆွဲကြိုးကို ဒေါ်အဲလစ် ယူခြင်းမဖြစ်နိုင်။

"ဒါဆို နန်းကြာဖြူ"

ဆောင်း အကြွေးမထား ချက်ချင်း နန်းကြာဖြူကို ခေါ်ယူလိုက်သည်။

နန်းကြာဖြူ ရောက်လာသည်။

"ကဲ ... နန်းကြာဖြူ ... မမဆောင်းကို မှန်မှန်ပြောနော်၊ နန်းကြာဖြူကို မမဆောင်း ဆူလည်း မဆူဘူး၊ အပြစ်လည်း မပေးဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုအောင်မြင့်မွန်ကိုလည်း တစ်လုံးမှ မပြောရဘူး"

"ဟုတ်ကဲ့ မမဆောင်း ပြောပါ"

"အေးကွယ် ပြောရမှာကတော့ စွပ်စွဲရာရောက်သလားပဲ၊ ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး မမဆောင်း သိပ်သိချင်လို့ပါ"

ဆောင်းနှောင်း၏ ပတ္တမြားမျက်လုံး ဖိုးကွက်လော်ကတ် ကောက်တွေ့ခြင်းမှအစ ပျောက်ဆုံးခြင်းအထိ ပြောပြသည်။ မိမိ၏ ဆင်တူဆွဲကြိုးကိုပါ နန်းကြာဖြူအား ထုတ်ပြသည်။

"နန်းကြာဖြူ မမနှောင်းရဲ့ ဆွဲကြိုးကို မြင်ဖူးထားပါတယ် မမဆောင်း၊ ဒါပေမဲ့ မမနှောင်း ဆွဲကြိုးကို နန်းကြာဖြူ မယူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ တကယ်လို့ ယူမိတယ်ဆိုလည်း မမဆောင်း အပြစ်မတင်ပါဘူး၊ နန်းကြာဖြူရဲ့ အရွယ်လေးက လှချင်ပချင်တဲ့ အရွယ်လေးပဲ၊ ဒီလိုလုပ်စို့ နန်းကြာဖြူ မမဆောင်းက နန်းကြာဖြူကို တခြားဆွဲကြိုးတစ်ကုံး လက်ဆောင်ပေးမယ်၊ နန်းကြာဖြူက နှောင်းရဲ့ဆွဲကြိုးလေး မမဆောင်းကို ပြန်ပေး"

နန်းကြာဖြူသည် ထိုင်ချကာ ဝဲလဲချထားသော ဆောင်း၏ပေါင်ပေါ်သို့ မျက်နှာအပ် ငိုချလိုက်သည်။ နန်းကြာဖြူ၏ မျက်ရည်နွေးနွေး၏ အထိအတွေ့ကို ဆောင်း၏ပေါင်တစ်ဖက်ပေါ်တွင် ထိတွေ့ခံစားလိုက်ရသည်။

"မမနှောင်း ဆွဲကြိုးကို နန်းကြာဖြူ မယူပါဘူး၊ မမဆောင်း အလကားပေးမယ်ဆိုတဲ့ ဆွဲကြိုးလည်း နန်းကြာဖြူ မယူပါဘူး၊ ဒါပေမဲ့ စားပွဲပေါ်က မမနှောင်း ဆွဲကြိုးကို မမဆောင်း အိပ်နေတုန်း ဘယ်သူယူသွားတယ်ဆိုတာ နန်းကြာဖြူ သိတယ်၊ အို ... မမဆောင်းရယ် မမနှောင်း ဘာလို့ သေရတယ်ဆိုတာလည်း နန်းကြာဖြူသိနေတာပါပဲ မမဆောင်း"

"ဟင် ... ဒါဆို ပြောစမ်း ပြောစမ်း နန်းကြာဖြူ၊ ဆွဲကြိုးကို ဘယ်သူယူသလဲ၊ နှောင်းကော ဘာလို့ သေတာလဲ၊ ပြောစမ်းပါ နန်းကြာဖြူ မမဆောင်းကို ပြောစမ်းပါ၊ မမဆောင်း သိပ်ကို သိချင်နေလို့ပါ၊ ပြောပါကွယ် ပြောပြပါ"





"ဟင်အင်း နန်းကြာဖြူ မပြောရဲဘူး မမဆောင်း၊ အို ... နန်းကြာဖြူ လုံးဝ မပြောရဲဘူး"

"ဘာလို့ မပြောရဲရမှာလဲ၊ နန်းကြာဖြူ တကယ့်အဖြစ်မှန်သာပြော၊ နန်းကြာဖြူဘက်က မမဆောင်း ရပ်တည်ပေးမယ်၊ နန်းကြာဖြူရဲ့ တာဝန်ကို မမဆောင်း အားလုံးယူတယ်"

နန်းကြာဖြူ ခေါင်းခါပြပြန်သည်။ ခေါင်းခါယမ်းနေရင်းပင် နန်းကြာဖြူသည် တစ်ခုခု အတွေးပေါက်သွားသည့်နှယ် ခေါင်းခါယမ်းခြင်းကို ရပ်လိုက်သည်။ ပြီး ဆောင်းကို နန်းကြာဖြူ ရှုးရှုးစိုက်စိုက် မော့ကြည့်သည်။

"မမဆောင်း တကယ်ပြောတာလားဟင်"

"ဘာကို တကယ်ပြောတာလားလို့ မေးတာလဲ နန်းကြာဖြူ"

"နန်းကြာဖြူရဲ့ တာဝန်အားလုံး မမဆောင်း တကယ် တာဝန်ယူမှာလားလို့ မေးတာပါ၊ နန်းကြာဖြူ သိသမျှ မြင်သမျှအားလုံး ပြောပြမယ်၊ အဲဒီ သိသမျှ မြင်သမျှထဲမှာ မမနှောင်း သေဆုံးရတဲ့အကြောင်းတွေလည်း နန်းကြာဖြူ အသိဆုံးပါ"

"ပြော ... ပြော နန်းကြာဖြူရဲ့ တာဝန်အားလုံး မမဆောင်း ယူမယ်လို့ ကတိပေးတယ်၊ ကဲ ... ပြော နှောင်းဟာ ဘယ်လို ဘယ်ပုံ သေသွားတာလဲ၊ နှောင်းရဲ့ ဆွဲကြိုးကို ဘယ်သူ ယူသွားတာလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ခေါက် ... ခေါက် ... ခေါက်"

နန်းကြာဖြူက ဘာမှ မပြောရသေးမီ အခန်းတံခါးအပြင်မှ ခေါက်သံထွက်ပေါ်လာသည်။

နန်းကြာဖြူသည် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် တံခါးဆီသို့ လှမ်းကြည့်သည်။

"ဘယ်သူလဲ"

ဆောင်းက လှမ်းအော်မေးလိုက်သည်။

"ကျွန်တော်ပါ မဆောင်း၊ အောင်မြင့်မွှန်ပါ"

"သြော် ... သြော်"

ဆောင်းက တံခါးဆီသို့သွားကာ ဖွင့်ပေးလိုက်သည်။

"ဆောင်း ညှောင်းပြီး ဖက်ကြောတွေတတ်လို့ နန်းကြာဖြူကိုခေါ်ပြီး နှိပ်ပေးခိုင်းနေတာ၊ ကိုအောင်မြင့်မွှန် ပန်းသီးခြံက ခေါ်ပုတ်ကြော်နဲ့ ဆတ်သားခြောက်က တတ်တာလား၊ မော်တော်ဆိုင်ကယ် မစီးစဖူး စီးလို့ တစ်ကိုယ်လုံး ကိုက်ခဲတာလားတော့ မပြောတတ်ဘူး"

"အင်းပေါ့ ဟုတ်တာပေါ့ ခေါ်ပုတ်နဲ့ ဆတ်သားကလည်း တတ်တာပဲ၊ မော်တော်ဆိုင်ကယ်စီးတာလည်း အလေ့အကျင့်တစ်ခါမှ မရှိတော့ ကိုယ်တွေလက်တွေ ကိုက်ခဲမှာပေါ့၊ နောက် အလေ့အကျင့်ရသွားရင် ဒီလို မတတ်တော့ မကိုက်ခဲတော့ပါဘူး မဆောင်း"





လာပြန်ပြီဟု ဆောင်းရင်ထဲက အသံမထွက် ရွတ်လိုက်မိသည်။ ကိုအောင်မြင့်မွှန်၏ စကားထဲတွင် နောက် အလေ့အကျင့်ရသွားရင်ဆိုသည့် စကားအဓိပ္ပာယ်သည် မည်မျှအထိ ကျယ်ပြန့်ပြီး မည်သို့သော ရည်ညွှန်းချက်တွေ ပါဝင်နေပေသနည်း။ ကိုအောင်မြင့်မွှန် တစ်ခုခု ရည်ရွယ်ပြီး ပြောခြင်းပေလား။

"သြော် ... ကျွန်တော် တံခါးလာခေါက်တာ မဆောင်းကို အနှောက်အယှက်ပေးသလို ဖြစ်သွားပြီ၊ ညီလေး အောင်တင့်မွှန်က ပြောလို့ပါ ဦးကြာဟုန်ဆီကို မဆောင်းသွားတွေ့ချင်ရင် ဆိုတာလေ အဲဒါ ညီလေး အောင်တင့်မွှန်က လိုက်ပို့ပေးဖို့ အဆင်သင့်ဖြစ်နေပြီတဲ့၊ အဲဒါ လာပြောတာပါ"

"ဟုတ်ကဲ့ ဆောင်း လာခဲ့ပါ့မယ်"

အောင်မြင့်မွှန် ပြန်ထွက်သွားသည်။ တံခါးကို အောင်မြင့်မွှန်ကပင် ပြန်ပိတ်သွားသည်။

ဆောင်းသည် အရေးကောင်း ဒိန်းခေါင်းဖျက်ဟု ရင်ထဲတွင် မကျေမလည် ဖြစ်သွားသည်။ နန်းကြာဖြူက ညီမလေး နှောင်း သေသွားရပုံနှင့် ဆွဲကြိုးကို ဘယ်သူယူသည်ဟု ဟန်ပြင်လေမှ ကိုအောင်မြင့်မွှန်သည် တိုက်တိုက်ဆိုင်ဆိုင် တံခါးလာခေါက်သည်။

ကိစ္စမရှိ၊



www.burmeseclassic.com

www.burmeseclassic.com



ယခု နန်းကြာဖြူကို ဆက်မေးမည်၊ နန်းကြာဖြူ ပြောပြသမျှ နားထောင်ပြီးမှ ဦးကြာဟုန်ဆီသို့ သွားမည်။

သင်္ချာတစ်ပုဒ်တွင် ကိန်းဂဏန်းလေးတွေကို ပေါင်းဟယ် နှုတ်ဟယ် မြှောက်ဟယ် စားဟယ် လုပ်ပြီးမှ ရလာဒ်အဖြေ ထွက်သည်။

“အလားတူပင် နှောင်းနှင့် ပတ်သက်ခဲ့သူမှန်သမျှ ဆောင်း လိုက်လံတွေ့ဆုံမေးမြန်းရမည်၊ သူတို့ပြောသော စကားများထဲမှ ကိုယ် တွေးဆထားသည့်အချက်နှင့် ဖော်ထုတ်မည်ဟု ဆောင်း ခံယူထားသည်။

“ဟောတော့”

နန်းကြာဖြူ မရှိတော့ပြီ။

တံခါးဝတွင် ကိုအောင်မြင့်မွန်နှင့်ဆောင်း စကားပြောနေစဉ် နန်းကြာဖြူသည် အိပ်ခန်းနှင့်ဆက်လျက်ရှိသော ရေချိုးခန်း ဘေးတံခါးမှထဲဝင်ပြီး ရေချိုးခန်း ဘေးတံခါးမှတစ်ဆင့် ထွက်သွားပုံရသည်။ ရေချိုးခန်းထဲသို့ဝင်ကြည့်ရာ ဆောင်း ထင်သည့်အတိုင်း ရေချိုးခန်းဘေးတံခါး ပွင့်နေသည်ကို တွေ့ရသည်။

ဆောင်းမှာ ဟင်းခနဲ သက်ပြင်းချရတော့သည်။

နန်းကြာဖြူသည် စည်ပင်အိမ်သို့ ဆောင်း ရောက်လာကတည်းက ဆောင်းအား တစ်ခုခုပြောချင်နေပုံရသည်မှန်း ဆောင်း အကဲခတ်ထားမိသည်။





သို့သော် ...

ဤရက်ပိုင်းအတွင်း နှောင်း၏ အသုဘကိစ္စတွေကြောင့် အိမ်တွင် လူမလစ် လူမပြတ်သောကြောင့် နန်းကြာဖြူနှင့်ဆောင်း နှစ်ဦးချင်း တွေ့ခွင့်မကြုံ ဖြစ်နေသည်။

ယနေ့ မွန်းလွဲပိုင်း နှောင်း၏ဆွဲကြိုးပျောက်မှ နန်းကြာဖြူသည် တစ်စုံတစ်ယောက်ကိုဖြစ်စေ တစ်ခုခုသောအကြောင်းကြောင့်ဖြစ်စေ ထိတ်လန့်ကြောက်ရွံ့နေသည်မှန်း ဆောင်း အကဲခတ်မိသည်။

နန်းကြာဖြူသည် နှောင်း သေဆုံးပုံကို ပြောပြမည့်အတွက် မည်သူ့ကို ကြောက်လန့်နေပေသနည်း။

ကိုအောင်မြင့်မွန်ကိုပေပဲလား။

တံခါးလာခေါက်သူမှာ ကိုအောင်မြင့်မွန်မှန်း တွေ့မြင်သည်နှင့် ဒရောသောပါး နန်းကြာဖြူ ထွက်ပြေးခြင်းပေလား။

ကိုအောင်မြင့်မွန်အပေါ်တွင် နှောင်း သေဆုံးရခြင်းနှင့်ပတ်သက်ပြီး ဆောင်း စိတ်ထဲတွင် သံသယ ဇဝေဇဝါ ထပ်ဖြစ်ရပြန်သည်။

ယခုမူ ကိုအောင်မြင့်မွန်အပေါ်တွင် သံသယတွေ လျော့နည်းလာရာမှ သံသယစိတ် ဖြစ်လာပြန်သည်။ သံသယစိတ် တစ်ဝက် သံသယစိတ် မရှိတစ်ဝက် အခြေအနေ ပြန်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းကြာဖြူ အထိတ်တလန့် ကြောက်ရွံ့နေသူမှာ ကိုအောင်မြင့်မွန်ပင် ဖြစ်နေလေသလား။

စည်ပင်ရှိ ရေအိုင်နှင့်ကန်ရေ ဟူသမျှတွင် ဤသို့သော မှော်ပင်မှော်ဖတ်တွေ ရှိနေကြောင်းကို ဦးစံလင်းက ဆောင်းအား လက်တွေ့ပြခဲ့သည်။

ဒါ့ဆို နှောင်း ဆွဲကြိုးလေးတွေ့ရှိရာ ရေအိုင်အသေးလေးထဲမှာပင် နှောင်း ရေနစ်ပြီး သေသွားခြင်းလား။

မဖြစ်နိုင်။ အုတ်ဂူနားက ရေအိုင်လေး၏ အတိမ်အနက်မှာ လူကြီးမပြောနှင့် ကလေးပင် ရေမနစ်နိုင်အောင် ရေတိမ်သည်။

တစ်ဖန် ထပ်၍ဆက်စပ်ကြည့်လျှင် နှောင်း၏ဆွဲကြိုးမှာ အလွန်လက်ရာကောင်းသော ပန်းတိမ်ဆရာ ပြုလုပ်ပေးထားသဖြင့် သာမန်အနေအထားအားဖြင့် ခလုတ်မပြုတ်နိုင်။

ယခုတွေ့သည်မှာလည်း ခလုတ်ပြုတ်ခြင်း မဟုတ်။ ဆက်ထားသောကွင်းမှ ပြတ်ထွက်ခြင်းဖြစ်သည်။

ဤသို့ဆိုပါက ဆက်၍ တွေးကြည့်လျှင် ဆောင်းသည် ရိုးရိုးရေနစ်သေခြင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်က တမင် ရေအိုင်လေးတွင် ဦးခေါင်းမျက်နှာ အကြာကြီးမြုပ်သေအောင် တမင်ရေနှစ်၍ သတ်ခြင်းပေလား၊ တစ်ဦးတစ်ယောက်က အနိုင်





အထက် ရေနစ်သတ်သည်ကို နှောင်းကရုန်းကန်ရင်း ဆွဲကြိုးပြတ်ပြီး ရေအိုင်ထဲ ကျသွားခြင်းပေလား။

ဒါဆို နှောင်း ရေနစ်သေခြင်းမဟုတ်။ ရေမွန်းပြီး သေရခြင်း ဖြစ်နိုင်သည်။

ရေနစ်သည်ဖြစ်စေ၊ ရေမွန်းသည်ဖြစ်စေ အဆုတ်ထဲသို့ အသက်ရှုလေပြွန်မှတစ်ဆင့် ရေများဝင်မည်သာ၊ ရေဝင်သည့်နှင့် မှော်ဖတ်များ ပါရှိမည်သာ။

ဘုရား ... ဘုရား ... ဘုရား။

ဆောင်းသည် ရင်ဘတ်ကို လက်ဝါးဖိပြီး ဘုရားတပေတော့သည်။

ဟုတ်သည် မှန်သည် မဟုတ်ဘူး မှားသည်ဆိုခြင်းကို ခဏဘေးဖယ်ထား။

နှောင်းထက် အင်အားကြီးသူတစ်ယောက်သည် သို့မဟုတ် နှစ်ယောက်သုံးယောက်က အုတ်ဂူနားက ရေအိုင်လေးထဲတွင် နှောင်းကို ရေနစ်ရေမွန်း သတ်ခြင်းပေလား၊ အင်အားခြင်းမမျှ၍ ဆွဲကြိုးပြတ်သည်အထိ နှောင်း ရုန်းကန်ခဲ့ခြင်းပေလား။

လူသတ်သမားတို့သည် နှောင်းကို ရေအိုင်လေးထဲ၌ နှစ်သတ်ပြီးမှ ယုတ္တိရှိအောင် အလောင်းကိုသယ်သွားပြီး မဟာကန်တွင် ပစ်ချလိုက်ခြင်းပေလား။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် သိပ်ကိုဖြစ်နိုင်သည်။ ရေအိုင်လေးထဲ ဆွဲကြိုးလေးသည် ဆောင်း ကောက်ရပြီးနောက် လူသတ်မှုတွင် အဓိက သက်သေဖြစ်နိုင်နေသောကြောင့် လူသတ်သမားက နှောင်း၏ဆွဲကြိုးကို ပြန်လည်ခိုးယူခြင်းမျိုး ဖြစ်နိုင်သည်။

နန်းကြာဖြူ ဆွဲကြိုးလေး ခိုးသည်ဟုသောထင်ချက်ကို ဆောင်း ဦးနှောက်ထဲမှ လုံးဝထုတ်ပစ်လိုက်သည်။ နန်းကြာဖြူသည် နှောင်းထက် ခွန်အားပိုနည်းသူဖြစ်သည်။ နန်းကြာဖြူသည် နှောင်းအား ရေနစ်သတ်နိုင်လောက်သော ခွန်အားမရှိ။ တကယ့်လူသတ်သမားသည် သို့မဟုတ် လူသတ်သမားများသည် နှောင်းကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်နိုင်သောသူ သို့မဟုတ် သူတွေဖြစ်ရမည်။

ပထမ ကိုစိုင်းခက်။

ဒုတိယ ကိုအောင်မြင့်မွန်နှင့် ကိုအောင်တင့်မွန် ညီအစ်ကိုဖြစ်သည်။

သူတို့သုံးဦးအနက် တစ်ဦးသည်လည်းကောင်း သို့မဟုတ် နှစ်ဦးသည်လည်းကောင်း နှောင်းကို ရေနစ်သတ်သူ ဖြစ်နိုင်သည်။

တစ်ဦးသည်ဆိုခြင်းမှာ ကိုစိုင်းခက်ဖြစ်နိုင်ပြီး နှစ်ဦးသည်ဆိုခြင်းမှာ ကိုအောင်မြင့်မွန်နှင့် အောင်တင့်မွန် ညီအစ်ကိုကို ရည်ညွှန်းသည်။ သူတို့သုံးဦးထဲမှ တစ်ဦးဦးသာလျှင် ဆောင်း





အိပ်ပျော်နေစဉ် စားပွဲပေါ်မှ နှောင်း၏ဆွဲကြိုးကို လာရောက်ခိုးယူသွားသူ ဖြစ်ရမည်။

ကိုစိုင်းခက်ကို နှောင်း မျက်စိထဲ အလိုလိုမြင်ယောင်လာသည်။ ဤဆွဲကြိုး ဆောင်း ကောက်ရသည်ကို တွေ့သည်နှင့် စကားပြောရာတွင် ဆွဲကြိုးကို သူ ယူပြီး တန်ဖိုးငွေတစ်ဝက် ပြန်အမ်းမည်ဟုပင် ဆိုသေးသည်။

နောက်တစ်ခု ထပ်စဉ်းစားမိသည်မှာ နှောင်းကို ရေနစ်သတ်သူ သူတို့ဟုဆိုရာတွင် ကိုဒီပ ကိုဝဏ္ဏ နှစ်ယောက်ရော ဖြစ်နိုင်ပေဘူးလား။ နှောင်းနှင့်သူတို့သည် နှောင်း အသက်ရှိစဉ်က အနေအထိုင် မရှင်းမရှင်းသူတွေ ဖြစ်ခဲ့သည်။ အကြောင်းတစ်ခုခုကြောင့် နှောင်းကို နှုတ်ပိတ်လို၍ အပြီးတိုင် အဆုံးစီရင်လိုက်ခြင်းပေလား။

ခက်ပါ့။

တွေးလေဖြစ်နိုင်သူတွေနှင့် ဖြစ်နိုင်စရာကွင်းဆက်တွေ ထွက်လာလေဖြစ်ပြီး အတွေးရှုပ်သည်ထက် ပိုရှုပ်လာစေသည်။

လောလောဆယ် ဦးနှောက်စားလှသော ဤအတွေးတွေ ကွင်းဆက်တွေကို ဆောင်း ခေါင်းထဲမှ မောင်းထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စတွင် မဟာကန်၌ နှောင်း၏အလောင်းကို တွေ့မြင်ဆယ်ယူခဲ့သော ဦးကြာဟုန်နှင့်ဆောင်းကိုယ်တိုင် တွေ့ဆုံစကားပြောရလျှင် လိုအပ်သော အချက်အလက်တွေ ရနိုင်မည်။ ဦးကြာဟုန်နှင့် တွေ့ဆုံစကားပြော မေးမြန်းပြီးမှ မည်သူဖြစ်နိုင်သည်ကို ဆုံးဖြတ်တော့မည်။ ဆောင်း သတ်မှတ်လိုက်တော့သည်။

✱ ✽ ✱





၁၁

အပြင်ဘက်တွင် အောင်တင့်မွန် စောင့်နေသည်ကို အသင့်တွေ့ရပါ၏။

ဆောင်းက ကောင်းကင်ကို မော့ကြည့်သည်။ ပတ်ဝန်းကျင်ကို ဝေ့စိုက်ကြည့်သည်။

နေဝင်သေးသည်တော့ မဟုတ်။ သို့သော် ညနေဆည်းဆာချိန် ရောက်နေပြီ။

"ဦးကြာဟုန် အိမ်က အဝေးကြီးလား အောင်တင့်မွန်"

"ရွာပြင်မှာတော့ မဟုတ်ဘူး မဆောင်း၊ ရွာအနောက်ပိုင်း အစွန်တော့ကျတယ်၊ မိုင်ဝက်လောက် ရှိမလားပဲ၊ မမဆောင်း လမ်းမလျှောက်ချင်ရင် မော်တော်ဆိုင်ကယ်နဲ့ သွားမလား၊ ကိုကြီးဆိုင်ကယ်မှာ သောတွဲတတ်ထားပြီးသားပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသည် အောင်တင့်မွန်နှင့် နှစ်ယောက်တည်း မော်တော်ဆိုင်ကယ်နှင့် သွားသင့်မသွားသင့် စဉ်းစားသည်။

နှစ်ယောက်တည်း ဆိုင်ကယ်နှင့်မသွားရန် ဆုံးဖြတ်လိုက်သည်။ မိမိအနေနှင့် ညီမလေးနှောင်း ကိစ္စအတွက် စွန့်စားသင့်က စွန့်စားရမည်တော့ မှန်သည်။ စောစောကပင် ကိုအောင်မြင့်မွန်နှင့်အတူ နှစ်ယောက်တည်း မော်တော်ဆိုင်ကယ်အားတွဲဖြင့် လိုက်ပါသွားသေးသည်။ ကိုအောင်မြင့်မွန်သာ စိတ်ထားဆိုးသူ လူညစ်ဖြစ်လျှင် အသွားအပြန်လမ်းမှာပင် ဆိုးညစ်သော အပြုအမူတွေ ပြုနိုင်သည်။

တကယ်တော့ ကိုအောင်မြင့်မွန်သည် အကြောင်းအားလျော်စွာ နှောင်းနှင့်လက်ထပ်ဖြစ်သွားခဲ့သော်လည်း ပထမဆုံး ဆရာမကြီး ဒေါ်ချိုချို ဘုရားကိုးဆူပွဲတွင် ဆောင်းနှင့်စတင်တွေ့ဆုံပြီး နှစ်ယောက်စလုံး တစ်ယောက်အပေါ်တစ်ယောက် စိတ်ကစားခဲ့သူများ ဖြစ်ခဲ့သည်။

ကိုအောင်မြင့်မွန်သည် လူရည်မွန်ဖြစ်သည်။ သိက္ခာစောင့်စည်းသူဖြစ်သည်။ သူ၏ညီ အောင်တင့်မွန်လည်း လူရည်မွန်တစ်ဦးမို့ သူ့အစ်ကိုလိုပင် စောင့်စည်းသူဖြစ်မည်ဟု ဆောင်းကိန်းသေမတွက်ရဲ။ အောင်တင့်မွန် အသက်ငယ်သေးသည်။ ဆန္ဒနောက်သို့ အလွယ်တကူ လိုက်ပါသော အရွယ်မျိုးဖြစ်နေသည်။





"ခြေလျင်ပဲ သွားကြစို့ကွာ၊ မမဆောင်းလည်း ညောင်းနေလို့ လမ်းလျှောက်ချင်နေတာ"

နှစ်ဦးသား ထွက်လာခဲ့ကြသည်။

စည်ပင်သည် ကုန်းမြင့်မြေပြန့်ကို အရယူတည်ဆောက်ထားသည်မို့ ရွာဝိုင်းကြီးဖြစ်နေသည်။ ရွာ၏အနောက်ပိုင်းရောက်လေ ကုန်းမြင့်သည် နိမ့်ဆင်းလျှော့ရှိနေသည်။ အိမ်ခြေလည်း ကျဲလာသည်။ သစ်ပင်ကြီးတွေ ဝေသီခေါင်မြင့် ပေါက်နေကြသည်။

"ဟို ... အနိမ့်ပိုင်းလေးက လှမ်းမြင်ရတဲ့တဲဟာ ဦးကြာဟုန်ရဲ့တဲပဲ၊ တဲလေးထဲအထိ ကျွန်တော် မလိုက်တော့ဘူး၊ ကျွန်တော် ပါလာရင် မမဆောင်း ဦးကြာဟုန်ကို မေးချင်တာမေးဖို့ ခက်နေမယ်၊ ဦးကြာဟုန်ကလည်း ကျွန်တော် ရှိနေလို့ အပြောရ အဖြေရခက်တာတွေ ဖြစ်ချင်ဖြစ်မှာ၊ ကျွန်တော် ဟောဒီ သစ်မြစ်ဆုံကြီးမှာပဲ ထိုင်စောင့်နေမယ်"

ဆောင်း လက်ခံသည်။ အောင်တင့်မွန်သည် ကိုအောင်မြင့်မွန်၏ ညီအရင်းဖြစ်ပြီး မိမိနှင့်မရိုးမတ် တော်စပ်နေသည်ကြောင့် ဦးကြာဟုန်သည် စကားအကုန်မပြောဘဲ နေချင်နေမည်။ အောင်တင့်မွန်ကို သစ်မြစ်ဆုံ နေရာမှာပင်ထားခဲ့ကာ ဆောင်းတစ်ယောက်တည်း ဦးကြာဟုန်၏တဲဆီသို့ ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြာဟုန်၏တဲတွင် ကာရံထားသော ခြံစည်းရိုးမရှိ၊ ခြံတံခါးမရှိ၊ တဲတံခါးလည်း ပွင့်နေသည်။

"ဦးကြာဟုန် ... ဦးကြာဟုန်"

ဆောင်း တဲတံခါးဝမှ ခေါ်ကြည့်သည်။ တဲထဲမှ တုတ်တုတ်လှုပ်သံပင် မကြားရ။

ဆောင်း တဲထဲသို့ ဝင်လိုက်သည်။ အိမ်ရှေ့ပိုင်းတွင် မည်သူတစ်ဦးကိုမျှ မတွေ့။

ဆောင်းသည် ကာရံထားသော အခန်းဆီသို့ လျှောက်သွားသည်။

"ဟင် ... အနီတွေ"

အထဲတွင် အိပ်ယာတစ်ခု တွေ့သည်။ ခေါင်းအုံးတစ်လုံး ဖျာတစ်ချပ်နှင့် ဂွမ်းကပ်စောင်တစ်ထည်ဖြစ်သည်။ စစ်ဗိုမ်းရောင် စစ်ခြင်ထောင်ဟောင်းတစ်လုံးကို လေးဖက်လေးတန်ကြိုး ချည်ထောင်ထားပြီး ခြင်ထောင်ကို မတင်ထားသည်။

ဖျာတွင်ရော ခေါင်းအုံးတွင်ရော အနီရောင်တွေ ပေကျံနေသည်။

ဆောင်း ချာခနဲပြန်လှည့်ကာ တံခါးပေါက်မှ အပြင်သို့ ပြေးထွက်လာသည်။ အောင်တင့်မွန်ရှိရာသို့ ပြေးသွားသည်။

"ဟင် ... မြန်လှချည်လား မမဆောင်း၊ ဦးကြာဟုန်နဲ့ စကားမပြောခဲ့ဘူးလားဟင်"





"ဟင့်အင်း ... ဟင့်အင်း ဦးကြာဟုန် မရှိဘူး၊ ဘယ်သူမှ လည်း မရှိဘူး"

အောင်တင့်မွန်က မျက်ခုံးနှစ်ဖက်ပင့်ပြီး အံ့ဩသွားသည်။

"ဟုတ်ရဲ့လား မမဆောင်း၊ ဦးကြာဟုန် တဲပြင်မှာမရှိရင် တဲအတွင်းက သူ့အိပ်ခန်းမှာ ရှိမှာပါ၊ အိပ်ပျော်နေသလားမှ မသိတာ"

"မရှိပါဘူးဆို၊ သူ့အိပ်ခန်းထဲမှာ ခေါင်းအုံးနဲ့ဖျာမှာ အနီရောင်တွေ ပေနေတာကိုပဲ တွေ့ရတယ်၊ အဲဒီအနီတွေတွေ့ပြီး မမဆောင်း ကြောက်လို့ ပြန်ပြေးထွက်လာတာ၊ သွေးတွေလို့ ထင်တာပဲ"

ထိုစဉ်မှာပင် လူကို မမြင်ရဘဲ အခြားအသံတစ်ခု ထွက်လာသည်။

"ဖြစ်နိုင်တယ် အောင်တင့်မွန်၊ ဦးကြာဟုန်ဟာ သူ့တဲခန်းထဲမှာ မရှိတော့ဘူး၊ ဘာလို့လဲဆိုတော့ ဦးကြာဟုန် တောင်ကြီးက ပြည်သူ့ဆေးရုံကို ရောက်သွားလို့"

ထိုစကားသံ ထွက်လာရာသို့ ဆောင်းရော အောင်တင့်မွန်ရော လှမ်းကြည့်လိုက်ကြသည်။

ပင်စည်အကွယ်မှ ရှေ့ဆုံးမှ ထွက်လာသူသည် ကိုစိုင်းခက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုထွက်လာသော ကိုစိုင်းခက်၏ ပုံသဏ္ဌာန်မှာ ယခင်တွေ့နေကျ ပုံသဏ္ဌာန် မဟုတ်ပါလေတော့။

အမေရိကန် ကာကီအင်္ကျီလက်ရှည်ကို စနစ်တကျ လက်ခေါက်ပြီး ဝတ်ထားသည်။ ဘောင်းဘီကလည်း အင်္ကျီရောင်နှင့်အတူ ကာကီဘောင်းဘီဖြစ်သည်။

ခါးတွင် ရဲအရာရှိ ခါးပတ်နှင့် ခြောက်လုံးပြူး သေနတ်ချိတ်ထားသည်။ အင်္ကျီပခုံးတွင် ငွေကြယ်တစ်ပွင့် တပ်ထားသည်။

ကိုစိုင်းခက်နောက်တွင် လက်မောင်းတွင် အပြာရစ် သုံးရစ် ယူနီဖောင်းနှင့် ရဲကြပ်ကြီးနှင့် သေနတ်ကိုင်ရဲသားနှစ်ယောက် ပါလာသေးသည်။

ရဲကြပ်ကြီးနှင့် ရဲသားနှစ်ဦးက ထွက်လာသည်နှင့် အောင်တင့်မွန်အား လက်ထိပ်ခတ်လိုက်သည်။

"ခင်ဗျား ... ခင်ဗျား ကိုစိုင်းခက် အဲဒါဘာလုပ်တာလဲဗျ"

"ကျွန်တော့်ကို ဘာလို့လက်ထိပ်ခတ်တာလဲ"

ကိုစိုင်းခက်သည် တည်ကြည်ခန့်ညား အသွင်နှင့်ပင် လှုပ်ရှားရုန်းကန်နေသော အောင်တင့်မွန်ရှေ့တွင် မားမားကြီးရပ်လိုက်သည်။

"မင်းကို ငါ ဖမ်းတယ် အောင်တင့်မွန်၊ မင်း တံငါသည် ဦးကြာဟုန်ကို ဓားနဲ့ထိုးသတ်တဲ့အမှုနဲ့ ငါ ဖမ်းတာ"





"ဘာဗျ"

"ဟောဒီ မဆောင်းဆိုတဲ့ အမျိုးသမီးက သူ့ညီမနောင်း သေဆုံးတဲ့ကိစ္စနဲ့ပတ်သက်ပြီး အလောင်းဆယ်ခဲ့တဲ့ တံငါ သည်ဦးကြာဟုန်ကို တွေ့ချင်တယ်လို့ နေ့ခင်းတုန်းက မင်းတို့အိမ်မှာ ပြောခဲ့တာ ငါ နားနဲ့ဆတ်ဆတ် ကြားခဲ့တယ်၊ အဲဒီတော့ အောင်မြင့်မွန်က ခြံထဲက ဆွမ်းကျွေး လူ့ဇိတ် ထမင်းဝိုင်းတွေမှာ ဦးကြာဟုန် ရှိသေးသလား သွားကြည့် စမ်းလို့ မင်းကို ခိုင်းတယ်၊ မင်းက ချက်ချင်း အောင်မြင့်မွန် ကို ပြန်ပြောလိုက်တယ်၊ ဦးကြာဟုန် ပြန်သွားတာ နာရီ ဝက်လောက် ရှိပြီလို့လေ၊ စားပိုးနင့်အောင်စားဝလို့ ဦးကြာ ဟုန် ပြန်အိပ်နေရောပေါ့လို့တောင် မင်းက ရယ်မောပြီး ပြန်ပြောတယ်၊ အဲဒီ မင်း ပြောတဲ့အချိန်မှာ ဦးကြာဟုန်က ထမင်းဝိုင်းမှာ ထမင်းစားနေဆဲ ရှိနေတာကို ငါ တွေ့တယ် အောင်တင့်မွန်"

အောင်တင့်မွန် မျက်နှာပျက်သွားသည်။ ထန်မာသော မျက်နှာ မဟုတ်ပါလေတော့။ အားငယ်သော အမူအရာ ချက်ချင်း မျက်နှာတွင် ပေါ်ထွက်လာသည်။

ဆောင်းက ကိုစိုင်းခက် ပြောသည့်စကားကို နားထောင်ရင်း ဘာဆက်ပြောဦးမည်ကို နားစွင့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ကိုအောင်မြင့်မွန်ကတော့ လူမှန် လူဖြောင့် လူရိုးပဲ၊ နောက်ပြီး နောင်း အုတ်ဂူဆီက မဆောင်းနဲ့အတူ ပြန်လာတာ အလွန်နောက်ကျနေတာပဲ၊ ဒီတော့ မင်း ပြောတာကို သူ ယုံတယ်လေ၊ ဒါတောင် ကိုအောင်မြင့်မွန် က ..."

မင်း မမဆောင်း ဦးကြာဟုန်ကို တွေ့ချင်နေတယ် စကားပြောချင်နေတယ်၊ ဦးကြာဟုန်နဲ့မဆောင်း တွေ့ဖို့ စကားပြော မင်း စီစဉ်ပေးလို့ မင်းကိုပြောတယ် မဟုတ်လား အောင်တင့်မွန်"

အောင်တင့်မွန် အဖြေမပြုတော့ပေ။ ခေါင်းငိုက်စိုက် ချထားလိုက်သည်။

ဆောင်းကပင် ဝင်ဖြေလိုက်ပါ၏။

"ဟုတ်တယ် ကိုစိုင်းခက်၊ ကိုအောင်မြင့်မွန်က သူ့ကို အဲဒီအတိုင်းပြောခဲ့တာ ဆောင်းလည်း ကြားသားပဲ"

"ဟုတ်တယ် မဆောင်း၊ အဲဒီအချက်ကပဲ အောင်တင့်မွန် ကို ကျွန်တော် မသင်္ကာ ဖြစ်လာတာပဲ"

"မဆောင်းနဲ့ ကိုအောင်မြင့်မွန် မော်တော်ဆိုင်ကယ်နဲ့ ထွက်သွားတာနဲ့ ကျွန်တော် အောင်တင့်မွန်ကို တိတ်တိတ် စောင့်ကြည့်တယ်"





"အောင်တင့်မွန်ဟာ ဦးကြာဟုန်ရဲ့တဲကို သွားတော့တာ ပဲ၊ ကျွန်တော့်အတွက် မှားသွားတယ် မဆောင်း၊ အောင် တင့်မွန်လို လူချမ်းသာ လူရည်မွန် ပညာတတ်တစ်ယောက် ဟာ ဦးကြာဟုန်လို အနိမ့်ဆုံး တံငါအဘိုးကြီးကို သတ် စရာအကြောင်း ဘယ်လိုမှရှိမှာ မဟုတ်ဘူးလို့ ကျွန်တော် တွက်လိုက်မိတယ်၊ ကျွန်တော့်စိတ်ကူးက ဦးကြာဟုန်နဲ့ အောင်တင့်မွန် စကားပြောဆိုပြီးမှ ဦးကြာဟုန်ကို ကျွန်တော် ထပ်တွေ့ပြီး အောင်တင့်မွန် ဘာတွေပြောသလဲဆိုတာ မေးမယ်လို့ စိတ်ကူးနဲ့ ပုန်းပြီး စောင့်ကြည့်ရုံပဲ စောင့်ကြည့် နေလိုက်မိတယ်၊ တဲထဲက ဦးကြာဟုန်ရဲ့ အာခေါင်သံကြီးနဲ့ အော်သံကြားမှ တစ်ခုခုတော့ ဖြစ်ပြီဆိုပြီး ကျွန်တော် တဲဆီကို ပြေးသွားတယ်၊ ဒါပေမဲ့ အောင်တင့်မွန်ကို မမိ လိုက်ဘူး၊ သူက အရင်ထွက်ပြေး သွားနိုင်ခဲ့တယ်၊ ပြီး လောလောဆယ် ဓားထိုးခံထားရတဲ့ ဦးကြာဟုန်ကို တောင် ကြီးဆေးရုံ အမြန်ပို့နိုင်ဖို့ ကျွန်တော် စီစဉ်ရတယ်၊ ချက်ချင်း အောင်တင့်မွန်နောက်ကို ကျွန်တော် မလိုက်နိုင် ဘူး"

ကိုစိုင်းခက် အောင်တင့်မွန်ဆီသို့ အနီးကပ်လာသည်။

"မဆောင်းကိုပဲ သက်သေထားပြီး ဒီကောင်အောင်တင့်မွန် ကို ကျွန်တော် တာဝန်အရ ရှာဖွေမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုစိုင်းခက် ခင်ဗျား ကျုပ်ကို လက်ထိပ်ခတ်တယ်၊ အခု ကျွန်တော့်ကိုယ်မှာ ရှာဖွေမယ်လို့ပြောပါတယ်၊ ခင်ဗျားရဲ့ ယူနီဖောင်းဝတ်ထားတိုင်း ခင်ဗျားတို့ ရဲအရာရှိလို့ ကျုပ် ယုံရမှာလား၊ တကယ်လို့ ကျွန်တော့်ကို ဖမ်းတယ်ဆိုတောင် အရပ်လူကြီးတွေ ဘာတွေရှေ့မှာ ဖမ်းရမယ်"

"ဟဲ ... ဟဲ မင်း နသေးတယ် အောင်တင့်မွန်၊ လူသတ်တရားခံတစ်ယောက်ကို ဖမ်းတဲ့နေရာမှာ ဘယ်မှာလာပြီး အရပ်လူကြီးတွေခေါ်ဖို့ အချိန်ရမှာလဲ"

"ဘာဗျ ... ကျွန်တော် လူသတ်တရားခံ ဟုတ်လား"

"အဲဒီလိုဖြစ်သွားပြီး အောင်တင့်မွန် ဦးကြာဟုန်ကို ငါ တောင်ကြီးဆေးရုံ အမြန်ပို့ပေးတယ်၊ ဦးကြာဟုန်ဟာ တောင်ကြီးဆေးရုံလည်းရောက်ရော အသက်လည်းပျောက်သွားတယ်၊ ဦးကြာဟုန် မသေရင်တော့ မင်း အမှုဟာ လူသတ်တရားခံ မဟုတ်ဘူးပေါ့ ကွာ၊ ခုတော့ ဦးကြာဟုန် သေသွားတာ မင်းမွှားနဲ့ထိုးလို့ သေသွားတာဆိုတော့ မင်းဟာ လူသတ်တရားခံ ဖြစ်သွားပြီပေါ့ အောင်တင့်မွန်၊ အေး ငါဟာ ရဲအရာရှိအစစ် ဟုတ်မဟုတ် ဟောဒီငါ့ရဲ့ အိုင်ဒင်တီတီကတ်ပြားကို မင်း ကြည့်လေ"

ကိုစိုင်းခက်က သူ့အိတ်ထဲမှ ကတ်ပြားကိုထုတ်ယူပြီး အောင်တင့်မွန် မျက်စိရှေ့တွင် ထောင်ပြလိုက်သည်။





ကတ်ပြားတွင် ရဲအရာရှိဝတ်စုံ ယူနီဖောင်းဝတ် ကိုစိုင်းခက် ဓာတ်ပုံလည်း ပါရှိသည်။ ကိုစိုင်းခက်၏ အမည်၊ ရာထူး စသည့်စာတွေလည်း ပါရှိသည်။

"တကယ်တော့ ငါ စည်ပင်ကို ရောက်လာတာဟာ ဒုံရဲ အုပ် စုံထောက်အနေနဲ့ ဒီပနဲ့ဝဏ္ဏတို့ကို စုံစမ်းဖို့ ရောက်လာတာပါ၊ အဲဒီ နှစ်ကောင်က ရဲမှတ်တမ်းစာရင်းဝင် လူဆိုးနှစ်ယောက်လေ၊ ရှောင်ပြေး တိမ်းပြေးနဲ့ ဖမ်းလို့မမိဘူး၊ ဒါကြောင့် အဲဒီနှစ်ကောင်ကို သက်သေ အထင်အရှားနဲ့ စုံစမ်းဖမ်းဆီးဖို့ ငါ့ကို အထက်က အထူးတာဝန်နဲ့ လွှတ်လိုက်တာ၊ ဒီပနဲ့ဝဏ္ဏ နှစ်ကောင်စလုံး ငါ တောင်ကြီး အချုပ်ထဲ ပို့လိုက်ပြီးပြီလေ၊ အေး ... ဘုတ်ထောင်တာ ကြောင်ကိုပါ မိတာကတော့ မင်းပဲ အောင်တင့်မွန်၊ ဝဏ္ဏ နဲ့ဒီပက မန္တလေးက ရွှေပန်းတိမ်အိမ် ဝင်ဓားပြတိုက် လုယက်ရင်း အိမ်ရှင်ကို သတ်ပစ်မှုနဲ့ ရာဇဝင်လူဆိုး နှစ်ယောက်လေ၊ ဒီကောင်နှစ်ကောင် စည်ပင်ဘက်မှာ လာခိုနေတယ် သတင်းကြားတာနဲ့ ငါ လိုက်လာတာပဲ၊ ငါကိုယ်တိုင် သူတို့နဲ့ ဝင်ရောပြီး သူတို့လို လူစားအဖြစ် အယုံသွင်းပြီး ပေါင်းရသေးတယ်"

"ဦးကြာဟုန်ကို ကျွန်တော် သတ်တယ်လို့ ခင်ဗျား ဘာကြောင့် စွပ်စွဲနိုင်ရတာလဲ၊ ခင်ဗျားကိုယ်တိုင် ဦးကြာဟုန်



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် သတ်တာမြင်လို့လား၊ ဒါမှမဟုတ် တခြား ချက်မြင်သက်သေ ရှိလို့လား ကိုစိုင်းခက်"

"အေး ... အဲဒါတွေ မင်း မေးချင်တယ်၊ စာအုက တက်ချင်တယ်ဆိုရင် တရားရုံးတော်ကျတော့ မေးပေါ့၊ စာဒကတက်ပေါ့၊ ရှေ့နေကောင်းကောင်း ငှားပေါ့၊ အခု တော့ မင်းကို ငါ ဖမ်းတယ်၊ ဦးကြာဟုန်ကို သတ်မှုနဲ့ ငါ ဖမ်းတာ"

"ကျွန်တော်က ဘာလို့ ဦးကြာဟုန်ကိုသတ်မှာလဲ၊ ဦးကြာ ဟုန်နဲ့ ကျွန်တော့်ကြားမှာ သူ့ကို သတ်စရာအကြောင်း ဘာမှမရှိဘူး"

ကိုစိုင်းခက်က ပခုံးတွန့်ပြသည်။

အမှန်တော့ ဦးကြာဟုန် တောင်ကြီးဆေးရုံ ရောက် ရောက်ချင်း သေသွားသည်ဟု သိလိုက်သည်နှင့် ဦးကြာဟုန် ရဲစစ်ချက်မပေးနိုင်၊ ထွက်ဆိုချက်မပေးနိုင်ဟု ယူဆပြီး အောင်တင့် မွန် စာဒကတက်လိုက်ခြင်း ဖြစ်ပါ၏။

ဆောင်းသည် အခြေအနေအရပ်ရပ် အားလုံးပေါ် မူတည်ပြီး တစ်ခဏအတွင်း ဦးနှောက်ကိုမွှေ၍ စဉ်းစားလိုက်သည်။

ဦးကြာဟုန်အား မတွေ့သဖြင့် ပြန်အလာတွင် အောင်တင့်မွန်က ဦးကြာဟုန်ကို မတွေ့ခဲ့သည်ဆိုခြင်းမှာ ဟုတ်ပါ့ မလား၊ ဦးကြာဟုန် သူ့အခန်းထဲမှာ ရှိနေမှာပါဟု ပြောကြား





ခြင်းသည် အောင်တင့်မွန် ကိုယ်တိုင် ဦးကြာဟုန်အား ဓားနှင့် ထိုးသတ်ထားခဲ့ပြီး ဦးကြာဟုန်၏ အလောင်း တဲထဲမှာပင် ရှိနေ ရမည်။ ဦးကြာဟုန် မရှိဆိုခြင်းမှာ မဖြစ်နိုင်ဟုဆိုခဲ့မှန်း ယခုမှ ဆောင်း တွေးမိတော့သည်။

ဟုတ်လောက်ပေပြီ။

ဦးကြာဟုန်အား ဆောင်းက သွားရောက်တွေ့ဆုံဖို့ ကိစ္စကို အောင်တင့်မွန်က အချိန်ဆွဲပြီး နက်ဖြန်မှ စီစဉ်ပေးမည်ဟု ပြောခဲ့ခြင်းမှာ ဆောင်း ဦးကြာဟုန်အား မတွေ့သေးမီ အောင်တင့် မွန်က ဦးကြာဟုန်အား အလျင်ဦးစွာ နှုတ်ပိတ်လို၍ ဖြစ်ရမည်။

သေသူသည် စကားမပြောနိုင်တော့။

သို့သော် နန်းကြာဖြူသည် စကားပြောနိုင်သည်။ နန်းကြာဖြူ ရှိသေးသည်။

ဆောင်း၏ ဦးနှောက်ထဲတွင် အတွေးတစ်ခု ထပ်ဝင် ပြန်သည်။ နှောင်း၏ ဆွဲကြိုးလေးကို ခိုးယူသူသည် နှောင်းကို ရေအိုင်ထဲတွင် ရေနှစ်သတ်သူ ဖြစ်ရမည်ဟု ဆောင်း တွက်ထားပြီး ဖြစ်သည်။

ယခု စုံထောက် ကိုစိုင်းခက်က အောင်တင့်မွန် ကိုယ်တွင် ရှာဖွေတော့မည်။

အကယ်၍ အောင်တင့်မွန်ထံ၌ နှောင်း၏ ဆွဲကြိုးလေး ပြန်တွေ့သည်ရှိသော် ကွင်းဆက်အားလုံး ဆက်မိပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်းခက် အောင်တင့်မွန်ကို ရှာကြည့်ပေးပါ၊ တကယ်လို့ နှောင်းရဲ့ ဆွဲကြိုးလေး သူ့ဆီမှာ တွေ့ရရင် ဦးကြာဟုန်ထို သတ်မှုရော၊ နှောင်း အသတ်ခံ ရတာကိုရော ဆောင်း ဆက်စပ်ပြီး ပြောနိုင်မှာပါ"

"ဗျာ ... နှောင်းရဲ့ ဓါးကွက်ဆွဲကြိုးလေး ဟုတ်လား၊ အဲဒါ လေးက မဆောင်းပဲ ကောက်ရလို့ ယူထားတယ် မဟုတ်လား၊ အုတ်ဂူနားက ရေအိုင်လေးထဲက ကောက်ရတယ် လေး ကျွန်တော်ကတောင် တမင် ဟန်ဆောင်ပြီး ဆေ တောင်းဟန် ဆောင်ခဲ့သေးတာပဲ"

"ဟုတ်တယ် အဲဒီ နှောင်းရဲ့ ဆွဲကြိုးလေး နှောင်း ခဏ အိပ်ပျော်သွားတုန်း အခိုးခံလိုက်ရလို့"

ဆောင်းက နှောင်း၏ ဆွဲကြိုးလေး အခိုးခံရပြီး ပျောက်ဆုံးသွားပုံကို ကိုစိုင်းခက်အား ပြန်ပြောပြလိုက်သည်။

ကိုစိုင်းခက် ကိုယ်တိုင် အောင်တင့်မွန်၏ ဝတ်ထားသော အင်္ကျီ၊ ဘောင်းဘီအိတ်တို့တွင် ရှာဖွေတော့သည်။

"ဟောဒါလေးလား မဆောင်း"

"အယ် ... ဟုတ်တာပေါ့၊ ဟုတ်တာမှ သိပ်ကိုဟုတ်တာပါ ကိုစိုင်းခက်"

အောင်တင့်မွန်၏ အိတ်များထဲမှ ငွေစက္ကူတချို့၊ ဒူးယား စီးကရက်ဘူး၊ ဂက်စ်မီးခြစ်၊ သော့တွဲ၊ လက်ကိုင်ပဝါများ



ကိုပါ တွေ့ရှိသည့်ကြားက ပျောက်ဆုံးသွားသော နှောင်း၏ ဆွဲကြိုးကိုတွေ့ရခြင်း ဖြစ်လေတော့သည်။

ဆောင်းသည် အောင်တင့်မွန် ရှေ့တွင် ရပ်လိုက်သည်။

"အော ... နှောင်းကို ချယ်ရီသုံးပင်နားက ခြံထဲက ရေအိုင်မှာ နှစ်သတ်ခဲ့တာ မင်းကိုး"

"ဘာတွေပြောနေတာလဲ မမဆောင်း"

"ငါ့ကို အခုအချိန်ထိ အကြောင်းရိုက် စကားတွေ ပြောနေသေးလား အောင်တင့်မွန်၊ ဒါဆို ဟောဒီ အထူးရဲစုံထောက် ကိုစိုင်းခက်ကို နန်းကြာဖြူနဲ့ တွေ့ပေးလိုက်မယ်၊ နန်းကြာဖြူက ဖော်ပြောပြီးတဲ့အထိ မင်း ငြင်းနိုင်ရင် ငြင်းပေါ့ကွာ"

အောင်တင့်မွန် ဘာမှပြန်မပြောနိုင်တော့၊ လက်ထိတ်တန်းလန်းနှင့် ရဲကြပ်ကြီး၊ ရဲသားနှင့် ဒုရဲအုပ် ခေါ်ရာသို့၊ တောင်ကြီး ရဲစခန်းသို့ လိုက်ပါသွားရပေတော့သည်။

* ❀ *

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

အထက်တန်းပြ ကျောင်းဆရာမလေး ဆောင်း၏ တွက်ချက်ပြချက်တွေသည် ပုစ္ဆာ၏ အဖြေမှန်အားလုံးကို ပေါ်စေ တော့သည်။

နှောင်းကို အောင်တင့်မွန်သည် ချယ်ရီသုံးပင် ရေအိုင်လေးထဲသို့ ဆွဲချကာ ရေနစ်သတ်လိုက်သည်။

နှောင်း၏ အလောင်းကို မဟာကန်သို့ သယ်ဆောင်ယူသွားသည်။ မဟာကန် ရေလယ်တွင် လှေတစ်စင်းကို မှောက်ထားစေပြီး နှောင်း၏ အလောင်းကို ရေထဲပစ်ချလိုက်သည်။

ယင်းကဲ့သို့ မဟာကန်တွင် လှေမှောက်ထားပြီး နှောင်း၏ အလောင်းပစ်ချသည်ကို ညဘက် ငါးဖမ်းတံငါ ဦးကြာဟုန်က တစေ့တစောင်း လှမ်းမြင်သည်။





ဦးကြာဟုန်သည် အောင်မြင့်မွန်ကို စည်ပင်ကလူတွေအတိုင်း ကြည်ညိုလေးစား ခင်မင်သည်။ ဦးကြာဟုန် အောင်မြင့်မွန်၏ ဇနီး နှောင်းကိုလည်း မြင်ဖူးသိဖူးထားသည်။ ထို့ကြောင့် အောင်တင့်မွန် ပြန်သွားသည်နှင့် နှောင်း၏ အလောင်းကို ချက်ချင်း ဆယ်ယူကာ အောင်မြင့်မွန်ထံ အကြောင်းကြားလိုက်ခြင်း ဖြစ်သည်။

ဤအထိ နှောင်းတစ်ယောက် မဟာကန်တွင် အချိန်မရှိ မိုးကြီးချုပ်မှ ရေဆင်းကူးပြီး ရေနစ်သေဆုံးသည်ဟု ကိုအောင်မြင့်မွန်မှအစ အားလုံးက ယူဆကြသည်။

ဦးကြာမွန်သည် အောင်တင့်မွန်ကို ကြောက်သဖြင့် အဖြစ်မှန်ကို မပြောရဲရှာပေ။

ဆောင်း ရောက်လာပြီးနောက် ဆောင်းက ဆွဲကြိုးပြတ်လေး တွေ့ရာမှအစ နှောင်း သေခြင်းမှာ သွေးရိုးသားရိုး သေခြင်း မဟုတ်ဟု ယူဆလာသည်။ နဂိုတည်းကလည်း နှောင်း သေဆုံးခြင်းအပေါ်၌ နှောင်း သံသယစိတ် ဝင်ထားပြီးသား ဖြစ်သည်။

ဤမှာပင် နှောင်း၏ အလောင်းကို တံငါသည်ကြီး ဦးကြာဟုန် ငါးဖမ်းရင်းတွေ့မြင် ဆယ်ယူလာသည်ဟု သိရသည်နှင့် ဦးကြာဟုန်နှင့် တွေ့လိုကြောင်း စကားပြောလိုကြောင်း အောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com



မှန်ကို ပြောခဲ့သည်။ အောင်မြင့်မွှန်က ဆောင်းနှင့် ဦးကြာဟုန် တွေ့ခဲ့ရန် အောင်တင့်မွှန်ကို စီစဉ်ခိုင်းသည်။

ထို့ကြောင့် အောင်တင့်မွှန်သည် ဆောင်းနှင့် ဦးကြာဟုန် စကားပြောခွင့် မရလေအောင် ဦးကြာဟုန်အား မာနင့်ထိုး နှုတ်ပိတ်လိုက်ခြင်း ဖြစ်သည်။

ဆောင်း ဤသို့နှယ် ကွင်းဆက်များ ဆက်မိသော်လည်း ...

နှောင်းကို အောင်တင့်မွှန် ဘာကြောင့် သတ်ပါသနည်း။ သေစေသနည်းဆိုသည့် MOTIVE ကိုမူ မသိရသေး။ ဘာကြောင့် နှောင်းကို အောင်တင့်မွှန် သတ်ရပေသနည်းဆိုသည့် အကြောင်းရင်းကို ဘယ်လိုမှ ဆောင်း တွေးမရ။

ယခု နန်းကြာဖြူ တစ်ယောက်သာလျှင် ဤ MOTIVE သတ်ရသည့် အကြောင်းကို သိပေမည်။

သို့သော် နန်းကြာဖြူသည် ဘယ်သူ့ကိုမှ အတွေ့မခံတော့ပဲ ပုန်းနေပေသည်။

နန်းကြာဖြူကို ဘယ်သူမှ ရှာမတွေ့။

အထူးစုံထောက် ကိုစိုင်းခက်ကလည်း နန်းကြာဖြူကို သိပ်တွေ့ချင်နေသည်။ စည်ပင်တစ်မြို့လုံးတွင် နန်းကြာဖြူကို ကိုစိုင်းခက် ပိုက်စိပ်တိုက်ရှာသည်။



သို့သော် မတွေ့။

နောက်ဆုံး ဒေါ်သူဇာ၏ စပ်စပ်စုစုနိုင်မှုကြောင့် နန်းကြာဖြူသည် တခြားသို့ ထွက်ပြေးသည်မဟုတ်။

အောင်မြင့်မွှန် ခြံကြီးထဲရှိ ယခင်က အောင်တင့်မွှန် နေသွားသော အိမ်ပိုလေးထဲတွင် နန်းကြာဖြူ ဝင်ရောက်သော့ခတ် ပုန်းအောင်းနေကြောင်း သိရပေတော့သည်။

အတွင်းမှ ကန့်လန့်ထိုးထားပြီး အပြင်မှ ဘယ်လို ခေါ်ခေါ် အသံပြန်မပေးပဲ နန်းကြာဖြူ မြို့နေသည်။

ကိုအောင်မြင့်မွှန်သည် သူ့ညီ အောင်တင့်မွှန်၏ အကြောင်း ကြားသိလိုက်သည်နှင့် ရုတ်တရက် ကြောင်တောင်တောင် ဖြစ်သွားသည်။ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။

"နှောင်းကို အောင်တင့်မွှန်က ဘာလို့ သတ်ရမှာလဲဗျာ"

"နှောင်းကို အောင်တင့်မွှန်က ဘာလို့သတ်တယ် ဆိုတာကို သိသူဟာ နန်းကြာဖြူပဲ ကိုအောင်မြင့်မွှန်၊ နန်းကြာဖြူဟာ ခင်ဗျားတို့အိမ်ဖော် လခစား အလုပ်သမား မဟုတ်လား၊ ဒီတော့ ခင်ဗျားတို့ ညီအစ်ကိုကို ကြောက်နေပုံရတယ်၊ အခု အောင်တင့်မွှန်ကို လူသတ်မှုနဲ့ ဖမ်းလိုက်ပြီဆိုတာကို နန်းကြာဖြူ မသိသေးဘူး၊ ခင်ဗျားအနေနဲ့ နန်းကြာဖြူ အပြင်ထွက်လာအောင် ခေါ်ပေးပါ၊ ပြီးတော့ နန်းကြာဖြူ သိသမျှ မြင်သမျှကို ဖွင့်ပြောလိုက်လို့ ခင်ဗျား အမိန့်ပေးပါ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်မွန်သည် ရဲအရာရှိဝတ်စုံ ယူနီဖောင်းနှင့် ကိုစိုင်းခက်ကို ငေးကြည့်နေသည်။

"ဒီမယ် ကိုအောင်မြင့်မွန် ကျွန်တော် အမိန့်ပေး အာဏာပြတယ်လို့တော့ မထင်နဲ့ပေါ့ဗျာ၊ ကျွန်တော်က ဥပဒေအတိုင်း ပြောရမှာပါ၊ နန်းကြာဖြူ ထွက်မလာဘူးဆိုလည်း ရပ်ကွက်လူကြီးတွေကိုခေါ်ပြီး ကျွန်တော် အထဲဝင်မှာ၊ နန်းကြာဖြူကို တွေ့မှာ၊ မေးမှာ"

"ဘယ်လိုလဲ ကိုစိုင်းခက်၊ ခင်ဗျား ပြောပုံက အောင်တင့်မွန်ကို ကျွန်တော်က အကာအကွယ် ပေးချင်လို့ နန်းကြာဖြူကို ခေါ်မထုတ်ပေးတဲ့သဘော သက်ရောက်နေတယ်၊ မှန်တာပြောရရင် ကို   ဒီ အရင်းခေါက်ခေါက် ဒီလိုအဖြစ်မျိုး ဖြစ်တယ်ဆိုတေ   ာ်ကိုတစ်ယောက်အနေနဲ့ ဘယ်လို ခံစားရမယ်ဆိုတာ   ား ကိုယ်ချင်းစာကြည့်ပေါ့ဗျာ"

"ကျွန်တော် စိတ်မကောင်းပါဘူး၊ တကယ်ပါ ကိုအောင်မြင့်မွန်၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ တာဝန်နဲ့ဝတ္တရားပိုင်းကို ကိုအောင်မြင့်မွန် နားလည်ပေးပါဗျာ"

"ကျွန်တော် နားလည်ပါတယ် ကိုစိုင်းခက်၊ ကိုယ့်ညီမဆိုထားနဲ့ ကျွန်တော်ကိုယ်တိုင် ပြစ်မှုကျူးလွန်ရင် ဥပဒေအတိုင်း ထိုက်တန်တဲ့ အပြစ်ဒဏ်ကို ခံယူမှာပါ"

အောင်မြင့်မွန်သည် အိမ်လေး၏ ပိတ်ထားသော တံခါးကို ခေါက်လိုက်သည်။





"ဟဲ့ ... နန်းကြာဖြူ သေချာနားထောင်စမ်း၊ အခု အစ်ကိုကြီး အောင်မြင့်မွန် ပြောနေတယ်၊ အစ်ကိုကြီးကိုလည်း နန်းကြာဖြူ ဘာမှကြောက်စရာ မလိုဘူး၊ အစ်ကိုကြီး နန်းကြာဖြူကို လုံးဝ အပြစ်မတင်ဘူး၊ ကြားရဲ့လား နန်းကြာဖြူ"

အတွင်းမှ ဘာသံမှ ထွက်မလာသေးပေ။

"ဒီမယ် နန်းကြာဖြူ အခုဆို အောင်တင့်မွန်ကို ရဲအဖွဲ့က ဖမ်းပြီး ထောင်ကြီး ရဲစခန်းမှာ ချုပ်ထားပြီ၊ အောင်တင့်မွန်ကိုလည်း နန်းကြာဖြူ ကြောက်စရာ မရှိတော့ဘူး"

"ရှင်"

နန်းကြာဖြူ ရှင်ဟု အံ့ဩသံ ထွက်လာသည်ကို ကြားကြရပါ၏။

"အဲဒါ တကယ်လား အစ်ကိုကြီး၊ နန်းကြာဖြူ အစ်ကိုလေး အောင်တင့်မွန်ကို သိပ်ကြောက်တယ်"

"ကဲ ... ဘာမှမကြောက်နဲ့၊ ဒီမှာ ရဲတွေလည်း ရောက်နေတယ်၊ ဒေါ်လေး သူဇာလည်း ရှိတယ်၊ ဒေါ်အဲလစ်လည်း ရှိတယ်၊ အောင်တင့်မွန်ကိုလည်း ရဲတွေကဖမ်းပြီး အချုပ်ထဲရောက်နေပြီ"

နန်းကြာဖြူ ဇဝေဇဝါသံနှင့် အထဲမှပြန်မေးသံ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးကို ရဲက ဘာလို့ဖမ်းတာလဲ၊ တကယ်ဆို မမနှောင်းကို အစ်ကိုလေး သတ်ပစ်တာ နန်းကြာဖြူက လွဲလို့ ဘယ်သူမှ မသိတာ၊ နောက်ပြီး နန်းကြာဖြူကလည်း အဲဒီအကြောင်း ဘယ်သူ့ကိုမှ မပြောသေးတာ"

ကိုစိုင်းခက် ပြုံးလိုက်ပါ၏။

နန်းကြာဖြူသည် ငယ်ရွယ်ပြီး ရိုးသားလွန်းပါ၏။ ယခု သူမပြောသော စကားထဲမှာပင် နှောင်းအား အောင်တင့်မွန် သတ်ကြောင်းပါရှိ အများသိ ဖြစ်နေပေသောကြောင့် ဖြစ်လေသည်။

"အေး ... အခု အောင်တင့်မွန်ကို ရဲကဖမ်းတာ၊ နှောင်းကို သတ်မှုနဲ့ မဟုတ်ဘူး၊ တံငါကြီး ဦးကြာဟုန်ကို သတ်မှုနဲ့ ဖမ်းတာဟ"

"အယ်"

အောင်မြင့်မွန့်က စိတ်တိုစွာ အော်ပြောလိုက်မှ နန်းကြာဖြူ၏ အယ်ဟူသော အာမေဍိတ်သံ ထွက်လာသည်။

မည်သို့ဖြစ်စေ ဖနီး နှောင်း သေဆုံးခြင်းမှာ ညီ အောင်တင့်မွန် သတ်ကြောင်း ပေါ်ထွက်လာပေပြီ။

သေသူမှာ ဖနီး။

သတ်သူမှာ ညီအရင်း။

အောင်မြင့်မွန် ရင်ထဲ မည်မျှခံစားရမည်ကို လူတိုင်း သဘောပေါက်ပါ၏။





"မမဆောင်း ... မမဆောင်း"

"အေး ... မမဆောင်း အပြင်မှာရှိနေတယ် နန်းကြာဖြူ၊ နန်းကြာဖြူ ဘာပြောချင်လို့လဲ တံခါးဖွင့် အပြင်ထွက်ခဲ့လေ"

"ဟုတ်ကဲ့ နန်းကြာဖြူ ထွက်ခဲ့ပါမယ်၊ နန်းကြာဖြူ သိတာတွေ မြင်တာတွေ အားလုံး ပြောပြပါ့မယ်၊ မမဆောင်း ပြောထားတဲ့အတိုင်း နန်းကြာဖြူကို ပစ်မထားပါနဲ့နော်"

"စိတ်ချ နန်းကြာဖြူအတွက် မမဆောင်း အားလုံး တာဝန်ယူတယ်လို့ ကတိပေးထားတာပဲ"

တံခါး ပွင့်လာတော့သည်။ နန်းကြာဖြူ အပြင်ထွက်လာသည်နှင့် ဆောင်းကို ပြေးဖက်သည်။ သဲသဲမဲမဲကြီး ဖက်ထားသည်။

ဆောင်းကလည်း နန်းကြာဖြူကို ပြန်လည် ပွေ့ပိုက်ထားလိုက်ပါ၏။

အားလုံး အိမ်ကြီး၏ ဧည့်ခန်းတွင် စုဝေး နေရာယူကြသည်။

ဒေါ်လေးသူဇာ၊ ဆောင်းနှင့် ကိုစိုင်းခက်တို့က ဆိုဖာအသီးသီးတွင် ထိုင်ကြသည်။ နန်းကြာဖြူက ဆောင်းထိုင်သော ဆိုဖာအောက် ကြမ်းပြင်တွင် ထိုင်သည်။

ဒေါ်အဲလစ်က သူနှင့် ဘာမှမဆိုင်တော့သလို မီးဖိုထမင်းစားခန်းသို့ ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ခွင့်လွှတ်ဗျာ ကိုစိုင်းခက်၊ ကျွန်တော် တော်တော်ထိနေတယ်၊ နန်းကြာဖြူ ထွက်ဆိုချက်တွေကို ကျွန်တော် နည်းနည်းပါးပါးသောက်ရင်း နားထောင်ပါရစေ မဆောင်းလည်း ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"အာ ... လုပ်ပါ လုပ်ပါ ကိုအောင်မြင့်မွန်၊ ကျွန်တော် တောင် ယူနီဖောင်း ဝတ်ထားလို့၊ နို့မို့ရင် တစ်ခွက်တစ်ဖ လား ဝင်နှိပ်ချင်နေတာ"

ဆောင်းသည် သူမ၏ မျက်ဝန်းစုံဖြင့် မတ်တတ်ရပ် နေသေးသော ကိုအောင်မြင့်မွန်ကို ကြင်နာသော အကြည့်ဖြင့် မော့ကြည့်ရင်း ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်ပြသည်။

ကိုအောင်မြင့်မွန်သည် ထမင်းစားခန်း ဝင်သွား တာကြောင့် အိမ်ထဲမှ ဗီုက်လေဘယ် ပုလင်းနှင့် ဖန်ခွက်တစ်ခွက် ကိုင်ယူကာ ဧည့်ခန်းသို့ ပြန်လာရင်း လွှတ်နေသော ဆိုဖာတွင် ထိုင်လိုက်သည်။

"ကဲ ... နန်းကြာဖြူ ကိုစိုင်းခက်နဲ့ မမဆောင်းကို နန်းကြာဖြူဆိက သိတာမြင်တာတွေ အားလုံး ပြောပြ တော့"

နန်းကြာဖြူ စတင်ပြောပြတော့သည်။

"အမှန်တော့ အစ်ကိုလေး အောင်တင့်မွန်ဟာ သစ္စာမဲ့ ပေမဲ့ အစ်ကိုကြီးကိုတော့ တကယ်ကြောက်တာ"





အောင်မြင့်မွန် ဘာမှပြန်မပြောပဲ အရက်ငှဲ့သောက် နေပေပြီ။

"အောင်တင့်မွန်က သူ့အစ်ကိုကြီးကို တကယ်ကြောက် တယ်လို့ နန်းကြာဖြူက ဘာလို့ပြောတာလဲ"

"မမနှောင်းကို ချယ်ရီသုံးပင်အောက်မှာ အစ်ကိုလေးက မဟားဒယား အတင်းကြံစည်ဖို့ ကြိုးစားတယ်လေ၊ မမ နှောင်းက အစ်ကိုလေးကို ပါးချတယ်၊ အဲဒီနေ့က အစ်ကို ကြီး ပန်းသီးခြံဘက် ထွက်သွားတယ်၊ တော်တော် မိုးချုပ်တဲ့ အထိ ပြန်မရောက်ဘူး"

ကိုစိုင်းခက်က နန်းကြာဖြူကို လက်ဝါးကာပြလိုက် သည်။

"ဒီလိုလုပ်ပါ နန်းကြာဖြူ အဲဒီနေ့က နန်းကြာဖြူ တွေ့မြင် သမျှ၊ ဖြစ်ပျက်သမျှကို အစကစပြီး အစဉ်အတိုင်း ပြောပြ ပါလား၊ ဒါမှ နားရှင်းမယ် မဟုတ်လား"

နန်းကြာဖြူ ဦးခေါင်းညိတ်ပြသည်။

ထိုနေ့က ဒီဇင်ဘာလ ဆယ့်ခြောက်ရက်နေ့ အင်္ဂါနေ့ ဖြစ်သည်။

အောင်မြင့်မွန်သည် နံနက်စာ ထမင်းစားပြီးကတည်း က မော်တော်ဆိုင်ကယ်ဖြင့် ပန်းသီးခြံဘက် ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်တင့်မွန်သည် ယခုနှစ်တစ်နှစ် ကျောင်းအနားယူသည်ဆိုပြီး ကျောင်းကို ပြန်မသွားပဲ အိမ်မှာပင်နေသည်။

အောင်မြင့်မွန်က ပန်းသီးခြံသို့ သွားသည့်အခါ အောင်တင့်မွန်ကို ခေါ်သွားသည့်အခါ ခေါ်သွားသည်။ မခေါ်သွားသည့်အခါ ထားခဲ့သည်။

အောင်တင့်မွန်ကို ထားခဲ့သည့်နေ့ဆိုလျှင် ညဦးပိုင်းဒေါ်အဲလစ် အိပ်ရာဝင်သည်နှင့် အောင်တင့်မွန် ခြံထဲမှ အိမ်လေးတွင် အောင်တင့်မွန်နှင့် နန်းကြာဖြူ ချိန်းတွေ့လေ့ရှိသည်။

ယခုနှစ် အောင်တင့်မွန် ကျောင်းသို့ ပြန်မသွားပဲ အိမ်မှာနေစဉ် နန်းကြာဖြူအား အောင်တင့်မွန်က ချစ်ရေးဆိုခဲ့သည်။ ပထမတော့ နန်းကြာဖြူက အောင်တင့်မွန်ကို ကြောက်၍လည်းကောင်း၊ မယုံကြည်၍လည်းကောင်း ငြင်းဆန်နေသေးသည်။

သို့သော် အသက်ငယ်သေးသည်။ လူငယ်နှစ်ဦးလည်းဖြစ်။ တစ်အိမ်တည်း အတူနေ၊ နေ့စဉ်တွေ့ဆုံနေသည်လည်းဖြစ်သဖြင့် မရှောင်နိုင်သည့် ကြောင်လိမ်ကြား အတွေ့ကို မရှောင်နိုင်တော့ပဲ ညည်းနဲ့ငါနဲ့ညားတွေ ဖြစ်ကုန်သည်။

သို့တစေ အောင်တင့်မွန်က ကြောက်တတ်သူဖြစ်သည်။ အစ်ကိုကြီး အောင်မြင့်မွန် အိမ်တွင်ရှိနေချိန် ဆိုပါက အောင်တင့်မွန်သည် နန်းကြာဖြူ အနီးသို့ ကပ်ရဲဖို့ဝေးစွ၊ အောင်တင့်မွန် ကိုယ်တိုင်က နန်းကြာဖြူကို မတွေ့အောင် ရှောင်နေတတ်သည်။





အဲ ... အစ်ကိုကြီး အောင်မြင့်မွန် လစ်ပြီဆိုလျှင်တော့ မခုတ်တတ်သောကြောင် ဘဝမှ အလွန်ရဲတင်းသော ကျားတစ်ကောင်အသွင် ရှိတော့သည်။

ဤပုံစံဖြင့်ပင် ကိုအောင်မြင့်မွန်လစ်တိုင်း နန်းကြာဖြူနှင့် အောင်တင့်မွန် အိမ်ပုလေးတွင်ချိန်းတွေ့ ယဉ်ပါးခဲ့သည့်အကြိမ်ပေါင်း များလှသည်။

ကိုအောင်မြင့်မွန် ပန်းသီးခြံသွားသော နေ့ဆိုလျှင် အမြိုးချုပ်မှ ပြန်လာတတ်ကြောင်း သူတို့က သိပြီးသားဖြစ်သည်။

အကယ်၍ ကိုအောင်မြင့်မွန် စောပြီး ပြန်လာပါကလည်း အရေးမကြီး။ မော်တော်ဆိုင်ကယ်သံကို အောင်တင့်မွန်က ကောင်းကောင်း ကျက်မိသည်။ ဆိုင်ကယ်သံ အဝေးကြီးက ကြားသည်နှင့် ...

"သွား ... သွားတော့၊ အစ်ကိုကြီး မိသွားရင် ငါ့ကို တီးမှာ၊ သွား ... သွား"

ဆိုပြီး နန်းကြာဖြူကို အတင်းမောင်း ထုတ်သည်။

ငှင်းနေ့။

လွန်ခဲ့သော ဒီဇင်ဘာ ဆယ့်ခြောက်ရက် အင်္ဂါနေ့ကလည်း ကိုအောင်မြင့်မွန် ပန်းသီးခြံ ထွက်သွားပြီးနောက် မိုးချုပ်ချိန် ရောက်သောအခါ ဒေါ်အဲလစ် အိပ်ပျော်သွားသည်နှင့် နန်းကြာဖြူသည် တွေ့နေကျ အောင်တင့်မွန် အိမ်လေးသို့ လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ နန်းကြာဖြူ အောင်တင့်မွှန် အိမ်လေးသို့ သွားတွေ့လေတိုင်း မမနှောင်း မြင်မှာကြောက်ပြီး မှောင်ရိပ်ခို ပုန်းလျှိုးကွယ်လျှိုး သွားနေကြဖြစ်သည်။

ယခုအခေါက် နန်းကြာဖြူ အောင်တင့်မွှန်ထံသို့ လာခြင်းမှာ နှစ်ပါးကြည်ဖို့ သက်သက်မဟုတ်။ အစ်ကိုလေး အောင်တင့်မွှန်နှင့် နှစ်ပါးကြည်ခဲ့သော အကြိမ်တွေ များလှပြီမို့ နှစ်ပါးကြည်ဖို့ကိစ္စမှာ အဆန်းမဟုတ်တော့ပြီ။

သို့သော် ယခုအခေါက်တွင် အစ်ကိုလေး အောင်တင့်မွှန်အား မပြောလျှင် မဖြစ်တော့ပြီ ဖြစ်သောကြောင့် ပြောရမည့် အကြောင်းရှိနေပြီ ဖြစ်သောကြောင့်၊ မိမိတွင် ကိုယ်ဝန်ရှိနေပြီ ဖြစ်ကြောင်း ပြောမည်ဟု လာခဲ့ခြင်းဖြစ်သည်။ သို့သော်။

နန်းကြာဖြူ အစ်ကိုလေး၏ အိမ်လေးသို့ ရောက်ခါနီးတွင်မှာပင် အစ်ကိုလေး အောင်တင့်မွှန်သည် အိမ်လေးပေါ်မှ ဒယိမ်းဒယိုင်ဆင်းကာ ချယ်ရီသုံးပင်ရှိရာသို့ သွားနေသည်ကို နန်းကြာဖြူ တွေ့ရသည်။

အိမ်ကြီးပေါ်၏ ထမင်းစားခန်း ကြောင်အိမ်ထဲတွင် အစ်ကိုကြီး အလုပ် သိပ်ပင်ပန်းသည့်အခါ တစ်ခါတလေ သောက်တတ်သော အရက်ပုလင်းရှိမှန်း အိပ်ဖော်မလေး နန်းကြာဖြူက တွေ့ရှိ သိရှိထားသည်။ ၎င်းအရက်ကို ယနေ့ယခု အောင်တင့်မွှန် ခိုးသောက်ထားခြင်း ဖြစ်မည်။





နန်းကြာဖြူသည် ဒယိမ်းဒယိုင်နှင့် သွားနေသော အောင်တင့်မွှန် နောက်သို့ လိုက်မသွားဘဲ အိမ်လေးထဲကပင် စောင့်မည်ဟု စိတ်ကူးပြီး အိမ်လေးထဲ ဝင်ခဲ့သည်။ အိမ်လေးထဲရှိ စားပွဲပေါ်တွင် အရက်ပုလင်းနှင့်ဖန်ခွက်ကို တွေ့ရသည်။

နန်းကြာဖြူ ထိုင်စောင့်ရင်း အစ်ကိုလေး အမူးလွန်ပြီး တစ်နေရာရာတွင် ထိုးအိပ်နေမည်ကို စိုးရိမ်သောကြောင့်လည်းကောင်း၊ မိမိတွင် အစ်ကိုလေးနှင့် ကိုယ်ဝန်ရနေပြီဆိုသည်ကို ပြောချင်လှ၍လည်းကောင်း အိမ်ပေါ်မှပြန်ဆင်းကာ အစ်ကိုလေး သွားရာနောက်သို့ နန်းကြာဖြူ လိုက်သွားသည်။

ချယ်ရီသုံးပင် အနီးသို့ ရောက်သောအခါ အသံတစ်ခု ကြားလိုက်သဖြင့် နန်းကြာဖြူ ရပ်တန့်ကာ ချောင်းကြည့်သည်။ တွက်လာသောအသံမှာ မမနှောင်း၏ အသံဖြစ်နေသောကြောင့် နန်းကြာဖြူ ဆက်ပြီး မသွားရဲတော့။

"ဘာလဲ အောင်တင့်မွှန်၊ မင်းက ငါ့ကို လာချစ်ရေးဆိုနေတာလား"

"ဒီသဘောပဲပေါ့ မမနှောင်း၊ အခုလက်ရှိ အခြေအနေမှာ မမနှောင်းက အစ်ကိုကြီးကို စွန့်ခွာလိုက်ပြီမို့ အိပ်ခန်းတောင် ခွဲအိပ်နေကြပြီ မဟုတ်လား"

"အဲဒါ မင်းနဲ့ ဘာမှမဆိုင်ဘူး၊ မင်း အစ်ကိုကြီးနဲ့ ငါ့ရဲ့ ပြဿနာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုဗျာ မမနှောင်းက အစ်ကိုကြီးကို အပြတ်ချွတ်ထားတာမို့ ကိုဒီပ၊ ကိုဝဏ္ဏတို့နဲ့ တွဲနေတာ မဟုတ်လား"

"အေး ... တွဲတယ်၊ အဲဒါ ဘာပြုလဲ၊ မင်း အစ်ကိုကြီး လူကြီးဆန်ဆန်နေတဲ့ စိတ်ကို ကလေး ပြန်ဆန်လာမလား လို့ ငါ တမင် ကိုဒီပ၊ ကိုဝဏ္ဏတို့နဲ့ တွဲပြနေတာ"

"ဒါဆို ဘာထူးမှာလဲ မမနှောင်း၊ အဲဒီ ဒီပတို့၊ ဝဏ္ဏတို့ ဆိုတဲ့ကောင်တွေက အဆင့်နိမ့်တဲ့ ကောင်တွေနဲ့တောင် မမနှောင်း တွဲသေးတာ၊ ကျွန်တော့်ကိုလည်း တွဲလိုက်ပေါ့ဗျာ"

"သွားစမ်း အောင်တင့်မွန်၊ အရက်လေး မစို့မပို့ သောက်လာပြီး ငါ့ကို အရူးစကားတွေ လာမပြောနဲ့၊ မင်း သေချာမှတ်ထား၊ ငါ့နာမည် နှောင်း၊ နှောင်းဟာ လုပ်ချင်တာ လုပ်တယ်၊ ဒါပေမဲ့ သစ္စာမဲ့တဲ့အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး၊ ငါ့ သိက္ခာကို အထိမခံဘူး၊ သူများ အစော်ကား ဘယ်တော့မှမခံဘူး၊ အဲဒါ မင်း သေချာမှတ်ထား"

"ဟာဗျာ ... မမနှောင်းကလည်း၊ ကိုဝဏ္ဏတို့၊ ကိုဒီပတို့နဲ့ မဟာကန်ဘေးမှာ ရေကူးဝတ်စုံတွေနဲ့ ကြည်ခဲ့သေးတာပဲဟာ"

"ဘာကြည်ခဲ့တာလဲ မင်း သေချာမှတ်၊ ငါဟာ ခုချိန်ထိ ငါ့လင်ကလွဲပြီး ဘယ်ယောကျ်ားနဲ့မှ မကြည်ခဲ့ဘူး၊ သွား ...





သွား၊ မင်း သွားတော့၊ အခုလည်း ငါ့လင် အလာကို ငါ စောင့်နေတာ၊ မင်းက ဘာကိစ္စ ရောက်လာတာလဲ"

"မမနှောင်းကို ချစ်လို့ရောက်လာတာ"

"ဖြန်း"

နှောင်းက သွက်လက်စွာပင် အောင်တင့်မွန်အား ပါးရိုက်ပစ်လိုက်သည်။

"မင်းဟာ ငါ့ မတ်တော်တယ် အောင်တင့်မွန်၊ မင်း အခု ငါ့ကို မင်းအစ်ကိုကြီး မျက်နှာကိုမှမထောက်ဘဲ ငါ့ကို လာစော်ကားနေတယ်၊ အေး ... မင်း ဒီလို လာစော်ကားတာ မင်းအစ်ကိုကြီး ငါ့လင်ကို ငါ ပြန်တိုင်လိုက်မယ်"

"မတိုင်နဲ့ လုံးဝမတိုင်နဲ့၊ အစ်ကိုကြီးကို လုံးဝပြန်မပြောနဲ့"

အောင်တင့်မွန် အာခေါင်သံကြီးနှင့်အတူ အစ်ကိုကြီးကို မတိုင်နဲ့ဟု အထပ်ထပ် အကြိမ်ကြိမ် ပြောပေသည်။

နှောင်းသည် ထပြီး အိမ်ကြီးဆီသို့ ပြန်ပြေးသည်။ သို့သော် အောင်တင့်မွန် နောက်မှ အပြေးလိုက်လာသည်။

"မတိုင်ရဘူး၊ အစ်ကိုကြီးကို ခင်ဗျား လုံးဝ ပြန်မတိုင်ရဘူး"

"တိုင်မယ်ကွာ တကယ်တိုင်မယ်"

နှောင်း စိတ်ကလည်း တကယ့်စိတ်။ အရှုံးပေးမည့် အလုပ်ဆိုလျှင် နှောင်း စိတ်က လုံးဝ မရှုံးမပေး။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်တင့်မွန်က မတိုင်နဲ့ဟုပြောလေ နှောင်းက တိုင်မယ်ဟု ပြန်ပြောလေ ဖြစ်တော့သည်။

နှောင်းကို အောင်တင့်မွန် ဖမ်းဆွဲ ဖမ်းမိသွားသည်။ မနီးမဝေးရှိ ရေအိုင်လေးဆီသို့ နှောင်းကို ဒရွတ်တိုက် ဆွဲခေါ်သွားသည်။

နှောင်း အားရှိသမျှ ရုန်းပါ၏။

သို့သော် ငယ်ရွယ်ပြီး အင်အားကောင်းသော အောင်တင့်မွန်သည် နှောင်းကို လှဲချကာ လည်ဂုတ်မှကိုင်ပြီး မှောက်လျက်အနေအထားနှင့် ရေမွန်းရေနစ်စေတော့သည်။

အောင်တင့်မွန် ပါးစပ်မှလည်း ...

"ကဲ ... တိုင်လေ၊ အစ်ကိုကြီးကို တိုင်ချင်ဦးလေ"

ဟုလည်း တတွတ်တွတ် ပြောနေသည်။

နှောင်း လုံးဝ လှုပ်ရှားခြင်း မရှိလေတော့မှ အောင်တင့်မွန်သည် ရေအိုင်ထဲတွင် ထိုင်ချလိုက်သည်။

နန်းကြာဖြူသည် ချောင်းကြည့်နေရာမှ တုတ်တုတ်ပင် မလှုပ်ရဲ။

ထို့နောက် အောင်တင့်မွန်သည် ထိုင်ရာမှထကာ အိမ်ကြီးဆီသို့ လျှောက်သွားသည်။ အောင်တင့်မွန် တော်တော်ဝေးဝေးရောက်မှ နန်းကြာဖြူ ပုန်းနေရာမှထွက်ပြီး အိမ်ကြီးဆီသို့ဟာချိုးတည်း ပြန်သွားသည်။





နန်းကြာဖြူသည် ထိုမျက်မြင်ကိစ္စကို မည်သူ့ကိုမှ မပြောရဲ။ အောင်တင့်မွန်က မိမိကို လက်ထပ်မည်ဆိုသော စကားကိုလည်း လုံးဝ မယုံကြည်တော့။ မိမိတွင် အောင်တင့်မွန်နှင့် ကိုယ်ဝန် ရရှိနေကြောင်း အစ်ကိုကြီး အောင်မြင့်မွန်ကိုလည်း မပြောရဲ။ ပြောလျှင် အောင်တင့်မွန်က မိမိကို သတ်ပစ်မှာကို သိပ်ကြောက်သည်။ မိမိနှင့် ကိုယ်ဝန်ရရှိသည်အထိ ဆက်ဆံသည့်ကြားကပင် မမနှောင်းကို ကြံစည်ခြင်းအားဖြင့် အစ်ကိုလေး အောင်တင့်မွန် သစ္စာမရှိကြောင်း ထင်ရှားနေပြီ။

မမဆောင်း စည်ပင်ကို ရောက်လာသောအခါ မမဆောင်းကို နန်းကြာဖြူ အားကိုးချင်စိတ်တွေ တဖွားဖွား ပေါ်လာသည်။ မမဆောင်း ကိုယ်တိုင် မမနှောင်း သေဆုံးရပုံကို သံသယဖြင့် စုံစမ်းနေမှန်း နန်းကြာဖြူ သိလာသည်။

ထို့ကြောင့် မိမိအား မမဆောင်းက ရန်ကုန်သို့ အပြန်တွင် ခေါ်သွားပြီး မိမိ ဗိုက်ထဲက ရင်သွေးကို ချောမောစွာ မွေးရန် စီစဉ်ပေးဖို့ အကူအညီ တောင်းခံရေးအတွက် မမနှောင်းကို အစ်ကိုလေး အောင်တင့်မွန် သတ်ကြောင်းဖော်ပြမည်ဟု စိတ်ကူးရှိခဲ့သည်။

တစ်စပ်တည်းမှာပင် နန်းကြာဖြူက ဆောင်းကို ဆက်ပြောပြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမဆောင်း နေ့ခင်းက အိပ်နေတုန်း အိပ်ရာဘေး စားပွဲပေါ်ကဆွဲကြိုး ဝင်ယူသွားတဲ့သူဟာ အစ်ကိုလေး အောင်တင့်မွန်ပါပဲ မမဆောင်း၊ နန်းကြာဖြူက ဒီရက်အတွင်းမှာ အစ်ကိုလေး အောင်တင့်မွန်ကို အမြဲမပြတ် နောက်ယောင်ခံကြည့်နေတာ၊ မမဆောင်း အိပ်ပျော်နေတုန်း စားပွဲပေါ်က ဆွဲကြိုးကို အစ်ကိုလေးအောင်တင့်မွန် ယူတာ နန်းကြာဖြူ ကိုယ်တိုင် မြင်ပါတယ်"

"ဒါဆို အမှုထင်ရှားပြီ"

* ❀ *





## ၁၃

အောင်တင့်မွန် အမှုကကြီးသည်။

သို့သော် အောင်မြင့်မွန်သည် အစွမ်းကုန်လိုက်သော အကောင်းဆုံး အကျိုးတော်ဆောင် ဝတ်လုံတော်ရကို ငွေပုံပေးပြီး လိုက်စေသည်။ သို့ဖြင့် ...

ငယ်ရွယ်သေးသော ကျောင်းသားတစ်ဦး ဖြစ်နေခြင်း။ နှောင်းကို သတ်စဉ်က သတ်ရန်အတွက် နဂိုစိတ်ကူး မရှိ။ သတ်ရန် ကြိုတင်စီမံထားခြင်း မရှိ။

အစ်ကိုကြီးကို ပြန်တိုင်မည်ဆိုသည့် စကားတစ်ခွန်းဖြင့်ပင် ရမ္မက်ဆန္ဒတွေ ပျောက်သွားသည်။ နှောင်းကို တြိစည်မှု လုံးဝ မပြုတော့။ အစ်ကို့ကို အကြောက်လွန်သော အဓိကစိတ်ဖြင့် ပြန်၍မတိုင်နိုင်စေခြင်းငှာ သွေးရူးသွေးတန်း လုပ်မိလုပ်ရာ လုပ်လိုက်သာသသော တွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြာဟုန်အား ဓားဖြင့် ထိုးသတ်သည် ဆိုရာ၌ နှဖ်ပိတ်ရန် သတ်မည်ဆိုသည့် ရည်ရွယ်ချက် ရှိသော်လည်း ဦးကြာဟုန်အား အောင်တင့်မွန်က ဓားနှင့် ထိုးသတ်ပါသည်ဆို ခြင်းတွင် မျက်မြင်သက်သေ တစ်ဦးမှမရှိ၊ ဦးကြာဟုန် ဓားထိုး ခံရမည့်မှ ကိုစိုင်းခက် ရောက်ရှိသွားခြင်း ဖြစ်သည်။ ဓားဒဏ်ရာနှင့် ဦးကြာဟုန်ကို တွေ့သော်လည်း အောင်တင့်မွန် ထိုးသတ်သည်ကို မြင်တွေ့ခြင်းမရှိ။

ဦးကြာဟုန် ဓားထိုးခံရပြီး သေသည်မှန်သော်လည်း မည်သူထိုးသတ်သည်ဟု တိတိပပ မျက်မြင်သက်သေ မရှိသော ကြောင့် အောင်တင့်မွန်အပေါ် သံသယမှုအဖြစ် စွဲဆိုနိုင်သည်။

မည်သို့ဖြစ်စေ ဘင်းကို သတ်သည်တွင် နန်းကြာမြ မျက်မြင်သက်သေ ရှိသည်.

အမိန့်ချမည်။

တရားခံ အောင်တင့်မွန်အား အလုပ်ကြမ်းဖြင့် ထောင်ဒဏ် နှစ်ဆယ်နှစ် ကျခံစေ။

အမှုစစ်စဉ် ချုပ်ရက်များကို ထောင်ဒဏ် နှစ်ဆယ် နှစ်တွင် အကျုံးဝင်သည်။

အောင်တင့်မွန် အနှစ်နှစ်ဆယ် ထောင်ကျသွားတော့ သည်။





အောင်မြင့်မွန်သည် အောင်တင့်မွန် အမှုအတွက် တောင်ကြီးအိမ်သို့ ပြောင်းရွှေ့ရာတွင် လောလောဆယ် အမှုအတွင်း ရန်ကုန်သို့ ပြန်ခွင့်မရသေးသောကြောင့် တောင်ကြီး ရေထွက်လမ်း ဦးရှိ အောင်မြင့်မွန်၏ ခြံကျယ် တိုက်အိမ်ကြီးမှာပင် နေရသည်။

ဆောင်းနှင့် ဒေါ်သူဇာကို ထိုအိမ်ကြီး အပေါ်ထပ် ခန်းတွင် နေစေပြီး၊ အောင်မြင့်မွန်က အောက်ထပ်ခန်းတွင် နေသည်။ ဆောင်းအတွက် တောင်ကြီးတွင် သွားရေးလာရေး လွယ်ကူစေရန် လင့်ရိုဗာကားကို ပေးထားသည်။ ယနေ့တိုင် မော်တော်ဆိုင်ကယ်ကိုသာ အောင်မြင့်မွန် အသုံးပြုသည်။

စည်ပင်ရှိ အောင်မြင့်မွန် အလွန်သံယောဇဉ်ကြီးသော ပန်းသီးခြံကို ဦးဘကြူးနှင့် ဦးစံလင်းကို ဆက်ပြီးကြပ်မတ် လုပ်ကိုင်စေသည်။ စည်ပင် အိမ်ကြီးကိုတော့ ဒေါ်အဲလစ် စောင့်နေ စေသည်။

အမှုမှာ စီရင်ချက်ချပြီးပြီ။

ဆောင်းနှင့် ဒေါ်လေးသူဇာ ရန်ကုန်သို့ သက်ဆိုင် ရာက ပြန်ခွင့်ပြုပြီ။

အမှု စီရင်ချက်ချပြီး သုံးရက်မြောက်နေ့မှာပင် ဆောင်းသည် တောင်ကြီး တိုက်အိမ်ကြီး အပေါ်ထပ်မှ အောက်ထပ် သို့ ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့် ဒေါ်သူဇာ ရန်ကုန်ပြန်ရန် လေယာဉ်လက်မှတ်ပင် ဝယ်ပြီးပြီမို့ ကိုအောင်မြင့်မွန်ကို နှုတ်ဆက်ရန် ဆင်းလာခြင်း ဖြစ်သည်။

ကိုအောင်မြင့်မွန်ကို အောက်ထပ် ဧည့်ခန်းတွင် တွေ့ပါ၏။

ဧည့်စားပွဲပေါ်တွင် အရက်ပုလင်း၊ ဖန်ခွက် စသည်တို့လည်း ရှိနေသည်။ အောင်မြင့်မွန် အရက်ကို နေ့ရောညပါ သောက်နေသည်ကို ဆောင်း သတိထားမိသည်။

"ကိုအောင်မြင့်မွန်"

"အော် ... မဆောင်း"

ဆောင်း လာ၍ နှင့် အောင်မြင့်မွန်သည် အရက်ပုလင်းနှင့် ဖန်ခွက်ကို ဧည့်စားပွဲအောက်သို့ ယူသွင်းလိုက်သည်။

ဆောင်းသည် မည်သည့်နေရာ မည်မျှ လူခြေတိတ်ပြီး မှိုင်းချုပ်ချိန် ဖြစ်ပါစေ၊ ကိုအောင်မြင့်မွန်ကိုတော့ နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ရဲသည်။

ကိုအောင်မြင့်မွန်၏ သိက္ခာကို ဆောင်း ကောင်းကောင်းရဲရဲကြီး ယုံကြည်သည်။ ကိုအောင်မြင့်မွန်သည် သူ၏ သိက္ခာပိုင်းတွင် မည်မျှ စောင့်စည်းထိန်းသိမ်းကြောင်း ထပ်တလဲလဲ ဆောင်း တွေ့ဖူးကြုံဖူးသည်။





ယခုပင်ကြည့်လေ။ ဆောင်း လာသည်ကိုမြင်သည်နှင့် သောက်လက်စ အရက်ပုလင်းနှင့် ဖန်ခွက်ကို သိမ်းဆည်းလိုက်သည်။

ဆောင်းသည် ကိုအောင်မြင့်မွန်အား ကရုဏာအကြည့်ဖြင့် ကြည့်လိုက်သည်။

ကိုအောင်မြင့်မွန် ခေါင်းမဖြီးသည်မှာ ကြာပြီမို့ ဆံပင်တွေ ဖွာလန်ကျဲနေသည်။ မျက်တွင်းတွေချက်၊ နားထင်နှစ်ဖက် ချိုင့်နေသည်။

ခါတိုင်း သာမန်ဆိုလျှင် နှုတ်ခမ်းအထက်မွေးများ၊ မေးစေ့အောက် နေရာများတွင် စိမ်းဖန့်ဖန့်အရောင် ပြေးနေသည်။

ယခုမူ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့သည် ငုတ်စိစိ ထိုးထိုးထောင်ထောင်ဖြင့် မည်းနက်နေသည်။

"ခုတလော ကိုအောင်မြင့်မွန် အရက် သိပ်သောက်နေတယ်နော်"

"ဟုတ်ပါတယ် မဆောင်း၊ အရက်မူးလွန်သွားရင် အလိုလို အိပ်ပျော်သွားတယ်လေ၊ အိပ်ပျော်တဲ့အချိန် အခိုက်အတန့်ဟာ ကျွန်တော့်အဖို့ စိတ်သက်သာရာ ရတဲ့အချိန်လေးပါပဲ၊ ဒါပေမဲ့ ကြာတော့လည်း ကျွန်တော် အသောက်များလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့၊ အရက်က ရိုးသွားတယ်၊ မူးတာပဲ အဖတ်တင် တယ်၊ အိပ်လို့တော့ မပျော်တော့ပါဘူး မဆောင်း"

"အင်း ... ကိုအောင်မြင့်မွန်က ညီ အောင်တင့်မွန်ကို တကယ် သိပ်ချစ်တာပဲနော်၊ နောင်း ဆုံးသွားတုန်းကတောင် အခုလောက် ထိခိုက်ပုံမရဘူး"

"မဆောင်း ပြောတာ မှန်သင့်သလောက် မှန်ပါတယ် ဒါပေမဲ့ လုံးလုံးလျားလျားကြီးတော့ မမှန်ပါဘူး၊ တကယ် လို့သာ အခုအချိန်မှာ နောင်းဟာ အသက်ရှင်နေမယ်ဆိုရင် ညီ အောင်တင့်မွန် ဆုံးရှုံးရတာကို ကျွန်တော် အခုလောက် ခံစားရမှာ မဟုတ်ပါဘူး မဆောင်း"

"ဒီမယ် မဆောင်း၊ လင်ကို မြွေကိုက်တာ မသေဘဲ သားကိုသာ စွန့်ချီသွားတာမျိုးဆိုရင် မပဲ့ာ မရူးနိုင်ပါဘူး ရင်ကွဲနာ မကျနိုင်ပါဘူး၊ ဒါမှမဟုတ် လင်သာ မြွေကိုက် သေသွားပေမဲ့ သားကို စွန့်ချီမသွားရင်လည်း မပဲ့ာ မရူး ပါဘူး၊ ရင်ကွဲနာ မကျပါဘူး"

ဆောင်းသည် မိမိဘာသာ ကိုအောင်မြင့်မွန်ကို ကရုဏာများစွာဖြင့် ကြည့်နေမိသည်ကို မသိပဲ ကြည့်တာကတော့ ကြည့်နေမိသည်။

စူးစိုက်စွာ ကြည့်နေမိခြင်းမျိုး ဖြစ်သည်။





"မဆောင်း စဉ်းစားကြည့်ပေါ့ဗျာ၊ တကယ်လို့ မျက်လုံး တစ်ဖက် ကန်းသွားရင် ကန်းသွားတဲ့ မျက်လုံးအတွက် ဝမ်းနည်းရပေမဲ့ အကောင်း မျက်လုံးတစ်လုံး ကျန်သေး သားပဲလို့ ဖြေနိုင်တာပေါ့၊ အဲ ... ကျန်တဲ့တစ်ဖက်ပါ ထပ်ပြီးကန်းသွားပြီး ဆိုရင်တော့ သွားပြီလေ၊ စုံလုံးကန်း မှုဟာ အင်မတန် စိတ်ထိခိုက်စရာ ဖြစ်သွားပြီ၊ အဲဒါ တစ်ဖက်ကန်းလို့ မဟုတ်ဘူး၊ စုံလုံးကန်းလို့ စိတ်သိပ်ထိ ခိုက်တာပါ မဆောင်း၊ ကျွန်တော်ပြောတာ မဆောင်း သဘောပေါက်လောက် ပါတယ်နော်"

ဆောင်းက ဦးခေါင်းညိတ်ပြသည်။

"နောက် ရှိသေးတယ် မဆောင်း၊ နောင်းဟာ ကိုးဆယ့် ခြောက်ပါး ဝေဒနာ တစ်ခုခုကြောင့် မီးစာကုန်ဆီခန်း သေဆုံးသွားတာမျိုး၊ ညီ အောင်တင့်မွန်ဟာလည်း သူ့ဟာသူ အပြင်မှာ အနေအထိုင်မတတ်ရန်ဖြစ်၊ လူသတ်၊ လုရိုက်လို့ ထောင်ကျသွားတာမျိုးဆိုလည်း ကျွန်တော် အခုလို ထိခိုက် ခံစားရမှာ မဟုတ်ပါဘူး"

"အခုတော့ မြင်ရက်ကြားရက်စရာ ရှိသေးရဲ့လား မဆောင်း၊ ကျွန်တော့် ချစ်ဇနီး နောင်းကို ကျွန်တော့် ညီအရင်း အောင်တင့်မွန်က သတ်လို့ နောင်း သေရပြီ၊ အောင်တင့်မွန် ထောင်အနှစ်နှစ်ဆယ် ကျသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမှာ ကိုအောင်မြင့်မွန်၏ စကားကိုကြားရပြီး မျက်ရည်ဝဲရပြန်သည်။

"ကဲပါ ကိုအောင်မြင့်မွန်၊ ကိုအောင်မြင့်မွန် ပြောပြချက်တွေကြောင့် ကိုအောင်မြင့်မွန် ဘယ်လောက် ခံစားရတယ်ဆိုတာ ဆောင်း ပိုပြီးသဘောပေါက်ပါတယ်၊ ဆောင်းက လူတတ်ကြီးလုပ်ပြီး တရားချတာတော့ မဟုတ်ပါဘူးနော်၊ ဒါပေမဲ့ ကိုအောင်မြင့်မွန် သောကတွေဝေပြီး မမြင်မိတဲ့ အချက်တစ်ချက်ကို ဆောင်း မြင်မိသလို ပြောပါရစေ"

"ပြောပါ မဆောင်း၊ အခုလောလောဆယ်မှာ ကျွန်တော့်ရဲ့စိတ် ဖြေသိမ့်နိုင်စေတဲ့ စကားမျိုးကို ကျွန်တော် သိပ်ကြားချင်နေတာပါ"

"လွယ်ပါတယ် ကိုအောင်မြင့်မွန်၊ အခုမှ မောင်အောင်တင့်မွန်ရဲ့ အသက်ဟာ နှစ်ဆယ်ပဲ ရှိသေးတာ၊ အခု ထောင်အနှစ်နှစ်ဆယ် ကျတာကို ထည့်တွက်ရင် မောင်အောင်တင့်မွန်ဟာ အသက်လေးဆယ်ဝန်းကျင်မှာ ထောင်က ပြန်လွတ်လာမှာပါ၊ ဒါတောင် ထောင်ထဲမှာ ပြဿနာမရှိဘူး အနေအထိုင် ကောင်းမွန်တယ်ဆိုရင် လျှော့ရက်တွေရပြီး အသက်လေးဆယ် မပြည့်ခင် အသက်သုံးဆယ့်ရှစ်လောက်မှာ လွတ်ချင်လွတ်လာနိုင်တယ်"





"အင်း ... ဒီလိုတွက်တော့ ဟုတ်သလိုပါပဲ မဆောင်း"

"အသက် သုံးဆယ့်ရှစ်ဆိုတာ ယောကျ်ားသား တစ်ယောက်အဖို့ အရွယ်ကောင်းတုန်းပါ၊ အလားအလာတွေ အများကြီး ကျန်သေးတဲ့အရွယ်ပါ ကိုအောင်မြင့်မွန်"

"ဟုတ်တယ်နော်၊ ဒီလိုတွက်ရင် အောင်တင့်မွန်အတွက် အလားအလာတွေ အများကြီး ရှိသေးတာပဲ၊ ကြည့်စမ်း အဲဒီလောက်အထိ ကျွန်တော် မတွက်မိဘူး၊ အခု လတ်တလော သောကတွေကိုသာ ကျွန်တော့် ရင်ထဲမှာထားနေတယ်"

"ကိုအောင်မြင့်မွန်မှာ မျက်လုံးစုံလုံးကန်း မဟုတ်ပါဘူး၊ အောင်တင့်မွန့်ကို သေစားသေစေ ကြိုးမိန့်ချတာမှ မဟုတ်တာ"

အရက်ကြောင့်ရော သောကကြောင့်ရော ရီဝေနေသော အောင်မြင့်မွန်၏ မျက်လုံးအစုံ အရောင်လက်လာသည်။

မဆောင်းရယ်ဟု ရင်ထဲမှလည်း ကြိတ်ပြီးရွတ်ဆိုမိသည်။ ရွတ်ဆိုသည့် ရင်ထဲမှာပင် ကြည်နူးနှစ်သိမ့်မှုတစ်ခုပါရှိနေပါ၏။

"ကျွန်တော် တရားနာပြီး သံဝေဂရတာမျိုး မဟုတ်ပါဘူး၊ အခု မဆောင်း ပြောတာတွေကြားရရင် ဟုတ်သားပဲ



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ် ရှေ့မှာကောင်းဖို့တွေ အများကြီး ကျန်သေးသားပဲဆိုတာ ကွက်ကွက်ကွင်းကွင်း မြင်လာတာမျိုးပါ၊ အခု မဆောင်း ပြောလိုက်မှ မြင်မြင်လာတာပါ၊ အောင်တင့်မွန် ဘယ်ထောင်မှာ ရောက်နေရောက်နေ ထောင်ထဲမှာ ပြဿနာမဖြစ်အောင် ကိုယ်ကျင့်တရား ကောင်းကောင်းနေအောင် လျှော့ရက်တွေ မျိုးများရလေ မြန်မြန်လွတ်လေဆိုတာမျိုးတွေ ကျွန်တော် အပြင်က ဆုံးမပေးမယ်၊ သဘောပေါက်အောင် ပြောပြပေးတယ်၊ မဆောင်းကို ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်"

"ဆောင်းကလည်း အောင်တင့်မွန်အတွက် နေ့စဉ် ဘုရားရှိခိုးတိုင်း ဆုတောင်းပေးပါ့မယ် ကိုအောင်မြင့်မွန်၊ အောင်တင့်မွန် အခုလို ထောင်အနှစ်နှစ်ဆယ် ကျသွားရတာမှာ ဆောင်းရဲ့ ပယောဂလည်း ပါသွားလို့ပါ"

"ဗျာ"

"ဆောင်း စည်ပင် ရောက်ကတည်းက ညီမလေး နှောင်း သေဆုံးသွားတာကို သွေးရိုးသားရိုး မဟုတ်နိုင်ဘူးဆိုတဲ့ သံသယတွေ ဝင်တယ်လေ၊ အဲဒီ သံသယကြောင့်ပဲ ညီမလေး နှောင်း ဘယ်လို ဘာလို့ သေရတယ်ဆိုတာကို တွက်ကိန်းတွေ ချတွက်ပြီး စူးစမ်းခဲ့တယ်၊ အဲဒီ သံသယ





တွက်ကိန်းကြောင့် နောက်ဆုံး အမှုမှန်၊ အဖြစ်မှန်၊ အဖြေမှန် ပေါ်လာတာ မဟုတ်လား၊ ဒါပေမဲ့ ဆောင်း အမှန်ပြောမယ်နော်၊ ဒီတရားခံဟာ အောင်တင့်မွန်ဖြစ်မှန်း ဆောင်းလုံးဝမသိဘူး၊ တရားခံဟာ တစ်ယောက်ယောက်ပဲဆိုတဲ့ စိတ်နဲ့ သံသယတွက်ကိန်းချ တွက်ခဲ့တာပါ၊ နောက်ဆုံးတွက်ကိန်းအရ တရားခံ အောင်တင့်မွန်ဆိုတဲ့ အဖြေထွက်လာတာပါ ကိုအောင်မြင့်မွန်"

"ကျွန်တော့်ညီ အောင်တင့်မွန် သေသွားတာ မဟုတ်ဘဲ ထောင်ကျသွားတာတောင် တော်တော် ခံစားရတယ်၊ ဆောင်းမှာ ညီမအရင်း နှောင်း သေဆုံးသွားရတာကိုလည်း တော်တော် ခံစားရမှာပဲနော်"

"ညီမလေး နှောင်း သေသွားတာကို ဆောင်း သိပ်ခံစားရတာပေါ့ ကိုအောင်မြင့်မွန်၊ ဒါကတော့ ဘယ်သူမဆို ကိုယ့်သွေးသား အရင်းအချာ သေသွားတယ်ဆိုရင် ခံစားရစမြဲပေါ့၊ အဲဒီလို ပူဆွေးခံစားရတဲ့ အချိန်မှာ သံသယစိတ်မရှိဘူးဆိုရင်တော့ သွားလေသူကို တမ်းတမ်းတတ ဖြစ်နေမှာပဲပေါ့၊ အဲ ... ဒါပေမဲ့ နှောင်း သေဆုံးတာဟာ သေပုံသေနည်း မှုမှန်မဟုတ်ဘူးဆိုတဲ့ သံသယနဲ့ အစစ်အမှန်ကို ရှာဖွေတဲ့အတိုင်း ရှာဖွေတွေ့ရှိတော့ ဆောင်း စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြေသာတာပေါ့ ကိုအောင်မြင့်မွန်၊ ပူဆွေးနေတဲ့ကြားကပဲ ဖြေသာတယ်လေ"

"ဟုတ်တယ်နော် ... မဆောင်းမှာ ဖြေသာနိုင်စရာ ရရှိသွားတယ်၊ အဲ ... ကျွန်တော့် အတွက်တော့ ညီ အောင်တင့်မွန်အတွက် မဖြေသာနိုင်တာတွေ ရှိနေတယ်၊ ကျန်နေတယ်၊ အထူးသဖြင့် ဒီကောင် နှောင်းကို သတ်မိတာဟာ အစ်ကိုကို ကြောက်လွန်းအားကြီးတဲ့ စိတ်အရင်းခံပြီး သတ်မိရှာတာပါလားဆိုတဲ့ အတွေးမျိုး ဝင်လာလေ မဖြေသာနိုင်လေမျိုးဖြစ်ပြီး ဒီကောင့်ကို သနားလေပဲ"

"အဲဒါကိုလည်း ဆောင်း စဉ်းစားမိတယ်၊ အတွေးဝင်မိတယ်၊ အောင်တင့်မွန်ဟာ ဘာလို့ အစ်ကိုကြီးဖြစ်တဲ့ ကိုအောင်မြင့်မွန်ကို သိပ်ကြောက်တာလဲ၊ နောက်ပြီး ဒီလောက် အစ်ကိုကို ကြောက်နေရတဲ့ ကြားကပဲ လစ်တာနဲ့ ဘာလို့ မဟုတ်တာတွေ ကြံစည်ကျူးလွန်ရတာလဲ ဆိုတာလေ"

"ကျွန်တော် ထင်တယ် မဆောင်း၊ ဒီကောင် ကျွန်တော့်ကို သိပ်ကြောက်တာဟာ အကြောင်းနှစ်ခု ရှိတယ်၊ ပထမ အကြောင်းကတော့ သူနဲ့ကျွန်တော် ညီအစ်ကို ဆိုပေမဲ့ အသက်ချင်း သိပ်ကွာနေတယ်၊ ငယ်ငယ်လေးထဲက ကျွန်တော် သူ့ကို ဆက်ဆံခဲ့တာဟာ အစ်ကိုလိုထက်





ဖအေလို ဆက်ဆံခဲ့တယ်၊ ရိုက်စရာရှိရိုက်၊ ဝေါက်စရာရှိဝေါက် ဆိုတဲ့ပုံစံ၊ ဒီကြားထဲ အမေက သီလရှင်ဝတ်သွားတော့ အမေလည်းမရှိ၊ အဖေလည်း မရှိနဲ့ ကျွန်တော့်ကို အားကိုးလိုတဲ့စိတ်တွေသာ ထပ်ထပ်ပိုလာရင်း ကြောက်သည်ထက် ပိုကြောက်လာတာ"

"အဲဒါတွေကို ကိုအောင်မြင့်မွန် ဆောင်းကို ပြောပြခဲ့ဖူးပြီလေ၊ နို့ ... ဒုတိယ အကြောင်းကရော"

"ဒုတိယအကြောင်းက ညီအစ်ကိုဖြစ်ပေမဲ့ ကိုယ်ကျင့်တရားချင်း စောင့်စည်းတာချင်း ကွာခြားလွန်းတော့ သူ့ဟာသူ ရှိန်ပြီး ဒီကောင် ကျွန်တော့်ကို အကြောက်လွန်တာ ဖြစ်မယ် ...

မှန်တာပြောရရင် ဒီကောင် အောင်တင့်မွန် အကျင့်သိပ်မကောင်းချင်ဘူး၊ မန္တလေးကျောင်းနဲ့ မန္တလေးတက္ကသိုလ်မှာ မိဘနဲ့အစ်ကို ကင်းကွာတာကြာပြီး သူ့ဟာသူ လုပ်ပိုင်ခွင့်တွေ ရနေတယ်၊ သူ ပေါင်းတဲ့ အပေါင်းအသင်းတွေကလည်း အကျင့်ပျက် အပေါင်းအသင်းမျိုးတွေ ပေါင်းမိသလားပဲ၊ အထူးသဖြင့် မိန်းမကိစ္စမှာ အကျင့်ဆိုးတယ်"

"အင်း ... သိပ်ဟုတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျောင်းတစ်နှစ် အနားယူပြီး အစ်ကို့ အိမ်မှာ ကူညီဖို့ ပြန်လာနေတာဆိုတာ ဆောင်းလှ ကြားကောင်း အောင်ပြောရတာ မဆောင်း၊ အမှန်တော့ တက္ကသိုလ်ကျောင်း အုပ်ချုပ်ရေးအဖွဲ့က ဒီကောင် တစ်နှစ်အပြစ်ပေးပြီး ကျောင်း ထုတ်လိုက်တာ၊ အဲဒါလည်း မိန်းမကိစ္စကြောင့်ပဲ၊ ကျောင်းသူ သဘောကျတဲ့ ကျောင်းသူတစ်ဦးကို သူက ချစ်ရေးဆို တယ်လေ၊ အခု ဖိုင်နယ်နှစ် အတူတူ တက်နေတဲ့ကျောင်းသူ ပါ၊ အမျိုးသမီးက လက်မခံဘူး ငြင်းတယ်၊ တစ်ဖက်က ငြင်းတယ်ဆိုမှတော့ ကိုယ်က နောက်ဆုတ်မှာပေါ့ မဆောင်း၊ အဲဒါ ဒီကောင်ကို ဇွတ်ရှေ့တိုးတယ်၊ ကောင်မလေးက ပါမောက္ခချုပ်ကို တိုက်ရိုက်ဝင်တွေ့ပြီး တိုင်တယ်၊ ကောင်မ လေးရဲ့ တိုင်ချက်ကလည်း သိပ်ပြင်းထန်တယ်၊ သူ့ဖိုင်နယ် ဖြေရမဲ့နှစ်မှာ အောင်တင့်မွန်ကြောင့် အနှောင့်အယှက်ဖြစ်ရ ပါတယ်တဲ့၊ သူ့ မိဘတွေက ဆင်းရဲလို့ စာမေးပွဲကျသွား ရင် နောက်တစ်နှစ်ဆက်ပြီး တက်နိုင်တဲ့အခြေအနေ မရှိပါ ဘူးတဲ့ ...

"အော် ... အော် ... စည်ပင်ကျတော့လည်း နန်း ကြာဖြူနဲ့ ခြေလွန်လက်လွန် ဖြစ်ရုံမကဘူး၊ နှောင်းကို တောင် ကြံစည်ဖို့ ကြိုးစားလိုက်သေးတယ်နော်"





"ဒီလိုလူမှာ ဒီလိုအကျင့် ရှိတတ်ပါတယ် မဆောင်း၊ အစ်ကိုရှေ့မှာ ကြောက်လို့ငြိမ်နေသလောက် အစ်ကို့ကွယ်ရာ မှာ စိတ်ကိုလွှတ်ပေးပြီး မိုက်မဲတဲ့ အပြုအမူပြုတတ်တဲ့ သဘောပေါ့လေ"

ဆောင်းက ခေါင်းညိတ် ထောက်ခံပေးသည်။ ပိထား သော စပလိန်သည် အဖိလွှတ်သည်နှင့် ခုန်ထွက်ကန်ထွက်သော သဘောပါပေ။

"ကဲ ... ကိုအောင်မြင့်မွန်၊ အခု ဆောင်း အိမ်ပေါ်ကဆင်း လာတာ၊ ကိုအောင်မြင့်မွန်ကို လာနှုတ်ဆက်တာပါ၊ နက်ဖြန် ဟဲဟိုးကနေပြီး လေယာဉ်နဲ့ရန်ကုန်ကို ဆောင်း ပြန်တော့ မယ်လေ"

"တကယ်လား မဆောင်း၊ လေယာဉ်လက်မှတ်တွေ ဘာတွေ ကိစ္စ ကျွန်တော် ဘာမှလုပ်မပေးရသေးပဲဟာ"

"ရပြီးပြီ ကိုအောင်မြင့်မွန်၊ နက်ဖြန်ထွက်မဲ့ လေယာဉ် လက်မှတ် သုံးစောင်ကို စိုင်းခက် သွားဝယ်ပေးထားလို့ ရပြီးပါပြီ၊ ကိုအောင်မြင့်မွန်မှာ ဒီလောက် သောကတွေ ဖိစီးနေမှန်း ဆောင်း သိတယ်လေ၊ ဒါကြောင့် ကိုစိုင်းခက် ဆီကပဲ အကူအညီ ယူလိုက်တာပါ"

"ဟာဗျာ ဘာပဲဖြစ်နေနေ မဆောင်း ပြန်မဲ့ကိစ္စမှာ ကျွန်တော် က တာဝန်အရှိဆုံးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပြီလေ ပြီးသွားပြီပဲဟာ၊ နက်ဖြန် ဟဲဟိုး ဆင်းဖို့ကို ကိုအောင်မြင့်မွန် လင့်ရှိဗာကား"

"ကျွန်တော် ကိုယ်တိုင် လိုက်မောင်းပေးပါ့မယ် မဆောင်း"

"ကျေးဇူးပါပဲ ကိုအောင်မြင့်မွန်"

ဆောင်း ထိုင်ရာမှထသည်။

"ဩ … မဆောင်း အခုပြောတဲ့အထဲမှာ လေယာဉ်လက်မှတ် သုံးစောင်လို့ ပြောလိုက်တယ်နော်၊ ဒေါ်လေးသူဇာနဲ့ မဆောင်း နှစ်ယောက်တည်းမှတ်လား၊ နောက်တစ်စောင်က ဘယ်သူ့အတွက်လဲ"

"နန်းကြာဖြူ အတွက်ပေါ့၊ နန်းကြာဖြူကို ဆောင်း ကတိ ပေးထားတယ်လေ၊ နန်းကြာဖြူရဲ့ တာဝန်အားလုံး ဆောင်း ယူမယ်လို့"

"ဒါကြောင့် နန်းကြာဖြူကို တပါတည်း ခေါ်သွားမယ်၊ နန်းကြာဖြူကို ခေါ်သွားဖို့ ကိုအောင်မြင့်မွန်ကို ခွင့်မတောင်း တာက ကိုအောင်မြင့်မွန် ခွင့်ပြုမယ်ဆိုတာ သိပြီးသားမို့ပါ၊ ဘာလို့လဲဆိုတော့ နန်းကြာဖြူရဲ့ အောင်တင့်မွန်နဲ့ ရထားတဲ့ ကလေးကို မွေးဖွားဖို့တွေ၊ ကလေးနဲ့အမေကို ကိုအောင် မြင့်မွန် အနေနဲ့ တာဝန်ယူဖို့ မလွယ်တာတွေ ရှိနေတော့ ဒီတာဝန်တွေ ဆောင်းက ယူလိုက်ချင်တဲ့ စေတနာပါ ကိုအောင်မြင့်မွန်"





"ဟုတ်ပါရဲ့ ကျွန်တော် ကိုယ့်သောကနဲ့ကိုယ် နန်းကြာဖြူ ကိစ္စကို ထည့်မစဉ်းစားပဲ အတ္တသိပ်ဆန် သွားမိတယ်၊ စိတ်ချလက်ချသာ နန်းကြာဖြူကို ခေါ်သွားပါ မဆောင်း၊ နန်းကြာဖြူ အတွက် စည်ပင်နဲ့ဝေးတဲ့ နေရာမှာနေတာ အကောင်းဆုံးပါ၊ မကြာခင် ကျွန်တော် ရန်ကုန်ကို ဆင်းလာပြီး နန်းကြာဖြူနဲ့ ပတ်သက်တဲ့တာဝန်တွေ အစီ အစဉ်တွေမှာ ကျွန်တော် ဝင်ပြီးကူညီပါ့မယ် မဆောင်း"

"နန်းကြာဖြူအတွက် အကောင်းဆုံးဖြစ်အောင် ကိုအောင် မြင့်မွန် စီစဉ်ပြုလုပ် ပေးသင့်တာကတော့ အခု နန်းကြာဖြူ မွေးလာမဲ့ကလေးကို ကိုအောင်မြင့်မွန်က အသိအမှတ်ပြုပြီး လူလိုသူလို သားအမိဖြစ်သွားအောင် အောင်တင့်မွန် လွှတ်လာတဲ့အချိန်မှာ အစ်ကိုကို သိပ်ကြောက်တဲ့ ညီလေး ကို ဟောဒါ မင်းရဲ့ဇနီး နန်းကြာဖြူ ဟောဒါ မင်းနဲ့ရတဲ့ သားလေး …

"ဒါမှမဟုတ် သမီးလေးလို့ ပြောပြီး သူတို့လင်မယား အတည်တကျ အကောင်အထည်ဖော် ပေးလိုက်ဖို့ပဲ ကိုအောင် မြင့်မွန်၊ ဒါဆို နန်းကြာဖြူ အတွက်ရော၊ အောင်တင့်မွန် အတွက်ရော၊ ကလေးအတွက်ပါ အကောင်းဆုံး ရာသက်ပန် ဖြစ်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်မွန်သည် ဆောင်းကို ငေးကြည့်မိပြန်သည်။ ဆောင်းဆိုသည့် အမျိုးသမီးသည် အရာရာ ပြည့်ဝသူပါလား ...

မိမိ၏ မေတ္တာလမ်းကြောင်းသည် စကားဦး ... ဆရာမကြီး ဒေါ်ချိုချို ဘုရားကိုးဆူပွဲတွင် စစ်မှန်သော မေတ္တာ ... ဆီသို့ ဦးတည်ပါလျက် မိမိ၏ ကံအကွေ့အဝိုက်ကြောင့် လွဲ ... ရသည်ပါတကား။

* ❀ *





## ၁၄

ဤနေရာ ဤဒေသ ပြန်လည်ရောက်ရှိတော့လည်း ဤဓာတ်ပြားဟောင်းကြီး ဖွင့်သံကြားရပြန်သည်။

ဒေါက်တာ ဝင်းထွတ်သည် ယဉ်ကျေးပြီး သိမ်မွေ့သော၊ လှပသော စကားလုံးလေးတွေပြောကာ သူနှင့်ဆောင်း လက်ထပ်လိုပြီဖြစ်ကြောင်း ပြောလာသည်။

ရန်ကုန်အိမ်သို့ ဆောင်း ပြန်ရောက်လာသည်မှာ လေးလပင် ရှိသွားပြီ။

စည်ပင်သို့ ဆောင်း ဒီဇင်ဘာလဝက်ခန့်က ရောက်သွားသည်။ အောင်တင့်မွန် အမှုကိစ္စတွင် မိမိရော နန်းကြာဖြူရော သက်သေအဖြစ် ပါဝင်နေသောကြောင့် အမှုရက်အတွင်း စီရင်ချက်ချပြီးသည့်နောက် ခုနှစ်ပြောင်း ဇန်နဝါရီလ တတိယပတ်အထိ တောင်ကြီးရှိ ကိုအောင်မြင့်မွန်၏ တိုက်အိမ်ကြီးမှာပင် နေထိုင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ တာဝန်ကျသော ရန်ကုန်မှ ပန်းပဲတန်း အထက ကျောင်းသို့ ကြေးနန်းဖြင့်လည်းကောင်း၊ ကိုယ်တိုင်ရေး စာက တောင်ကြီး တရားရုံး တရားသူကြီး၏ ထောက်ခံချက်နှင့် ထည့် သွင်း၍လည်းကောင်း လှမ်း၍ခွင့်ယူရသည်။ တရားသူကြီ ထောက်ခံချက် ပါရှိနေသောကြောင့် ပြဿနာမဖြစ်ပဲ ခွင့်ရခဲ့သည်

ရန်ကုန်ပြန်ရောက်ပြီး အထက်တန်းပြ ဆရာ တာဝန်ကို ထမ်းဆောင်လျက်ကပင် ပထမ နန်းကြာဖြူ၏ တရားဝင် အစိုးရ အမျိုးသမီး ဆေးရုံတွင် ကိုယ်ဝန်ကို ပြသစေ သည်။ ဆေးရုံမှ ဆရာဝန်များ၏ ထောက်ခံချက်တွေ ရရှိပြီးနောက် အပြင်ဆေးခန်းမှာပင် အချိန်မှန် ပြသစေသည်။

နန်းကြာဖြူ၏ ကိုယ်ဝန် ငါးလရှိနေပြီမို့ ဝမ်းဗိုက် လေးပင် တော်တော် မို့မောက်နေပေပြီ။

နန်းကြာဖြူသည် နေ့စဉ် အိပ်ရာဝင်တိုင်း ဆောင် အား လက်အုပ်ချီ ကန်တော့သည်။ အစ်မအရင်း၊ အမိအရင် ထက်ပင်သူမအပေါ် ဆောင်းက ကောင်းလှသောကြောင့် နန်းကြာ ဖြူသည် ဆောင်း၏ ကျေးဇူးတွေကို တဖွဖွ ပြောပေသည်။

တောင်ကြီးမှ ပြန်လာပြီးနောက် လေးလအတွင် ဆောင်းထံသို့ ကိုအောင်မြင့်မွန် ရေးပို့သော စာသုံးစောင် ရောက်ခဲ့ သည်။





စာထဲတွင် အထူးအကြောင်းအရာတော့ မပါလှပေ။ ဆောင်းထံမှ အကြံဉာဏ်တောင်းသည့် စာမျိုးတွေသာ ဖြစ်သည်။

ပန်းသီးခြံ လုပ်ငန်းကို လုပ်သားပိုင်အဖြစ် ဦးစံလင်း၊ ဦးဘကြူးကို အမှူးပြုပြီး အလုပ်သမား အားလုံး အပါအဝင် လုပ်သားပိုင် လွှဲပြောင်းပေးရလျှင် ကောင်းမလား၊ သို့မဟုတ် သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနသို့ လွှဲအပ်ရလျှင် ကောင်းမလား ဆိုသည်ကို ဆောင်းက သူ့အား အကြံဉာဏ် ပေးစေလိုကြောင်း ပါရှိသည်။

သူ့ဘဝသည် အထီးကျန် အလွန်ဆန်နေပြီး သောကျား အရင့်အမာတစ်ယောက် ဖြစ်ပါလျက် အားငယ်မိ ကြောင်း။ သူ့ဘဝနှင့် သူ့သောကတွေကို အနီးကပ် ဖြေသိမ့်ပေး သည့်သူ မရှိကြောင်း။

သူ၏ ဖေဖေ လက်ထက်က လက်ဖက်စိုက်ခင်းတွေ၊ နပ်ဖက် ခြံတွေကိုရောင်းပြီး ငွေအရင်းအနှီးနှင့် ရန်ကုန်သို့ ရောက် လုပ်ငန်းတစ်ခုလုပ်ရလျှင် ကောင်းမလား၊ ဆောင်းက ကြံပေးစေလိုကြောင်းမျိုးတွေ စာတွေထဲတွင် ပါရှိသည်။

သို့တိုင်အောင် ...

ဆောင်းသည် ကိုအောင်မြင့်မွန်ထံ စာတစ်စောင်မှ မရေးပို့သေး။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့်မွန်၏ စာလာတိုင်း ဖောက်ဖတ်ပြီးတိုင်း ဆောင်းမှာ ငှုငှုငိုင်ငိုင်လေးတော့ ဖြစ်သွားရသည်ချည်းဖြစ်ပါ၏။

ငှုငှုငိုင်ငိုင် ဖြစ်သည့်ကြားထဲကပင် စာတစ်စောင်ဖတ်ပြီးတိုင်း ကိုအောင်မြင့်မွန်အပေါ် ကရုဏာစိတ်တွေ ထပ်တိုးလာခြင်းမျိုးတွေလည်း ဆောင်း ခံစားရသည်။

ဆောင်း ကိုယ့်ဟာကိုယ် ပြန်စဉ်းစားရပေတော့သည်။

ကိုယ့်ဟာကိုယ် စဉ်းစားခြင်းဆိုသည်မှာ အမှန်ကန်ဆုံးနှင့် မိမိ ကိုယ်စောင့်နတ်မှလွဲပြီး တစ်ပါးသူ မသိနိုင်ပါလေ။ စိတ်ထဲမှ ဖြစ်သမျှကို ကိုယ်စောင့်နတ်သာလျှင် အမှန်အတိုင်း အသိဆုံး ဖြစ်ပါ၏။

ဆောင်းတွင် ချစ်သူ ရှိခဲ့သလား။

လုံးထွေးရောနှော အဖြေပြုရလျှင် ဆောင်းတွင် ချစ်သူ မရှိခဲ့ဖူးပါဟုသာ ဖြေရမည်။

ဆောင်းသည် ကျောင်းသူဘဝကတည်းက ချစ်သူ ရည်းစား မထားခဲ့။ ကျောင်းသင်ခန်းစာတွေတွင်သာ အဓိက စိတ်ဝင်စားထားပြီး စာနှင့်ပင် ပျော်ရွှင်ပြီး တစ်နှစ်တစ်တန်း မှန်မှန် စာမေးပွဲအောင် အတန်းတက်ဖို့သာ အဓိက စိတ်ဝင်စားသည်။





ဟိုက်စကူး ကျောင်းသူဘဝမှ တက္ကသိုလ်ဘွဲ့ ရသည်အထိ ဆောင်းအား ချဉ်းကပ်ခဲ့သော ပုရိသမျိုးစုံတော့ ရှိခဲ့ပေါ့။ ချဉ်းကပ်သော ပုရိသများ၏ အရေအတွက် များလွန်းဖြင့် မည်၍မည်မျှဟုပင် မမှတ်မိပါလေတော့။

ကျောင်းသူ တစ်ဦးအတွက် အများဆုံး စိတ်ကစားတ်လှုပ်ရှားချိန်မှာ ဟိုက်စကူးကျောင်းသူ ဘဝမှာပင် ဖြစ်တတ်သည်။

တက္ကသိုလ်သို့ ရောက်ရှိပြီး ပထမနှစ်၊ ဒုတိယနှစ်ထိ ရောက်သည့်တိုင်အောင် ချစ်သူရည်းစား မရှိလျှင် နောက်ပိုင်းစ်သူရည်းစား ရှိလာဖို့ မလွယ်တော့ပြီ၊ တတိယနှစ်လောက်ကပြီဆိုလျှင် စိတ်မာတတ်ရင့်ကျက် သွားလေပြီ။ အသက်လေးည်း ပိုကြီးလာပြီ။ အတန်း ပိုကြီးလာသည်နှင့်အမျှ ဦးနှောက်လည်း ဘာမဆို စဉ်းစားဆုံးဖြတ်မှု ရင့်ကျက် အဆင့်မြင့်သွားပြီ။

အဲ ... နှောင်းလို အမျိုးသမီးကျတော့ ချွင်းချက်ားရပေမည်။ နှောင်းကျတော့ ဝါသနာကိုကဟု စွပ်စွဲရလေမလားသိ။

ဆောင်းသည် လမ်းခုလတ်တွင် ခလုတ်မထိ ဆူးမဲ တက္ကသိုလ်မှဘွဲ့ကို စိတ်ရှင်းရှင်း လူရှင်းရှင်းနှင့် ရယူခဲ့သည်။

ဆောင်း၏ ခံယူချက်မှာ မိန်းမသားတစ်ယောက်နေ့နှင့် အချိန်တန်သော တစ်နေ့တွင် အိမ်ထောင်ပြုမည်သား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်မှ အားလုံး ပြီးပြည့်စုံပြီးနောက်တွင် ကိုယ်နှင့် အထိုက်တန်ဆုံးဟု ဆုံးဖြတ်သည့် ကိုယ့်ကိုယ် ချဉ်းကပ်သူကိုသာလျှင် လက်ထပ်မည်ဟု ခိုင်မြဲသော ခံယူချက် ထားရှိသည်။

တကယ်တော့ ...

ဆောင်းသည် ချစ်ခြင်းမေတ္တာဆိုသည့် နှလုံးသားက စိမ့်ထွက်လာသော အချစ်မေတ္တာကို မေ့လျော့ထားခဲ့ခြင်းသာ ဖြစ်သည်။

တစ်နည်းဆိုသော် ဆောင်းသည် ထိုက်တန်သော အိမ်ထောင်ရေးကိုသာ ဦးတည်ချက်ထားမိခြင်း ဖြစ်သည်။

BURMESE CLASSIC .com

မှားသွားပြီ ဆောင်း။

မှားသွားပြီ ဆိုခြင်းကိုလည်း ဆောင်း၏ ကိုယ်စောင့်နတ်က လက်ညှိုးထောက်ပြလိုက်သည်။

ဆရာမ ဒေါ်ချိုချို၏ ဘုရားကိုးဆူပွဲတွင် တစ်စားပွဲတည်း အတူထိုင်ခဲ့ရာတွင် ဆောင်း၏ ငုပ်လျှိုးနေသော အချစ်ငုတ်ကောင်လေးသည် စားပွဲတွင် အတူလာထိုင်သော ကိုအောင်မြင့်သို့ ဦးခေါင်းထောင်ကြည့်လိုက်ပြီ။

ထို့ကြောင့်လည်း ....

ကိုအောင်မြင့်မွန်က ဆောင်းတို့ အိမ်သို့ လာလည်ပါရစေဆိုသည့် အဝင်အထွက်ကို ဆောင်း ကြည်ကြည်ဖြူဖြူ ကျေနပ်စွာ လက်ခံခဲ့သည်။





မတတ်သာသည့် အဆုံးမို့ ကိုအောင်မြင့်မွန်ကို လုံးလုံးလျားလျား မေ့ပစ်ဖို့ ဆောင်း တော်တော် ကြိုးစားခဲ့ရသေးသည်။ ဒီနောက်မှာတော့ နှောင်းတို့ အိမ်ထောင်ရေး အဆင်မပြေဘဲ နောက်ဆုံး နှောင်း သေဆုံးသွားခဲ့သည်။

နှောင်း သေဆုံးသည့်အတွက် မဖြစ်မနေ ဆောင်း စည်ပင်ကို လိုက်သွားရသည်။

နှောင်း သေဆုံးပုံကို သံသယစိတ်ဖြင့် အဖြေမှန် ထုတ်ဖော်ရင်း တွက်ချက်ရင်း စည်ပင်မှာ အချိန်တွေ ကြာသွားခဲ့သည်။ ဖော်ထုတ်ဖို့ တွက်ချက်ကြိုးစားစဉ်ကတော့ သွေးပူနေ၍ ဆောင်း၏ နှလုံးသား မေတ္တာပိုင်းက သူ့အလိုလို နောက်ဆုတ်နေခဲ့သည်။

စည်ပင်မှာနေစဉ် ကာလအတွင်း ကိုအောင်မြင့်မွန်၏ ကိုယ်ကျင့်တရား၊ သိက္ခာ၊ သမာဓိတွေကို တစ်ခုပြီးတစ်ခု တွေ့မြင်ကာ တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုလေးစားခဲ့သည်။ ပိုမိုကရုဏာတွေ ထားခဲ့သည်။

ယခု စည်ပင်မှရန်ကုန် ပြန်ရောက်ပြီး ကိုအောင်မြင့်ထံမှ လာသောစာတွေကို ဆောင်း ဖတ်ကြည့်ပြီး အဘယ်ကြောင့် ကိုအောင်မြင့်မွန်သည် သူ့တွင် အထီးကျန်လှကြောင်း၊ ဖြေသိမ့်ပေးမည့်သူ မရှိကြောင်း၊ သူ၏ စီးပွားရေးကိစ္စကို ရန်ကုန်တွင် ပြောင်းရွှေ့လိုကြောင်း ဖော်ပြလေသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပါ၏။ ဆောင်းကို လိုလားကြောင်း ရဲရဲမပြော ဝံ့ခြင်း၊ ပြောမြရန် သိက္ခာစောင့်စည်းခြင်းဖြင့် လိမ္မာပါးနပ်စွာ အသားလို အရိုးတောင့်ခြင်းပါလားဟု ဆောင်း သဘောပေါက် သွားပေတော့သည်။

"မမဆောင်း ဧည့်ခန်းမှာ လာနေကျဧည့်သည် ရောက်နေ တယ်"

ဆောင်းသည် အိပ်ခန်းထဲတွင် ထွေရာလေးရာတွေ စိတ်ကူးပေါက်တိုင်း တွေးနေစဉ်မှာပင် နန်းကြာဖြူက တံခါးဝတွင် လာရပ်ကာ ဧည့်သည် ရောက်နေကြောင်း ပြောကြားသည်။

လာနေကျဧည့်သည်ဟု ဆိုကတည်းက ကိုဝင်းထွတ် မှန်း ဆောင်း သိလိုက်သည်။

ဆောင်း လဲလျောင်းရာမှ ထသည်။ အိပ်ရာထက် တွင် လဲလျောင်းရင်း တွန့်ကြေသွားသည့် အင်္ကျီ၊ ထဘီကို လက်ဝါးဖြင့် အတွန့်ကြေဖိ၍ဆန့်ပြီး မှန်တင်ခုံမှ မှန်ကိုပင်မကြည့် ဘဲ ဧည့်ခန်းသို့ ထွက်လာသည်။

"ဟော ... ဆောင်း အခု ကျွန်တော် လာတာ ဝမ်းသာ စရာ စကားလက်ဆောင် ပါလာတယ် ဆောင်း"

"ဟုတ်လား ဆိုပါ ကိုဝင်းထွတ်"

ပြောရင်း မျက်နှာချင်းဆိုင် ဆိုဖာတွင် ဆောင်း ထိုင်လိုက်သည်။





"ကျွန်တော် အခုလာမဲ့ ဇူလိုင်လထဲမှာ အင်္ဂလန်မှာသွားပြီး ပါရဂူဘွဲ့ယူဖို့ အတည်ပြုချက် အမိန့်ချလိုက်ပြီ ဆောင်း"

"ကောင်းတာပေါ့၊ ကွန်ဂရက်ကျူလေးရှင်းပါ ကိုဝင်းထွတ်"

"ဟုတ်ပါတယ် ဆောင်း၊ ဒီအခွင့်အရေးမျိုးဟာ အင်မတန် ရခဲပါတယ်၊ အမျိုးမျိုး စဉ်းစားပြီး ရွေးချယ်တဲ့ အခွင့်အရေး ပါ၊ အဲဒီမင်္ဂလာ သတင်းနဲ့အတူ တစ်ဆက်တည်း ဆောင်းကို နောက်ထပ် မင်္ဂလာသတင်းတစ်ခု ပြောပါရစေ ဆောင်း"

"ပြောလေ"

"ကျွန်တော် အင်္ဂလန်ကို မသွားခင် ဆောင်းကို လက်ထပ် သွားပါရစေလား ဆောင်း"

ဆောင်းက ဒေါက်တာ ကိုဝင်းထွတ်ကို စူးစိုက်ကြည့် လိုက်သည်။ ဒေါက်တာ ဝင်းထွတ်ကလည်း ဆောင်းကို မျက်တောင် မခတ် ပြန်ကြည့်ရင်း ဆောင်းထံမှ အဖြေကို မျှော်လင့်ကြီးစွာ နားစွင့်နေသည်။

"ဝမ်းနည်းပါတယ် ကိုဝင်းထွတ်"

"ဒါဆို ဆောင်း ကျွန်တော့်ကို လက်မထပ်ဘူးလို့ ငြင်းတာ ပေါ့နော် ဆောင်း"

"ဟုတ်ပါတယ်"

"သေချာတွက်ပါ၊ သေချာအဖြေရှာပါ၊ ဆောင်းဟာ သင်္ချာ သမား တစ်ယောက်ပါ၊ အခု ကျွန်တော်နဲ့ ပတ်သက်တဲ့ ပုစ္ဆာမှာ ဆောင်း အဖြေမှားနေသလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း တွက်ခဲ့သမျှ ပုစ္ဆာတွေမှာ အဖြေမှားတာ မရှိတတ်ပါဘူး ကိုဝင်းထွတ်"

"သချာမှာ အပေါင်းရယ်၊ အမြှောက်ရယ်ဟာ ကိန်းဂဏန်းတွေ ပိုမိုတိုးပွား လာစေခြင်းပါ ဆောင်း၊ ကျွန်တော်ဟာ ဆောင်းအတွက် အပေါင်းလက္ခဏာနဲ့ အမြှောက်လက္ခဏာပါ"

ဆောင်းက ပြုံးပြုံးလေးပင် ပြန်၍ဖြေလိုက်သည်။

"သချာတစ်ပုဒ် တွက်တယ်ဆိုတာ အဖြေမှန် ရရှိဖို့သာ အဓိကပါ ကိုဝင်းထွတ်၊ ကိန်းတွေ များလာစေချင်တဲ့စိတ်နဲ့ အမြှောက်ကိုချည်း အဓိကထား မတွက်ရပါဘူး၊ အဲဒီလို တွက်ရင် သဘာဝလည်း မမှန်ဘူး၊ နုတ်ရမဲ့နေရာမှာ နုတ်ရမယ်၊ စားရမဲ့နေရာမှာ စားရမယ်၊ နုတ်လို့စားလို့ ကိန်းဂဏန်း လျော့နည်းသွားရော ဘာဖြစ်လဲ၊ အဓိကက အဖြေမှန် ထွက်ဖို့သာ အဓိကပဲဟာ"

"ဩ ... ဒါဆို ဆောင်းမှာ လက်ထပ်ရေးပုစ္ဆာမှာ အဖြေမှန် ထွက်ပြီးသားလား ဆောင်း"

"ဟုတ်ပါတယ် ကိုဝင်းထွတ်၊ လက်ထပ်တဲ့ပုစ္ဆာမှာ ကိုယ်နဲ့ လက်ထပ်သူဟာ ချမ်းသာကြွယ်ဝတာ၊ ရုပ်ချောတာ၊ ပညာတတ်တာတွေချည်း သက်သက်ထည့်စဉ်းစားလို့ မရ





ပါဘူး၊ ကိုယ့်ရင်ထဲ နှလုံးထဲက ပြန်ချစ်ရဲ့လားဆိုတာကိုလည်း ထည့်တွက်ရပါတယ်၊ ကိုဝင်းထွတ်လိုလူမှာ မိန်းကလေး တစ်ယောက်အတွက် အပေါင်းနဲ့အမြှောက် လက္ခဏာတွေချည်း ရှိနေမှန်း ဆောင်း သိသားပဲ၊ ဒါပေမဲ့ ဆောင်း ရှင်းရှင်းပဲ ပြောပါရစေ၊ ဆောင်းလေ ကိုဝင်းထွတ်ကို ဆောင်းရဲ့ နှလုံးသားမေတ္တာက လုံးဝ လက်မခံ၊ လုံးဝ မချစ်လို့ပါ"

"ဒါဆိုရင် အခု ဆောင်းမှာ လက်ထပ်မဲ့ နှလုံးသားထဲက ချစ်တဲ့သူ ရှိနေပြီပေါ့ ဟုတ်လား"

"အဲဒါကို ဆောင်း မဖြေတတ်သေးပါဘူး ကိုဝင်းထွတ်၊ တကယ်လို့ ဖြေတတ်တယ်ဆိုဦးတော့ ဒါဟာ ဆောင်းရဲ့ လျှို့ဝှက် ကိုယ်ရေးကိုယ်တာပါ"

ကိုဝင်းထွတ် ထိုင်ရာမှထရပ်သည်။

နှုတ်ပင်မဆက်တော့ဘဲ ခြေသံပြင်းပြင်းနှင့် နောက်သို့ တစ်ချက်လှည့်မကြည့်ပဲ ထွက်သွားသည်။ ပြီး ... ကားစက်နိုးသံ၊ မောင်းထွက်သွားသံ ကြားရသည်။

ဆောင်းလည်း ထိုင်ရာမှထပြီး တွေးလက်စတွေ ဆက်တွေးချင်သည်မို့ အိပ်ခန်းဆီသို့ လှမ်းလိုက်သည်။

"မမဆောင်း မမဆောင်း ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



နန်းကြာဖြူ ဝမ်းသာသံလေးနှင့်ပြောရင်း အိမ်ခြံ တံခါးဆီသို့ လက်ညှိုးလေး ညွှန်ပြရာသို့ ပြတင်းပေါက်မှ ကြည့်လိုက်သည်။

ခြံတံခါးတွင် ကားနှစ်စီးသည် တစ်စီးက ခြံထဲမှ အထွက်၊ နောက်ထပ် တစ်စီးက ခြံထဲသို့အဝင် ဖြစ်နေသည်ကို တွေ့မြင်ရသည်။

ခြံထဲမှအထွက် ကားသည် ကိုဝင်းထွတ်၏ ကား ဖြစ်ပြီး၊ ခြံထဲသို့ဝင်လာသော ကားမှာ လင့်ရှိဇာကား အစိမ်းရောင်ရင့် ဖြစ်နေပါ၏။

လင့်ရှိဇာကား ရှေ့မှန်ကို ဖောက်ထွင်းပြီး ကားမောင်းလာသူကိုလည်း ဆောင်း လှမ်းမြင်သည်။

"မမဆောင်း မမဆောင်း အဲဒီ ဝင်လာတဲ့ကားကို မမဆောင်း မှတ်မိမှာပါနော်၊ တောင်ကြီးမှာတုန်းက မမဆောင်း စီးဖို့ ပေးထားတဲ့ အစ်ကိုကြီး အောင်မြင့်မွန်ရဲ့ ကားလေး"

ဆောင်းက နန်းကြာဖြူကို ကြည့်လိုက်သည်။ နန်းကြာဖြူ၏ မျက်လုံးလေးများ လက်လက်တောက်ပပြီး နှုတ်ခမ်းလေး ပြုံးရယ်နေသည်ကို မြင်ရပေသည်။

"မှန်တယ် နန်းကြာဖြူ၊ အဲဒီကားကို မမဆောင်း မမေ့ဘူး အဲဒီ ကားမောင်းသူကိုလည်း မမဆောင်း မေ့မှမမေ့တာပဲကွယ်"





ပြောပြောဆိုဆိုပင် ဆောင်းသည် ဧည့်ခန်းတံခါးဝတွင် သွားရပ်ပြီး စောင့်နေလိုက်သည်။

အဓိပ္ပာယ်မှာ ကိုအောင်မြင့်မွန်ကို ဝမ်းမြောက်စွာ ကြိုဆိုပါ၏ပဲပေါ့။

နားကြပါဦးရှိ

တက္ကသိုလ်တင်မြင့်



www.burmeseclassic.com